
mgyoe.com

SAMPLE BOOK

ဝင်းငြိမ်း

# ရေ



mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)<br>၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | - မေလ၊ ၂၀၁၆ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | - ၁၀၀၀ |
| မျက်နှာဖုံးပုံနှိပ် | - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)<br>အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)<br>အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | - မြင့်မောင်ကျော် |
| တန်ဖိုး | - ၈၀၀၀ ကျပ် |


mgyoe.com

mgyoe.com SAMPLE BOOK

# ထင်းကြီးမီး

စီစဉ်သည်

## အမှတ်တရ ရွှေ ၇၀

ရွှေအမြုတေဝတ္ထုတို ၇၀ ပုဒ် စုစည်းမှု

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com

တွင် ပင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


စိစဉ်သူရဲ့အမှာစကား

| | | |
|---|---|---|
| ၁။ ကိုငြိမ်း၊မန္တလေး၊ | နန်းကထိ | ၁၁ |
| ၂။ မိမိုး | ပုံစံပြောင်းသီအိုရီ | ၂၅ |
| ၃။ တင်မြင့်ဦး၊သံတွဲ၊ | လူနှင့်အလုပ် | ၃၃ |
| ၄။ အလ္လာဝါစိုးမိုး | အကြိုက်၏ နောက်ဆက်တွဲစာမျက်နှာ | ၄၃ |
| ၅။ ခင်ခင်ထူး | ခလောက်မြွေ | ၅၁ |
| ၆။ ယဉ်ယဉ်နု၊မန္တလေး၊ | သွေးဆိုး | ၆၅ |
| ၇။ ဒေါင်းနေမင်း | ပန်းစားစုန်း | ၇၉ |
| ၈။ ဆူးငှက် | မှော်ရုံခွင် သမင်မျက်လုံး | ၉၃ |
| ၉။ ဝင်းဝင်းမြင့်၊နန်းတော်ရှေ့၊ | လွမ်းတယ် | ၁၀၉ |
| ၁၀။ နုနုရည်၊အင်းဝ၊ | နို့စား | ၁၂၃ |
| ၁၁။ သန်းထွန်းဇော် | စမ်းချောင်းကလေးမှာ ထားရစ်ခဲ့ပေါ့ | ၁၃၃ |
| ၁၂။ ဦးဆွေ၊ဒဿနိက၊ | တယောလေး | ၁၄၃ |
| ၁၃။ ကိုလှိုင်ကြည်ဝင်း | ဆယ်ပြားမလို ဆယ်ပြားပို | ၁၅၅ |
| ၁၄။ ညီဘွား | အထုံးပြေတဲ့နေ့ | ၁၆၉ |
| ၁၅။ ကံထွန်းသစ် | ဒေါင်းကျော်ချိန်မှာ | ၁၈၁ |
| ၁၆။ ကိုဆေး၊ပစိဖိတ်ကမ်းခြေ၊ | အရောင်လွင့် ပန်းတံတား | ၁၉၃ |
| ၁၇။ မောင်လွင်မွန်၊ကသာ၊ | ချစ်တဲ့သူမျက်နှာ မပျက်ရအောင် | ၂၀၉ |
| ၁၈။ လင်းသော်ဝေ၊မြစ်ကြီးနား၊ | စက်ပိုင်းထဲက မျဉ်းဖြောင့် | ၂၁၇ |
| ၁၉။ ခေါင်ခါးခါး၊ကလေး၊ | ကမ္ဘာဦးကတည်းက သည်းခဲ့တဲ့ရောဂါ | ၂၃၅ |
| ၂၀။ လှဲ့ဝင်းကြည်၊ချို၊ | ငယ်ရိပ်သန်း၍ | ၂၄၅ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၂၁။ စိန်ဥမယ် | သူတို့ရှိသည် | ၂၅၁ |
| ၂၂။ မေမောင် | အလွမ်းဝေးဝေး | ၂၅၉ |
| ၂၃။ မျိုးငြိမ်းဆွေ | ဃနင့်ဘကို သောက်ခြင်း | ၂၆၉ |
| ၂၄။ နန္ဒာစိုး၊ဆင်ဖြူကျွန်း၊ | နှစ်ကိုယ်တူဆည်းဆာ | ၂၇၇ |
| ၂၅။ မွန်းရူး | နဂါးပွက်အိုင်က ရွာပန | ၂၈၇ |
| ၂၆။ လှမိုးသစ်၊ကျောက်ဆည်၊ | မေဓာဝီသစ္စာတော်ခန်း | ၂၉၅ |
| ၂၇။ မင်းလူ | ဘောအေးတိုက်ပွဲ | ၃၀၃ |
| ၂၈။ သုမောင် | ကိုယ်တွေ့ဝတ္ထု | ၃၁၁ |
| ၂၉။ ကျော်ညိုလွင်၊ကျောက်ဆည်၊ | ကြည်တည့်မိုး | ၃၂၁ |
| ၃၀။ မြူမြူ | ဝေးလွင့်ပန်းချီကား | ၃၃၃ |
| ၃၁။ မဝင့်၊မြစ်ငယ်၊ | ဦးနှိမ်ရိုကျိုး ရှိခိုးပါ၏ အိုမိခင် | ၃၄၅ |
| ၃၂။ ကိုမောင်ဌေးသိန်း၊ပွေးလှ၊ | အချိန်ကိုက်ဗုံး | ၃၅၇ |
| ၃၃။ ကိုလေးမြတ် | ကြွေရုံသာမက မွေလို့ပင် သွားပါလေရဲ့ | ၃၆၇ |
| ၃၄။ လွန်းထားထား၊ဆေးတက္ကသိုလ်၊ | ချစ်ခြင်းပင်လယ် | ၃၇၅ |
| ၃၅။ တွာလ်ခဲင်းမာန် | ကျောင်းဖွင့်စနေ့ | ၃၈၁ |
| ၃၆။ မနှင်းဖွေး | အထဲက ပေးစာ | ၃၈၇ |
| ၃၇။ ဇင်သန့် | စက်နဲ့ရေးတဲ့ဝတ္ထု | ၄၀၁ |
| ၃၈။ ငြိမ်းသိစံ | ညနေရီရဲ့ရန့် | ၄၀၉ |
| ၃၉။ ဆွေဦးမြင့် | သူ့အစာ ကိုယ့်အစာ | ၄၁၇ |
| ၄၀။ မောင်ကြည်မွန် | ပွင့်ဦးကြွေမှဖြင့်ကွယ် | ၄၂၃ |
| ၄၁။ မင်းဝေဟင် | အနက်ရောင်များနဲ့ရွာပန | ၄၂၇ |
| ၄၂။ သဲထူး | စိမ်းမြ သစ်ရွက် ကြွေနေဆဲ | ၄၃၇ |
| ၄၃။ နတ်မှုး | ခြေထောက်၏ဂီတ | ၄၄၅ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၄၄။ စုသဲမွန် | ကန္တာရဆူးပင်ထက်က<br>အိပ်မက်နှင်းဆီ | ၄၅၅ |
| ၄၅။ မြနှောင်းညို | ဆက်လက်<br>ရှင်သန်ချင်သေးသည် | ၄၇၁ |
| ၄၆။ မင်းတင်ထွဏ်း | အပင်အိုတို့ ရွက်ကြွေချိန် | ၄၈၃ |
| ၄၇။ အာယု | အာရုံ | ၄၉၅ |
| ၄၈။ ကိုဆွေ | စာရေးဆရာတောင်<br>အိမ်မလာရအောင် | ၅၀၃ |
| ၄၉။ စိုးမင်းဦး | တိမ်တိုက်၊ မိုးစက်နှင့်<br>လူအကြောင်းဝတ္ထု | ၅၀၉ |
| ၅၀။ ထက်မြက် | မျက်စိခွဲသူ | ၅၁၇ |
| ၅၁။ မောင်ရင့်မာ၊ကျောင်းကုန်း၊ | မျက်နှာပေး | ၅၂၇ |
| ၅၂။ ခြိမ့်သဲ | အချစ်လက်ကျန်ရှင်းတမ်းထဲက<br>အလွမ်းမြီစား | ၅၃၅ |
| ၅၃။ မာန်၊တောင်လုံးပြန်၊ | ဖွားတော်မူခြင်း | ၅၄၇ |
| ၅၄။ သာထပ်ဖေ | ဗလာနံ့ အဘိနန္ဒိတံ | ၅၅၅ |
| ၅၅။ ကြူးနှစ် | ထွက်မြောက်ရာလမ်း | ၅၆၃ |
| ၅၆။ သာလွန်ကျော် | လပ်ကီးဆဲဗင်း | ၅၇၃ |
| ၅၇။ သွင်ဆန်းမောင် | ကိုယ်ပိုင်အလင်းရောင် | ၅၈၅ |
| ၅၈။ မြို့သာမရာထို | တတိယအရှယ် | ၅၉၅ |
| ၅၉။ ကိုချစ် | သောကနဲ့ ထုဆစ်ထားတဲ့<br>သောကြာနေ့များ | ၆၀၇ |
| ၆၀။ ကျော်ရင်မြင့် | နှုတ်ခမ်းမွေး မနိုင်ဘဲ<br>ပဲဟင်းသောက်သူ | ၆၁၇ |
| ၆၁။ သင်းစုစုညိမ်း | နေရေးခက်ခက် | ၆၂၅ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၆၂။ ခင်ဆွေဦး | ဝေဟင်မှာ လေယာဉ်စီးလို့ရယ် | ၆၃၉ |
| ၆၃။ အဖြူရောင် | ကိုဘကောင်းရဲ့လမ်း | ၆၄၉ |
| ၆၄။ သင်းမြစန္ဒီ | ပုစ္ဆာသစ်များကို ဖြေကြည့်ခြင်း | ၆၅၉ |
| ၆၅။ စိုးအောင် | လှေကားသုံးထစ် | ၆၆၉ |
| ၆၆။ ပန်းရေကျိုး၊မိုးကုတ်၊ | ဇာတိငယ် ခြွေမယ်လို့ ကြွေနိုင်ရိုးလားကွယ်တို့ရေ | ၆၇၉ |
| ၆၇။ မြရွက် | တွယ်ငြိသံစဉ် | ၆၈၇ |
| ၆၈။ ကိုဦး၊သချာ၊ | လှိုင်း | ၆၉၅ |
| ၆၉။ မောင်ဝဏ္ဏ | စာရေးစားတဲ့ ငနဲ | ၇၀၉ |
| ၇၀။ မြတ်သင်း | ကြာသပတေးနှစ်ယောက် | ၇၁၇ |


mgyoe.com

mgyoe.com SAMPLE BOOK

## စီစဉ်သူရဲ့ အမှာစကား

၂၀၀၆ ခုနှစ်က စတင်ချီးမြှင့်ခဲ့တဲ့ ရွှေအမြုတေစာပေဆုနဲ့အတူ စုစည်းခဲ့တဲ့ အမှတ်တရရွှေ စုစည်းမှုများဟာလည်း အမှတ် ၇၀ သို့ရောက်ခဲ့ပါပြီ။ ဝတ္ထုတိုများနဲ့ပတ်သက်ပြီး တစ်နှစ်တစ်ကြိမ် စုစည်းရတိုင်းမှာ ရွှေအမြုတေမှာ ရေးခဲ့တဲ့ ဆရာ၊ ဆရာမများရဲ့ ဝတ္ထုတိုတို့ဟာ ဒေါင်ဒေါင်မြည်တယ်လို့ ကျွန်တော် ရဲရဲကြီး ပြောဝံ့ပါတယ်။ သူတို့အားလုံးဟာ ရသစာပေကို ချစ်တဲ့စိတ်နဲ့ ဒီဝတ္ထုတိုများကို ဖန်တီးခဲ့ကြတာဖြစ်တဲ့အတွက် အခု ပြန်ဖတ်ရတဲ့အခါတိုင်းမှာ တသိမ့်သိမ့်ကြည်နူးရပါတယ်။ အရင်နှစ်များက ပြောခဲ့သလိုပါပဲ တချို့ဆရာများက ကွယ်လွန်သွားခဲ့ကြပါပြီ။ တချို့ဆရာတွေကတော့ ရသစာပေလောကကနေ တပ်ခေါက်သွားခဲ့ကြပါပြီ။ တချို့ဆရာများကတော့လည်း တစ်ပုဒ်ကောင်း နှစ်ပုဒ်ကောင်း ဖော်ပြခံရပြီးတဲ့အချိန်မှာ စာရေးချင်တဲ့ အာသာဆန္ဒပြေပျောက်သွားပြီး စာဆက်မရေးကြတော့ပါဘူး။

ဝတ္ထုတိုတစ်ပုဒ်ကို ဖန်တီးတဲ့နေရာမှာ အတွေးတစ်စရဖို့က အရေးကြီးပါတယ်။ ရလာတဲ့အတွေးကို စကားလုံး လှလှများနဲ့ တန်ဆာဆင်ကာ ပရိသတ်အတွက် ပေးချင်တဲ့မက်ဆေ့ချ်ပါအောင် ရေးဖွဲ့ကြပါတယ်။ ဒါကြောင့် တကယ်ဝတ္ထုတိုများကို ကိုယ်တိုင်ရေးသားကြတဲ့သူများအနေနဲ့ တစ်နှစ်မှာ ၁၀ ပုဒ်ထွက်ဖို့ဆိုတာ တော်တော်ခဲယဉ်းပါတယ်။ လုံးချင်းဝတ္ထုများကို ရေးသားနေကြတဲ့ ဆရာ၊ ဆရာမများက အုပ်ရေရာနဲ့ချီပြီး ရေးနိုင်ကြပေမဲ့ ဝတ္ထုတိုသမားများကတော့ ကန့်သတ်စာမျက်နှာအတွင်း ပေးလိုတဲ့မက်ဆေ့ချ်ကို ဖော်ပြနိုင်အောင် ကြိုးစားရတာဖြစ်တဲ့ ကျွန်တော်ကတော့ ဝတ္ထုတိုရေးသားခြင်းက လုံးချင်းဝတ္ထုများ ရေးသားခြင်းထက် အတတ်ပညာပိုပြီး လိုအပ်တယ်လို့ ပြောချင်ပါတယ်။

ဝတ္ထုတိုအတတ်ပညာမှာ ပြည့်ဝတဲ့ ဆရာများ လူလောကထဲကနေ စောစီးစွာ ထွက်ခွာသွားကြတာကို ပြန်သတိရတဲ့အခါမှာ ဒီဆရာတွေကို နှမြောတသမိတာ အမှန်ပါပဲ။ ၂၀၁၆ ခုနှစ် နှစ်ဆန်းချိန်မှာ သတင်း ဝတ္ထုနဲ့ ရွှေအမြုတေစာပေဆု ဆွတ်ခူးခဲ့ဖူးတဲ့ ဆရာ ဦးဆွေ(ဒဿနိက) ကွယ်လွန်သွားခဲ့ပြန်ပါပြီ။ သူ့ဝတ္ထုကို ပြန်ဖတ်ကြည့်မယ်ဆိုရင် အဲဒီကာလက ပြောချင်တဲ့စကားကို စာပေစိစစ်ရေးက လွတ်အောင် ဖန်တီးသွားနိုင်တယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။ အခက်အခဲများနဲ့ မငြိစွန်းအောင် ကြိုးစားဖန်တီးကြရတဲ့ ကာလတုန်းက ဝတ္ထုများဟာ အခု လွတ်လပ်သွားတဲ့အချိန် ဖန်တီးနေကြတဲ့ ဝတ္ထုတိုများထက် ပိုပြီးအရသာရှိနေတာကို

mgyoe.com

mgyoe.com SAMPLE BOOK

သတိထားမိပါတယ်။ ပြောချင်တာကိုလည်း ပြောလို့ရမယ်၊ စာပေစိစစ်ရေးမူဝါဒနဲ့လည်း လွတ်ကင်းရမယ်၊ အဲဒီလို ခက်ခက်ခဲခဲ ဖန်တီးခဲ့ကြတဲ့ ဆရာများကို ကျွန်တော် လွမ်းမိတာအမှန်ပါ။

ကျွန်တော်တို့ရွှေအမြုတေမိသားစုထဲက အရင်ဆုံး ထွက်ခွာသွားတာက ဆရာလင်းသော်ဝေ(မြစ်ကြီးနား) ဖြစ်ပါတယ်။ ဆရာက ရွှေအမြုတေဆုပေးပွဲကို တက်ရောက်ဖို့လာရင်း မန္တလေးမြို့မှာ လူမသိသူမသိ ကွယ်လွန်ခဲ့ရပါတယ်။ ဆရာ့လက်ရာ မြစ်ရေမှာ ကျောက်ဆူးချလို့မရတဲ့ လရောင် ဝတ္ထုကို သတိရတိုင်း ဆရာ့ကို နှမြောတသရပါတယ်။ သင်္ကြန်ရက်အတွင်းမှာ နှုတ်မဆက်ဘဲ ထွက်ခွာသွားတဲ့ ဆရာဒေါင်းနေမင်း၊ ဒီနှစ်ထွက်ခွာသွားတဲ့ ဆရာဦးဆွေ(ဒဿနိက)တို့ကိုလည်း ကျွန်တော် လွမ်းမိပါတယ်။

နှစ်တစ်နှစ်ရဲ့မေလရောက်တိုင်း အမှတ်တရရွှေဝတ္ထုတိုများ စုစည်းမှုကို လုပ်ပေးနေတဲ့ ကျွန်တော်ကိုယ်တိုင်ရော၊ ဘယ်ကာလအထိ စုစည်းပေးနိုင်ဦးမလဲ ဆိုတာ မှန်းဆလို့မရပါဘူး။ အသက်ရှင်နေစဉ်ကာလအတွင်း ကျွန်တော်နဲ့အတူ ရသစာပေရှင်သန်ဖွံ့ဖြိုးရေးအတွက် ပိုင်းဝန်းကြတဲ့ ဆရာ၊ ဆရာမများ၊ နှစ်စဉ်နှစ်တိုင်း ဒီစုစည်းမှုကို ထုတ်ဝေပေးနေတဲ့ ကံ့ကော်ဝတ်ရည်စာပေမှ ထုတ်ဝေသူ မဝိုင်းတို့ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်စိတ်တိုင်းကျဖန်တီးပေးနေတဲ့ မျက်နှာဖုံးသရုပ်ဖော် ပန်းချီ မြင့်မောင်ကျော်ကိုလည်း ချန်လှပ်ထားလို့ မရပါဘူး။ သူ့ကြိုးစားအားထုတ်မှုကလည်း အမှတ်တရရွှေဝတ္ထုတိုစုစည်းမှုမှာ တစ်တပ်တစ်အား ပါဝင်ပါတယ်။ အဲဒီအတွက် ကျွန်တော့်ညီသဖွယ်ဖြစ်နေတဲ့ မြင့်မောင်ကျော်ကိုလည်း ကျေးဇူးတင်ပါတယ်။ အမှတ်တရရွှေဝတ္ထုတိုစုစည်းမှုကို ကျွန်တော့်မွေးနေ့အထိမ်းအမှတ်အဖြစ် ၆၀ ကအစ ထုတ်ဝေခဲ့ရာမှာ ကျွန်တော့်ညီတစ်ဦးဖြစ်တဲ့ ဆရာ မင်းလူက ထုတ်ဝေသူ မဝိုင်းကို 'ဟိုလူကြီးက အသက် ၉၀ အထိနေရင် ခင်ဗျားကရော ၉၀ အထိ ထုတ်မှာလား' လို့ မေးခဲ့ပါသတဲ့။ အခု အမှတ် ၇၀ ရောက်လာပြီဆိုတော့ ဆရာမင်းလူကို တမ်းတမ်းတတ လွမ်းမိပါကြောင်း ပြောပါရစေ။

လေးစားစွာဖြင့်



ဝင်းငြိမ်း

mgyoe.com

mgyoe.com SAMPLE BOOK

# နန်းကထိ

**ကိုကြီးမိုး၊မန္တလေး၊**

ကျွန်တော်က သည်တစ်ခါ မမကို သနားလို့
အမေ့ကိုတော့ မတိုင်ပါ
ဒါပေမဲ့ အိမ်အလုပ်တွေနဲ့ မအားတဲ့ အမေကိုတော့
ကျွန်တော် ထမင်းချူးခိုင်းဦးမည်
အမေက နင့်အစ်မ ဘယ်မလဲ မေးရင်တော့
ကျွန်တော်လည်း မတာတ်နိုင်ဘူးပေါ့
နင့်ကို ကလေးထိန်းခိုင်းတာလား
ကစားခိုင်းတာလား မေးရင်တော့
အဲဒီမေးခွန်းဟာ မမဖြေရမယ့် မေးခွန်းပဲ
ဖြစ်တော့မယ် မဟုတ်လား

mgyoe.com

mgyoe.com SAMPLE BOOK

## နန်းကထိ

### ကိုငြိမ်း၊ မန္တလေး၊

၁။

နန်းကထိဆိုးဆိုးလေး

'ညည်း မှောက်တာကြိုက်လား၊ လန်တာကြိုက်လား'

ကျွန်တော့် မမက ခုံဖိနပ်တစ်ဖက်ကို လက်မှာကိုင်ရင်း သူ့ကစားဖော် ကုလားမကို မေးခွန်းထုတ်လိုက်သည်။ ထိုအခါ ကုလားမက အဖြေပေးလိုက်သည်။

'ငါ ပက်လက်ပဲ ကြိုက်တယ် အေ့'

'အေး...'

ထိုအခါ မမ၏ လက်ထဲမှ ခုံဖိနပ်ကလေးသည် လေထဲသို့ မြောက်တက်သွားတော့၏။ မြေကြီးပေါ်သို့ ပြန်ကျလာသောအခါ ခုံဖိနပ်ကလေးမှာ ပက်လက်။ ဒါဆို ဘယ်သူတားရမယ်၊ ဘယ်သူ တိုးရမယ်တွေ ပြောစရာ မလိုတော့။ ယောကျ်ားရှယ်တွေ ကစားဝိုင်းမှ 'ခေါင်းလား၊ ပန်းလား'မှာ မမတို့၊ ကုလားမတို့ ထုပ်ဆီးဝိုင်းမှာတော့ 'အမှောက်လား၊ အလန်လား'ဖြစ်နေသည်။ ခေါင်းသည်ဖြစ်စေ၊ ပန်းသည်ဖြစ်စေ၊ မှောက်သည်ဖြစ်စေ၊ လန်သည်ဖြစ်စေ ကြေးနီ ပိုက်ဆံနှင့် ခုံဖိနပ်တို့၏ သမာဓိမှာ ဂုဏ်ဟိတ်ချင်း မကွာမကွဲ။ ထပ်တိ။

ခုံဖိနပ်တစ်ဖက်၏ အဆုံးအဖြတ်ကြောင့် မမနှင့် သူ့ကစားဖော်များက ပွဲဦးမှာပင် စ၍ တားရတော့မည်။ ယင်းနောက် ခေါင်သူကြီးဖြစ်သူ မမနှင့် ကုလားမက ကစားကြမည့် မိန်းမဖော်များကို 'ညည်းတို့ နာမည်ဂုက်ချည်ကြတော့'ပြောလိုက်၏။ ထိုအခါ နာမည်ဂုက်ကြမည့် သူများကလည်း နှစ်ယောက်စီ နေရာခွဲ၍

mgyoe.com

mgyoe.com SAMPLE BOOK


ထွက်သွားကြပြီး မိမိတို့ကြိုက်သည့် နာမည်ဝှက်များကို တိုးတိုးတိုးတိုးနှင့် ရွေး နေကြပြီ ဖြစ်သည်။

ကျွန်တော်က လေးထောင့်စည်းရဲ့ အပြင်မှာ ရပ်ရင်း မမတို့၊ ကုလားမတို့ လုပ်ပုံကိုင်ပုံတွေကို ကြည့်ရင်း မမအပေါ်မှာ မကျေမနပ် ဖြစ်နေမိ၏။ ကျွန်တော်တို့ မှာ မောင်နှမ နှစ်ယောက်တည်းသာ ကျန်တော့သည်။ ကျွန်တော်တို့တွင် ညီအစ်ကို မောင်နှမတွေ များသော်လည်း အိမ်ထောင် ခွဲသွားသူတွေက ခွဲသွားကြပြီ။ ကွယ်လွန် သူတွေကလည်း ကွယ်လွန်သွားကြပြီ ဖြစ်သည်။ ပြေးကြည့်ကြည့်၊ ဘယ်လိုရေတွက် တွက် သည်မောင်နှမသာ ကျန်တော့သည်။ အသိုင်းအဝိုင်း ကောင်းခဲ့သူ အသိုင်း အဝိုင်း နည်းသွားသောအခါ ရှိတာ၊ ကျန်တာလေးကိုပဲ အမျိုးမျိုး ချစ်တတ်သော သဘာဝထဲတွင် ကျွန်တော်က တစ်ယောက်အပါအဝင်သာ ဖြစ်ပါသည်။ မမကို အစ်မလိုသာမဟုတ်၊ အမေလိုလည်း ချစ်ပါသည်။ ယင်းအပြင် ကစားဖော်မရှိသူ ကျွန်တော့်အဖို့ မမကို သူငယ်ချင်းလို၊ ကစားဖော်လိုလည်း ချစ်ရပါသေးသည်။ အပျိုဖော်ဝင်စ မမကတော့ ကျွန်တော့်ကို မောင်ငယ်တစ်ယောက်လိုသာ ချစ်တတ်ပုံ ရပါသည်။ မမ သူ့မိန်းမဖော် ကောင်မလေးတွေနှင့် ကစားတိုင်း ကျွန်တော့်ကို ခွဲခြား ခွဲခြား လုပ်လေ့ရှိသည်။

ကျွန်တော်သည် ယင်းသို့ မကျေမနပ် ဖြစ်ရင်းကပင် အိမ်ကနေ မမ 'ပြာ' ထည့်ယူလာသော မြေစလောင်းဖုံးကလေးကို ခြေထောက်နှင့် နင်းချေပစ်နေမိ တော့၏။ အမေ့ပြာအိုးဖုံး မြေစလောင်းကလေးက ကျွန်တော့် ခြေထောက်အောက် မှာ စိစိညက်ညက်။ နောက်ထပ် မြေအိုးဖုံး အကောင်းကလေးတွေလည်း လေး,ငါးခု ကျန်ပါသေးသည်။ ထိုမြေအိုးဖုံးကလေးများမှာ ကစားမည့်သူများက ကိုယ်အိမ်က ကိုယ် အသီးသီး ပြာထည့်ယူလာကြသော မြေအိုးဖုံးများပင်။ ပြာသည် ကစားသူများ ၏ အရင်းအနှီး ဖြစ်သည်။ အရင်းအနှီး မထည့်နိုင်လို့ ကစားရာတွင် မျက်နှာငယ်ရ တာမျိုး မရှိ။ ရှေးလူကြီးတွေက အလွန်ပင် စေ့စပ်သည်။ အိမ်တိုင်း၏ မီးဖိုဘေးတွင် 'ပြာအိုး' ဆိုတာ ထားတတ်ကြသည်။ ပြာအိုးမှာ ချက်ပြုတ်အပြီး မီးခဲအကျန်တွေကို ထည့်ရသော၊ သိမ်းရသော အိုးကို ခေါ်သည်။ သိမ်းတာက မီးခဲအကျန်တွေ ခေါ် တာက ပြာအိုး။ မီးခဲသိမ်းရာတွင် ပြာပါ ပါသောကြောင့် ပြာက အချောင်ဇွာ သည်လားတော့ ကျွန်တော်မသိ။ မည်သို့ပင်ဖြစ်စေ မီးခဲတွင် အရောခံရသော ပြာသည် 'ပြာအိုး' ဆိုသော အသုံးအနှုန်း သူ့ကြောင့် ဖြစ်ပေါ်ခဲ့သည်ဟု ထင်လိုက ထင်ပါစေ တော့။ လူ့ဘဝတွင် ဒါမျိုးတွေ အိစိမ့်နေပြီဖြစ်ကြောင်းကိုတော့ ကျွန်တော်က

mgyoe.com

mgyoe.com SAMPLE BOOK


ကလေးပိပိ ဘယ်သိနိုင်ဦးမှာလဲ။

ဆိုခဲ့သည့်အတိုင်း မချိုလိုက်တဲ့ အဖြစ်ကတော့ မြေစလောင်းလေးကို ခြေထောက်နဲ့ နင်းချေပြီး မကျေနပ်မှုကို ဖော်ပြနေသော်လည်း မမသည် ကျွန်တော့်ကို ဂရုပြုမိဟန်မရှိ။ ခေါင်သူကြီးများ ဖြစ်ကြသော မမနှင့် ကုလားမတို့သည် နာမည်ဝှက် လာကြသော အတွဲများထဲမှ သူတို့ကြိုက်သော နာမည်များကို တစ်လှည့်စီ ရွေးလျက် ပင် ရှိကြသည်။ သည်အခါ ရွေးလှည့်က မမ။

'လေဘာတီနဲ့ ဓာတ်တိုင်'

'ဓာတ်တိုင်'

ဓာတ်တိုင်ကို မမ ရွေးသည်။ သည့်နောက် ကုလားမ ရွေးလှည့်။ မှည့်လာ ကြသော နာမည်တစ်စုံထဲမှာ တစ်ခုကို ကုလားမ ရွေးသည်။ ကုလားမ ရွေးပြီးသော အခါ မမရွေးလှည့် ရောက်လာပြန်သည်။

'မဉ္ဇူသကနဲ့ တမာပန်း'

'တမာပန်း'

တမာပန်းကို မမရွေးပြန်သည်။ မမရွေးပြီးနောက် ကုလားမ ရွေးပြန်သည်။ ကုလားမ ရွေးပြီးသောအခါ မမရွေးလှည့် ပြန်ရောက်လာ...

'မေရီမြင့်နဲ့ ရှယ်လီမြ'

'......'

သည်အချိန်မှာတော့ မမ နှာတင်းသွားသည်။ ဘယ်သူ့ကို ရွေးရမှန်း ရုတ်တရက် မသိတော့။ မမက ထိုနာမည်တွဲမျိုး မှည့်လာကြသော ကောင်မလေး နှစ်ယောက်အနက် တစ်ယောက်ကို ခပ်တင်းတင်းပင် ကြည့်လိုက်သည်။ အမှန်တော့ မမက သူရွေးမည့် နာမည်အမျိုးအစားကို ထုပ်ဆီးတိုးတော်သူ အချို့ကို တိုးတိုးတိတ် တိတ် ကြိုပြီး ပြောထားပြီးသား။ နာမည်ဝှက်ရင် မလှတဲ့ နာမည်ကိုပဲ ရွေးမည်ဆိုတာ ပြောထားသားနဲ့။ အခုတော့ ဒီကောင်မလုပ်ပုံ မေရီမြင့်နဲ့ ရှယ်လီမြတဲ့။ ရုပ်က နှစ် ပြားမတန်ဘူး။ သွားက သချေးထူသေး။ သည်တော့ မမက မေရီမြင့်နှင့် ရှယ်လီမြကို ယှဉ်စဉ်းစားရသည်။ နှစ်ယောက်လုံးက ဓာတ်ရှင်မင်းသမီး ဖြစ်တာချင်းလည်း တူသည်။ ချောတာ လှတာကလည်း တစ်မျိုးချော၊ တစ်မျိုးလှ။ ဒါပေမဲ့ မေရီမြင့်က ပို၍ နာမည်ကြီးသည်။ သည်လိုတွေးမိသောအခါမှ မမက...

'ရှယ်လီမြ'

မမရွေးတာ မှန်သွားပြီ။ မမ ပြုံး၏။ ကုလားမရွေးလှည့် ရောက်လာပြန်

mgyoe.com

mgyoe.com SAMPLE BOOK


သည်။ နာမည်ဝှက်လာကြသော အတွဲက သူတို့နာမည်ဝှက်များကို ပြောလိုက်သည်။

'အောင်ဒင်နဲ့ သားခွဲသရက်'

'အောင်ဒင်'

ကုလားမက အောင်ဒင်ကို ရွေးလိုက်သည်။ မမ ပြုံးပြန်၏။ အောင်ဒင်က နာမည်ကြီးသရက်။ ထိုသရက်သီးအတွဲတွင် မမသာ ရွေးခွင့်ရပါက သားခွဲသရက်ကိုသာ ရွေးမည်ဖြစ်ကြောင်း ကျွန်တော် သိပြီးသား ဖြစ်သည်။ အောင်ဒင်က ဈေးကြီးသည်။ ချိုသည်။ ညက်သည်။ သားခွဲသရက်ကလေးတွေက ဈေးပေါသည်။ ချဉ်သည်။ ရှသည်။ သားခွဲသရက်ကို ရွေးချယ်ရာတွင်လည်း မမက ထိုအယူအဆဖြင့်သာ ရွေးချယ်ခြင်း ဖြစ်ပေလိမ့်မည်။ အမှန်တော့ သားခွဲသရက်ဆိုသည်မှာ စကားလုံးကြွယ်သော ဒေသတစ်ခု၏ ကြင်နာမှုကိုပြသော၊ ကရုဏာကြီးမှုကို ဖွင့်ဆိုသော စကားလုံးလေး တစ်လုံးပင်။ ပင်မ သရက်ပင်ကြီးသည် သူတို့ကလေး၏ မေမေဖြစ်သည်။ စကားလုံး မကြွယ်တဲ့သူတွေကတော့ လေတိုက်လို့ အရွယ်မတိုင်မီကြွေသွားတဲ့ သရက်သီးငယ်လေးတွေကို 'သရက်ကင်း' လို့ပဲ ခေါ်တတ်ကြတာပေါ့။ ဘာပဲဖြစ်ဖြစ် မမကတော့ ကုလားမရဲ့ ရွေးကျန် သားခွဲသရက်ကလေး ရတာကိုပဲ ကျေနပ်လို့။ ပီတိဖြစ်လို့။

'ခြေထောက်နဲ့ စလောင်းဖုံး'

သည်တစ်ခါ နာမည်ဝှက်တွေကို အော်ပြောလိုက်သူကတော့ ကျွန်တော်ကိုယ်တိုင်ပါပဲ။ အော်အော်ဆိုဆို ကျွန်တော်သည် ကုလားမ၏ စလောင်းဖုံးကို တက်နင်းပစ်လိုက်တော့၏။ တစ်နည်းအားဖြင့် ရာဇဝတ်အိုးကို နင်းခွဲလိုက်ခြင်းပင်ဖြစ်သည်။ ကျွန်တော့်အသံကြောင့် မမရော၊ ကုလားမပါ ကျွန်တော်ရှိရာသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြတော့၏။ ကုလားမက မမကို–

'ဟဲ့… ခင်စန်း၊ နင့်မောင် ဂျိုကန်နေပြီ'

ကျွန်တော့် မမရဲ့ နာမည်မှာ မခင်စန်း ဖြစ်သည်။ ကျွန်တော့် အပြုအမူကို မြင်သောအခါ မမကိုယ်တိုင်လည်း တော်တော် ဒေါသဖြစ်သွားပုံရသည်။ ထို့ကြောင့် မမသည် ကျွန်တော်ရှိရာသို့ ဒေါသဖြင့် ပြေးလာသည်။ ကျွန်တော် ထွက်မပြေး။ မှုန်တေတေဖြင့်သာ ရပ်နေလိုက်တော့၏။ မမသည် ကျွန်တော့်အနီးသို့ ရောက်လာသောအခါ ခေါင်းကို ခေါက်ရန် ရွယ်ပြီးမှ သူ့စိတ်ကို သူ ထိန်းလိုက်သည်။ 'ခွေးကောင်လေး နင်နော်…' ဟုသာ ငေါက်တော့သည်။ မခေါက်။ အမှန်တော့ မခေါက်ရဲတာ။ ခေါက်ကြည့်စမ်းပါလား၊ ကျွန်တော် အာပြဲကြီးနဲ့ အော်ပြီး

mgyoe.com

mgyoe.com

SAMPLE BOOK


အမေ့ဆီ ပြေးမှာပေါ့။ အမေက အိမ်မှာ အလုပ်များနေလို့ သူ့ကို ကျွန်တော့် အထိန်းခိုင်းထားတာ မသိဘူးများ အောက်မေ့နေလို့လား။ ကျွန်တော်တိုင်ရင် မမ လည်း ကစားရတော့မှာ မဟုတ်။

တစ်ခါကတော့ ဘာအကြောင်းနဲ့မှန်းတော့ ကျွန်တော် မမှတ်မိတော့ပါ ဘူး။ မမက ကျွန်တော့် ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်ဖူးသည်။ ကျွန်တော် အမေကို ဗိုက်လှန်ပြီး တိုင်သည်။ ဗိုက်မှာ ဆွဲလိမ်ထားတဲ့အရာက ရဲတွတ်နေသည်။ သည် တုန်းက အမေက 'ကိုယ့်မောင်လေး ဒီလောက် လုပ်ရမလား' ဆိုပြီး မမကို ရိုက်တာ ကျွန်တော် မှတ်မိနေသည်။ အမှန်တော့ မမဆွဲလိမ်တာ ဒါလောက်မဟုတ်။ မမအရှု ကြီးအောင်ဆိုပြီး ကျွန်တော် ကိုယ့်ဗိုက်ကိုယ် အနာခံပြီး ကိုယ့်ဘာသာ ဆွဲလိမ်ပြီးမှ အမေ့ကို သွားပြခြင်းဖြစ်သည်။ အခုလည်း ကျွန်တော် ထွက်မပြေး။ ပစိပစပ် အတတ် အားကိုးနှင့် ပမာမခန့်ကလေးပင် ရပ်နေလိုက်သေး၏။

ထုပ်ဆီးတိုးပွဲကို ကြည့်ဖို့ စောင့်နေသူတွေကတော့ ကျွန်တော့်ကို တော် တော် အမြင်ကပ်နေပုံ ရပါသည်။ ပရိသတ်ထဲက တစ်ယောက် နှစ်ယောက်ဆို ကျွန်တော့်ကို 'ကိုမေတ္တာလေး' ဟု လှမ်း၍ ခေါ်လိုက်ကြသေးသည်။ ဟန်တော့ကျ သည်။ ကျွန်တော်ကလည်း သူတို့ကို ဂရုမစိုက်။ သူတို့သည် အတော် အလုပ်များ ကြသူများ ဖြစ်သည်။ ပွဲကြည့်ရုံသက်သက် မဟုတ်။ လက်ခုပ်လက်ဝါးဖြင့် အားပေး သူများလည်း သူတို့၊ လဲလျှင် ထူပေးကြသည်ကလည်း သူတို့၊ အကြောတင်လျှင် နှိပ်နယ်ပေးကြသူကလည်း သူတို့၊ အပွန်းအပဲ့ရှိလျှင်လည်း ဆေးလိမ်းသူကလည်း သူတို့ပင် ဖြစ်သည်။ နေရာတကာ ပါကြသည်။ ကျွန်တော့်အထင် သူတို့သည် ထုပ်ဆီးမတိုးတတ်ဘဲ အရေးပါနေသူများဟုသာ ကျွန်တော်က ထင်နေခဲ့သည်။ သည်တုန်းက ကျွန်တော့်အထင်ကလေးမှာ 'လူမှန်ရင် ထုပ်ဆီးတိုးတတ်ရမည်' ဟူသော အထင်သာ ရှိခဲ့ပေသည်။

ပြီးတော့ သည်လို ထုပ်ဆီးဝိုင်းတွေမှာ ကျွန်တော့် ဂျိုကန့်ခွင့် ရနေတာ ကလည်း မမမျက်နှာကြောင့် ဖြစ်သည်။ မမပါမှ ပွဲစည်သည်။ မမက အတိုးကောင်း၊ အတားကောင်း။ ပြီး...၊ အပြေးသန်၊ လက်မြန်၊ အငြင်းသန်။ ရပ်ကွက်ထဲတွင် မမနှင့် ဘက်တူတာဆိုလို့ ကုလားမတစ်ယောက်သာ ရှိသည်။ သူတို့နှစ်ဦး တစ်ဖက်စီ ခေါင်းသူကြီးလုပ်တဲ့ပွဲဆို အားလုံး စိတ်ဝင်စားကြသည်။ သူတို့နှစ်ဦးလုံးက ခေါင်းသူ ကြီးပီပီ လက်စွမ်းထက်လှသည်။ သူတို့ တားလှည့်များတွင် ထိတယ်၊ မထိဘူး အငြင်းပွားစရာမလို။ သူတို့က အငြင်းပွားစရာဖြစ်အောင် ထိရုံ၊ တို့ရုံမျှ မဟုတ်။

mgyoe.com

mgyoe.com SAMPLE BOOK


မိတ်ခဲ့နေရာ ဖြန်းခနဲမြည်အောင် ရိုက်နိုင်ကြသူများ ဖြစ်သည်။ ဇော်ဂနီမနှစ်ယောက် တွေ့သည့်ပွဲတွင် မထိဘူး ငြင်းချင်လည်း တင်ပါးပွတ်ရင်းသာ ငြင်းပေတော့ဆို တဲ့ ထိချက်မျိုးတွေ။

မမတို့ ထုပ်ဆီးတိုးပွဲမှာ ကျွန်တော် ခုလို ဂျိုကန်နေသည်မှာလည်း အခြားကြောင့် မဟုတ်။ ကျွန်တော်လည်း သူတို့နဲ့အတူ ပါဝင်ပြီး ကစားချင်၍ ဖြစ်ပါသည်။ ကျွန်တော် သူတို့မြေအိုးဖုံးတွေ နင်းပစ်နေတာနဲ့ မလုံလောက်သေးရင် သူတို့ တားထားတဲ့ ပြာတွေကိုပါ ဖျက်ပစ်ဖို့ ကျွန်တော် စိတ်ကူးပြီးသား။ မမနဲ့ ကုလားမ အပါအဝင် သူတို့ရဲ့ ကစားဖော် အားလုံးကလည်း ကျွန်တော် ဘာရည်ရွယ် ချက်နဲ့ သည်လိုလုပ်နေသလဲဆိုတာ သူတို့အားလုံး သိပြီးသားပါ။ ဒါကိုပဲ မမက သူ့ကိုယ်သူ အ,အကြီးလုပ်ပြီး–

'နင် ဘာပြုလို့ ဒီလိုလုပ်နေတာလဲ' ဟု မေးသည်။

'ငါ့ကျတော့ မပါရဘူးလား'

ကျွန်တော်က သူတို့သိပြီးသားကိုပင် နှပ်ချေးသုပ်ရင်း ပြန်မေးလိုက်သည်။ ကစားဖော်များအပေါ် မမသြဇာကို ကျွန်တော် ယုံသည်။ အမေ့ကို မမ ကြောက်တာ လည်း သိသည်။ မမ ဘာပြန်ပြောရမှန်း မသိသေး။ ဘာမှလည်း မပြောသေး။ ကျွန်တော် ကလေးနှင့်မတန် ဉာဏ်က ခပ်ပြေးပြေး။

'ဒါဆို ငါ အိမ်ပြန် ထမင်းစားတော့မယ်ဟာ'

ကျွန်တော်က သည်တစ်ခါ မမကို သနားလို့ အမေ့ကိုတော့ မတိုင်ပါ။ ဒါပေမဲ့ အိမ်အလုပ်တွေနဲ့ မအားတဲ့ အမေကိုတော့ ကျွန်တော် ထမင်းခူးခိုင်းဦးမည်။ အမေက နင့်အစ်မ ဘယ်မလဲ မေးရင်တော့ ကျွန်တော်လည်း မတတ်နိုင်ဘူးပေါ့။ 'နင့်ကို ကလေးထိန်းခိုင်းတာလား၊ ကစားခိုင်းတာလား' မေးရင်တော့ အဲဒီမေးခွန်းဟာ မမဖြေရမယ့် မေးခွန်းပဲ ဖြစ်တော့မယ် မဟုတ်လား။ ကျွန်တော်က မမနဲ့ စကားပြောနေ စဉ်မှာပင် ဗိုက်နှိပ်ရင်း 'ဆာလိုက်တာ' ဟုပင် သရုပ်ဆောင်ပြလိုက်သေးသည်။ မမက ကျွန်တော် ဟန်လုပ်နေမှန်း မသိဘဲ ဘယ်နေပါ့မလဲ။ နောက်ဆုံးတော့ မမစိတ်ရှည် တော့ဟန် မတူတော့ဘဲ–

'နင်ပါချင်ပါ၊ သိပ်ပြီး မူလကျီ လုပ်မနေနဲ့'

သည်လိုနဲ့ မူလကျီက အရာရောက်သွားသည်။ တစ်ဆက်တည်းမှာပင် မမက သူ၏ ကစားဖော်တွေကို–

'ငါ့ မောင်လေးလည်း ပါမယ်ဟေ့၊ သူက နန်းကထိနော်'

mgyoe.com

mgyoe.com SAMPLE BOOK


၂။
နန်းကထိလဲတော့ ဘယ်သူမှ မသနား

ကျွန်တော် နန်းကထိလေးပါ။ နန်းကထိဟု ကြေညာခံရခြင်းမှာ 'တရားမဝင်သူ'ဟု ကြေညာခံရခြင်းဖြစ်ကြောင်း ကျွန်တော်က နားမလည်သေး။ ကလေးတွေနားမလည်အောင် ပြောလိုက်ခြင်းပင် ဖြစ်သော်လည်း ကျွန်တော်ကမူ ကစားပွဲတွင်ပါခွင့်ရနေ၍ နန်းကထိနှင့်ပင် အလွန် ကျေနပ်သူ ဖြစ်နေပါသည်။ ယှဉ်ပြိုင်ပွဲတွေမှာသူ့ဘက်ကိုယ့်ဘက် ရှိနေသော်လည်း နန်းကထိများ ကိုယ်တိုင်ကမူ မိမိကိုယ်မိမိမည်သည့်ဘက်က ပါဝင်ကစားနေမှန်းတောင် မသိသူလေးတွေ ရှိကြသည်။ နန်းကထိလေးတွေမှာ တချို့ဒေသတွေမှာ 'ကြက်ဥဘဲဥ'ဖြစ်လိုက်၊ 'ခွေးဝင်စား'ဖြစ်လိုက်၊ 'ထမင်းမစား ဟင်းမစား'ဖြစ်လိုက်နှင့် အမျိုးမျိုး အမည်ပြောင်း ပေးနေရသည်မှာလည်း နန်းကထိကလေးများပင် ဖြစ်သည်။

ကျွန်တော် နန်းကထိလေးပါ။

ကျွန်တော်သည် မမတို့၊ ကုလားမတို့၏ ထုပ်ဆီးဝိုင်းအတွင်းမှာ ပြေးလွှားလျက်ပင် ရှိပါသည်။ သို့သော် ကျွန်တော်က တိုးသူနေရာက ဝင်ကစားသော်လည်းကျွန်တော့်ကို တားမည့်သူ မရှိ။ ကျွန်တော် နောက်ဆုံးစည်းမှ ဖြတ်၍ စည်းအဆင့်ဆင့် ကျော်ဖြတ်ပြေးလာသော်လည်း 'အောင်မြန်သူဟေ့'ဟု အော်မည့်သူမရှိ။ ရှေ့ဆုံးစည်းကို လွန်သွားသော်လည်း 'အောင်ပြီ၊ အောင်ပြီ'ဟု ဘယ်သူကမှ မအော်။ ထို့ကြောင့် တိုးသည့်ဘက်က မပါတော့ဘဲ တားသည့်ဘက်ကို ကျွန်တော်ကပြောင်း၍ တစ်လှည့် ကစားကြည့်ပါသည်။ ကျွန်တော် တားချိန်မှာ တိုးသူအချို့ကို 'ထိ'မိသော်လည်း သူတို့က အရေးမလုပ်။ ဆက်၍သာ ကစားမြဲဖြစ်သည်။ အမှန်ဆိုထိလျှင် တိုးသူရှုံးရမြဲ။ သူတို့ ထိ၊ မထိက အရှုံးအနိုင် ဖြစ်သော်လည်း နန်းကထိတစ်ယောက်၏ ထိ၊ မထိက ဘာမှမဟုတ်။ တစ်ခါတစ်ရံတော့ ကျွန်တော် ပြေးရင်းလွှားရင်း ထမင်းရည်ပူစီးကြောင်း နင်းမိသည်။ ကျွန်တော် ထမင်းရည် ပူလောင်သည်။ ထမင်းရည်ပူ မျဉ်းကြောင်းမှာ ဘေးစည်းနှစ်ကြောင်းကို ခေါ်သည်။ ထိုစည်းနှစ်ကြောင်းကို မနင်းမိအောင် ကစားရသည်။ တခြားလူတွေ ထိုစည်းနှစ်ကြောင်း နင်းမိပြီးထမင်းရည်ပူလောင်ပါက ထိုပွဲမှာ အရှုံးပေးရသည်။ အလှည့်အပြောင်းပြီး ပွဲအသစ်ပြန်၍ ကစားရသည်။

မမနှင့် ကုလားမတို့ပွဲကတော့ ကျွန်တော်ချည်းပဲ ခဏခဏ ထမင်းရည်ပူ လောင်လေသည်။ အံ့သြစရာကောင်းသည်။ ကျွန်တော် ထမင်းရည်ပူလောင်လို့

mgyoe.com

mgyoe.com  SAMPLE BOOK 

ဘယ်သူမှ မနစ်နာ၊ ဘယ်သူမှ မရှုံး၊ ဘယ်သူမှ မနိုင်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်က တိုးမည့်သူ မရှိလည်း တားဟယ်၊ တားမည့်သူ မရှိလည်း တိုးဟယ်နှင့် ပြေးလွှားလျက်သာ ရှိသည်။ ကျွန်တော်နှင့်အတူ ပွဲကလည်း ပို၍ မြန်လာပြီ ဖြစ်သည်။

'အောင်မြန်သူဟော့၊ အောင်မြန်သူ'

'အို… နန်းကထိတော့ သေတော့မယ်'

'အောင်မြန်သူဟော့'ဟု သတိပေးသူမှာ မမတို့ဘက်မှ နောက်ဆုံးစည်းကို တားသူ၏ အသံဖြစ်သည်။ 'နန်းကထိ သေတော့မယ်'လို့ ပြေးရင်း၊ တိုးရင်း မောမောပန်းပန်း ပြောသွားသူက ကုလားမပင်။ သတိပေးသံ မဆုံးခင်မှာပင် မမသည် နှုတ်ခမ်းမွေးကို ထောင့်ဖြတ်အတိုင်း နင်းကာ ခေါင်လျှောက်လမ်းကြောအတိုင်း တတိယစည်းအထိ အားသွန် ပြေးလာသည်ကို ကျွန်တော်ပင် မနည်းလွတ်အောင် ခုန်၍ ရှောင်လိုက်ရတော့၏။ နှုတ်ခမ်းမွေးနှင့် ခေါင်လျှောက်လမ်းမှာ ပြာထောင်းထောင်း၊ ခေါင်လျှောက်လမ်းမှာ ကစားနေကြသော လေးထောင့် ဧရိယာ အလယ်ဗဟို ရှေ့စည်းမှ နောက်ဆုံးစည်းအထိ ဆွဲထားသော လမ်းကြောင်း။ 'နှုတ်ခမ်းမွေး'မှာ ရှေ့ဆုံးစည်းနှင့် ဒုတိယစည်းအကြားမှာ ရှိသည်။ ရှေ့ဆုံးစည်း စည်းခြမ်းနှစ်ခြမ်း၏ သုံးပုံတစ်ပုံလောက်မှ ခေါင်လျှောက်လမ်း တစ်ဝက်လောက်ဆီသို့ ထောင့်ဖြတ်ထိ သွားသော မျဉ်းဖြစ်သည်။ တြိဂံပုံ ဖြစ်သော်လည်း ရှေ့စည်းအပြင်မှ ကြည့်လျှင် ကွေးနေသော နှုတ်ခမ်းမွေးနှင့်တူ၍ နှုတ်ခမ်းမွေးဟုသာ ခေါ်သည်။ ထိုနှုတ်ခမ်းမွေးနှင့် ခေါင်လျှောက်လမ်းကို တားသူ ခေါင်သူကြီးတစ်ဦးသာ အသုံးပြုခွင့် ရှိပေသည်။

အခုတော့ တားသူတွေဘက်က ရှေ့ကို လှည့်တားရာမှ နောက်ပြန်လှည့်တားရသော အခြေအနေတွင် ရှိနေပြီ။ မမတို့ဘက်က ရှုံးဖို့ ရာနှုန်းများနေပြီ။ ကုလားမကိုတော့ မမက တတိယစည်းတွင် ပိတ်ထားလိုက်သည်။ ကုလားမက ထိုစည်းကြောင်းပေါ်တွင် တစ်ဝက်သာ ပြေးခွင့်ရတော့မည်။ တားသူက နှစ်ယောက်၊ တိုးသူကတစ်ယောက်။ သို့သော် လှုပ်ရှားနေသော ထွက်ပေါက် သုံးပေါက်။ ထွက်ပေါက်တွေက မငြိမ်သလို ကုလားမလည်း ယိမ်းထိုးလျက်။ ကုလားမအတွက် ထွက်ပေါက်တွေက ကျဉ်းလိုက်၊ ကျယ်လိုက်။ ပရိသတ်ဆီက 'ကုလားမ၊ ကုလားမ' အော်သံများ ညံလျက်။ မမကတော့ နောက်ထပ် အောင်မြန်သူ တစ်ယောက် မလာပါက ကုလားမကို သူ ထိန်းနိုင်မည်ဟု ယုံကြည်ပုံရသည်။ နောက်ထပ် မပေါက်အောင်လည်း သူ့ကစားဖော်တွေကို အော်ဟစ် သတိပေးနေသည်။ ကုလားမကား လျှင်လှသည်။ မမက ထိုသို့ သတိပေးရချိန် မမဘက်က မဟုတ်တဲ

mgyoe.com

mgyoe.com


တတိယစည်းတားသူဘက်မှ ထမင်းရေစီးကြောင်း လွတ်ရုံ ဖောက်ထွက်သွားတော့၏။ လှမ်းထိလိုက်သော်လည်း မထိ။ လက်ခုပ်သံများ ပို၍ များလာသည်။ မမကို အော်ဟစ် လှောင်ပြောင်သံများလည်း ပါလာသည်။ မမက ဒုတိယစည်းမှာ ထပ်၍ ပိတ်လိုက်ပြန်သည်။

ဒါပေမဲ့ အချိန်ကြာအောင် ပိတ်ထားသည်မဟုတ်။ သူ့ဘက်က နောက်ထပ်ပေါက်ပြီး အောင်မြန်သူတစ်ယောက် ပေါ်လာပါက ဘယ်လိုမှ ထိန်းနိုင်တော့မည်မဟုတ်ကြောင်း မမ စဉ်းစားမိပုံရသည်။ မမက သူ့ခံစစ်ကို ပုံစံပြောင်းပြီး ကုလားမကို လွှတ်ပေးလိုက်သည်။ ကုလားမသည် ထိုအခွင့်အရေးကို အရယူသည်။ သို့သော် မမက ရှေ့ဆုံးစည်းမှာ ဦးအောင် ရောက်သွားသည်။ ကုလားမကို အခွင့်အရေးတစ်ခု ပေးကာ စိန်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။ ပရိသတ်အားပေးသံကလည်း 'ခင်စန်းကွ၊ ခင်စန်းကွ'ဖြစ်လာတော့၏။ နောက်ဆုံး သူတို့နှစ်ယောက် အတွဲကိုသာ ကြည့်စရာအဖြစ် ပရိသတ်က သဘောထားလာကြတော့၏။ ကုလားမက ထမင်းရေပူစီးကြောင်းနှစ်ကြောင်းနားအထိ ပြေးသည့်အခါ ပြေးသည်။ တစ်ဝက်လောက် ပြေးသည့်အခါ ပြေးသည်။ ကုလားမက ရပ်လိုက်သော်လည်း မမ အရှိန်လွန်သွားသည့် အခါမျိုးလည်း ရှိသည်။

သို့သော် မမက ကိုယ်အသိမ်း မြန်သည်။ အလှည့်လှသည်။ မမရော ကုလားမပါ မောနေကြပြီ။ ဒါပေမဲ့ ကုလားမက တိုးသူပီပီ မခံချင်အောင် စ,နေ၊ နောက်နေနိုင်သေးသည်။ မမကတော့ ရှုအတင်းသား။ ရပ်ကွက်ထဲတွင် အတိုးကောင်းသူဟု ကျော်ကြားသူမှာ ကုလားမ။ အတားကောင်းသူဟု နာမည်ထွက်သူက မမ။ ထိုစဉ် ကုလားမက မမလက်လှမ်းမမီလောက်သည့် နေရာမှာ ရပ်၍ စေတနာလိုလိုဖြင့် စကားကို တမင်ထစ်၍-

'ဟေ့… ခင်စန်း… မော… မော…မောပြီလား၊ ငါ…သ…သ…သနားတယ်'

မမ နှုတ်ခမ်းမဲ့ပြလိုက်သည်။ ထိုအခါ ပရိသတ်က 'ခင်စန်း မောရင် အရှုံးပေးလိုက်'ဟု အော်သူကအော်၊ 'ကုလားမ ဟန်ကိုယ်ဖို့ လုပ်နေတာ'ဟု မမဘက်က အားပေးသူကပေး။ ထုပ်ဆီးတိုးကြတာကိုရပ်ပြီး စကားချင်း ထုပ်ဆီးတိုးကြတာကိုလည်း ပရိသတ်က သဘောကျသည်။ မမကတော့ ကုလားမလို ပါးစပ်နှင့် ထုပ်ဆီးတိုးတတ်တာ မဟုတ်။ အမှန်တော့ ကုလားမ၏ အကြံက စ,ရင်း နောက်,ရင်း ပွဲကို အလစ်မှာ ပြန်စပြီး ရတ်တရက် အနိုင်ယူလိုက်ဖို့ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ဒါမျိုးကို ကုလားမ ကျွမ်း၏။ ယင်းနောက် ကုလားမက စကားကို မပီအောင်ပြောရင်း စ,ပြန်သည်။

'ကြောက်ရင်လည်း.... ကြော... ကြော... ချက်... ချက်... ချက် မနေနဲ့'

ပရိသတ် ဝါးခနဲ ရယ်လိုက်သည်။ မမမျက်နှာ နီရဲသွား၏ ထို့ကြောင့် ဒေါသကိုလည်း ဘာနှင့်မျှ ဖုံးမရတော့။

'ကောင်မ ရအောင်တိုးကြည့်စမ်းပါဦးအေ၊ ညည်းလိုဟာမကို ပါးရိုက်ပြီး တားပြမယ်၊ ငါ ခင်စန်း'

လူတွေကလည်း မကောင်း၊ ဒါကိုလည်း လက်ခုပ်တီးကြသည်။ အမှန်တော့ ထုပ်ဆီးတိုးတယ်ဆိုတာ ပျော်ချင်လို့။ အချိန်အားလည်း ရကြလို့။ ဘေးလူတွေက ပျော်ပွဲကို ရန်ပွဲဆီ တွန်းပို့နေကြသလိုပင် ဖြစ်နေသည်။ မမစိတ်ဓာတ်ကို ကျွန်တော်သိသည်။ မမကတစ်မျိုး နိုင်ဖောသေးသလောက် ရှုံးဖောကြီး၏။ သဲသဲမဲမဲ ဆိုသည်မှာ မမရှုံးဖော၏ အခြားနာမည်ပင် ဖြစ်သည်။

ကြည့်၊ ခုလိုပင် ပွဲပြန်စ,ပြီ။ ကုလားမ လွန်းထိုးကာ မည်းမည်းလက်လက် ရှိလှ၏။ ဇွဲနှင့်ဇော ရောသည်မို့ နှစ်ယောက်လုံး ဟောဟဲဟိုက်ဟိုက်။

ပြဿနာမှာ နန်းကထိကလေး ကျွန်တော်ပင် ဖြစ်ပါသည်။

ရှေ့ဆုံးစည်းတွင် တင်းတင်းမာမာ ဖြစ်နေသည်ကိုလည်း ကျွန်တော်က မပြည့်မစုံ ကလေးလောက်သာ သဘောပေါက်သည်။ ကျွန်တော့်ကို အရေးစိုက်ပြီး တားမည့်သူ မရှိသော်လည်း အတင်းတားသူ ရှိနေလေဟန်ဖြင့် ကုလားမတိုးနေသော စည်းအတွင်းကို ကျွန်တော်က ပြေးဝင်ခဲ့မိတော့သည်။ ယင်းသို့ ပြေးဝင်လိုက်မှပင် ကုလားမ၏ ကိုယ်လုံးကြီးက တွန်းတိုက်သလို ဖြစ်သွား၏။ ကျွန်တော် စည်းဝိုင်းအပြင် ရောက်သွားသည်။ သက်သက်သာသာတော့ မဟုတ်။ ကျွန်တော်ဝင်လာသော အချိန်နှင့် လွင့်စင်သွားသော အချိန်မှာ လျှပ်တစ်ပြက် အချိန်၏ သုံးပုံတစ်ပုံခန့်လောက်သာ ရှိမည်ထင်ပါသည်။ မြေကြီးနှင့် ပွတ်တိုက်သွားသောကြောင့် မျက်နှာတစ်ခြမ်းလုံး ထူပူ နာကျင် ကျိန်းစပ်သွားတော့၏။ နားထင်ကို စမ်းကြည့်လိုက်သောအခါ သွေးတွေနဲ့အတူ သဲတွေ၊ ခဲတွေ၊ ဖုန်မှုန့်တွေ။ လဲနေရာကလည်း မထ,နိုင်တော့။ ထူပေးမည့်သူကလည်း မရှိ။ ပွဲကြည့်များအတွက် နန်းကထိသည် သူတို့နှင့် မဆိုင်သလို ပွဲကြည့်မပျက်၊ ဩဘာပေးမပျက်၊ လက်ခုပ်မပျက်၊ လက်ခေါက်မှုတ်မပျက်။ ကျွန်တော့်စိတ်ထဲမှာတော့ သူတို့ ထုပ်ဆီးတိုးနေသူတွေကို အားပေးနေတာမှ ဟုတ်ရဲ့လား။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် လွင့်စင်သွားတာကိုပဲ ဩဘာပေးနေကြတာလား။ ကျွန်တော် ဝေခွဲခက်ခက်။

'မမရေ… မမ'

ကျွန်တော် လဲနေရာက မမကို အော်ခေါ်လိုက်သည်။ မမ မကြား။ ပရိသတ်၏ ဩဘာသံက သက်သက်မဲ့ ကျွန်တော့်ခေါ်သံကို လိုက်ဖုံးနေသလို ခံစားရသည်။ ကျွန်တော်ကလည်း လူကသာ လဲနေတာ၊ ခေါ်သံကိုတော့ မလျှော့၊ မရပ်။

'မမ… မမရေ'

ကျွန်တော် အခေါ်သာ ကုန်တော့မည်။ မမ မကြား။ ဩဘာသံများ အကြားတွင် မမ စိတ်အော၊ လူအော အောကစားတုန်း ကျွန်တော့်မှာ လူတစ်ယောက်တည်းကပင် ဒေါင်းဖတ်စာထဲက ငါးသုံးကောင် ဖြစ်နေသည်။ တံငါသည်၏ လှေဝမ်းထဲမှာ နန်းကထိလေး တစ်ယောက်တည်းကပင် သုံးကိုယ်ခွဲ၍ မိနေသလို ခံစားနေရပေပြီ။ ငါးသုံးကောင်ထဲက 'ကံ'ဆိုတာ ကျွန်တော် စီမံလို့မှ မရဘဲ။ 'ဝီရိယငါး'တွေ လှော်တက်ကြိုက်တယ်ဆိုတာ တံငါသည်တိုင်း သိသလို ကျွန်တော် ရေးရေး နည်းနည်း သဘောပေါက်ပါသည်။ သည်တော့ ဩဘာသံအစဲ ကျွန်တော် အသံပြနှင့် အော်တော့မည်။ စဲရဲစဲ၊ သို့သော် အစဲသိပ်မစောင့်လိုက်ရ။

'မမရေ'

'မမ…'

'မမ…'

'မ…'

ကျွန်တော် အခေါ်ကုန်အောင် ခေါ်ပစ်လိုက်သည်။ ပွဲ… ပွဲပြီးသွားပါပြီ။ မမ ပွဲသိမ်းလိုက်ပုံကလေးက အင်မတန် လှပါသည်။ ကျွန်တော့်ခေါ်သံကြောင့် မမသည် အပြေးအလွှား တားနေရာမှ ရုတ်တရက် ရပ်ပစ်လိုက်သည်။ ကုလားမ ကိုယ်တိုင်လည်း ကြောင်သွားသည်။ မမက ဖြန့်ကားထားသော သူ့လက်နှစ်ဖက်ကို လည်း ပြန့်သိမ်းပြီး လက်ပိုက်ပစ်လိုက်သည်။ လူက ကျောက်ရုပ်ရဲ့ ရပ်တန့်ခြင်းမျိုး။ မျက်နှာက တင်းတင်း။ ပြီးတော့ ကုလားမကို တိုတိုတုတ်တုတ်ပဲ ပြောလိုက်သည်။

'နင်… ဝင်လိုက်တော့လေ'

မမ ကျွန်တော့်ဆီ ပြေးလာပြီ။ ပြီးတော့ ပွေ့ထူလိုက်သည်။ ကျွန်တော့် မျက်နှာပေါ် မိုးထားသော မမမျက်နှာမှ ချွေးများသည် စီးကျရင်း ကျွန်တော့်မျက်နှာပေါ် မှ သွေးများနှင့် ရောသွားတော့၏။ တစ်မိတည်းပေါက်၏ ချွေးနှင့်သွေးများပင်။

mgyoe.com

mgyoe.com SAMPLE BOOK


တကယ်ဆိုလျှင် မမ၏ မျက်နှာပေါ်မှ ချွေးများသည်လည်း ကျွန်တော်၏ သွေးများပင် ဖြစ်ပါသည်။ မမ၏ လက်ဖမိုးတွေက ကျွန်တော့်၏ နားထင်ဒဏ်ရာမှ သဲများ၊ ခဲများကို ပွတ်ဖယ်ပေးသောအခါ ကျွန်တော်က 'နာတယ်၊ နာတယ်'ဟု အော်ပါသည်။ ထိုအခါ မမ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပုံရပါသည်။ နားထင်တွင် အစင်းကြောင်းများထင်ကာ သဲများ၊ ခဲများ နစ်ဝင်နေကြမည် ဖြစ်သည်။ အဲဒီနေ့ကလေးက တော့ မမ ကျွန်တော့်ကို ဘယ်လောက်အထိ ချစ်သလဲဆိုတာ သိလိုက်ရသော နေ့ ကလေးပင် ဖြစ်ပါသည်။

ကျွန်တော့်ဒဏ်ရာထဲမှ သဲများ၊ ခဲများကို မမက သူ့လျှာဖြင့် လျက်၍ ဖယ်ပေးပြန်ပါသည်။

ကျွန်တော်ကတော့ ကိုယ့်မမအပေါ် ဆိုးခဲ့သမျှကို နောင်တ ရနေမိပါသည်။ တစ်ဆက်တည်းမှာပင် အခုလို ကျွန်တော် သွေးထွက်သံယို ဖြစ်သွားခြင်းအပေါ် မမ အရိုက်မခံရအောင် အမေ့ကို ဘယ်လိုလှည့်ပြောရမလဲဟု ကျွန်တော် စဉ်းစားနေမိ ပါသည်။ မမကတော့ ကျွန်တော့်အနာကို လျှာဖြင့်လျက်လိုက်၊ သဲတွေ ခဲတွေကို ထွေးထုတ်လိုက်နှင့်သာ ရှိနေပါသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း မမနှင့် ပတ်သက်သော ညဉ်ဆိုးများနှင့် ဥပါယ်ဆိုးများကို လူမသိ၊ သူမသိ ဖြည်းညင်းစွာ ခွာချနေခြင်းကပင် ကျွန်တော်တို့ အိမ်က မြင်းကလေးတစ်ကောင်မွေးတိုင်း မအေ မြင်းမကြီးတွေက မြင်းငယ်လေးတစ်ကိုယ်လုံးကို လျှာဖြင့် လျက်ပေးကြသည်ကို တွေးလိုက်မိ၍ ငိုချင်လာသော စိတ်ကိုလည်း မတားဆီးနိုင်တော့ပေ။ ထို့ကြောင့် အငိုကလည်း ကျွန်တော့်မျက်နှာ ပေါ်သို့ ရောက်လာပါတော့သည်။ ယင်းသို့ ကျွန်တော့်မျက်နှာက အငိုကို လက်ခံထားချိန် ကျွန်တော့် စိတ်ကလည်း နန်းကထိကို အသည်းနာသော စိတ်များ တဖွားဖွားပင် ပေါ်ပေါက်လာနေပါတော့သည်။ မမအပေါ် မှာ ကျွန်တော် စိတ်ပြောင်းခဲ့သလို 'သွေး'မြင်သောအခါ မမကလည်း ကျွန်တော့်အပေါ် စိတ်ပြောင်းသွားခဲ့ပြီဟု ထင်မိပါသည်။ ထို့ကြောင့်လား မသိပါ။ မမသည် ကျွန်တော် မမျှော်လင့်သော အပြုအမူများ၏ ကြားမှပင် ကျွန်တော် မမျှော်လင့်သော စကားကိုပါ ဆိုပြန်ပါသည်။ ကျွန်တော့် အငိုအတွက် မမ နှစ်သိမ့်စကားမရှား။

'နောက်ဆို ငါ့မောင်နဲ့ပဲ အတူတူ ကစားတော့မယ်။ ဘယ်သူနဲ့မှ အတူတူ မကစားတော့ဘူး သိလား'

ကျွန်တော် ပျော်သွားပြီ။ ကျွန်တော့်မှာ ကစားဖော် ရသွားပြီ။ ဒါပေမဲ့ သေချာအောင် ထပ်၍ မေးရပြန်သေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK


'တကယ် ပြောတာနော်။ မောင်နှမ နှစ်ယောက်တည်းပဲ ကစားမယ်ဆိုတာ'

'အေးပေါ့ လူဆိုးရဲ့'

'ဒါဖြင့် အနာပျောက်တဲ့နေ့ ကစားမယ်'

'ကစား ဘယ်နေ့ဖြစ်ဖြစ်'

မမက ကျွန်တော်ကို ပိုမို တင်းကျပ်အောင် ဖျစ်ညှစ်ရင်း ကတိစကားကို ဆိုပါသည်။ ကျွန်တော့်မျက်လုံးတွေ တောက်ပသွားတာ မမ မြင်လိုက်ရဲ့လား မသိဘူး။ မမနဲ့ ကစားရမယ့် နေ့ကလေးကြောင့် ကုလားမကို မုန်းသော စိတ်ပင် ကျွန်တော့်မှာ ပျောက်သွားသည်။ ထို့ကြောင့် ကျွန်တော်သည် ကုလားမ လေသံကို အတုယူ၍-

'အဲဒီနေ့ကျရင် မမက နန်း… နန်း… နန်းကထိ လုပ်ရမယ့်အလှည့် နော်'

ကိုငြိမ်း၊မန္တလေး၊
အမှတ် ၁၃၆၊ မတ်လ၊ ၂၀၀၁ ခုနှစ်
ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK

ပုံစံပြောင်း သီအိုရီ

**မိုးမိုး**

စားသုတ်သုတ်၊ သွားသုတ်သုတ်၊ လာသုတ်သုတ်နဲ့
များများများများ လုပ်နိုင်မှ တော်ရုံကျတဲ့ ဒီအချိန်မှာ
အဘွားတို့ ခေတ်က ယောက်ျားတွေလို
ဒီခေတ် ယောက်ျားလေးတွေက
ဗီရိုထဲက အရုပ်ကို အချိန်ကုန်ခံ လက်ညှောင်းခံပြီး
ရှာဖွေမနေကြတော့ဘူးဆိုတာတော့
အဘွားရှိရင် အတွန့်တက်ပြလိုက်ချင်သေးရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ပုံစံပြောင်း သိအိုရိ
**မိမိုး**

၁။

မေ့အဘွား ခဏခဏ ပြောနေကျ စကားတစ်ခွန်း ရှိသည်။ ဒီစကားဟာ မေ အပျိုဖော်ဝင်စ အရွယ်က အဘွားရဲ့ အကောင်းဆုံး ဆုံးမစကားလို့ပဲ သတ်မှတ်ကြပါစို့။ 'မြေး မှတ်ထားစမ်းပါကွယ်။ ယောကျ်ားလေးတွေဆိုတာ မိန်းကလေးတွေကို ချစ်သူအဖြစ် ရွေးချယ်တဲ့နေရာမှာ စံ,ရှိတယ်ကွဲ့။ သူတို့ စတိုးဆိုင်တစ်ဆိုင်ထဲ ဝင်ပြီ ဆိုပါစို့။ မြေးတို့ မိန်းကလေးတွေက သူတို့လိုချင်တဲ့ အရုပ်လေးတွေ ဆိုကြပါစို့။ ဒင်း(သင်း)တို့တွေက တန်ဖိုးချင်းအတူတူ ဗီရိုထဲပြထားတဲ့ အရုပ်မှ လိုချင်တာကွဲ့။ အပြင်ဘက်ချပြီး ပေါပေါလောလော ချပြထားရင် ကြိုက်ကြတာ မဟုတ်ဘူး။ မြေး မှတ်ထားဖို့က ကိုယ့်ကိုယ်ကိုယ် ဗီရိုထဲ ထည့်ပြထားတဲ့ အရုပ်မျိုးဖြစ်အောင် နေတတ်ဖို့ပဲ။ သဘောပေါက်ရဲ့လား'။

အမှန်အတိုင်း ပြောရရင် အပျိုဖော်ဝင်စကတော့ လုံးဝသဘောမပေါက်ပါ။ အဘွား ပေါင်တွင်းကြော ဆွဲလိမ်မှာ ကြောက်၍သာ ငြိမ့်ငြိမ့်ရော ခေါင်းညိတ်ခဲ့ခြင်းပင်။ သို့သော်လည်း အရွယ်လေးက တဖြည်းဖြည်း စကားပြောလာသည်မို့ အဘွားစကား၏ ဆိုလိုရင်းကို အရင်းအတိုင်း နားလည်လာခဲ့သည်။ အဓိက မိန်းကလေးတို့ဣန္ဒြေ ရွှေပေး၍မရ။ ဟုတ်တာပေါ့။ ခင်မေအေးတို့ အဘွားစကားကို လိုက်နာခဲ့ပုံများ ယခု အရွယ် သုံးဆယ့်လေးနှစ်တိုင်အောင်ပင်။ သစ်ရွက်လှုပ်၍ ရယ်ချင်သော အရွယ်မှသည် သြော်…မမြဲပါလားဟု သံဝေဂပင် ရချင်သလိုလို အရွယ်မို့ ကိုယ့်ဟာကိုယ် မနည်း လန်းဆန်းအောင် နေနေရ၏။ ဆုံးမစကားများ ဆိုခဲ့သော

mgyoe.com

mgyoe.com SAMPLE BOOK


အသွားသည်လည်း မြေကြီးအောက်မှာ။ တရုတ်ဇာတ်ကားများမှာ ပါသောစကားကို ခဏ ငှားသုံးရပါက မြေကြီးအောက်မှာ တစ်ယောက်တည်း အထီးကျန်ရှာပေါ့။ အသွားသာ ရှိဦးမည်ဆိုပါက မေ အသွားနှင့်ပြိုင်ကာ ထိုကိစ္စကို ဆွေးနွေးချင်မိသေးသည်။ ဗီရိုထဲက အရုပ်နဲ့ အပြင်ကအရုပ်ကိစ္စ။ အပျိုကြီးဖြစ်နေသော မေကိုယ်တိုင်အတွက် မဟုတ်ပါ။ မေ လက်ရှိ ကြုံတွေ့ခံစားနေရသော မိန်းကလေးနှစ်ယောက်အတွက်ပါ။ ပက်ထရစ်ရှာနှင့် ခင်ငြိမ်းနီဆိုသော မေ့ရဲ့ အရုပ်လေးနှစ်ရုပ်ကို ကွန်ပျူတာသင်တန်းမှာ မေ တွေ့ခဲ့ခြင်းပင်။

❑

၂။

ကွန်ပျူတာခေတ်ဟု ကြွေးကြော်နေသော ယခုလို အခါသမယကြီးမှာ မေနှင့် သူငယ်ချင်း အပြုံးတို့ နာမည်ကြီး ကွန်ပျူတာသင်တန်းကျောင်း တစ်ကျောင်းမှာ ပညာဆည်းပူးရန် အလို့ငှာ ရောက်ရှိခဲ့ကြ၏။ မေတို့နှစ်ယောက်က ရုံးသမားများမို့ ရုံးမတက်ခင် အချိန်ဖြစ်သော မနက်ပိုင်း အချိန်ကိုတိုက်ကာ တက်ဖြစ်ခဲ့ကြသည်။ နဂိုကတည်းက သိပ်ပြီး လှတပတကြီးမဟုတ်ကြသော မေတို့နှစ်ယောက်အတွက် ရုံးဝတ်စုံ အရောင်မှိုင်းမှိုင်းများဖြင့် ထပ်ဆင့်အလှဆင်လိုက်ချိန်မှာ သမင်လည်ပြန်တို့၊ ဒရယ်လည်ပြန်တို့ဆိုတာ မျှော်လင့်စရာမရှိတာ ကိုယ့်ဘာသာ သိပြီးသားပင်။ ဒီတော့လည်း ကိုယ့်ထက် အများကြီး ငယ်ရွယ်နုပျိုကြသော မောင်လေး၊ ညီမလေးများကိုသာ တငေးငေး လုပ်ရင်း ပတ်ဝန်းကျင် လေ့လာမှုအပြည့်နဲ့ သင်တန်းစ,တက်သည့်နေ့မှာပင် မေနှင့်အပြုံး ရယ်စရာစကား ပြောခဲ့ရသေး၏။ သင်တန်းက ကလေးများကို လိုက်ပို့သော မိခင်၊ ဖခင်များမှာ မေတို့နှင့် မတိမ်းမယိမ်းမို့ 'ငါတို့အရွယ်က သင်တန်းတက်ရမှာ မဟုတ်ဘူး။ လိုက်ပို့ရမယ့် အရွယ်တွေ'ဆိုတာ တဟိဟိဖြင့် သဘောကျရသေး၏။ မေနှင့် အပြုံးမှာ အင်မတန်ချစ်၊ အင်မတန်တွဲဖြစ်ကြသော်လည်း စရိုက်ချင်းက မတူ။ မေက လူတွေကို အင်မတန် စိတ်ဝင်စားကာ အပြုံးက လမ်းတွေကို အင်မတန် စိတ်ဝင်စား၏။

ထိုသို့သော သူငယ်ချင်းနှစ်ဦး တွဲမိသည့်အခါ သင်တန်းသို့ လာသည့်လမ်းတို၊ လမ်းရှည်၊ ဖြတ်လမ်းများကို အပြုံးက မျိုးစုံသိသွားလျက် မေကတော့ မေတို့ ဖြတ်လာခဲ့ရာ လမ်းတစ်လျှောက် ပုံမှန် တွေ့နေကျ လူများကို မှတ်မိသွားတော့သည်။ ဒီတော့လည်း သင်တန်းက ပုံမှန်တွေ့နေကျ အတန်းသားများဆိုရင်တော့ 'ပြောမနေနှင့်တော့'ဟူသော စာရင်းဝင်သွား၏။ ဒီမှာပင် သုံးပွင့်ဆိုင် ပြဿနာကို

mgyoe.com

mgyoe.com SAMPLE BOOK


မေ မခံချိမခံသာ အားမလို အားမရဖြင့် ပိုပိုသိလာရခြင်းပင်။ ဖြစ်ပုံက ဒီလို။ ‘ခင်ငြိမ်းနီ’ဆိုတာ အင်မတန် အင်မတန်လှတဲ့ ဆယ်ကျော်သက်မလေးတစ်ယောက်၊ တကယ်ပါ။ ခင်ငြိမ်းနီလှပုံက မေတို့ မိန်းမချင်းပင် ချီးကျူးရသည်အထိ အသား ကလေးက ဝင်းဝင်းဝါ၊ ကိုယ်လုံးလေးက သွယ်စင်းလှပ၊ ဆံပင်လေးတွေက ပျော့ပျော့ ပျောင်းပျောင်း။ အဲဒီမှာ အယဉ်ဆင့်ဆိုသလို နူးညံ့ညင်သာတဲ့ အပြောအဆို လှုပ်ရှားမှု လေးတွေနဲ့ တကယ်ကို ရင်ခုန်ချင် စရာလေး။ ကီးဘုတ်က ခလုတ်တွေကို သူများ တွေ တဖြောင်းဖြောင်း ရိုက်နေတဲ့ အချိန်မှာ သူက အသာလေး တို့ထိပြီး ရိုက်နေပုံကို က အမှတ်ပေးချင်စရာ။ နားမလည်တဲ့ ကိစ္စဆို Course Managerကို မေးချင်ရင် သူများတွေက တရွှတ်ရွှတ် တရုက်ရုက်နဲ့ ဆရာကို အသံပေးပြီး ခေါ်ချိန်မှာ သူက ဆရာ့အနားထိ သွားရပ်ပြီး ညင်ညင်သာသာလေး ခေါ်တတ်လေရဲ့။ ဒီလောက် ဆို ခင်ငြိမ်းနီဆိုဟာ မိန်းမ လိမ္မာလေးဆိုတာ ပေါ်ကို ပေါ်လွင်နေပြီ။ ဒီလို မိန်းကလေး မျိုးကို ဘယ်သကောင့်သားက သဘောမကျ ရှိပါ့မလဲ။ မေ့ အသွားစကားနဲ့ ပြော ရမယ်ဆိုရင် ခင်ငြိမ်းနီဟာ ဗီရိုထဲက အရုပ်လေးမှ အရုပ်လေးအစစ်။

ဒီတော့ အသွား၏ သီအိုရီ မှန်သွားသည်ဟု ဆိုရလောက်အောင် သင်တန်း ဆရာလေး လတ်ဦးမောင်က စိတ်ဝင်စားသွားတော့သည်။ သင်တန်းဆရာမို့ ဆရာဟု ခေါ်ရသော်လည်း ခုခေတ် ကလေးတွေများ တော်ကြပါပေရဲ့။ တကယ့်ကို ငယ်ငယ် ရွယ်ရွယ်လေးပင်။ အပြီးစကားနှင့် ပြောရလျှင် အမေ့ဗိုက်ထဲမှာများ ကွန်ပျူတာသင်ခဲ့ လေသလားဟု ပြောစမှတ် ပြုရမလို။ လတ်ဦးမောင်၏ ထူးခြားချက်တစ်ခုမှာ တီဗွီမှာ ပြနေသော ဂျပန်ဇာတ်လမ်းတွဲမှ မင်းသားလေးတစ်လက်နှင့် အလွန် တူနေ ခြင်းက အားလုံးအတွက် ပြောစမှတ် ဖြစ်နေပြန်သေးသည်။ လတ်ဦးမောင်ကလေးက လည်း မျက်နှာအေးလေးနှင့် ခင်ငြိမ်းနီကို ခပ်ငေးငေး ကြည့်တတ်တာတွေ၊ ခင်ငြိမ်းနီ ကလည်း လတ်ဦးမောင် အချိန်ဆိုလျှင် ခဏခဏ အမှားအယွင်းဖြစ်အောင် စိတ်လှုပ် ရှားတတ်တာတွေ မေ အပါအဝင် အတော်များများ သိခဲ့ကြတော့သည်။ အပြီးက လွဲရင်ပေါ့လေ။ အပြီးတစ်ယောက်ကတော့ သူ စိတ်ဝင်စားသော လမ်းတွေကလွဲရင် ဘာဆိုတာမှ သိသူမဟုတ်။ မေ့မှာသာ မကြီးမငယ်နှင့် ကလေးနှစ်ဦး၏ အချစ်ဇာတ် လမ်းကို သူ့ကိုပြန်ပြီး ဖောက်သည်ချနေခဲ့ရတော့သည်။

ဒီလို သာတောင့်သာယာ ကြည့်ကောင်းဆဲ အချိန်အခါလေးမှာမှ ပက်ထရစ် ရှာဆိုသော နတ်ဆိုးမလေး ဝင်လာခဲ့ခြင်းပင်။ တကယ်ဆို ကွန်ပျူတာ သင်တန်းဆို တာ သင်တန်း စ ,ဖွင့်ဖွင့်ချင်း လေ့လာဆည်းပူးမှသာ နောက်သင်ခန်းစာတွေကို

mgyoe.com

mgyoe.com SAMPLE BOOK


အများနည်းတူ လုပ်နိုင်မှာ။ သူမလေးကတော့ လကုန်ခါနီးလောက်မှ ခပ်တည်တည် ဝင်ရောက်လာပြီး သင်တန်းတစ်ခုလုံး မျက်စိနောက်လောက်အောင် ဖျပ်ဖျပ်လူးနေခဲ့တော့သည်။ သူမ ရောက်လာချိန်မှစ၍ စက်ချိန်ဆို ဘယ်သူမှ မနေရတော့။ ဟို လူကယ်ပါ၊ ဒီလူကယ်ပါ။ လက်ချာဆို ကျောပိုးအိတ်လေးချကာ မှန့်သွားစားပေပြီ။ ဒီလို ပေါ့တီး၊ ပေါ့ဆနဲ့များ ကွန်ပျူတာသင်တန်း လာတက်နေရသေးတယ်။ ဘာလုပ်မှာလဲဟု မေ တွေးပေါင်းလည်း မနည်းတော့။ သို့သော် မကြာခင်မှာပင် သူ ဘာလုပ်မှာလဲဆိုတာ မေ သိခဲ့ရတော့သည်။ ပက်ထရစ်ရှာ၏အဓိကပစ်မှတ်သည် လတ်ဦးမောင်ပင်။ မေတို့လို အသက်ကြီးသမားများပင် လတ်ဦးမောင် ကိုယ့်ထက် အများကြီးငယ်မှန်း သိပါလျက် ဆရာမို့ ဆရာဟုပင် ရိုးရိုးခေါ်ခဲ့ကြတာပဲ။ ဆရာဟု အရိုအသေ မပေးချင်ကြသူများကလည်း နာမ်စားနဲ့ပေါ့။

ပက်ထရစ်ရှာကတော့ ကိုလတ်ဆိုတာ ပါးစပ်ဖျားက မချတော့ပေ။ ကိုယ့်ဉာဏ်၊ ကိုယ့်စွမ်းအား ဘာမှ မသုံးတော့ဘဲ ခလုတ်တစ်ခုနှိပ်ဖို့ Mouse တစ်ချက်ရွှေ့ဖို့ 'ကိုလတ်၊ ကိုလတ်'ဆိုသော အသံများသာ စီညံနေတော့သည်။ ကိုလတ်များ အနားရောက်မလာနှင့် ပက်ထရစ်ရှာတို့ ကြည့်ပုံများ မေပင် ဘုရားတ,ရသည်အထိ။ သစ္စာဆိုဟု ပြောလျှင် ဆိုပြလိုက်ချင်သည်။ မေ ဒီအသက်၊ ဒီ အရွယ် ရောက်သည်အထိ ဘယ်ယောကျ်ားကိုမှ ပက်ထရစ်ရှာလို မကြည့်ခဲ့ဖူးပါ။ ကြည့်လည်း မကြည့်တတ်ခဲ့ပါ။ သူမို့လည်း ကြည့်တတ်ပါရဲ့။ မျက်လုံးကို မှေးစင်းကာ ပါးစပ်က ပီကေ တဖျတ်ဖျတ်ဝါးလို့။ ဘောင်းဘီဝတ်ထားသော အောက်ပိုင်းက ပိပိရိရိမထိုင်၊ ခပ်ကားကားဖြင့် စည်းချက်က လိုက်နေသေးသည်။ မေ့မှာ သူမကို အထင်သေးလိုက်သည်များ မပြောပါနှင့်တော့။ မေ့ ညီမသာဆိုက အပ်နှင့် ပေါက် ပေါက်ပြီးကို ဆုံးမပြလိုက်ချင်တော့သည်။

ဆရာလေးခမျာလည်း ထိုအဖြစ်များ အားလုံးကို ရိပ်မိစွာ အနေရခက်ခက်၊ ရှက်တက်တက်နဲ့ မသက်မသာ။ ခင်ငြိမ်းနီလေး ခမျာလည်း မျက်နှာလေး ရှုမ်းရှုမ်း လျှလျှဖြင့် ခိုးခိုးကြည့်ကာ စိုးရိမ်ပူပန်နေပုံလေးဖြင့် သနားစရာ ဖြစ်နေရှာတော့သည်။ မရွှေပက်တို့ ညစ်ပတ်လိုက်ပုံများမှာလည်း လတ်ဦးမောင် ခင်ငြိမ်းနီနား ကပ်ခွင့်မရအောင်ကို အစွမ်းအစများ တစ်မျိုးပြီးတစ်မျိုး ပြနေတော့သည်။ ပို အသည်းယားစရာ ကောင်းသည်မှာ တစ်နေ့ ဆရာလေးမှ လက်ချာများပို့ချအပြီး မရှင်းတာ ခက်တာရှိလျှင် မေးပါ၊ ကျွန်ုပ်ပျူတာနှင့် ပတ်သက်လျှင် ကူညီဖို့ အဆင်သင့်ပါ။ အိမ်မှာ ကွန်ပျူတာ ရှိသူများလည်း အခက်အခဲတွေ့လျှင် အိမ်ထိ လိုက်ဖြေရှင်းပေးပါမည်ဟု ဆိုခဲ့သည်။

mgyoe.com

နောက်တစ်နေ့မှာတော့ မရွှေပက်က ကွန်ပျူတာတစ်လုံး ချက်ချင်းဝယ်ကာ လတ်ဦးမောင်အား လိုက်ဆင်ခိုင်းခြင်း၊ ရှင်းပြခိုင်းခြင်း၊ ပျက်သွား၍ ပြင်ခိုင်းခြင်း စသော မရိုးနိုင်သော အကြောင်းပြချက်များဖြင့် သူမ သင်တန်းပြန်ချိန်မှာ ကားနှင့် တစ်ခါတည်း ခေါ်ခေါ်သွားတော့သည်။ ဒီမှာတင် မေ့မှာ အမေးကမ္ဘာ တွေးစရာများ ဖြစ်လာတော့၏။ ပက်ထရစ်ရှာဆိုသော ကလေးမမှာ ဒီပုံအတိုင်း ဆိုပါက တောင့်တောင့်တင်းတင်း အသိုင်းအဝိုင်းမှ ဖြစ်မှာသေချာသည်။ သူမ၏ မိဘများကလည်း ရိုးသားသော ကြီးပွားမှုကို ပိုင်ဆိုင်သူများ ဖြစ်ပါက စဉ်းစားချင့်ချိန်နိုင်သော မိဘများ ဖြစ်မှာမလွဲ။ ထိုမိဘများမှာ ကလေးမ၏ အနေအထားကို မရိပ်မိကြတော့ဘူးလား။ ဆုံးမပဲ့ပြင်မှု မရှိကြတော့ဘူးလား။ နောက်ဆုံး မေ့ အဘွားလိုပင် ပက်ထရစ်ရှာမှာရော ဆုံးမမည့် အဘွား မရှိဘူးလား။ လားပေါင်းများစွာဖြင့် မေ့မှာ အဖြေမရှိ။ မေ မနေနိုင်၍ အပြုံးကို ရင်ဖွင့်သောအခါ အပြုံးက အ,ရန့်ကောဟယ်ဆိုသည့် အကြည့်ဖြင့်ကြည့်ရင်း 'ဘာဆုံးမ စရာရှိလဲ၊ သူတို့သမီး အိမ်ခေါ်လာတာ တကယ့် ပိပိပြားပြား လူလိမ္မာ လူတော်လေးပဲ။ တကယ် ဟုတ်သွားရော ဘာအကြောင်းလဲ' ဟူသတတ်။ ဟုတ်လိုက်လေဟု မေ တွေးရင်း မေ့ရင်ထဲမှာ နုံးချိ မောပန်းသွားသလိုပင်။

ဒါ အဘွားဆုံးမမှုကို နာခံခဲ့သော ခင်မေအေးတို့ခေတ်မှ မဟုတ်တော့ပြီပဲ။ ခင်ငြိမ်းနီ မင်းကတော့ ကံ,ဆိုးတာလား၊ ကံ,ကောင်းတာလား မသိ။ ခင်မေအေးရဲ့ အဘွားလိုမျိုး မင်းအဘွားက ဆုံးမခဲ့လေသလား။ မင်းရဲ့ အဦးဆုံး ပန်းတစ်ပွင့်တော့ လူမသိ သူမသိ အငုံဘဝမှာ ညှိုးခဲ့ရပေါ့နော်။ မကြာပါ။ တကယ့်ကို မကြာလှသော အချိန်တစ်ခုမှာ လတ်ဦးမောင်နှင့် ပက်ထရစ်ရှာတို့ ချစ်သူဘဝ ရောက်ရှိခဲ့ကြတော့၏။ ပက်ထရစ်ရှာ၏ ပုံစံမှာ ထုံးစံအတိုင်း မြူးပြပေါ့တန်လို့ရယ်။ လတ်ဦးမောင်ကတော့ ပက်ထရစ်ရှာ၏ သိမ်းသွင်းခံဘဝမှာ အသားကျနေပုံနှင့် ခင်ငြိမ်းနီကို အနည်းငယ်မှ တိမ်းစောင်း မကြည့်တော့ပြီ။

ကဲ… ဒီဇာတ်လမ်းမှာ ဗီရိုထဲက အရုပ်လေး ရှုံးခဲ့ပြီ။ မေ့ အဘွားသာ ရှိသေးလျှင် ဘယ်လို မှတ်ချက်ချမည်လဲ။ အဘွားရဲ့ သီအိုရီတွေ မှားနေပြီလို့ပဲ မေကတော့ အတိအလင်း ဆိုချင်ပါရဲ့။ အဘွား သက်ရှိထင်ရှား ရှိနေ၍များ ကဲ… သက်သေပြစမ်းအေဟု ဆိုခဲ့လျှင် သက်သေအမှတ်တစ်ခုမှာ ဗီရိုထောင့်က မှိုတက်နေတဲ့ အရုပ်လေး ခင်မေအေး၊ သက်သေအမှတ်နှစ်က ခင်ငြိမ်းနီပဲပေါ့လို့ ချက်ချင်း ပြန်ချေပရမယ် ထင်ပါရဲ့။ တစ်ခုတော့ ရှိဘာပေါ့လေ။ တရားသဘောအရ အဟောင်းအဟောင်းတွေပြောင်းပြီး အသစ်အသစ်တွေ ဖြစ်နေတဲ့ အချိန်သကာလမှာ သီအိုရီ

mgyoe.com

mgyoe.com SAMPLE BOOK


အပေါင်းတွေလည်း အမြဲတမ်း ဘယ်မှန်နိုင်ပါ့မလဲ။ မင်းအဘွားသာ ခုချိန်ရှိဦး မယ်ဆို ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေရှင်နဲ့ ရွယ်တူ၊ သက်တူလောက် ရှိရောပေါ့။ ဒေါ်မေရှင်ဆိုလို့ ဒီမင်းသမီးကြီးဟာလည်း မေတို့လို ဣန္ဒြေရှင် အပျိုကြီးပဲ။ ကဲ... မှိုတက်ချင်လည်း တက်ပါစေတော့ကွယ်။ မေကတော့ ဗီရိုထောင့်မှာ ခပ်အေးအေးပဲ နေရတာ ကြိုက်ပါတယ်။ အင်း... စားသုတ်သုတ်၊ သွားသုတ်သုတ်၊ လာသုတ်သုတ်နဲ့ ပျာပျာပျာပျာ လုပ်နိုင်မှ တော်ရုံကျတဲ့ ဒီအချိန်မှာ အဘွားတို့ ခေတ်က ယောကျ်ားတွေ လို ဒီခေတ် ယောကျ်ားလေးတွေက ဗီရိုထဲက အရုပ်ကို အချိန်ကုန်ခံ လက်ညှောင်းခံ ပြီး ရှာဖွေမနေကြတော့ဘူး ဆိုတာတော့ အဘွားရှိရင် အတွန့်တက်ပြလိုက်ချင်သေးရဲ့။ အဲဒါဆို အဘွားကလည်း နှုတ်ခမ်းလေး တတွန့်တွန့်နဲ့ 'မကြဲဖူးတာတွေ ကြဲရ သတော်၊ မကြားဖူးတာတွေ ကြားရသတော်'လို့ သူ ပြောနေကျ စကားလေး ပြောဦးမှာ အသေအချာ။

■

မီမိုး

အမှတ် ၁၃၈၊ မေလ၊ ၂၀၀၁ ခုနှစ်
ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# လူနှင့်အလုပ်

**တင်မြင့်ဦး၊သံတွဲ၊**

သူ့စိတ်တစ်ခုလုံးကို ပန်းချီဆွဲနေသော
စုတ်တံထိပ်တွင် ထည့်ထားဖြစ်မည်ထင်သည်
ပတ်ဝန်းကျင်ကို အနည်းငယ်မျှပင် သတိပြုမိဟန်မတူ
သူနှင့် ခပ်လှမ်းလှမ်းသို့ ကျွန်တော် ရောက်လာသည်ကိုပင်
လှည့်မကြည့်ခဲ့။ ကျွန်တော် ချောင်းသံနှစ်ချက်လောက်
ဆက်ဟန့်လိုက်မှ လှည့်ကြည့်လာသည်
သူ့မျက်နှာက အိပ်ရေးပျက်ခြင်းကြောင့်လား
အာဟာရ ချို့တဲ့ခြင်းကြောင့်လား မသိ။ ဖြူရော် ခြောက်သွေ့နေ၏
သို့သော် မျက်လုံးများမှာမူ အံ့ဩဖွယ် ကောင်းလောက်အောင်ပင်
တစ်စုံတစ်ခုသော အရောင်များ၊ တဖျတ်ဖျတ်၊ တလက်လက်
တောက်ပနေသလို ခံစားလိုက်ရမိသည်

mgyoe.com

mgyoe.com SAMPLE BOOK

## လူနှင့်အလုပ်

## တင်မြင့်ဦး၊ သံတွဲ၊

ရှေ့သို့ လှမ်းအကြည့်တွင် အချင်းချင်း ပွတ်သပ်ကျီစယ်နေသော မြက်ပင်စိမ်း ယိမ်းနွဲ့နွဲ့များကို တွေ့ရသည်။ တဖျတ်ဖျတ် နွဲ့နေသည့် လေအေးကြောင့်လည်း အရာအားလုံးသည် နဂိုထက်ပို၍ လန်းဆန်းတက်ကြွ နုပျိုလတ်ဆတ်နေခြင်း ဖြစ်မည်။ နဖူးမှ ချွေးစို့စို့လေးများကိုလည်း သုတ်ရင်း လေအေးကို အားပါးတရ ရှူဖြစ်လိုက်သောအခါ တစ်ထောက်နားမည်ဟု ကြံတင် အတွေးများ ရေငွေ့ပျံသွားကြ၏။ တကယ်တမ်းလည်း တောင်ကုန်းလေးက ဦးထုပ်ကျွတ်လောက်အောင် မားမားကြီး မဟုတ်။ တောင်ကုန်းထိပ်သို့ ရောက်လျှင်လည်း ကျွန်တော့် ရည်ရွယ်ချက်ပြီးမြောက်ပြီ။ လှမ်းအကြည့်တွင် သနပ်ခါးရောင်ပြေးနေသော လမ်းဖွေးဖွေးကို တွေ့ရသည်။ ဘေးတစ်ဖက်စီတွင် အရိပ်ရစေရန် သဘာဝမှ လက်ဆောင်ပါးခဲ့သည့် ရွက်အုပ်ပင်စိမ်းလေးများ။ အရာရာတိုင်းသည် စိတ်ကို ကြည်နူးဆွတ်ပျံ့ဖွယ်သာ ဖြစ်နေ၏။

နောက်သို့ ပြန်လှည့်အကြည့်တွင် ကျွန်တော်တို့ မြို့လေး၏ ဖွံ့ဖြိုးထိုးထွက်စ ခေတ်ပေါ်အလှကို မှိန်ပျပျ မြင်ရသည်။ မြို့လေးထဲတွင် ကျွန်တော့်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နေလိမ့်မည်။ ကျွန်တော့်အိတ်ထဲသို့ တခြားသူများထံမှ ငွေကြေးများ အလုအယက် ခုန်ဝင်နေကြမည်။ ထိုသို့ ဝင်လာအောင်လည်း လုပ်ထားသော လုပ်ငန်းဟူသမျှ ပြိုင်မြင်းများပမာဖြစ်အောင် လေ့ကျင့် တည်ဆောက်ခဲ့သည် မဟုတ်လား။ ကျွန်တော့် နေ့များ၊ ညများ အားလုံးကို စာရင်းဇယားများထဲသို့ ဝင်ရောက် နစ်မြုပ်စေခဲ့သည်။ တကယ်လည်း ပေါင်းသင်းနေသူတိုင်း ရင်သပ်မော

mgyoe.com

mgyoe.com
SAMPLE BOOK


လောက်အောင် ကြီးထွားရှင်သန် ဖြစ်ခဲ့၏။

သို့သော် ထိုအရာများအတွက် ပြန်လည် ခံစားမှုကို ကျွန်တော် မရရှိခဲ့။ ခံစားမှု ရရှိရန်အတွက် အားပါးတရ သုံးဖြုန်း စည်းစိမ်ခံရလောက်အောင် ကျွန်တော် မရူးမိုက်နိုင်ပါ။ အိတ်ထဲမှ ပြန်လည် ထွက်သော ငွေကြေးမှန်သမျှ နှစ်ဆ (သို့မဟုတ်) သုံးဆတိုးရန် အလို့ငှာ ရင်းနှီးမြှုပ်နှံမှုသာ ဖြစ်ရမည်။ ကျွန်တော်သည် ငွေကြေးကို ထိုနည်းလမ်းအတွက်သာ သုံးခဲ့သည်။ ထို့ကြောင့်လည်း ကျေနပ်လောက်သော ခံစားမှု မရရှိစေကာမူ တိုးပွားပြန့်ဝင်လာသော ငွေကြေးများကြောင့် နှစ်သိမ့်မှုတော့ အနည်းငယ် ရရှိစေ၏။

ထိုအနည်းငယ် နှစ်သိမ့်မှုသည်ပင် ကျေနပ်လောက်သော ခံစားမှု ရရှိစေရန် စိတ်ကူးနည်းလမ်း ဖြစ်လာတော့သည်။ ကျွန်တော် အနားယူမည်။ အများလူစုလို ဟိုတယ်သို့မသွား၊ ကာရာအိုကေခန်းမသို့မသွား၊ အပေါင်းအသင်းနှင့် ပျော်ပွဲစားမထွက်၊ ရက်ရှည်လဆက် ဟန်းနီးမွန်းမထွက်၊ တစ်ပတ်တွင် တနင်္ဂနွေလို တစ်ရက်မှာ အနားယူမည်။ အနားယူခြင်းသည် လုပ်ငန်းရပ်ဆိုင်းခြင်းမဟုတ်။ လုပ်ငန်း ရပ်ဆိုင်းသူသည် ကိုယ့်ရေသောက်မြစ်ကို ကိုယ်တိုင် ခုတ်ပစ်ခြင်းပင် မဟုတ်လား။ ကျွန်တော် အနားယူပါကလည်း စနစ်တကျ စီမံကွပ်ကဲခဲ့သူများကြောင့် ကျွန်တော့်လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်နေလိမ့်မည်။ ကျွန်တော်ကိုယ်တိုင်လည်း မျက်ခြည်ပြတ်အောင် မဖြစ်စေရ။ ထို့ကြောင့် မြို့နှင့် အတန်ငယ်လှမ်းသော လွင်ပြင်လေးနှင့် တောအုပ်လေးကို အနားယူနေရာအဖြစ် ရွေးချယ်ခဲ့သည်။

ခရီးစရိတ် ကုန်စရာမလို။ နံနက်စောစော တစ်ခုခု စားသောက်ပြီးချိန်တွင် အညောင်းအညာပြေ လမ်းလျှောက်သွားရုံနှင့် ရောက်နိုင်သည်။ သဘာဝ၏ ရှုခင်း၊ ရှုကွက်များကို အခမဲ့ ခံစားကြည့်ရှုရင်း အပန်းဖြေနိုင်သည်။ အောင်မြင်နေသော လုပ်ငန်းများ၊ မြန်ဆန်စွာ တိုးတက်နေသော စည်းစိမ်များကို တွေးတော သာယာယစ်မူးနိုင်သည်။ ရှေ့လုပ်ငန်းစဉ်များကို စီစဉ်ရိုက်ကူးရင်း အတွေးတွင် ဖွဲ့စည်းတည်ဆောက်နိုင်သည်။ ထိုအရာအားလုံးသည် ကျွန်တော် တပ်မက်နေသည့် ကျေနပ်စွာ ပြန်လည် ခံစားရယူမှုပင် မဟုတ်လား။ ကျွန်တော် အခါက အကျေနပ်ဆုံးမှာ ယခုလို အနားယူမှုတွင် လိုအပ်ချက်ကို ပြည့်ဝစွာရပြီး ကုန်ကျမှုမှာ ပြောပလောက်အောင် မပါရှိခြင်းလည်း တစ်ချက် ဖြစ်သည်။ စီးပွားရေးတွက်နှင့် တွက်ကြည့်စို့ ဆိုပါလျှင် အနည်းဆုံး အသားတင် အမြတ်သည် ၉၀ ရာခိုင်နှုန်း ရှိလေမည်။

အတွေးနှင့်အတူ လျှောက်ရင်း ပတ်ဝန်းကျင်သို့ အကြည့်ရောက်မိပြန်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


သစ်ပင် အရွက်ဖားဖားများပေါ်ဝယ် နှင်းကြွင်း၊ နှင်းကျန်တချို့ကို တွေ့ရသေး၏။ အိပ်တန်းဆင်း ငှက်ငယ်တချို့ကလည်း အော်ဟစ်သံပေးရင်း လူးလွန့် ပျံသန်းနေကြဆဲ။ လုပ်ခွင်စီးပွားရေး ပြိုင်ဘက်များ၏ မျက်နှာကို မြင်ယောင်ဖြစ်ပြီး ငှက်တစ်ကောင်ချင်း၊ တစ်ကောင်ချင်း စိတ်နှင့် ပစ်ချမိ၏။ စီးပွားရေးလုပ်ငန်းကို သမ္မာအာဇီဝ ဖြစ်အောင် လုပ်ပါသော်လည်း အနည်းနှင့်အများ သွက်လက်ဖျတ်လတ်မှု၊ အကွက်မြင်တတ်မှု၊ သူများထက် နှာတစ်ဖျားသာအောင် စွမ်းဆောင်နိုင်မှု ရှိရုံနှင့်တော့ အနည်းဆုံးလိုသည်။ နေရာရှိသည်။ ငွေရှိသည် ဆိုရုံနှင့် စီးပွားလုပ်၍ ရသည်မဟုတ်။ ဈေးကွက်၏ သဘောတရား၊ ပစ္စည်းရောင်း ပြိုင်ဘက်၏ ထိရောက်သော စွမ်းရည်၊ ထုတ်ကုန်၏ အရည်အသွေး။ ထိုအချက်အလက်များကိုလည်း အမြဲမပြတ် လေ့လာနေသင့်သည်။

စီးပွားရေးတွင် မဖြစ်မနေ ယှဉ်ပြိုင်မှု ရှိသည်။ ဒီတော့ ယှဉ်ပြိုင်မှုမှာ အနိုင်အရှုံးလည်း ရှိသည်မဟုတ်လား။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတွင် အနိုင်သည် ကိုယ့်ဘက်တွင် ရှိရမည်ဟု ကျွန်တော် ယုံကြည်၏။ ယုံကြည်သည့်အတိုင်း အကောင်အထည်ပေါ်အောင် စွမ်းဆောင်ဖြစ်ခဲ့သည်။ သို့သော် ထိုပေါ်လာသော စွမ်းဆောင်မှု အကောင်အထည်များကို ပိုမို တိုးတက်အောင် အမြဲလိုလို ခေါင်းတစ်လုံးပေါ် နေဖြစ်အောင် ရုန်းကန် တည်ဆောက်နေရ၏။ ယခုလည်း ခြေလှမ်းကို ပုံမှန်လှမ်းရင်း လုပ်ငန်းအတွေး ကွန်ရက်ကို အချက်ကျကျ ဖွဲ့သီလာဖြစ်သည်။ လိုအပ်သော အရင်းအနှီးငွေကို အချိန်မရွေး စိုက်ထုတ်နိုင်သည့် ကျွန်တော့်အဖို့ အတွေးတစ်ချက်သည် တန်ဖိုးဖြတ်ရန် မလွယ်ကူ။ လမ်းကြောင်း တည့်သွားလျှင် တည့်သွားသလောက် ဖြစ်လာတတ်၏။

ခြေလှမ်းအရပ်မှာ စီးကရက်ဘူးထဲမှ တစ်လိပ်ထုတ်ပြီး နှုတ်ခမ်းတွင် တပ်လိုက်သည်။ မီးညှိန့်လေးက မီးခြစ်ထိပ်တွင် ဘယ်ညာ ယိမ်းနွဲ့ရင်း ကကြိုးညီညီ ဆေးလိပ်ငွေ့များကို ရင်ထဲသို့ တရှိုက်ရှိုက်မက်မက် ရှူသွင်းပြီး အားပါးတရ ပြန်လည် မှုတ်ထုတ်၏။ ကျွန်တော်တက်နေသော တောင်ကုန်းလေးထိပ်ရှိ သစ်ပင် အောက်သို့ ရောက်နေပြီ။ နေမင်းကြီးသည်လည်း အလင်းရောင် ပြည့်ဝစွာဖြင့် လွတ်လပ်စွာ ပျံသန်းလေပြီ။ ကျွန်တော့် အကြည့်တို့က ရပ်နေသော တောင်ကုန်းလေးမှ မြက်ခင်းများဆီ၊ သစ်ပင်အုပ်များဆီ၊ တိမ်ရောင်စုံများဆီ၊ ရွှေရောင် ပျို့အန်နေသော စပါးခင်းများဆီ၊ စိတ်ကို ခိုစီးရင်း အကန့်အသတ်မဲ့ စီးမျောလွင့်ပါနေသည်။

ကျွန်တော့်အကြည့်များသည် အော်ခေါ်ရလောက်အောင် ဝေးနေသော အရိပ်ရ သစ်ပင်ကြီးတစ်ပင်အောက်တွင် ဖျတ်ခနဲ ရပ်တန့်မိသွား၏။ ပန်းချီဆွဲနေဟန်တူ

mgyoe.com

mgyoe.com SAMPLE BOOK


သော လူတစ်ယောက်ကို မပြတ်မသား မြင်လိုက်ရသည်။ ကျွန်တော်တို့ မြို့လေးမှာ ယခုလို ပန်းချီကို အချိန်အလေးအနက်ယူ၍ ဆွဲမည့်သူကို တွေးမရမိ။ အခြားအလုပ်တစ်ခုခုကို လုပ်ရင်း ဆိုင်းဘုတ်တွေ၊ ဘာတွေလောက် ရေးသူများသာ သိခဲ့သည်။ ထို့ကြောင့် ပန်းချီဆွဲနေသည်ဟု ထင်မိပါလည်း ဟုတ်မှ ဟုတ်ပါလေစဟု ဆက်တွေးမိပြန်၏။ သို့သော် ပန်းချီဆွဲခြင်းမှ လွဲပြီး ကျွန်ဆိုင်းဘုတ်ကိစ္စလောက်နှင့် ဤနေရာကို လာစရာ လိုအပ်မည် မထင်ပေ။

ဘာပဲပြောပြော အပတ်စဉ် တနင်္ဂနွေနေ့တိုင်းလိုလိုကြောင့် ဤတောင်ကုန်းလေးနှင့် ရှုခင်းများသည် ကျွန်တော့်အဖို့ ရိုးအီလောက်အောင် မဖြစ်သေးပါလည်း ချုပ်ကြောင်းတော့ အနည်းငယ် ထပ်နေပြီ။ ယခုလို အချိန်တွင် အလုပ်အကြောင်းမဟုတ်၊ အလုပ်ထဲမှ လူတစ်ယောက်လည်း မဟုတ်သူနှင့် စကားပြောရလျှင် စိတ်မြင်ကွင်း အသစ်ဖြစ်လိမ့်မည်ဟု တွေးရင်း ကျွန်တော့်ခြေလှမ်းများ အဆင်းခရီးကို စ,ဖြစ်သည်။

တော်တော်လှမ်းလှမ်းကို ရောက်မှ ပန်းချီဆွဲနေသူမှာ အသက် ၂၅ နှစ်ခန့် လူရွယ်တစ်ယောက်မှန်း သဲကွဲစွာ သိလိုက်ရသည်။ ကျွန်တော့် နှုတ်ခမ်းတွင် အပြုံးတစ်ချက် ပေါ်သွား၏။ အခုအရွယ်က တိမ်တိုက်ကို ခိုစီးပြီး ခရီးထွက်၍ အကောင်းဆုံး ဖြစ်နေမည် မဟုတ်လား။ သူ့စိတ်တစ်ခုလုံးကို ပန်းချီဆွဲနေသော စုတ်တံထိပ်တွင် ထည့်ထားဖြစ်မည်ထင်သည်။ ပတ်ဝန်းကျင်ကို အနည်းငယ်မျှပင် သတိပြုမိဟန်မတူ။ သူနှင့် ခပ်လှမ်းလှမ်းသို့ ကျွန်တော် ရောက်လာသည်ကိုပင် လှည့်မကြည့်ခဲ့။

ကျွန်တော် ချောင်းသံနှစ်ချက်လောက် ဆက်ဟန့်လိုက်မှ လှည့်ကြည့်လာသည်။ သူ့မျက်နှာက အိပ်ရေးပျက်ခြင်းကြောင့်လား၊ အာဟာရ ချို့တဲ့ခြင်းကြောင့်လား မသိ။ ဖြူရော် ခြောက်သွေ့နေ၏။ သို့သော် မျက်လုံးများမှာမူ အံ့သြဖွယ် ကောင်းလောက်အောင်ပင် တစ်စုံတစ်ခုသော အရောင်များ၊ တဖျတ်ဖျတ်၊ တလက်လက် တောက်ပနေသလို ခံစားလိုက်ရမိသည်။ လူအမျိုးမျိုးနှင့် နည်းလမ်းပေါင်းစုံ ပေါင်းခဲ့ရသော ကျွန်တော့်မှာ သူသည် ယုံကြည်ရာကို အတတ်နိုင်ဆုံး ဆုပ်ကိုင် စိုက်ပျိုးမည့်သူမှန်း အလိုလို သိလိုက်၏။ ထိုလူမျိုးသည် မိမိအမှားကို သိပါက ဝန်ခံရန် ဝန်မလေးခြင်းကတော့ ပြောခဲ့ရစဉ်အခါက ခက်သလောက် ချိုမြိန်နေပြန်လိမ့်မည်။ ထို့ကြောင့် စကားပြောရန်အတွက် နှုတ်ဆွံ့အ,မနေဖြစ်တော့-

'အဟင်း… မင်းလည်း ဦးလို စိတ်အာဟာရအတွက် အညောင်းလာဆန့်

mgyoe.com

mgyoe.com
SAMPLE-BOOK


တယ် ထင်ပါရဲ့'

ကျွန်တော့် အပြောကြောင့် သူက ဆွဲလက်စ ပန်းချီကားကို ဖျတ်ခနဲ ပြန်ကြည့်လိုက်သည်။ သူ့ပန်းချီကားထဲမှ ငှက်ကလေးက တောင်ပံတဖျတ်ဖျတ် ခတ်ရင်း ထ,ပျံတော့မလို ထင်ရ၏။ သူသည် အတော်အသင့်ပင် မက,အောင် လက်ရာမြောက်နေသော ပန်းချီဆွဲကောင်းသူ တစ်ယောက်ဟု ရင်ထဲ၌ မှတ်ချက်ပေးမိလိုက်သည်။ ပြန်လှည့်ရင်း ကြည့်လာသော သူ့အကြည့်က ကျားရဲတစ်ကောင်လို မာန်ဖီနေ၏။

'ပန်းချီဆွဲတာဟာ ကျွန်တော့်အလုပ်။ အခု··· ကျွန်တော် အလုပ်လုပ်နေတာ'

သတ္တုသံပါသော မာဆတ်ဆတ် သူ့စကားသံက ကျွန်တော့်ရင်ကို ကလူကျီစယ်သွားသည်။ ပန်းချီဆွဲခြင်းဟာ သူ့အလုပ်တဲ့။ လူယဉ်ကျေးတစ်ယောက် ပြုမူသည့်အတိုင်း ပြုံးကွေးလုလု နှုတ်ခမ်းကို တစ်ဖက်လူ မမြင်အောင် လက်ဝါးဖြင့် အသာအယာအုပ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။ ငြင်းခုံခြင်းထက် ခေါင်းညိတ်ခြင်းက ရာသီဥတုကို ပိုသာယာစေသည် မဟုတ်လား။

'အင်း··· ဒါနဲ့ ငါ့တူက ဦးတို့မြို့ကို ရောက်နေတဲ့ ဧည့်သည်ထင်ပါရဲ့။ ဘယ်မှာများ တည်းပါလိမ့်'

ယခုအခါတော့ သူက နှစ်ခြိုက်စွာ ပြုံးသည်။ နားလည်ရန်ခက်သော သူ့အပြုံးကို နားလည်သလိုနှင့် ကျွန်တော် အလိုက်သင့် လိုက်ပြုံးသည်။

'မဟုတ်ပါဘူး ဦး၊ ကျွန်တော် ဒီမြို့ကပါပဲ။ ကျွန်တော်က မြို့မှာ အနေနည်းလို့ မမြင်မိတာ ဖြစ်ပါလိမ့်မယ်။ ဦးကိုတော့ သိပါတယ်'

'ဩော်··· ဒီမြို့ကပဲကိုး။ အခုကော ကိုယ့်မြို့မှာပဲ နေတော့မယ် ဆုံးဖြတ်ထားပြီလား'

သူက အဆုံးမဲ့ တောင်တန်းတောင်စွယ်များသို့ ငေးကြည့်သွားသည်။ ကျွန်တော့်ကိုယ် ကျွန်တော် လူကဲခတ် မညံ့ဟု တွေးထား၏။ ထိုသို့ဆိုလျှင် ယခု သူ့အကြည့်တွင် မပြတ်သားမှုများ ပျော်ဝင် စီးဆင်းနေပြီမှန်း ပြောရတော့မည်။ သို့သော် လူတစ်ယောက် အားနည်းချက်ကို မြင်သည်နှင့် တိုက်ရိုက် ဖွင့်မပြောသင့်မှန်းလည်း ဆက်ဆံရေး သဘောအရ ယုံကြည်ထားရပြန်၏။

'နေထိုင်မှုကတော့ အဆင်ပြေသလို ဆိုပါတော့၊ အဓိက,ကတော့ အလုပ်ပါပဲ'

mgyoe.com

mgyoe.com
SAMPLE BOOK


'တို့ရဲ့ နယ်မြို့လေးမှာတော့ ပန်းချီပဲ ဆွဲမယ်ဆိုရင် အဆင်ပြေမယ် မထင်ဘူး။ ဦး မင်းကို ကိုယ့်တူကိုယ့်သား တစ်ယောက်လို ခင်လို့ ပြောတာ။ တခြားအလုပ်တစ်ခုကို ပြောင်းလုပ်ကြည့်ပါလား။ ဦးအကြောင်းလည်း မင်း သိတာပဲ။ လိုအပ်တဲ့ အကူအညီ ပြောပေါ့'

လူမှန်လျှင် အလုပ်တစ်ခု ရှိရမည်ဟူသော အဆိုကို သူလည်း နားလည် လက်ခံပေလိမ့်မည်။ သို့သော် အလုပ်၏ အဓိပ္ပာယ်ကို သူ ဘယ်လို ယုံကြည်ထားမည် နည်း။ ဘာပဲပြောပြော အခြေခံ အကြောင်းတရားများအပေါ်တွင် သူရော ကျွန်တော်ပါ ရပ်တည်နေခဲ့ရသည် အမှန်ပင်။

'တခြား အလုပ်တစ်ခု။ အလုပ်ဆိုတာ ဘာလို့ ဦး ယုံကြည်လဲ'

သူ့ အမေးစကားကြောင့် ကျွန်တော် မျက်နှာပင် အမ်းတမ်းတမ်း ဖြစ်သွားမည်။ စီးပွားရေးနှင့် နွယ်သော လူမှုရေး အတွေ့အကြုံ နည်းခဲ့မည်ဆိုပါလျှင် ကျွန်တော့် မျက်နှာပြင်သည် အက်ကွဲ ခြောက်သွေ့သွားနိုင်၏။ ယခုတော့ အမ်းတမ်း တမ်းဟူသော အခြေအနေနှင့်သာ ထိန်းခဲ့ဖြစ်သည်။ ကြိုးဝိုင်းထောင့် ပိတ်ခံရသော ပွဲပေါင်းများစွာကို ကျွန်တော့် ဉာဏ်စွမ်းဉာဏ်စနှင့် အောင်မြင် ဖြတ်သန်းဖူးပါသည်။ ထို့ကြောင့် ပြန်ရေးမပျက်ပင် ဒုတိယမြောက် စီးကရက်ကို အတန်ငယ် ရှိုက်ဖွာနေ လိုက်သေး၏။

'အလုပ်ရဲ့ အဓိပ္ပာယ်ကို ဦး နားလည်သလောက် ပြောရရင်တော့ စား ဝတ်နေရေးအတွက် ပြေလည်မှုပေါ့။ ဒါ အမှန်ကြီးတော့ ဖြစ်ကောင်းမှ ဖြစ်မယ်နော်။ ဦး သိတာလေးပဲ'

'ဒါဆို လူတွေ အလုပ်လုပ်နေတာဟာ စားဝတ်နေရေးကိုပဲ ဦးတည်နေ ကြတယ်လို့ ဦး ယုံကြည်သလား'

ကျွန်တော့် အရှိုက်ဆီသို့ လျှင်မြန်စွာ ဝင်လာသော ပင့်လက်သီးတစ်လုံး။ သူသည် ကျွန်တော်ထင်သလောက်တော့ မပေါ့ပါး။

'အဲဒီလိုလည်း မဟုတ်ဘူးလေ။ စားဝတ်နေရေးကတော့ အခြေခံပေါ့။ အဲဒီအပေါ်မှာမှ ပိုမိုတိုးတက် ကြီးပွားအောင် လုပ်မယ်။ ပိုမိုတိုးတက် ကြီးပွားလာရင် ကိုယ့်ဆန္ဒတွေ အကောင်အထည် ဖော်ကြမယ်ပေါ့'

'ဒါဆို စား၊ ဝတ်၊ နေရေးကို ပြေလည်မှု ခက်ခဲစေတဲ့ အလုပ်ဆိုရင် ဘယ်လို သတ်မှတ်ရမှာလဲ'

ယခု မေးခွန်းကတော့ သူနဖူးပေါ်တွင် ကျွန်တော့်ကို စာတမ်းတစ်ခု

mgyoe.com

ထိုးခိုင်းခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

'အဲဒီ အလုပ်ဟာ ရေရှည် မတည်တန့်နိုင်ဘူး။ မှန်ကန်မှုလည်း ခက်ခဲလိမ့်မယ်လို့ သတ်မှတ်ရတော့မှာပဲ။ လူဟာ ရပ်တည်ချက် မရှိဘဲ ရှင်သန်ခြင်း ရှိလာနိုင်မှာ မဟုတ်တာ မင်းလည်း လက်ခံမှာပေါ့'

'ရပ်တည်ချက် မရှိဘဲ ရှင်သန်ခြင်း မရှိဘူးဆိုတာ ကျွန်တော်လည်း လက်ခံတယ်။ ဒါပေမဲ့ ရပ်တည်ချက်ဆိုတာ စားဝတ်နေရေးတော့ မဟုတ်ဘူး။ အလုပ်ပဲ'

ကျွန်တော်နှင့် သူက ရျဉ်းပြိုင်နှစ်ကြောင်း ပမာပင်။ အဝေးသို့ မျှော်ကြည့်လိုက်ပါလျှင် ဆုံပြီဟု ထင်ရလည်း သေးချင်းကပ်၍ လွဲရခဲ။ ဒီတော့ ကွေ့ကာပတ်ကာ ရှောင်ရုံနှင့် ပြီးမည့်ပွဲ မဟုတ်မှန်း ကျွန်တော် တွေးလိုက်၏။

'ဒါဆိုရင် မင်းက အလုပ်ရဲ့ အဓိပ္ပာယ်ကို ဘယ်လိုများ ခံယူထားမိသလဲ'

'အလုပ်။ လူတစ်ယောက်ရဲ့ ရပ်တည်ချက် ဒါမှမဟုတ် စစ်မှန်တဲ့ အလုပ်ဆိုတာ မိမိခံယူချက်ကို စွမ်းဆောင် ဖော်ထုတ်နေခြင်းပဲ။ ဒါပေမဲ့ တစ်သက်တာရဲ့ ယုံကြည်မှုရှိဖို့တော့ လိုအပ်တယ်။ ယုံကြည်မှု ခိုင်မာဖို့အတွက်လည်း ကိုယ်ခံအားလိုတယ်။ ကိုယ်ခံအားပြည့်မှ နောင်တမရ ဖြစ်မှာပေါ့'

'နောင်တ…'

အံ့သြ မှင်သက်ဟန်ဖြစ်သွားသော ကျွန်တော့်ကို သူက နှစ်ခြိုက်စွာ ပြုံး ကြည့်သည်။ နိမ့်ချလွန်းဟန်တော့ မဟုတ်။ ရင်ထဲမှ ပကတိ နှလုံးသားကို မြင်ရ၏။

'ဟုတ်တယ်လေ။ ကျွန်တော်တို့အားလုံး မလွဲမသွေ တွေ့ကြုံရမှာက သေခြင်းတရားပဲ။ ဒီသေခြင်းတရားနဲ့ ရင်ဆိုင်ရတဲ့အခါ ကိုယ်တစ်သက် လုပ်ခဲ့တဲ့ အလုပ်ကို နောင်တ မရမိဖို့ဟာ အဓိက မဟုတ်လား။ အဲဒီအချိန်မှာ ကိုယ့်လိပ်ပြာ ကိုယ်မလုံဘူးဆိုရင် ဘယ်အရာနဲ့ ယတြာချေလို့ ကြေမှာလဲ။ ရာထူး၊ ရွှေ၊ အသိုက်အဝန်း ဒါတွေက လူကို ဦးဆောင်ရတာ။ ဒီတော့ ကျွန်တော့်ရဲ့ ရပ်တည်ချက်ဖြစ်တဲ့ အလုပ်ကို ကိုယ်ခံအားနဲ့ ချင့်ချိန်ပြီး လုပ်နေဖြစ်တာပဲ'

'အင်း… မင်းပြောတာလေးကတော့ ဟုတ်သလိုလိုနဲ့ နားထောင်လို့ အကောင်းသားပဲ။ ဒါပေမဲ့ ဘယ်သူမှတော့ ဒီလိုလုပ်ဖြစ်ကြမှာ မဟုတ်ဘူး။ ငွေဟာ အားလုံးရဲ့ သည်းခြေကြိုက်။ ဒီတော့ အလုပ်ရဲ့ အဓိပ္ပာယ်ဟာ ငွေပဲဖြစ်မှာပေါ့'

'ဦး ပြောသလို ဖြစ်တဲ့လူလည်း ဖြစ်မှာပေါ့။ ဒါပေမဲ့ လူ့တန်ဖိုးကို

mgyoe.com

mgyoe.com SAMPLE BOOK


မြတ်နိုးတဲ့ လူတွေကတော့ ငွေကိုဖယ်ပြီး အလုပ်ကိုပဲ တန်ဖိုးထားကြတယ်။ ဦးစဉ်းစားကြည့်လေ၊ အတွေးအခေါ် ပညာရှင်ကြီးတွေ၊ သိပ္ပံပညာရှင်ကြီးတွေ၊ သုတေသန ပုဂ္ဂိုလ်တွေ၊ ဘာသာတရားရဲ့ အရှင်မြတ်တွေ၊ ကဲ... သူတို့ရဲ့ လုပ်ဆောင်ချက်ဟာ ငွေပါလို့ တိုင်းတာပြောရင် ရပါ့မလား'

သူနှင့်ကျွန်တော်သည် အကြောင်းအရာတစ်ခုကို ခေါင်းစဉ်တပ်၍ ငြင်းခုံနေခြင်း မဟုတ်။ သူ့အမြင်၊ ကိုယ့်အမြင် ကိုယ့်အမြင်ကိုယ် ဆေးခြယ်ကြည့်ကြခြင်းသာ ဖြစ်၏။ သူက ပြောပြီးသည်နှင့် ဆွဲလက်စ ပန်းချီကားဆီသို့ ပြန်လည်အကြည့်ရောက်သွားသည်။ မကြာမီပင် သူ့လက်ထဲမှ စုတ်တံက ပန်းခင်းထဲမှ လိပ်ပြာလေးတစ်ကောင်လို ဟိုမှသည်သို့ လူးလွန့် ပျံသန်းနေတော့၏။

နေရောင်ရှုရှုများ သစ်ရွက်ကြိုကြားမှ တိုးဝှေ့ ခုန်ဆင်းကြပြီ။ ကျွန်တော့်ဝန်ထမ်းများက ကိုယ်ရည်သွေး တီးလုံးကို ဖွင့်ပြရန် ဇာတ်တိုက်နေကြတော့မည်။ သို့သော် ကျွန်တော် မပြန်နိုင်သေးပါ။ အစီအစဉ် အချိန်ဇယားများသည် ကျွန်တော့်ကို အာသာငမ်းငမ်း တောင့်တနေကြတော့မည်။ သို့သော် ကျွန်တော့်ခြေလှမ်းများ သူ့အနားကပင် မခွာဖြစ်သေးပါ။ စား၊ ဝတ်၊ နေရေး ကျွန်တော် စဉ်းစားနေမိသည်။ ရပ်တည်ချက် ကျွန်တော် စဉ်းစားနေမိသည်။ ရှင်သန်ခြင်း ကျွန်တော် စဉ်းစားနေမိသည်။ ယုံကြည်မှု ကျွန်တော် စဉ်းစားနေမိသည်။ ကိုယ်ခံအား ကျွန်တော် စဉ်းစားနေမိသည်။ နောင်တ ကျွန်တော် စဉ်းစားနေမိသည်။ အလုပ် ကျွန်တော် စဉ်းစားနေမိသည်။ ယခုအချိန် ကျွန်တော်သည် စဉ်းစားခြင်း ဖြစ်နေသလို စဉ်းစားခြင်းသည်လည်း ကျွန်တော်သာ ဖြစ်နေမိ၏။

■

တင်မြင့်ဦး၊သံတွဲ၊
အမှတ် ၁၃၈၊ မေလ၊ ၂၀၀၁ ခုနှစ်
ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အကြိုက်၏
## နောက်ဆက်တွဲ စာမျက်နှာ

**အဏ္ဏဝါစိုးမိုး**

အရပ်အမောင်းကောင်းပြီး မျက်နှာချိုသည့် ညိုချောမို့
မကြာခဏ ရည်းစားစာပေးခြင်း ခံရသူ ဖြစ်သည်
ပေးသမျှ ရည်းစားစာတွေကို လက်ခံသည်
ဘယ်သူ့ဆီကိုမှ ပြန်စာမရေး၊ အဖြေမပေးဘဲ အပြုံးလေးဖြင့်
ထိန်းထားလေ့ရှိသည်။ စာပေးထားသူတွေမှာ
ရင်ကော့ပြီး ကြွားရမှာလည်းခက်
ရှက်ပြီး ခေါင်းငုံ့လျှောက်ရမှာလည်းခက် ဖြစ်နေကြသည်
ဘာဆက်လုပ်ရမှန်း မသိ၍ တန်းလန်းကြီး ဖြစ်နေကြသည်

mgyoe.com

mgyoe.com SAMPLE BOOK

## အကြိုက်၏
## နောက်ဆက်တွဲ စာမျက်နှာ
### အဏ္ဏဝါစိုးမိုး

မျိုးမျိုးတစ်ယောက် သဘော်သားနှင့် တရားရုံးမှာ လက်ထပ်လိုက်ပြီဆိုသည့် သတင်းကြောင့် မျိုးမျိုးရဲ့ သူငယ်ချင်း အပေါင်းအသင်းတွေကြားမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ဟယ်… တယ်ဟုတ်ပါလား။ အသက် ကြီးလား၊ ငယ်လား၊ ဖြူသလား၊ မည်းသလား၊ ဘာရာထူးလဲ၊ ရိုးရိုး သဘော်သားလား၊ အရာရှိလား သိရင် ပြောကြပါဦးဟဲ့။ အို… အသက်ဘယ်လောက်ကြီးကြီး၊ မည်းမည်းပြာပြာ၊ ဘာရာထူးပဲဖြစ်ဖြစ်ပေါ့ဟယ်။ ယောက်ျားစစ်စစ် သဘော်သားဖြစ်တယ်ဆိုရင် ပြီးရောပေါ့ဟဲ့။ စသည်ဖြင့် မေးကြ ဖြေကြဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

သဘော်သားနှင့် လက်ထပ်လိုက်ပြီဆိုသည့် မျိုးမျိုး၏ နာမည်ရင်းက ခင်မျိုးအေး ဖြစ်သည်။ နာမည်နှင့်လိုက်အောင် အေးတယ်လို့ ထင်လျှင် မှားသွားလိမ့်မည်။ အစိုးရ အထက်တန်း ကျောင်းသူဘဝနှင့် လူငယ်ရေးရာ ညကျောင်းသူဘဝကတည်းက ရည်းစားများသူအဖြစ် နာမည်ကြီးခဲ့သည်။ သူ့ဘဝအတွက် အားကိုးလောက်သူ၊ ကောင်းစားမည့်သူ၊ အလားအလာရှိသူလို့ ထင်ရသူတွေကို ရွေးပြီး ရည်းစားထားခဲ့သည်။ အရုပ်အမောင်းကောင်းပြီး မျက်နှာချိုသည့် ညိုချောမို့ မကြာခဏ ရည်းစားစာပေးခြင်း ခံရသူ ဖြစ်သည်။ ပေးသမျှ ရည်းစားစာတွေကို လက်ခံသည်။ ဘယ်သူ့ဆီကိုမှ ပြန်စာမရေး၊ အဖြေမပေးဘဲ အပြုံးလေးဖြင့် ထိန်းထားလေ့ရှိသည်။ စာပေးထားသူတွေမှာ ရင်ကော့ပြီး ကြွားရမှာလည်းခက်၊ ရှက်ပြီး ခေါင်းငုံ့လျှောက်ရမှာလည်းခက် ဖြစ်နေကြသည်။ ဘာဆက်လုပ်ရမှန်း

mgyoe.com

mgyoe.com SAMPLE BOOK


မသိ၍ တန်းလန်းကြီး ဖြစ်နေကြသည်။ ခင်မျိုးအေးကတော့ ပေးသမျှ စာတွေကို လက်ခံသည့်အပြင် ရည်းစားစကား လိုက်ပြောလျှင်လည်း ပြုံးပြုံးရွှင်ရွှင် တုံ့ပြန်တတ်သဖြင့် ဘယ်လို နားလည်ရမှန်းမသိ ဖြစ်နေကြသည်။

ခင်မျိုးအေးနှင့် တစ်လမ်းတည်း အတူနေပြီး လူငယ်ရေးရာ ညကျောင်း အတူတက်နေသည့် အောင်ကျော်မြင့်ကတော့ ရည်းစားစာ တစ်စောင်မှ ပေးစရာ မလိုသည့် ကိုယ်ရံတော် တပ်မှူးလေး ဖြစ်နေသည်။ တစ်လမ်းတည်း အတူနေကြသည့် အပြင် ဆယ်တန်း နှစ်ခါကျ၍ လူငယ်ရေးရာ ညကျောင်းကို ပြောင်းတက်နေရသူချင်း လည်း တူနေပြန်သဖြင့် ဘ၀တူချင်း သံယောဇဉ်လေးတွေ ဖြစ်နေကြသည်။ ညနေ ကျောင်းကိုသွားလျှင် အတူတူ၊ ည ၉ နာရီမှာ ကျောင်းက ပြန်တော့လည်း အတူ တွဲလျှောက်ခွင့် ရှိသူဖြစ်၍ အောင်ကျော်မြင့် အဆင့်က အခွင့်သာဆုံး အခြေအနေ ဖြစ်နေသည်။ ဒါပေမဲ့ ခင်မျိုးအေးက အောင်ကျော်မြင့်ကို လိုအပ်လျှင် မရှိသုံး သုံးရန် အရန်လောက်သာ ရည်ရွယ်ထားဟန်တူသည်။ အောင်ကျော်မြင့်ကတော့ တစ်နေ့မှာ ခင်မျိုးအေး၏ မေတ္တာကို တောင်းစရာမလိုဘဲ လွယ်လွယ်ဖြင့် သူ ရလိမ့်မည်ဟု မျှော်လင့်နေသည်။ ဒါပေမဲ့ နှစ်တွေသာ ကြာလာသည်။ ကျောင်းကြို ကျောင်းပို့ လုံခြုံရေး ကိုယ်ရံတော် အစောင့်အဆင့်က မတက်နိုင်ဘဲ ဖြစ်နေခဲ့သည်။ ရပ်ကွက်ထဲက လူတွေကတော့ ရည်းစားများတဲ့ ခင်မျိုးအေးဟာ ထားရာနေ စေရာ သွားမည့် သဘောဖြူ လူအေး အောင်ကျော်မြင့်နဲ့ပဲ ညားလိမ့်မည်ဟု ထင်နေကြသည်။

လကုန်ရက် တစ်နေ့မှာတော့ ခင်မျိုးအေး၏ ဆွေမျိုးတွေ၊ သူငယ်ချင်းတွေ၊ ခင်မင်ရင်းနှီးသူတွေနှင့် မကင်းရာ မကင်းကြောင်းတွေ အားလုံး မင်္ဂလာဆောင် ဖိတ်စာတွေ ရကြသည်။ မောင်ထွန်းဝင်း(တက်မကိုင်) အင်တာနေရှင်နယ် ရှက်ပင်း၊ ဟောင်ကောင်နှင့် မခင်မျိုးအေး(အေးရတနာစတိုး)တို့၏ မင်္ဂလာပွဲသို့ ကြွရောက်ချီး မြှင့်ပါရန် ဖိတ်ကြားသည့် မင်္ဂလာဆောင် ဖိတ်စာကြီးက အတော် သားနားသည်။ သာကေတမြို့လို နေရာမှာတော့ အသားနားဆုံးလို့တောင် ပြောနိုင်သည်။ ဖိတ်စာ ထည့်သည့် စာအိတ်ကိုက ငါးကျပ်လောက် တန်သည်။ စာအိတ်ကို ဖွင့်လိုက်တော့ မွှေးနေသည်။ ကိုယ်တိုင် ဖိတ်စာလာပေးသည့် ခင်မျိုးအေးကို သူငယ်ချင်းတွေနှင့် ခင်မင်ရင်းနှီးသူတွေက ဝိုင်းမေးကြသည်။ ဘယ်လို ချိတ်ဆက်မိပြီး သင်္ဘောသားနဲ့ ငြိသွားတာလဲဟု မေးကြသည်။ အစ်ကိုနှစ်ဝမ်းကွဲ သင်္ဘောသားရဲ့ အိမ်တက် ဆွမ်း ကျွေးမှာ စ,တွေ့ကြပြီးကတည်းက လူပျိုကြီး သင်္ဘောသားဆိုတာ သေချာတာနဲ့ မလွတ်အောင် ဖမ်းချိတ်ထားလိုက်တာဖြစ်ကြောင်း ပြောပြသည်။ ပိုင်ပါပေ့ဟု ချီးကျူး

mgyoe.com

mgyoe.com SAMPLE BOOK


ကြသည်။

မင်္ဂလာဧည့်ခံပွဲကို သာကေတမြို့မှာ အသားနားဆုံးဖြစ်သည့် မြရတနာ ခန်းမမှာ ကျင်းပသည်။ မင်္ဂလာပွဲ အစီအစဉ်ကတော့ သဘောလောက်သာ ဖြစ်သည်။ လက်ဖွဲ့ငွေ လက်ခံခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်း အခမ်းအနားသာ ဖြစ်သည်။ အစွမ်းကုန် ပြင်ဆင်ထားသည့် သတို့သားနှင့် သတို့သမီးတို့ လက်ချင်းချိတ်ပြီး အထူးပြုလုပ်ထားသည့် ဟန်ဆောင်ပြုးတွေဖြင့် ပရိသတ်ကို လိုက်လံ နှုတ်ဆက်သည်။ သတို့သမီး ခင်မျိုးအေးက နဂို ရုပ်ရှိသူမို့ ပြင်ဆင်ထားသောအခါ အတော် ကြည့်ကောင်းသည်။ ချောတယ်လို့ ပြောရမည် ဖြစ်သည်။ သတို့သားကတော့ အစွမ်းကုန် ပြင်ဆင်ထားသည့်ကြားကပဲ ဖြုန်းခနဲကြည့်လျှင် မျက်နှာက လူဝံ(ချင်ပင်ဇီ) မျက်နှာနှင့် တူနေသည်။ ကမ္ဘာဦးအစ လူပေါ်စက(ဂျားဗားမင်းလို့ခေါ်တဲ့) လူတွေရဲ့ မျက်နှာနှင့် ခပ်ဆင်ဆင်တော့ တူသည်။ မျက်ခွံရိုးကြီးပြီး မို့မောက်နေသည်။ ဆံပင်ကောက်ပြီး မျက်ပေါက်ကျဉ်းနေသည်။ နဖူးပြောင်ပြီး ဗိုက်ရွဲနေသည်။ မည်းပြာပြာ ပုကွကွဖြစ်၍ သတို့သားထက် သတို့သမီးက အရပ်မြင့်ပြီး ပေါ်လွင်နေသည်။ ရွှေပွဲလာ ပရိသတ်တွေ (အထူးသဖြင့် အမျိုးသမီးပရိသတ်က)တိုးတိုးဖြင့် တွတ်ထိုးကုန်ကြသည်။

'ဟယ်… သတို့သားရုပ်ကြီးက နာလိုက်တာနော်။ မိမျိုးက ဒီပုံကြီးကို ဘယ်လိုလုပ်ပြီး ချစ်မလဲတော့ မသိဘူး'

'ချစ်လို့ယူတာမှ မဟုတ်ဘဲဟဲ့၊ ကြိုက်လို့ ယူတာပဲဟာ'

'ဘာကို ကြိုက်တာပါလိမ့်'

'နိုင်ငံခြား သင်္ဘောသားလေကွယ်'

'ဒီပုံကြီးနဲ့ ဘယ်လိုလုပ်ပြီး နိုင်ငံခြား သင်္ဘောသား ဖြစ်တာလဲ မသိဘူး နော်။ ငါ့သူငယ်ချင်း တစ်ယောက်ရဲ့ မောင်လေးဆိုရင် ဆယ်တန်းလည်း အောင်ပြီး ပြီ။ ရုပ်ကလည်း ဗီဒီယိုမင်းသား လုပ်လို့တောင်ရတယ်။ သင်္ဘောသား ဖြစ်ချင်လို့ စာကြိုးစားနေတာ ကြာပြီ။ အခုထိ ဘာမှ ဖြစ်မလာသေးဘူး'

နိုင်ငံခြား သင်္ဘောသားဆိုလျှင် ရုပ်ချောတယ်လို့ ထင်နေကြဟန်တူသည်။ မည်းပြာပုကွ ဗိုက်ပူထိပ်ပြောင် နိုင်ငံခြား သင်္ဘောသားတွေ အများအပြား ရှိနေသည်။ နိုင်ငံခြား သင်္ဘောသား ကုမ္ပဏီတွေက တာဝန်ရှိသူတွေသည် သင်္ဘောသား ရွေးရာ တွင် ခိုင်းကောင်းမည့် ရုပ်မျိုး ရှိသူတွေကို ရွေးချယ်လေ့ရှိသည်။ မြန်မာနိုင်ငံမှာ နိုင်ငံခြား သင်္ဘောသား ဖြစ်နိုင်သူ လေးမျိုးရှိသည်။ ဆင်မလိုက် ရေကြောင်းသိပ္ပံ ကျောင်းဆင်းများ၊ ကြယ်ငါးပွင့်လိုင်းထွက်များ၊ တပ်မတော်ရေတပ် အငြိမ်းစားများ၊

mgyoe.com

mgyoe.com SAMPLE BOOK


ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းမှ ထွက်လာသော သင်္ဘောသားများဟူ၍ ဖြစ်သည်။ သတို့သား ထွန်းဝင်းသည် ပုလဲနှင့်ငါးလုပ်ငန်း သင်္ဘောမှ ထွက်ပြီး နိုင်ငံခြားလိုင်း လိုက်သော သင်္ဘောသား ဖြစ်သည်။ ပုလဲနှင့်ငါးမှာ အလုပ်ရခဲ့တာကိုက အကြမ်းခံနိုင်သည့် ရုပ်မျိုးရှိသူဖြစ်၍ အလုပ်ရခဲ့ခြင်း ဖြစ်သည်။

ခင်မျိုးအေးကို အစိုးရအထက်တန်း ကျောင်းသူဘဝနှင့် လူငယ်ရေးရာ ညကျောင်းသူဘဝမှာ ရည်းစားစာ ပေးခဲ့သူတွေ တစ်ယောက်မှ သင်္ဘောသား ဖြစ်မလာ၍ မင်္ဂလာကံစမ်းမဲနှင့် လွဲကုန်ကြသည်။ ခရီးသွားဟန်လွဲ အစ်ကိုဝမ်းကွဲ၏ ဆွမ်းကျွေးပွဲ မှာ မမျှော်လင့်ဘဲ တွေ့ရသည့် နိုင်ငံခြား သင်္ဘောသား ထွန်းဝင်းက မဟာကံထူးရှင် ဖြစ်သွားခဲ့သည်။ ခင်မျိုးအေးကို တစ်ဖက်သတ်ကြိုက်နေသူတွေ အသည်းကွဲကုန်ကြသည်။ ကျောင်းသွားဖော် ကိုယ်ရံတော်လေး အောင်ကျော်မြင့်ကတော့ အခံစားရဆုံးဖြစ်သည်။ ရှက်လည်း ရှက်သွားသည်။ ဆယ်တန်း မအောင်ရသည့် အထဲမှာ ခင်မျိုးအေးနှင့် ပတ်သက်သည့် မျှော်လင့်ချက်တွေ ပြိုကွဲပျက်စီးသွားပြီ ဖြစ်၍ ကျောင်းဆက်မတက်တော့ဘဲ ဆိုက်ကား ထွက်နင်းနေတော့သည်။

သင်္ဘောသား ထွန်းဝင်းနှင့် ခင်မျိုးအေးတို့ မင်္ဂလာဆောင်ပြီးသောအခါ သာကေတမြို့မှာပဲ နေကြသည်။ ခင်မျိုးအေးတို့လမ်းနှင့် သုံးလမ်းကျော်က အိမ်တစ်လုံးကို ဝယ်လိုက်သည်။ အိမ်ဝယ်လိုက်ရ၍ ရှိသမျှပိုက်ဆံ ကုန်သွားသောအခါ ထွန်းဝင်း သင်္ဘောပြန်လိုက်ရန် လှုပ်ရှားရတော့သည်။ လှုပ်ရှားတော့ တွေ့ကြုံရသည့် အခက်အခဲတွေကို ကျော်လွှားနိုင်ရန် ငွေကို လမ်းခင်းပြီး လျှောက်ရသည်။ ထွန်းဝင်း နိုင်ငံခြားသို့ ထွက်သွားသောအခါ ခင်မျိုးအေးမှာ သင်္ဘောသားမယားဆိုတဲ့ နာမည်နဲ့ အိမ်စုတ်လေးတစ်လုံးသာ ကျန်ရစ်သည်။ ဝယ်ထားတဲ့အိမ်မှာ ညအိပ်ရုံသာ အိပ်ပြီး သူ့မိဘအိမ်မှာ ပြန်နေသည့်အချိန်က များနေသည်။ တစ်လမ်းတည်း အတူနေသည့် အောင်ကျော်မြင့်နှင့် မတွေ့အောင်၊ မျက်နှာချင်း မဆိုင်မိအောင် အထူး သတိထား ရှောင်ကွင်းသွားလာသည်။ အောင်ကျော်မြင့် ဆိုက်ကားဂိတ်ထိုးသည့် ၇ ရပ်ကွက် ဈေးနားကို လုံးဝ မသွားဘဲ နေသည်။ အိမ်ရှင်မတစ်ယောက် ဖြစ်လာပြီမို့ စည်းစောင့်တဲ့ သဘော ဖြစ်သည်။

ထွန်းဝင်း နိုင်ငံခြား ထွက်သွားပြီး ခြောက်လခန့် အကြာမှာ သင်္ဘော ရောင်းလိုက်လို့ဆိုပြီး ပြန်ရောက်လာသည်။ အဲဒီအချိန်ကစပြီး ခင်မျိုးအေးရဲ့ အိမ်ထောင်ရေးမှာ အဆင်မပြေမှုတွေ စတင်လာခဲ့သည်။ နှစ်မစေ့ဘဲ ပြန်လာ၍ စည်းကမ်းထိန်းသိမ်းရေးက အရေးယူခြင်း ခံရပါသည်။ ပါလာသည့် ပိုက်ဆံလေးဖြင့် အိမ်ပြင်လိုက်

mgyoe.com

mgyoe.com SAMPLE BOOK


ရ၍ လက်ထဲမှာ ပိုက်ဆံမကျန် ဖြစ်ရပြန်သည်။ နောက်တစ်ခေါက် သင်္ဘောပြန်လိုက်ဖို့ကလည်း စည်းကမ်းထိန်းသိမ်းရေးက တစ်နှစ်တိတိ သင်္ဘောပြန်လိုက်ခွင့် မရှိဟု ပြစ်ဒဏ်ချထား၍ လိုက်လို့မရ ဖြစ်နေသည်။ ဒီအခြေအနေမှာ ခင်မျိုးအေးက ကလေးမယူချင်သေး ဆိုတာကို ထွန်းဝင်းက မကျေနပ်၍ စိတ်ညစ်နေသည်။ စိတ်ညစ်တော့ အရက်သောက်သည်။ အရက်ကို နဂိုကပင် ကြိုက်သူ ဖြစ်သည်။ မိန်းမချောချော ရ,ထား၍ မိန်းမအလိုကျ မသောက်ဘဲ အောင့်ထားရသူ ဖြစ်သည်။ အခုတော့ မိန်းမကို မကျေနပ်၍ စိတ်ညစ်တာကို အကြောင်းပြပြီး နဂိုဗီဇ ပေါ်လာတော့သည်။ မိန်းမကို အရွဲ့တိုက်တာလည်း ပါသည်။ အလုပ်ရှာဖို့ဆိုပြီး နေ့စဉ် အိမ်က ထွက်သည်။ အလုပ်မရသော်လည်း သင်္ဘောသားရုံးမှာ တွေ့သည့် အပေါင်းအသင်းတွေနဲ့ တွဲပြီး နေ့စဉ် အရက်သောက်သည်။ အလုပ်မရခဲ့ဘဲ ပါးစပ်က အရက်နံ့လေးဖြင့် အိမ်ပြန်လာသော လင်ကို မကျေနပ်၍ ခင်မျိုးအေးက အိပ်ရာ ခွဲအိပ်သည်။ အိမ်ထောင်ရေး ပြဿနာက တဖြည်းဖြည်း ကြီးထွားလာပြီ ဖြစ်သည်။

ထွန်းဝင်းကတော့ တစ်နေ့မှာ အလုပ်အကိုင် အဆင်ပြေလို့ နိုင်ငံခြားကို ထွက်ရသည့်အခါ အစစအရာရာ အဆင်ပြေသွားလိမ့်မည်ဟု အကောင်းဘက်က မျှော်လင့်နေသည်။ ဒါပေမဲ့ အလုပ်အကိုင်က အဆင်မပြေနိုင် ဖြစ်နေသည်။ အသက်ကြီးလို့ မကြိုက်ဘူးလို့ပြောသည့် လိုင်းလည်း ရှိသည်။ တက်မကိုင်(အောဘီ)ဖြစ်ပြီးမှ ရိုးရိုးသင်္ဘောသား(အိုအစ်စ်)အဆင့်ကို ဆင်းပြီး လုပ်ထားသည့် လုပ်သက်မှတ်တမ်းကို ကြည့်ပြီး မကြိုက်ဟုပြောသော လိုင်းလည်း ရှိသည်။ သင်္ဘောသားခေါင်းဆောင်(ဘိုဆင်)ဖြစ်ပြီးမှ တက်မကိုင် အဆင့်ကို ပြန်ဆင်းထားသည့် လုပ်သက်မှတ်တမ်းကလည်း ရှိနေသည်။ ဂရိလိုင်းကို လိုက်စဉ်က သင်္ဘောသား ခေါင်းဆောင်(ဘိုဆင်) နိုင်ငံခြားမှာ ဆေးရုံတက်ရ၍ လုပ်သက်ရင့် တက်မကိုင် ထွန်းဝင်းကို ယာယီဘိုဆင် ခန့်ခဲ့သည်။ ယခုအခါမှာတော့ အဲဒီမှတ်တမ်းသည် ထွန်းဝင်းကို ဒုက္ခပေးနေတော့သည်။ ဘိုဆင်ရာထူး ရပြီးမှ အရည်အချင်း မရှိ၍ ရာထူးချခံရသည်ဟု ထင်နေကြသည်။ တပ်မကိုင် အလုပ်ကို မရ၍ ရိုးရိုးသင်္ဘောသား ဝင်လုပ်ရတာကို အရည်အချင်း မရှိ၍ ရာထူး ချခံရသည်ဟု ထင်နေကြသည်။ ကံ,ဆိုးချင်တော့ အမျိုးမျိုးသော အကြောင်းတွေက အနှောင့်အယှက် ဖြစ်နေတော့သည်။ ပုလဲနှင့်ငါး လုပ်ငန်းမှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီးမှ နိုင်ငံခြား သင်္ဘောသား ဖြစ်လာခဲ့သော်လည်း အသက်က ကြီးနေပြီဖြစ်၍ ကြွေးကျေ အိမ်ထောင်ကျ၍ မိန်းမရသည့် အဆင့်သာ ရှိသေးသည်။ စုမယ့်ဆောင်းမယ့် အချိန်လည်းကျရော အသက်က ကြီးရသည့်အထဲမှာ အခက်အခဲ

mgyoe.com

mgyoe.com SAMPLE BOOK


အမျိုးမျိုးတွေနဲ့ ကြုံနေရခြင်း ဖြစ်သည်။

အလုပ်ရလိုရငြားဆိုသည့် မျှော်လင့်ချက်ဖြင့် သင်္ဘောသားရုံးသို့ နေ့တိုင်းသွားသည်။ သင်္ဘောသားရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာ တစ်နေကုန် ထိုင်သည်။ ညနေစောင်းတော့ စိတ်ကညစ်၊ ဗိုက်ကလည်း အောင့်လာတော့ အရက်ဆိုင်ကို ရောက်သွားတော့သည်။ အိမ်ပြန်ရောက်ရင် မိန်းမနဲ့ ရင်ဆိုင်ရတာ အဆင်မပြေ၍ တစ်ခါတလေ မူးအောင် သောက်ပစ်လိုက်သည်။ အရက်မူးပြီး အိမ်ပြန်ရောက်သွားတော့ အခြေအနေက ပိုဆိုးသည်။ အိမ်ထောင်ရေးတင်းမာမှုတွေက ပိုမို ပြင်းထန်လာသည်။ သင်္ဘောသားကို အားကိုးရလျှင် ဘဝမှာ အစစ အဆင်ပြေမည်ဟု ထင်ထားသူ ခင်မျိုးအေး မှန်းချက်နဲ့ နှမ်းထွက်မကိုက် ဖြစ်နေသည်။

ဗိုက်နာနေသည့် သင်္ဘောသားတွေကို ရှိက်စားလုပ်နေသည့် လမ်းဘေးပွဲစားကတစ်ဆင့် ဆက်မိသည့် သင်္ဘောလိုင်းတစ်ခုမှာ အလုပ်ရမည်ဆို၍ ဆေးစစ်ခံရသည်။ ဒီတော့မှ ဘဝပျက်မည့် ပြဿနာက ပေါ်တော့သည်။ သွေးတွေ တအားတိုးနေသည့်အပြင် အဆုတ်မှာ အမည်းစက်ကလေး တွေ့သည်။ သွေးနှင့် သလိပ်မှာ တီဘီပိုးတွေ့ပြီး ဆေးကျလေတော့သည်။ ပွဲသိမ်းသွားပြီ ဖြစ်သည်။ သွေးတိုးရောဂါက အရက်မသောက်ဘဲနေလျှင် ချက်ချင်း ပြန်ကောင်းနိုင်သော်လည်း တီဘီရောဂါကို ပျောက်ကင်းအောင် ကုသရန် နှစ်အတန် ကြာနေဦးမည် ဖြစ်သည်။

ခင်မျိုးအေးက တီဘီရောဂါကူးမှာ ကြောက်တယ်ဆိုပြီး အတူမနေတော့ဘဲ သူ့မိဘအိမ်မှာ ပြန်နေသည်။ ထွန်းဝင်းကလည်း မိုးလင်းတာနဲ့ အိမ်ကထွက်သည်။ မိုးချုပ်မှ အိမ်ကိုပြန်လာပြီး တစ်ယောက်တည်း အိပ်သည်။ တစ်ခါတလေ အိမ်ကို ပြန်မလာဘဲ သုံး၊လေးရက်လောက် ပျောက်နေတတ်သည်။ အိမ်ကိုတောင် ပေါင်ထားသလိုလို သတင်းစကား ကြားရသည်။ ပတ်ဝန်းကျင်ဆိုတာက ဟုတ်တာရော၊ မဟုတ်တာရော ပြောတတ်ကြသည်။ ခင်မျိုးအေးကိုတောင် အောင်ကျော်မြင့်ရဲ့ ဆိုက်ကားပေါ်မှာ စီးလိုက်သွားတာကို မြင်လိုက်ပါတယ်လို့ ပြောသူတွေက ပြောနေကြသည်။

■

**အဏ္ဏဝါစိုးမိုး**

အမှတ် ၁၄၅၊ ဒီဇင်ဘာလ၊ ၂၀၀၁ ခုနှစ်

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ခလောက်မြွေ

**ခင်ခင်ထူး**

'ဟဲ့ သံချောင်း ကိုဘတုတ်အိမ် သွားစမ်း
မနက်ဖြန် ငါ တောင်ရွာက အလှူကြွမှာမို့လို့
ကျောင်းစောင့်ပေးပါဦးလို့ ပြောချေစမ်း' လို့များ
ခိုင်းလိုက်ရင် သံချောင်းက ဦးဘတုတ်အိမ်
တန်းနေအောင် သွားတော့တာပါ။ သူက မျက်စိသာ မမြင်တာကိုး
မွေးကတည်းက သည်ရပ်သည်ရွာမှာ နေလာတာဆိုတော့
ရွာထဲရပ်ထဲကလူတွေ၊ လမ်းတွေ၊ အိမ်တွေကို
သူ့ အကုန် အလွတ်ရတယ်
ဘယ်သူ့အိမ်ကို ဘယ်လမ်းက သွားရမယ် ဘယ်လိုချိုးရမယ်
ဘယ်လိုကွေ့ရမယ် သူ့ အကုန်သိတယ်

mgyoe.com

mgyoe.com SAMPLE BOOK

# ခလောက်မြွေ

## ခင်ခင်ထူး

၁။

သူ့နာမည်က သံချောင်းတဲ့။ မိဘတွေက ကိုယ့်ကလေး သံချောင်းလိုမာအောင် ချာအောင် မှည့်ခဲ့ပုံရပါတယ်။ ဒါပေမဲ့ သံချောင်းက ပညတ်သွားရာဓာတ်သက်မပါလေတော့ နာမည်ကသာ သံချောင်း၊ လူကတော့ ပျော့လိုက်သမှ ငှက်ပျောရွက်နေလောင်ထားတဲ့အတိုင်းပါပဲ။ ဘာတစ်ခုမှ လက်ကြောတင်းတင်း မလုပ်ချင်တဲ့အပြင် သူ့ကိုယ်သူလည်း ညှာသလား မမေးနဲ့။ အသက်တောင် ပြင်းပြင်းမရှုဘူး၊ မောမှာစိုးလို့ဆိုတဲ့ လူစားမျိုး။ ဒါပေမဲ့ သူ့ကို အပြစ်ပြောဖို့ရာကလည်း ခက်တယ်။ ဘာလို့လဲဆိုတော့ သူက မွေးရာပါ မျက်စိမမြင်ရှာတဲ့သူကိုး။ မျက်စိနှစ်လုံးက မျက်ခွံထဲကပ်နေပြီး မျက်လုံးတောင် မဖွင့်နိုင်ရှာတဲ့သူပါ။ သည်တော့လည်း သူ့ဘာအလုပ်မှ မလုပ်တာ အပြစ်တော့လည်း မဟုတ်ဘူး။ သံချောင်းကိုများ ဘာအလုပ်မှ မလုပ်တဲ့ ငပျင်းလို့ ပြောရင် သူက–

'ကျုပ်က မပျင်းပါဘူးဗျာ။ အလုပ်ပဲ လုပ်ချင်တာပေါ့။ ဒါပေသိ ကျုပ်လို မျက်မမြင်ကို ဘယ်သူကများ ဘာအလုပ်ခိုင်းမှာတုံး' တဲ့။

သံချောင်းမှာ မိဘနှစ်ပါးမရှိတော့ပါဘူး။ သူ့ကို ငယ်စဉ်တောင်ကျေးကတည်းက ရွာဦးကျောင်းဆရာတော်က ခေါ်ပြီး ကျွေးမွေးထားတာပါ။ ဆရာတော်ကြီး ပျံတော်မူတော့လည်း သံချောင်းက ဘုန်းကြီးကျောင်းသားကြီးဘဝနဲ့ သည်ကျောင်းမှာ မြဲကျန်ရစ်ခဲ့တယ်။ ဘုန်းကြီးကျောင်းဆိုတော့လည်း ဆွမ်းကျန်ကွမ်းကျန်ကလေးတွေပေါတယ် မဟုတ်လား။ သံချောင်း ဘာမှမလုပ်လည်း မနက်ထမင်း၊

mgyoe.com

ညထမင်းတော့ လက်ရှိဆရာတော်ကလည်း ကျွေးတာပါပဲ။ ဟိုတုန်းက သံချောင်းကို ဆရာတော်က ကိုရင်ကြီးဝတ်ပေးဖူးသေးတယ်။ ညည ထမင်းခိုးစားတာနဲ့ပဲ ငရဲအုံကြီးမှာစိုးတာနဲ့ လူဝတ်ပြန်လဲပေးလိုက်ရတယ်။ သံချောင်းကလည်း သံချောင်းပါပဲ။ တခြား အပြင်အလုပ် မလုပ်တာထားဦး။ ကျောင်းထဲမှာရှိတဲ့ သူနိုင်သမျှ ဝေယျာဝစ္စကလေးတောင် လုပ်ချင်တဲ့ကောင် မဟုတ်ဘူး။ တံမြက်စည်းကလေး လှည်းကျင်းပေးတာမျိုး၊ ရေကလေးဖြည့်ပေးတာမျိုး၊ သစ်ပင်ပန်းပင်ကလေးတွေ ရေလောင်းတာမျိုးဆိုတာလောက်တော့ လုပ်နိုင်လျက်သားနဲ့ လုပ်ချင်တာ မဟုတ်ဘူး။

ဆရာတော်က တံမြက်စည်းလှည်းခိုင်းရင် တမင် ဟိုတစ်ကွက် သည်တစ်ကွက် အမှိုက်တွေချန်ခဲ့တာတို့၊ ရေဖြည့်ခိုင်းရင် တမင် ဘေးကိုသွန်လောင်းပစ်တာတို့၊ ဆရာတော်က ဝတ်ဖြည့်ခိုင်းရင် တံတောင်နဲ့ မနာ့နာအောင် ဖိကြိတ်ပစ်လိုက်တာတို့ လုပ်တော့ ဆရာတော်က သူ့ကို စိတ်မချတော့ မခိုင်းတော့ဘူး။ ဆရာတော်ကလည်း ခပ်အေးအေးနေတတ်သူပါ။ သည်တော့ သံချောင်းက အနေချောင်တာပေါ့။ တစ်ခါတလေ ဆရာတော်က–

'သံချောင်း နင် ဘုန်းကြီးကျောင်းမှာနေပြီး သူများက လှူလိုက် တန်းလိုက်တဲ့ ဆွမ်းကို သာမဏေမဟုတ်ဘဲ မစားကောင်းဘူးဟဲ့။ ဆွမ်းထမင်း၊ ဆွမ်းဟင်းကို လူစားရင် ငရဲကြီးမှာပေါ့။ တံမြက်တလင်းကလေး လှည်းလို့၊ ရေကလေးခပ်လို့၊ ထင်ကလေးခွဲလို့ ကျောင်းဝေယျာဝစ္စကလေးလုပ်ပြီးမှ အာပူမလောင်တော့မပေါ့။ နင် ငရဲကြီးမှာ မကြောက်ဘူးလား'

လို့ ဆိုလိုက်ရင် သံချောင်းက–

'တပည့်တော် ငရဲကြီးမှာ ကြောက်ပါတယ်ဘုရား။ ကျောင်းဝေယျာဝစ္စ တပည့်တော် တတ်နိုင်သမျှ လုပ်ပါ့မယ်ဘုရား'

ဆရာတော် သနားလာအောင် လျှောက်တယ်။ နှစ်ရက်၊ သုံးရက်လောက်တော့ ဟုတ်တိပတ်တိ လုပ်နေသေးတာပဲ။ နောက်တော့ ဒုံရင်း ဒုံရင်း ပြန်ရောက်သွားတာပါပဲ။ တလွဲတချော်တွေလုပ်လို့ ရေအိုးကျကွဲတာမျိုး၊ လက်ကိုဓားထိတာမျိုးတွေ ဖြစ်လာတော့ ဆရာတော်က သူ့ကို မခိုင်းရက်တော့ပါဘူး။ သံချောင်းက တမင်လုပ်တာမှန်းသိပေမဲ့ သူက မျက်မမြင်ကိုး။ စာမတတ်၊ ပေမတတ်နဲ့ အသိဉာဏ်ကလည်း နည်း၊ မိဘနှစ်ပါးမရှိရှာရတဲ့အထဲ သူ့ခမျာ အမြင်အာရုံချို့တဲ့ရှာသူပဲလို့ ဆရာတော်ကတော့ သူ့ကို ခွင့်လွှတ်ထားလိုက်တာပါပဲ။ သံချောင်းကလည်း မျက်စိသာ မမြင်တာ။ အကင်းပါးသလားတော့ မမေးနဲ့။ ဆရာတော့်အညာကို သူ သိနေတာသာကြည့်။

m g y o e . c o m

mgyoe.com SAMPLE BOOK


ဒါပေမဲ့ သံချောင်းက တစ်ခုတော့အားကိုးရရဲ့။ အကြောင်းကိစ္စကြီးငယ်ရှိလို့ သူ့ကို ရွာထဲရပ်ထဲ လွှတ်လို့ကတော့ ဒုန်းပြေးတယ်ဆိုတဲ့ အထဲကပါ။

'ဟဲ့ သံချောင်း ကိုဘတုတ်အိမ် သွားစမ်း။ မနက်ဖြန် ငါ တောင်ရွာက အလှူကြွမှာမို့လို့ ကျောင်းစောင့်ပေးပါဦးလို့ ပြောချေစမ်း'

လို့များ ခိုင်းလိုက်ရင် သံချောင်းက ဦးဘတုတ်အိမ် တန်းနေအောင် သွားတော့တာပါ။ သူက မျက်စိသာ မမြင်တာကိုး။ မွေးကတည်းကသည်ရပ်သည်ရွာ မှာ နေလာတာဆိုတော့ ရွာထဲရပ်ထဲကလူတွေ၊ လမ်းတွေ၊ အိမ်တွေကို သူ အကုန် အလွတ်ရတယ်။ ဘယ်သူ့အိမ်ကို ဘယ်လမ်းက သွားရမယ်၊ ဘယ်လိုချိုးရမယ်၊ ဘယ်လိုကွေ့ရမယ် သူ အကုန်သိတယ်။ ဘယ်သူ့အိမ်ထောင့်မှာ မန်ကျည်းပင်ကြီးရှိ တယ်။ ဘယ်လမ်းမှာ ချောက်၊ ဘယ်ကွေ့မှာ ကျင်း၊ ဘယ်ဝိုင်းကျော်ရင် ကမူ သူ အကုန်သိတယ်။ အဲသလိုများ ဆရာတော် ခိုင်းလိုက်ရင် သံချောင်းက စူဠလိပ် ရေ ထဲလွှတ်လိုက်တဲ့အတိုင်းပါပဲ။ ဝေါက်ခနဲ ထ,သွားလိုက်တာပါ။ ရွာထဲရပ်ထဲရောက်လို့ ကတော့ တော်တော်နဲ့ ကျောင်းပြန်မရောက်တော့ဘူးသာမှတ်။ ရောက်ရာအိမ်မှာ တွေ့ကရာလူနဲ့ လေကန်နေတော့တာပဲ။ ဒါကြောင့်လည်း သွားချင်နေတာ။ တစ်ခါ တလေ ဆရာတော်က လူအခေါ်ခိုင်းလို့ အဲသည်လူက ကျောင်းကနေ တစ်ခေါက်ပြန် လာတဲ့နောက်တောင် သံချောင်းက ကျောင်းပြန်မရောက်တတ်ဘူး။ ဆရာတော်က အခေါ်ခိုင်းတဲ့လူကိုပဲ သံချောင်း ပြန်လာဖို့ ပြန်မှာယူရတတ်တယ်။ သူ ပြန်လာလို့က တော့ ရွာထဲရပ်ထဲ ရှိသမျှသတင်း ဆရာတော် အကုန်ပြန်ကြားရတာပဲ။

သံချောင်းက ကိုယ့်ရွာထဲမပြောနဲ့ တခြားရွာကိုလွှတ်လည်း သွားတာပဲ။ ဘုန်းကြီးပင့် စာပို့ခိုင်းတာတို့၊ ကိုယ့်ကျောင်းက သစ်သီးသစ်ဖုကလေး တခြားရွာ ကကျောင်းကို လှူခိုင်းတာတို့၊ ဆရာတော်အချင်းချင်း တရားဓမ္မဆွေးနွေးမေးမြန်းစာ လွှာအပြန်အလှန် ပေးကြကမ်းကြတာတို့ဆိုရင်လည်း သံချောင်းက အဲသည်ရွာက ဘုန်းကြီးကျောင်းကို တန်းနေအောင် သွားတတ်တယ်။ သွားရင်းလာရင်းနဲ့ အဲသည် ရွာက လူတွေနဲ့ ခင်မင်နေလိုက်တာ သံချောင်းတဲ့ဆိုရင် တစ်နယ်လုံးက သိနေတော့ တာပါ။

သူ့မှာ နေ့ရယ်၊ ညရယ်ကလည်း မရှိတော့ ညရေးညတာ အရေးတကြီး လွှတ်လည်း သူကတော့ သွားတာပဲ။ လူဆိုတာ မပြောနဲ့၊ ဘာတစ္ဆေ ဘာသရဲမှလည်း သူ မကြောက်တတ်ဘူး။ သည်တော့လည်း ဆရာတော့်မှာ သံချောင်း မရှိလို့ မဖြစ် ပြန်ဘူးလေ။ သည်တော့ သံချောင်း အလုပ် လုပ်လုပ်၊ မလုပ်လုပ် ဆရာတော်ကတော့

mgyoe.com

mgyoe.com

SAMPLE BOOK

ကျွေးမွေးစောင့်ရှောက်ထားရတာပါပဲ။ ကျောင်းမှာတော့ သူက ဆက်သားကိုး။ စာပို့သမားကိုး။

❑

၂။

ဘာအလုပ်မှ မလုပ်ဘူးဆိုပေမဲ့ သံချောင်းက သူ အသုံးလိုတဲ့အခါမျိုးဆိုရင်တော့ ရွာထဲရပ်ထဲကို အနှိပ်အနင်းကလေး လိုက်တတ်တယ်။ ဒါကလည်း အမြဲတမ်းမဟုတ်ဘူး။ ပြီးတော့ ကြုံတဲ့သူတိုင်းကို နင်းနှိပ်ပေးတာမျိုးလည်း မဟုတ်ဘူး။ သူ အသုံးလိုတဲ့အခါရယ်၊ ပိုက်ဆံတတ်နိုင်တဲ့သူရယ် အဲသလို ဆုံကျမှ သူက နင်းတာ၊ နှိပ်တာ။ ပိုက်ဆံဘယ်လောက်ပေးပေး သူ အသုံးမလိုရင် လှည့်တောင်မကြည့်ဘူး။ သူ အသုံးဘယ်လောက်လိုလို ပိုက်ဆံမတတ်နိုင်လို့ တစ်မူးတစ်ပဲနဲ့တော့ သူက မလိုက်ဘူး။ အနည်းဆုံး သူလိုနေတဲ့ငွေကလေး ရမှပေါ့။ သူ အသုံးလိုတယ်ဆိုတာကလည်း ဘုရားပွဲကျောင်းပွဲကလေးရှိရင် သုံးချင်စားချင်တာရယ်၊ ပုဆိုးကလေး၊ စွပ်ကျယ်ကလေး ဝယ်ချင်တာရယ်၊ ဗီဒီယိုရုံသွားချင်တာရယ် သည်လောက်ပါပဲ။

ဗီဒီယိုဆိုလို့ သံချောင်းက မျက်စိတော့ မြင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ အသံကြားနဲ့ ဘေးကလူကို ဇာတ်လမ်းမေးမေးပြီး သူက ဗီဒီယိုကြည့်တာပါ။ တစ်ခါတလေ ရွာထဲမှာ စကားလက်ဆုံကျရင် သံချောင်းက သူကြည့်လာတဲ့ ဇာတ်ကားအကြောင်း ပြောပြနေတတ်တယ်။

'ဇာတ်ကားနာမည်တော့ မမှတ်မိတော့ပါဘူးဗျာ။ မင်းသမီးက ဘယ်သူဆိုလားပဲ။ မင်းသားကတော့ နေထက်လင်းဗျ။ နေထက်လင်းက ဖိုးသာဇုတဲ့ မြင်းလှည်းမောင်းတာ။ မင်းသမီးက သူတို့မြို့လာလည်ရင်း တွေ့ကြတာ။ မင်းသမီးက သူကြိုက်နေတဲ့ ရုပ်ရှင်မင်းသမီးကိုးဗျ။ ဇာတ်လမ်းကသည်လို…'

ဆိုတဲ့ပြီး နားထောင်နေတဲ့သူတွေ ငေးယူရအောင် လက်တွေရော၊ ခြေတွေရောစုံလို့။ သံချောင်းက မျက်စိသာ မမြင်တာ သူ လုပ်ပြတဲ့ အမူအရာတွေက အဟုတ်ဆိုတော့ လူတွေက သဘောကျကြတာပေါ့။ ပြီးတော့ သူ ကြားလာခဲ့တဲ့ စကားလုံးကိုလည်း မှတ်မှတ်ရရ ပြန်ပြောတတ်တယ်။

'မင်းသမီးကပြောတာ ဘာတဲ့ဗျာ၊ အဲ… ပပတို့လို ရုပ်ရှင်မင်းသမီးဆိုတာ ဖိုးသာဇုတို့လို မြင်းလှည်းသမားလောက်တောင်မှ လောကမှာ လွတ်လွတ်လပ်လပ်ကြီး ပျော်ရွှင်စရာမကောင်းပါဘူးတဲ့ဗျ။ ဟိုနေရာသွားလည်း လူတွေနဲ့ရှောင်မရနဲ့တဲ့၊ နာမည်ကျော်ဖြစ်ရတာ မကောင်းပါဘူးတဲ့ဗျ။ အင်း… သူပြောတာလည်း ဟုတ်တမှာပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


ထက်ထက်မိုးဦးတို့၊ နန္ဒာလှိုင်တို့ ကျုပ်တို့ရွာ လာကြည့်ပါလား။ ကျုပ်က ရှေ့ဆုံးက ပြေးကြည့်မှာပဲ'

'နင်က ဘယ်မျက်လုံးနဲ့ ကြည့်မှာတုံး သံချောင်းရဲ့'

'ဟောသည်မျက်လုံးနဲ့ ဗီဒီယိုကြည့်သလို ကြည့်မှာပေါ့ဗျ' တဲ့။

အဲသလို စကားပြောနေရင် သူ့ဘေးမှာ ကောင်မလေးတွေကိုဝိုင်းလို့။ မျက်စိမမြင်ပေမဲ့ သူ့ဘေးမှာကောင်မလေးတွေ ရှိတယ်ဆိုတာ သံချောင်းက သိတယ်။ ဟိုကောင်မလေးတွေက သူ့ကို တစ်မေးတည်းမေးနေကြတာကိုး။ ဒါကိုပဲ သံချောင်းက အသားယူပြီး ဗီဒီယိုထဲက နေထက်လင်းတို့၊ ဝေဠုကျော်တို့လေသံနဲ့ ဟန်ပန်လုပ်ပြီး သူ့ကိုယ်သူ ဇာတ်လိုက်ထင်နေတဲ့ကောင်ပါ။ တစ်ခါတလေ တကယ်မဟုတ်ဘဲနဲ့ ဇာတ်လမ်းဆင်ပြီး တစ္ဆေသရဲတွေနဲ့ သူတွေ့တဲ့အကြောင်း ပြောချင်ပြောနေတတ်ပြန် ရော။

'မနေ့ညက ဘုန်းကြီးမသိအောင် ဗီဒီယိုသွားကြည့်တာလေ၊ ညဉ့်နက်ရော ဗျ။ ဒါနဲ့ ကျောင်းပြန်တော့ အရှေ့ပေါက်ကဝင်ရင် ဘုန်းကြီးသိမှာစိုးတာနဲ့ တောလမ်း ကပတ်ပြီး နောက်ပေါက်က ခိုးဝင်ရတာပေါ့။ တောလမ်းဆိုတော့ စိတ်ထဲ ခပ်ကြောက် ကြောက်ပေါ့ဗျာ။ တစ်လမ်းလုံး ကိုယ်က သတိထားလာသမျှ ကျောင်းစည်းရိုးရောက် တော့မှ နောက်ကနေ ဝုန်း... ဆို'

'အမယ်လေး...'

ကောင်မလေးတွေက လန့်ဖျပ်အော်တော့ သူက ကျေနပ်သွားတယ်။ အဲသလို လန့်သွားအောင်လို့ သူက တမင်ဖြည်းဖြည်းကလေး ဆွဲပြောနေရာက ဝုန်းဆိုပြီး အသံမြှင့်ပစ်လိုက်တာပါ။

'ဝုန်းဆို ခြေထောက်ကို ဆွဲပါလေရောဗျ။ ဆွဲတော့ လက်က ကြမ်းကြမ်း ကြီး စူးလိုက်တဲ့လက်သည်းတွေဆိုတာများ ခြေသလုံးထဲနစ်ဝင်သွားမလား အောက်မေ့ ရတယ်။ ဒါနဲ့ ကျုပ် အော်လိုက်လို့ ဘုန်းကြီးနိုးသွားရင် ကျုပ် အဆော်ခံရမယ်။ သရဲကလည်း အတင်းဆုပ်ထားတာ ရုန်းမရဘူး။ နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ်ဆိုတဲ့ ပြီး ခါးကြား လိုရမယ်ရ ထိုးထားတဲ့ ဓားမနဲ့ ပိုင်းချလိုက်ရော ...၊ ပိုင်းချလိုက်တော့ လက်ကြီးက ကျုပ်ခြေသလုံးမှာ ပြတ်ကျန်ရစ်ခဲ့တယ်။ သရဲကတော့ ပြေးပြီ။ ကျုပ်ကလည်း ကဲလေ... ငါ တရားနဲ့ပဲ အနိုင်ယူတော့မယ်ဆိုပြီး ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ကို သုံးကြိမ်သုံးခါ ရွတ်ပြီး လက်ပြတ်ကြီး သပ်ချပစ်လိုက်ရတယ်'

mgyoe.com

သံချောင်းက သည်လို မဟုတ်က ဟုတ်ကတွေလည်း ပြောတတ်သူပါ။ ဒါပေမဲ့ ရွာထဲက သူမို့လာရင် အပျင်းပြေတယ်ဆိုပြီး သူ့ကို လက်ခံစကားပြောကြတယ်လို့ သိတာပါပဲ။ တစ်ခါတလေ သံချောင်းက သည်နားကစကားကို ဟိုပြော၊ ဟိုနားကစကားကို သည်ပြန်ပြောနဲ့ စကားရောင်း စကားဝယ်လုပ်တတ်ပါသေးတယ်။ ဒါပေမဲ့ လူတွေက သူ ဂုံးချောသွားတာကို မသိလိုက်ကြရပါဘူး။

'ပြောရဦးမယ်၊ အင်း… ပြောတော့မပြောချင့်ပါဘူးဗျာ။ အဟင်း ဟင်း… မနေ့တုန်းက ကျုပ် ခင်ဗျားတို့အိမ်မှာ ဆန်မှုန့်ကူထောင်းပေးခဲ့တာလေ။ ကျုပ်ကတော့ စေတနာနဲ့ပါ။ ဩော် သူတို့ ပဲရိတ်တဲ့သူတွေကို မုန့်ကျွဲသည်းလုပ်ကျွေးမှာ ငါကူသိုလ်ရတာပေါ့ဆိုပြီး မောင်းကလေး ကူနင်းပေးခဲ့ပါတယ်။ အဲဒါ ဒေါ်အေးမက မြင်သွားပုံရပါတယ်။ မနေ့တုန်းက ခင်ဗျားတို့အိမ်ကအပြန် သူ့အိမ်ရှေ့ရောက်တော့ သံချောင်းတဲ့ဗျို၊ ခဏလာဦးတဲ့။ ဒါနဲ့ ကျုပ်ကသွားတော့ နင် မိထိုက်တို့အိမ်ကို မောင်းကူထောင်းပေးနေတာ ငါ မြင်ခဲ့ပါတယ်တဲ့။ အဲသည် ကောင်မက သိပ်ညွန့်တာတဲ့။ နင့်ကို မျက်စိမမြင်တဲ့သူဆိုပြီး အနိုင်ကျင့်ခိုင်းတာတဲ့ဗျို။ ကျုပ်စိတ်ထဲ မကောင်းချက်တော့'နဲ့ လုပ်လိုက်တော့ မမိထိုက်က ဆတ်ဆတ်ထိ မခံဘဲ ဒေါ်အေးမကို ချက်ချင်းသွားရန်တွေ့တော့တာပဲ။

'တော်က ကျုပ်ကို ညွန့်တယ်ပြောရအောင်က တော့်ဆီက ဆန်တစ်လမယ် ကျုပ် ချေးဖူးသလား'

'ငါ့ဆီကသာ မချေးဖူးတာပါအေ၊ မဖွားမိ မြင်းခြံချေးသွားလို့ ပိုက်ဆံမပေးဘဲ ချေးဖိုးမှာတာ ညည်းညွန့်တာ မဟုတ်လို့ ဘာတုံးအေ့'

'တော်ကရော ဟင်…. မိသေးကလေး ကောက်သင်းကောက်လာတဲ့ ပဲတောင်းထဲကပဲကို ပြည်ခိုးချင်ပြီး ဝယ်တာလေ'

'ငါ ပြည်ခိုးချင်တာထားပါဦး၊ ညည်းက ကိုသာအိ အခင်းထဲက မတ်ပဲတွေ ခိုးရိတ်တာကျတော့ရော'

လက်ခုပ် တဖျန်းဖျန်းရိုက်ရိုက်ပြီး ရန်ဖြစ်လိုက်ကြတာ ဗြောင်းဆန်လို့။ ရှိသမျှ ငယ်ကျိုးငယ်နာတွေကလည်း ရွာလူကြီး စစ်တုန်းက မပေါ်ဘူး။ အခုမှ ပေါ်ကုန်ကြတော့တာပါ။ ဒေါ်အေးမနဲ့ မမိထိုက်တို့ ပွက်ပွက်ရိုက်နေတုန်း သံချောင်းကတော့ မနေ့တုန်းက မောင်းကူထောင်းထားလို့ မမိထိုက်ကျွေးထားတဲ့ မုန့်ကျွဲသည်း တစ်ပန်းကန်က စားလို့ပြောင်ပြီ။

ဒါက သူတို့အချင်းချင်းဖြစ်ကုန်ကြတဲ့ သဘောပါ။ တစ်ခါတလေကျတော့

mgyoe.com

mgyoe.com  SAMPLE BOOK 

သံချောင်းပါဝင်ပြီး သက်ာရှင်းရတဲ့အခါတွေလည်း ရှိသေးတယ်။ အဲသည်အခါကျရင် သံချောင်းက–

'ကျုပ်ပြောတာ အဲသည် သဘောမဟုတ်ပါဘူး။ ခင်ဗျားက အကောက်လွဲလို့ပါ။ ကျုပ်ပြောတာက သည်လို…'

နဲ့ ဒေါသဖြစ်နေတဲ့လူကို ချော့ကာမော့ကာလုပ်ပြီး သူက ရှောင်ထွက်တတ်တယ်။ တစ်ခါတလေ သူ့အပေါ် ဒေါသပုံကျလာရင်လည်း သံချောင်းက–

'လုပ်ပါဗျာ၊ ခင်ဗျားတို့လုပ်လည်း ခံရုံပါပဲ။ ကျုပ်က မျက်စိမမြင်တဲ့သူဆိုတော့ အကြားနဲ့ပြောရတာကို ဗွေယူချင်တယ်ဆိုလည်း ယူကြပါဗျာ'

ဆိုတော့ လူတွေမှာ အခက်လေ။ သံချောင်းက မျက်စိမှ မမြင်တာကိုး။ စာပေမှ မတတ်ရှာတာကိုး။ ဘယ့်နှယ်လုပ်ပါ့မတုံး။

❑

၃။

သံချောင်းက ရွာထဲရပ်ထဲ သွားရင်းလာရင်းနဲ့ ကြားလာသမျှ သတင်းတွေကို ဆရာတော်ကို ဖောက်သည်ချလေ့ရှိပေမဲ့ သံချောင်းမပြောဘဲ ထိန်ချန်ထားတဲ့သတင်းတစ်ခုရှိတယ်။ ဒါကို ဆရာတော်လည်း မသိဘူး။ ရွာထဲက ဘယ်သူမှလည်း မသိပါဘူး။ သည်အကြောင်းကို သိသူက သံချောင်းနဲ့ ကိုဝါသီး နှစ်ယောက်တည်းရယ်။ ကိုဝါသီးဆိုတာ သံချောင်းတို့ရွာက အမဲပေါ်၊ ဝက်ပေါ်လိုက်တဲ့သူပါ။ သူကသာ အမဲပေါ်၊ ဝက်ပေါ်လိုက်ရတာ မိန်းမကတော့ ရွှေတွေကိုညှပ်လို့။ ညှတ်ဆို ကိုဝါသီးရဲ့ အရှိန်အဝါကလည်း သေးမှ မသေးဘဲကိုး။ ရွာတစ်ရွာမှာ လူမိုက်တစ်ယောက်လောက်တော့ ရှိတတ်ကြတယ်မှတ်လား။ ဟိုတုန်းကတော့ စုန်းရှိမှ ရွာတည်ရသတဲ့။ သံချောင်းတို့နှယ်ကတော့ လူမိုက်ရှိမှ ရွာတည်ရသလိုဖြစ်နေပြီ။ ကိုယ့်ရွာမှာ လူမိုက်မရှိရင် တစ်ရွာက လာစော်ကားမှာ လန့်နေရသေးတာကိုး။

ကိုဝါသီးကတော့ နွားသတ်၊ ဝက်သတ်နေတဲ့သူဆိုတော့ လက်ကယဉ်ပြီးသား နေမှာပေါ့။ သည်နှယ်က ဘာပဲလုပ်လုပ် အမဲပေါ်ချင်၊ ဝက်ပေါ်ချင်လို့ကတော့ ကိုဝါသီးကို လှမ်းမှာလိုက်ရုံပဲ။ ကိုဝါသီးကလည်း ဘယ်ရွာကခေါ်ခေါ် လိုက်တာပဲ။ ဒါက သူ့အလုပ်ကိုး။ ရွာစဉ်ကိုးပေါက် ရောက်နေတဲ့သူဆိုတော့ ရွာတကာက လူမိုက်မှန်သမျှ သူ့မိတ်ဆွေတွေချည်းပဲ။ သည်တော့လည်း ကိုဝါသီးတဲ့ဟော့ဆိုရင် ရွာက မီးသေပြီးသားပါ။ ကိုဝါသီးကလည်း ရွာကို စောင့်ရှောက်ပါတယ်။ သူရှိနေသမျှ ကာလပတ်လုံး ရွာမှာ နွားခိုးမှုမရှိဘူး။ လူသတ်မှုမရှိဘူး။ မုဒိမ်းမှုမရှိဘူး။ ဒါကြောင့်

mgyoe.com

mgyoe.com

ကိုဝါသီးရဲ့ အရှိန်အဝါက မသေးဘူး။

အဲသည် ကိုဝါသီးကိုတော့ သံချောင်း ကြောက်တယ်။ ကြောက်တယ်ဆိုတာ သူက ဘာမှလုပ်လို့တော့ မဟုတ်ပါဘူး။ အလိုလိုလန့်တာမျိုးပေါ့။ ကိုဝါသီးက မျှား နင်းဖို့နှိပ်ဖို့ခေါ်ရင် သံချောင်းက အရောက်ပြေးရတယ်။ ကိုဝါသီးကို ကြောက်တာကလည်းတစ်ကြောင်း၊ နင်းခနှိပ်ခကို မြိုးမြိုးမြက်မြက်ကလေး ပေးတတ်တာကလည်း တစ်ကြောင်းပေါ့။ အဲသည်နေ့က ကိုဝါသီးက သံချောင်းကို နင်းပေးဖို့ လူခေါ်လွှတ်လိုက်တယ်။ သံချောင်းကလည်း ထမင်းစား၊ ရေမိုးချိုးပြီး ရွာထဲထွက်ခဲ့တယ်။ ကိုဝါသီးအိမ်က ကျောင်းနဲ့ လှမ်းပေမဲ့ သံချောင်းကတော့ အရောက်သွားတတ်ပါတယ်။ ဘုန်းကြီးကျောင်းက ရွာမြောက်ဖျားမှာ။ ကိုဝါသီးအိမ်က ရွာတောင်ဖျားမှာ။ တောင်ဖျားမှာတောင် ကိုဝါသီးအိမ်က ချောင်းချောက်ကြီးဖြတ်ရသေးတယ်။ ဒါပေမဲ့ သံချောင်းက အဲသည်ချောင်းချောက်ကြီးထဲက သဲလောက်တော့ ထည့်မတွက်ပါဘူး။ နေ့လယ် နေပူကြီးကျက်ကျက်ရောက်လာတဲ့ သံချောင်းကို ကိုဝါသီးက ဆီးပြီး မခိုင်းသေးဘူး။ ရေနွေးကလေး၊ အမြည်းကလေးနဲ့ ဧည့်ခံပါသေးတယ်။ တစ်အောင့်လောက်နေတော့မှ သူ့မိန်းမ မမြဒေါ်ကို-

'မြဒေါ် နင့်အမေအိမ် သွားချင်လို့ဆို၊ သွားလေ။ ငါ အိမ်စောင့်နေလိုက်မယ်။ သံချောင်း အနင်းလည်းခံချင်လို့'

ကိုဝါသီးကပြောတော့ မမြဒေါ်လည်း ဝမ်းသာအားရနဲ့ သုတ်ခနဲ ရွာဘက်ထွက်သွားတော့တာပဲ။ အဲသည်နေ့က ကိုဝါသီးဟာ သံချောင်းကို ခါတိုင်းလို စဟယ်၊ နောက်ဟယ် မလုပ်ဘဲ ကောင်းကောင်းမွန်မွန်ပဲ စကားပြောတယ်။ တစ်ခုပြီး တစ်ခု ကျွေးတယ်။ သံချောင်းစိတ်ထဲ နည်းနည်းတော့ ထူးခြားနေတယ်ပေါ့။ ပက်လက်ရော၊ မှောက်လျက်ရော နင်းပြီးတော့ အပူထုတ်ပေးနေတုန်း ကိုဝါသီးက သံချောင်းကို ပြောတယ်။

'သံချောင်း မင်း မြောက်ရွာက ကိုဒင်ကြီး သိလား'

ဆိုတော့ သံချောင်းက-

'လူမိုက် ဒင်ကြီးလား' တဲ့။

'ရှီးတဲ့မှ… သူသွားပြီး လူမိုက်ဒင်ကြီး ခေါ်နေ၊ မင်း ဇက်ပြုတ်သွားချင်လို့လား'

နဲ့ လုပ်လိုက်တော့ သံချောင်းက ကြောက်ချင်ယောင်ဆောင်ပြလိုက်တယ်။ သံချောင်းကိုပြောတဲ့ ကိုဝါသီးလေသံကတောင် ဒင်းကြီးကို ကြောက်နေတဲ့ပုံမျိုးပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK


'သူ့အိမ်ကို မင်းသိလား'

'အိမ်တော့ ကျုပ် ဘယ်သိပါ့မလဲ'

'အေး အိမ်မသိလည်း ရတယ်၊ မင်း ငါခိုင်းတာလုပ်ပေးမလား၊ မင်းကို မုန့်ဖိုးငါးရာပေးမယ်'

ကိုဝါသီးက ငါးရာပေးမယ်ဆိုတော့ သံချောင်းက အံ့သြသွားတယ်။ ခါတိုင်း အနင်းခံရင် တစ်ရာငွေဆိုတာ ကိုဝါသီးမို့ ပေးနိုင်တာ မဟုတ်လား။ အခု ငါးရာပေးမယ်ဆိုတော့ တစ်ခုခုတော့ ထူးခြားနေပြီလေ။

'ကျုပ် လုပ်နိုင်တာဆို လုပ်ပေးမှာပေါ့ဗျ'

'မင်း ဘာမှ လုပ်စရာမလိုဘူး။ ငါပေးလိုက်တဲ့စာကို ဘယ်သူမှ မသိအောင် ပုဆိုးကြားထဲ လိပ်ထည့်သွားရုံပဲ။ ရွာသာညောင်ပင်ကြီးအောက်ကော မင်း သွားတတ်လား'

'သင်္ချိုင်းမြောက်ဘက်က ရွာသာညောင်ပင်လား'

'အေး'

'အပျော့ပေါ့ဗျာ'

'အေး အဲသည် အပင်အောက်မှာ ဒင်ကြီးရဲ့ သားလေး ရှိတယ်။ နွား ကျောင်းနေတာလေ။ သူ့ကို မင်း စာပေးခဲ့ရုံပဲ။ ဘယ့်နှယ်လဲ လုပ်ပေးမှာလား'

သည်စာကလေးပေးရုံနဲ့ ငါးရာရမယ်ဆိုတာကတော့ တော်တော့်ကို မတန် တာပါ။ တစ်နေကုန် ခြေပန်းလက်ပန်းကျအောင်နင်းမှ တစ်ရာရတဲ့ သံချောင်းက ရွာသာညောင်ပင်ဆီသွားပြီး စာကလေးပေးရုံနဲ့ ငါးရာဆိုတော့–

'စာပေးရုံပဲဗျာ။ လုပ်တာပေါ့'

'စာပေးရုံတင်မကဘူး။ သည်စာကို ဘယ်သူမှ မမြင်အောင် ဝှက်ယူသွားရ မယ်။ ဒင်ကြီးသားလက်ထဲရောက်အောင် ထည့်ရမယ်။ ကြားမှာ တစ်ခုခုဖြစ်ရင်တော့ မင်း မချောင်ဘူးမှတ်'

'ရပါတယ်ဗျာ။ ကျုပ် ခါးကပုဆိုးလည်း ဘယ်သူမှ ဆွဲမချွတ်ပါဘူး'

'အေး သည်စာပေးတဲ့အကြောင်းကိုလည်း မင်း ဘယ်သူ့ကိုမှ မပြောရဘူး။ ပြောရင် မင်းအသက် ဖက်နဲ့ထုပ်ပေတော့'

သည်သဘောတူညီချက်နဲ့ပဲ သံချောင်းက ကိုဝါသီးရဲ့ စာကို ယူသွားတော့ တာပါ။ သည်သတင်းက လျှို့ဝှက်ရမယ့်သတင်းဆိုတာကို သံချောင်း သိနေသလို ကိုဝါသီးကိုလည်း ကြောက်ရတယ်မဟုတ်လား။ ဘာပဲဖြစ်ဖြစ် သံချောင်းကတော့

mgyoe.com

ငွေငါးရာနဲ့ ရွာက ဈေးသည် ဒေါ်ဖွားမိကို ပုဆိုးကလေးတစ်ထည်နဲ့ စွပ်ကျယ်ကလေး တစ်ထည်မှာပြီးပြီ။ တန်ဆောင်းမုန်းလ ဘုရားပွဲမှာ ဝတ်ဖို့လေ။ ဒါပေမဲ့ တန်ဆောင်မုန်း လ ဘုရားပွဲမတိုင်မီကလေးမှာပဲ အရှေ့တောရွာ ဓားပြတိုက်မှု ဖြစ်တယ်။ အမှုလိုက်ကြ တော့ ဒင်ကြီးရဲ့လက်ချက်ဆိုပြီး ဒင်ကြီး အဖမ်းခံရတယ်။ အဲသည်ညက ကိုဝါသီး ကတော့ ရွာမှာ ရှိနေခဲ့တယ်။ ဒင်ကြီးတို့ အဖမ်းခံရတဲ့သတင်းကြားတော့ ကိုဝါသီးက သံချောင်းဆီ ပြေးလာတယ်။

'သံချောင်း ဟိုစာကိစ္စ ဘယ်သူ့မှ မပြောနဲ့နော်'

သံချောင်းက မျက်စိမမြင်ရဘဲနဲ့ ကိုဝါသီးကိုကြည့်ပြီး ပြုံးလိုက်တယ်။ ပြီးတော့မှ ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်ပြလိုက်ရင်း–

'ကိုဝါသီး ကျုပ်ကို ဘုရားပွဲသုံးဖို့ မုန့်ဖိုးပေးဦး'တဲ့။

ကိုဝါသီးကလည်း အေးပါကွာဆိုတဲ့ပြီး သံချောင်းကို ငွေငါးရာ ထပ်ပေး လိုက်တယ်။

အဲသည်နောက်ပိုင်းတော့ သံချောင်းက အနင်းအနှိပ် လိုက်မစားတော့ပါဘူး။ ဘုရားပွဲ၊ ကျောင်းပွဲရှိလို့ပဲဖြစ်ဖြစ်၊ ဗီဒီယိုကလေး ကြည့်ချင်လို့ပဲဖြစ်ဖြစ် သူမို့ အသုံးလို လာရင် ကိုဝါသီးဆီသွားပြီး လက်ဖြန့်လိုက်ရုံပဲ။ တစ်ခါတလေလည်း ကိုဝါသီးက သူ တောင်းသလောက် ပေးတယ်။ တစ်ခါတလေတော့ သံချောင်းကို ကြိမ်းမောင်းပြီး သင့်သလောက်ပဲ ပေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သံချောင်းကတော့ ကိုဝါသီး အကြောင်းကို ရွာထဲ လျှောက်မပြောပါဘူး။

❑

၄။

မနေ့တစ်နေ့ကတော့ ကိုဝါသီး ဆုံးသွားရှာတယ်။ ညကြီးအချိန်မတော် အိမ်ပြန်လာတုန်း ချောင်းချောက်ကြီးထဲက မြွေကိုက်လိုက်လို့တဲ့။ ကိုဝါသီးဆုံးသွား တယ်ဆိုတော့ ရွာက ဟင်ခနဲတောင် ဖြစ်သွားကြသေးတယ်။ ကိုဝါသီးရှိနေတုန်းက သူတို့ရွာမှာ ဘယ်သူ့ရန်မှ မကြောက်ရဘူး မဟုတ်လား။ လူမိုက်ဆိုပေမဲ့ ရွာအပေါ် စောင့်ရှောက်ဖော်ရတော့လည်း အားကိုးကြရတာပေါ့။ ရန့်ကိုလုံလို့ပါ။ အခုလို ကိုဝါသီး ဖြုန်းခနဲ ဆုံးသွားတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် အားတော့ငယ်သွားကြတာပေါ့လေ။

အားငယ်သွားကြတဲ့အထဲမှာ သံချောင်းလည်းပါတယ်။ ကိုဝါသီးမရှိတော့ သူ့ကို မုန့်ဖိုးပဲဖိုးကလေး အချောင်ပေးမယ့်သူက မရှိတော့ဘူးလေ။ သည်တော့ ငွေအသုံးလိုလာရင် အနင်းအနှိပ်ကလေးလိုက်ရတော့တာပဲ။ ဒါပေမဲ့ သံချောင်းမှာ

m.gyoe.com

mgyoe.com
SAMPLE BOOK


ကိုဝါသီး မသိသွားတဲ့အချက်တစ်ချက် ရှိသေးတယ်။ ကိုဝါသီးသေတော့ သံချောင်းက သူ့ထင်းရှူးသေတ္တာကလေးထဲမှာ သော့ခတ်သိမ်းထားတဲ့ စာရွက်ကလေးကို ထုတ်ယူလိုက်တယ်။ ပြီးတော့မှ ဘယ်သူ့မှ မသိအောင် ပုဆိုးခါးကြားထဲလိပ်ထည့်လာပြီး ကျောင်းအောက်က မီးဖိုကလေးထဲ ပစ်ထည့်လိုက်တယ်။ စာရွက်ကလေး မီးလောင်မလောင် သူက စမ်းကြည့်လိုက်သေးတယ်။ စာရွက်ကလေး တစ်စမကျန် လောင်သွားတော့မှ သံချောင်းတစ်ယောက် စိတ်အေးလက်အေး ရွာထဲ ထွက်ခဲ့တယ်။

'လာဟေ့ သံချောင်း'

'အရီးတင့်က လှမ်းခေါ်တော့ သံချောင်းက-

'ဘာကျွေးမှာလဲဗျ' တဲ့။

ခါတိုင်းလို ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေးပါပဲ။ အရီးတင့်တို့အိမ်မှာ သည်ကနေ့ မြေပဲဆွတ်နေကြတာဆိုတော့ အပျိုတွေကလည်း အုန်းအုန်းထ,လို့ပေါ့။ သည်သတင်းကို မနက်ကတည်းက သံချောင်း ရပြီးသားပါ။ မနက်တုန်းက ဆရာတော်ကို သာကူယို လာလှူတော့ သံချောင်းက မေးလိုက်ပြီးသားလေ။

'ညည်းတို့ မျှော်နေတဲ့ သံချောင်း လာပါပြီတော်၊ ကဲ သာကူယို အရင်သောက်ဦး'

အရီးတင့်က အပျိုတွေဘက် လှည့်ပြောရင်း သံချောင်းကို သာကူယို တိုက်တယ်။ သာကူယိုက ပူနေလို့ သံချောင်းမှာ တစ်ဖွန်းချင်းလေမှုတ်ပြီး သောက်နေရတယ်။

'သံချောင်း… မနေ့ညက ဘာဇာတ်ကားကြည့်ခဲ့ရတုံး။ ပြောပြဦး' ဆိုတော့ သံချောင်းက 'ကျုပ် ဗီဒီယိုမကြည့်ဖြစ်တာ ကြာပြီ' တဲ့။

'ဘာဖြစ်လို့တုံး သံချောင်းရဲ့။ ကိုဝါသီးကို ကြောက်လို့လား'

လို့ မသေးတာက မေးတော့ မမိဆွဲက ကြားဝင်တဲ့ပြီး-

'ကိုဝါသီးဆိုလို့ ပြောရဦးမယ်။ ကိုဝါသီးကို ကိုက်တဲ့မြွေက ခလောက်မြွေတဲ့တော့'

'ခလောက်မြွေ'

သံချောင်းက သူတစ်ခါမှ မကြားဖူးတဲ့နာမည်မို့ ခေါင်းထောင်ပြီး နားစွင့်လိုက်တယ်။

'ခလောက်မြွေဆိုတာ မြွေကို ခလောက်ဆွဲထားသလို မြည်လို့,လို့ အဘာက ပြောတာပဲ။ တို့နယ်ဘက်မှာတော့ တစ်ခါမှ မမြင်ဖူးပါဘူး။ အံမယ်လေး ကိုက်လိုက်

mgyoe.com

mgyoe.com  SAMPLE BOOK 

ရင်တော့ ဆေးမမိဘူးတဲ့တော်ရေ့…'

'သူ့မိန်းမ မပြဒေါက ပြောတော့ အဲသည်မြွေကို မမိလိုက်ဘူးတဲ့။ ကိုဝါသီး အော်သံကြားလို့ သူတို့ပြေးသွားကြတော့ မြွေက မရှိတော့ဘူးတဲ့။ ကိုဝါသီးဆိုတာများ နှုတ်ခမ်းတွေ ပြာနှမ်းလာတော့တာတဲ့။ အဆိပ်ပြင်းချက်တော့…'

'အဲသည်မြွေ မမိလိုက်သာဆိုးသာပဲ။ တော်ကြာ ရွာထဲ ခိုကပ်နေပြီး လူတွေကို အန္တရာယ်ပြုမှဖြင့်–

'နတ်ကတော် မသန်းစိန်ကပြောတော့ ဘာမြွေမှ မဟုတ်ဘူး။ တိုက်မြွေတဲ့အေ့။ ကိုဝါသီးက နွားသတ်၊ ဝက်သတ်နဲ့မို့ နတ်က မကြိုက်လို့ တိုက်တာလို့ ပြောသာပဲ'

'ဘာမြွေဖြစ်ဖြစ်အေ ညဘက် အပြင်မထွက်ကြနဲ့ပေါ့အေ့'

မိန်းမတွေ တစ်ယောက်တစ်ပေါက် ပြောနေကြတာကို သာကူယိုသောက်ရင်း ကြားနေရတဲ့ သံချောင်းမှာတော့ ဖြေဖျားလက်ဖျားတွေ အေးစက်လို့။

❑

၅။

'သံချောင်း… ရွာတောင်ဖျားက ကိုလှဘော်ကို သွားခေါ်စမ်း။ မနက်ဖြန် သူ မြို့သွားမယ် ပြောတယ်။ ငါ ဘုရားပုံတော်ကလေးအတွက် မှန်ပေါင် မှာလိုက်ချင်လို့'

ဆရာတော်က ခိုင်းတာကို သံချောင်း ပေကပ်ကပ်လုပ်နေတယ်။ ခါတိုင်း ရွာထဲရပ်ထဲလွှတ်ရင် အူမြူးနေတတ်တဲ့ သံချောင်းက သည်တစ်ခါ ဖင်လေးနေတော့ ဆရာတော်က–

'ဟဲ့ သံချောင်း ဘာဖြစ်နေတာတုံး'

'တ… တပည့်တော် ညဘက် မသွားရဲဘူး ဘုရား'

'အံမယ် နင့်မှာ နေ့ရယ်၊ ညရယ် ရှိသေးသလား သံချောင်းရဲ့'

'ရှိတာပေါ့ ဘုရား၊ နေ့ကျလင်းနေတော့ ရွာလမ်းတွေမှာ လူသူလေးပါး ရှိတာပေါ့ဘုရား။ ညကျ လူသွားလူလာမှ မရှိတာ ဘုရား'

သံချောင်း ချေးများနေပုံကို ဆရာတော်က ပြုံးတယ်။

'ဘာလဲ နင်က ဝါသီးခြောက်မှာ ကြောက်နေတာလား။ နာနာဘာဝက ရွာထဲ မနေနိုင်ပါဘူး သံချောင်းရဲ့'

'တင်… တင်ပါ့ဘုရား။ တပည့်တော် နားလည်ပါတယ်ဘုရား။ တပည့်

mgyoe.com

mgyoe.com
SAMPLE BOOK


တော် သရဲမကြောက်တတ်ပါဘူး ဘုရား'

'ဒါဖြင့် နင်က ဘာကြောက်နေတာတုံး'

ဆရာတော်က အသံမာမာနဲ့ မေးတော့ သံချောင်း လန့်ဖျပ်သွားတယ်။

'တ… တပည့်တော်ကြောက်တာ ခလောက်မြွေပါဘုရား'

ကိုဝါသီးလက်ထဲကစာကို ဒင်ကြီးဆီရောက်အောင် မပေးဘဲ နေဝံ့တဲ့ သံချောင်းက သူတစ်ခါမှ မမြင်ဖူး၊ မကြားဖူးတဲ့ ခလောက်မြွေကိုတော့ ကြောက်သတဲ့လေ။ စာပေးစာယူလုပ်ကြကတည်းက သည်လူနှစ်ယောက် မတွေ့ဝံ့ကြလို့တဲ့ဆိုတာ သံချောင်းက တွက်ပြီးသားကိုး။ နေရဲတာပေါ့။ ခလောက်မြွေဆိုတာမျိုးကျတော့ သူ တွက်လို့မှ မရတာ။ ကြောက်မယ်ဆိုရင်လည်း ကြောက်မှာပေါ့လေ။ ဆရာတော်က-

'နင့်လိုလူကများ ခလောက်မြွေကြောက်ရသေးသလား သံချောင်းရဲ့'

ဆိုတော့ သံချောင်းက-

'တင်ပါ့ဘုရား၊ သူက အဆိပ်ပြင်းသတဲ့ ဘုရား' တဲ့။

အဲသည်နောက်တော့ ညဘက်ဆို သံချောင်းကို ဘယ်မှ လွှတ်လို့မရတော့ဘူး။ ဗီဒီယိုရုံလည်း မသွားတော့ဘူး။ ဒါပေမဲ့ နေ့လယ်နေ့ခင်းတော့ ခါတိုင်းလို ရွာထဲရပ်ထဲ လျှောက်သွားတုန်း။ မဟုတ်ကဟုတ်က ဇာတ်လမ်းတွေ ဆင်ပြောတုန်း။ လူတွေကလည်း သံချောင်းပြောတာကို နားထောင်နေကြတုန်း။

■

ခင်ခင်ထူး

အမှတ် ၁၄၅၊ ဒီဇင်ဘာလ၊ ၂၀၀၁ ခုနှစ်

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK

သွေးဆိုး

**ယဉ်ယဉ်နု၊ မန္တလေး၊**

လူပျိုပေါက်စ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက်ကတည်းက
သကြံန်လည်ပြီဆိုရင် ရေပက်ခံလို့ ချမ်းတာအကြောင်းပြပြီး
အရက်သောက်ကြတာ ဖက်ရှင်တစ်ခုလိုဖြစ်နေပြီ
သန်းထိုက်တို့ဆို ပုလင်းဆိုတာ ရိုးနေပြီ။ ကားပေါ်မှာ
ငါးဂါလံဝင်ပုံးနဲ့ တည်ပြီးတော့ကို သောက်ခဲ့လည်ခဲ့ကြတာ
ဒီတော့ မူးမူးရူးရူး အရိုင်ရန်သူထင်နေတာဆိုတော့
နည်းနည်းပါးပါး ထိမိငြိမိတာနဲ့တင်
ရန်ဖြစ်လိုက်ကြတာဆိုတာ တခြိမ်းခြိမ်း

mgyoe.com

mgyoe.com SAMPLE BOOK

# သွေးဆိုး

## ယဉ်ယဉ်နု၊ မန္တလေး၊

အနက်ရောင် ပိတ်စပေါ်မှာ အနီရဲရဲစာလုံးနဲ့ စက္ကူကပ်ထားတာ မဟုတ်ဘဲ စက်ကြီးပန်းထိုးထားတဲ့ Bad Blood သွေးဆိုးဆိုတဲ့ စာလုံးကြီးကို သန်းထိုက် အားရကျေနပ်စွာ ကြည့်နေတယ်။ ကြည်နူးနှစ်သိမ့်ရှိလိုက်တာ။ လောကကြီးမှာ ကိုယ်လုပ်ချင်တာလုပ်ရတဲ့ ပီတိထက် ကိုယ်လုပ်ချင်တာကို အပေါင်းအသင်းတွေက သဘောတူလက်ခံလို့ ရလာတဲ့ ပီတိက ပိုကြီးတယ်။ ခုပဲကြည့်လေ၊ တစ်သက်လုံးက လမ်းဘေးမှာ အုပ်စုဖွဲ့ ဂစ်တာတဒေါင်ဒေါင် သံသေးသံကြောင်အော်၊ ဖောက်ခွဲအော် ဟစ်ချင်တဲ့ ရင်ထဲက ဆန္ဒတွေကို အလိုလိုပေါက်ကွဲနေတဲ့ ဟဲဗီးသီချင်းတွေဟစ်၊ ဟိုလူက မေတ္တာပို့၊ ဒီလူ နှာခေါင်းရှုံ့တဲ့ကြားက သန်းထိုက်သူငယ်ချင်း မိုးဦးက လမ်းဘေးအဆင့်က တစ်ဆင့်တက်ဖို့ ကြိုးစားလာတယ်။

'သန်းထိုက် ငါတို့ Band လေးဖွဲ့ရအောင်ကွာ' တဲ့။ မိုးဦးမျက်နှာကို စေ့စေ့ပြန်ကြည့်ရင်း သန်းထိုက် ခေါင်းကိုအလုပ်ပေးလိုက်တယ်။ သူတို့သူငယ်ချင်း အုပ်စုထဲမှာ ကီးဘုတ်တီးတတ်တဲ့သူမရှိ။ ကီးဘုတ်သမားကတော့ ငှားရမယ်။ ဂစ်တာအားလုံး ကျွမ်းကျွမ်းကျင်ကျင် တီးနိုင်တဲ့ကောင်တွေချည်းပဲ။ ဒရမ်မာ ငပိန် ကို ထားလို့ရတယ်။ ဒီကောင်က ရိုက်ချက်ကောင်းတယ်။ သန်းထိုက် သွေးဖျင်းဖျင်း တိုးအောင် စိတ်ဝင်စားလာတယ်။

'ဖွဲ့မှာက ဟုတ်ပါပြီ။ ငါတို့ကို အထင်ကြီးတဲ့လူ ဘယ်သူရှိလို့လဲ။ စင် တွေ ဘာတွေနဲ့ ဆိုရ တီးရအောင် ဘယ်သူက ငှားမှာလဲ'

မိုးဦးက ကျွတ်ခနဲ စုတ်တစ်ချက် သပ်လိုက်တယ်။

mgyoe.com

'ဒါတွေ ငါ့တာဝန်ထားစမ်းပါကွာ။ ငါ့တို့ဇာတိ ရမည်းသင်းနားက အင်းဇင်းရွာမှာ ဒီနှစ် သင်္ကြန်ပွဲအတွက် မြို့တက်ပြီး တီးဝိုင်းငှားမယ်လို့ ဟိုနေ့က လာတဲ့ ငါ့ဘကြီးက ပြောသွားတယ်။ သင်္ကြန်လေးရက်လုံး ဆိုရတီးရမှာ။ ငါတို့ ကောင်တွေကလည်း သီချင်းအစုံရနေတာ။ ဒါနဲ့ ငါ စိတ်ကူးပေါ်လာတာ'

'ဖြစ်ပါ့မလား'

'ဘာကို မေးတာလဲဟ'

'ငါတို့ကောင်တွေအကြောင်း မင်း သိတယ်နော်။ အကုန်လုံး လက်မနိုင် ခြေမနိုင်တွေချည်းပဲ။ မင်း ထိန်းနိုင်ပါ့မလား'

'သူငယ်ချင်းတွေချည်းပဲဥစ္စာကွာ၊ နောက်ပြီး ရွာကလည်း ငါ့ဇာတိရွာပါကွ'

'ဒါဖြင့်လည်းပြီးရော ချကွာ ချ'

ဒီလိုနဲ့ စိတ်ကူးလေးတွေ အကောင်အထည်ဖော်၊ သူငယ်ချင်းတွေကြားမှာ ချပြ၊ ညှိနှိုင်းကြ၊ ငြင်းကြခုန်ကြနဲ့ တီးဝိုင်းတစ်ခု အကောင်အထည်ပေါ်လာတယ်။ ပြဿနာက တီးဝိုင်းနာမည်။ နာမည်က ဖတ်လိုက်ရင် ရင်ထဲ စွဲသွားတဲ့နာမည်မျိုး ဖြစ်ရမယ်။ သူများထက်လည်း ထူးခြားရမယ်။ တစ်ယောက်က တစ်မျိုးပြော၊ တစ်ယောက်က ပယ်ချလိုက်၊ တစ်ယောက် အဆိုတင်၊ တစ်ယောက်က ကန့်ကွက် လိုက်နဲ့ ဆူညံနေတဲ့ကြားထဲမှာ သန်းထိုက်က 'ဟေ့ကောင်တွေ ငါတော့ ဆွေးဆိုး ဆိုတဲ့ နာမည်ကို ရွေးထားတယ်' လို့လည်း ပြောလိုက်ရော ပွက်ပွက်ရိုက်ဆူညံသွား တော့တာပဲ။ ထောက်ခံတဲ့အသံတွေ မဟုတ်ဘူး။ ကန့်ကွက်တဲ့အသံတွေချည်းပဲ။ သူငယ်ချင်း ဆယ့်ငါးယောက်၊ ဆယ့်ခြောက်ယောက် အံမယ်လေး ဝိုင်းပြီး ကန့်ကွက် လိုက်ကြတာ သူ့ဘက်က တစ်ယောက်မှ မရှိဘူး။

'အံမာ မင်းတို့က မကြိုက်ရအောင် မင်းတို့ကရော ကောင်းလို့လား။ ပြောမရ ဆိုမရ အိမ်က လက်လန်တဲ့ဟာတွေ၊ အရက်ကလေးနည်းနည်းဝင်ရင် ဆွေးဆိုးချင်တဲ့ဟာတွေ၊ ထစ်ခနဲရှိ ရိုက်ချင်နှက်ချင်တဲ့ဟာတွေ။ ကဲ… ပြောစမ်း တို့လိုကောင်တွေနဲ့ ဒီနာမည်နဲ့ လိုက်သလား၊ မလိုက်ဘူးလား'

အကုန်လုံး ငြိမ်နေကြတယ်။ သိုက်စိုးက ဂစ်တာကို တဗျင်းဗျင်းနဲ့ ခတ်နေတယ်။ သန်းထိုက်က နောက်တစ်ခွန်း မေးတယ်။

'ဘယ်လိုလဲ ဘော်ဒါတို့'

'ကြိုက်တယ်' ဆိုတဲ့ အသံ နှစ်သံ၊ သုံးသံ ထွက်လာတယ်။ ဒါနဲ့ပဲ ဆွေးဆိုးဆိုတဲ့နာမည်က အတည်ဖြစ်သွားတယ်။ နောက်ဆုံးတော့ စင်မြင့်နောက်ခံပိတ်

mgyoe.com

ကား ဒီဇိုင်းတာဝန်က သန်းထိုက်ပေါ်မှာ ကျလာတယ်။ ဟုတ်တယ်လေ၊ လုပ်ရချင် လုပ်ရပါစေ အပေါင်းအသင်းတွေကြားမှာ ကိုယ့်စကား သူတို့လိုက်နာအောင် အကြံပေးနိုင်တာ သန်းထိုက်က ဆရာကြီးပေါ့။ အဲဒါ ပီတိပဲ။

'ကိုထိုက် ဘာတွေလုပ်နေတာလဲ'

ကြည့်လိုက်တော့ ညီဝမ်းကွဲ ငွေစိုး။ သူက သွေးဆိုးဆိုတဲ့ စာလုံးကြီးကို မျက်ခုံးရှုံ့ကြည့်ပြီးတော့ 'ကိုထိုက် နာမည်ကြီးကလည်း ကြောက်စရာကြီး၊ ကျွန်တော်ဆို နှင်းဆီဖြူလို့ ပေးမယ်'

ပြောပြောဆိုဆို ပိတ်စတွေပေါ် လှဲအိပ်ချလိုက်တယ်။

'အခြောက်နာမည်'

မကျေမနပ်နဲ့ သန်းထိုက်က ရေရွတ်တယ်။ ငွေစိုးက တဟားဟားရယ်နေတယ်။

'သွားကြ၊ သွားကြ ဒီနှစ်သင်္ကြန်တော့ ကိုထိုက်တို့အုပ်စု တောမှာသွားပြီး ငုပ်နေကြ၊ ကျွန်တော်တို့ကတော့ မန္တလေးသင်္ကြန်မှာ သောက်မယ်စားမယ်၊ ကမယ်ခုန်မယ်၊ မြူးထူးမယ်၊ ပျော်ပါးမယ်။ ကိုထိုက်တစ်ယောက်ကိုတော့ သနားလိုက်ပါဘိတော့တယ်'

သန်းထိုက် ငွေစိုးစကားတွေကို နားထောင်ရင်း ငွေစိုးရဲ့ လက်ဖျံကို အကြည့်တစ်ချက်ရောက်သွားတယ်။ သူ့လက်ဖျံမှာ လက်ဖုံနဲ့အပြည့် အနာရွတ်ကြီးရှိတယ်လေ။ တစ်နှစ်က သင်္ကြန်ပွဲမှာ မူးပြီး ကားချင်းငြိရာက ဟိုဘက်ကားပေါ်ကကောင်တွေနဲ့ ရိုက်ပွဲဖြစ်ကြတာ ထုံးစံအတိုင်း နှစ်တစ်လက်မတွေ၊ သံတုတ်တွေ၊ ပုလင်းခွံတွေ ပလူပျံသွားတော့တာပေါ့။ အဲဒီပွဲမှာ ငွေစိုးလက်ဖျံကို အရက်ပုလင်းပြတ်နဲ့ ဖြတ်မိရာက ရလာတဲ့ အမာရွတ်။

'မင်းလက်ကိုလည်း မင်း ပြန်ကြည့်ဦး၊ ငါလည်း မရှိဘူး။ သိပ်ကဲမနေနဲ့နော်။ ဆိုင်ကယ်နဲ့လည်း မလည်နဲ့ မှောက်ရင် မသက်သာဘူး'

'ဟာ… လုပ်မနေနဲ့။ သင်္ကြန်မှာ ဒီလိုအဖြစ်တွေ ရိုးနေပြီ။ မန္တလေးသင်္ကြန်က လွဲလို့ ဘယ်မှမသွားဘူး ကိုထိုက်တို့ပြန်လာရင် ပျင်းလိမ်နေတာပဲကွာ ဆိုတဲ့အသံ မကြားပါရစေနဲ့'

ပြောပြောပြေးပြေး ပြေးသွားလို့ သန်းထိုက် ငွေစိုးကို လိုက်ထိုးတာ မမီလိုက်တော့ဘူး။ ဒီလိုနဲ့ သင်္ကြန်အကြိုနေ့ ရောက်လာတယ်။ ဒိုင်နာကားတစ်စီးနဲ့ ငှားထားတဲ့ တီးဝိုင်းပစ္စည်းတွေတင်၊ သူငယ်ချင်းတွေ တစ်စုတစ်ဖွဲ့ကြီး ဆယ့်ခြောက်

mgyoe.com

mgyoe.com SAMPLE BOOK


ယောက်အုပ်စု မန္တလေးသင်္ကြန်ကို တာ့တာပြခဲ့ပြီး ရမည်းသင်းကို ထွက်ခဲ့ကြတယ်။ ရွာကလေးက ရမည်းသင်း ဟိုးဘက် ခပ်ဝေးဝေးမှာ အင်းဇင်းလို့ ခေါ်တယ်။ သန်းထိုက်တို့ကား ရွာထဲကိုဝင်လာကတည်းက နောက်က အုပ်စုလိုက်ကြီး ကလေးလူကြီးတွေ တဟေးဟေး အော်ဟစ်ပြီး ပြေးလိုက်လာကြတာ ပျော်စရာကြီး။ ဇော်ထက်က 'ဟာ ပွဲကားကျနေတာပဲဟေ့' လို့ အသံပြကြီးနဲ့ အော်နေတယ်။ တည်းမယ့်အိမ်ရှေ့လည်းရောက်ရော ဘယ်ကရောက်လာတဲ့ ကာလသား၊ ကာလသမီးတွေလည်း မသိဘူး။ သန်းထိုက်တို့ ကိုယ့်အထုပ်ကိုယ်တောင် မကိုင်လိုက်ရဘူး။ အိမ်ပေါ်ကို တန်းသယ်သွားကြတာ။ ရေနံသုတ်ထားတဲ့ အိမ်မည်းမည်းနှစ်ဆောင်ပြိုင်နှစ်ထပ်အိမ်ကြီး အပေါ်ထပ်တစ်ခုလုံး သန်းထိုက်တို့အဖွဲ့ကို ပေးထားတယ်။ အကျယ်ကြီးပဲ။ လူတစ်ဆယ့်ငါးယောက် မှောက်လှန်အိပ်ပါလေ့ဗျာ။ တစ်ရွာလုံးက ကြွက်စိကြွက်စိနဲ့ အိမ်ရှေ့မှာ လာကြည့်နေကြတာ သန်းထိုက်က အိမ်ပေါ်က မဆင်းဘဲ အိပ်ပျော်သွားတော့တယ်။ တဖြည်းဖြည်းနဲ့ ညနေစောင်းလာပြီ ထင်ပါရဲ့။ Hello Testing 1 2 3 4 အသံကြားမှ နိုးလာတယ်။

'သန်းထိုက် နိုးပြီလား။ ငါတို့ကောင်တွေ တချို့ ထမင်းစားပြီးကြပြီ ဒီမယ် အိမ်ရှင် ဘကြီးဖြိုးက ထမင်းဝိုင်းကြီးနဲ့ စောင့်နေတယ်' ခေါင်းကြီးက လာခေါ်လို့ သန်းထိုက် မျက်နှာသစ်ပြီး ထမင်းဝိုင်း ဝင်ထိုင်လိုက်တယ်။ ဟင်းတွေကိုလည်း ကြည့်မိရော သန်းထိုက် ရွှံ့သွားတော့တယ်။ ကြည့်ဦးလေ ဟင်းက ခရမ်းချဉ်သီး ငရုတ်သီးချက်တဲ့။ အဲဒီမှာ ရမည်းသင်းသားတွေ ငရုတ်သီး တကယ်စားတယ်ဆိုတာ ယုံသွားတော့တယ်။ ဟင်းပန်းကန်နဲ့အပြည့် ငရုတ်သီးအဖတ်လိုက်။ အစပ်ကြောက်တဲ့ သန်းထိုက် ဘယ်လိုစားရပါ့မလဲ။ နောက်တစ်ခွက်က မန်ကျည်းရွက်သုတ်တဲ့။ ဒါကတော့ တစ်ရွာလုံးက မန်ကျည်းပင်တွေ ဝိုင်းနေတဲ့ညစ္စာ။ သင်္ကြန်ဆိုတော့ ကောင်းကောင်းနုနေတဲ့အချိန်ပေါ့။ နောက်တစ်ခွက်က တို့ဟူးချိုးသုပ်တဲ့။ အဲဒါလည်း ငရုတ်သီးတွေနဲ့ရဲလို့ပဲ။ တို့ဟူးချိုးဆိုတာက သူတို့အင်းဇင်းတစ်ရွာလုံးက စီးပွားရေးလုပ်ငန်းအနေနဲ့ တို့ဟူးကျိုကြတာလေ။ အဲဒီကရတဲ့ တို့ဟူးချိုးပေါ့။ ဟင်းက ဒါပဲ။ ဒါပေမဲ့ ဟိုအိမ်သည်အိမ်က ဧည့်သည်လာနေလို့ဆိုပြီး ဟင်းခွက်တွေပို့လိုက်ကြတာ မနည်းဘူး။ ဆိတ်သားငရုတ်သီးချက်တဲ့၊ ငါးငရုတ်သီးချက်တဲ့။ ငရုတ်သီးက စပ်လိုက်၊ သူငယ်ချင်းတွေက အကုန်လုံးလည်း မျက်ရည်တဝဲဝဲ၊ နှာရည်တရွှဲရွှဲဖြစ်ကုန်ကြပြီ။ ဒါပေမဲ့ သန်းထိုက် ထမင်းစားလို့ကောင်းလိုက်တာ။ ဘယ်လိုဝင်သွားမှန်း မသိဘူး။ မစားနိုင်ရင်ငတ်မှာလို့ တွေးမိလို့နဲ့ တူပါရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK


အချိန်တန်တော့ တီးဝိုင်းဘက်ကို ထွက်ခဲ့ကြတယ်။ ယူနီဖောင်းတော့ မပါဘူး။ ကိုယ်ကြိုက်တာ ကိုယ်ဝတ်ပဲ။ အကြိုနဲ့အကြိုနေ့ည မိုးသက်လေလေး အေးအေးနဲ့ အရမ်း Feel ပဲ။ သန်းထိုက်ရင်ထဲမှာ ပထမဆုံး ကိုယ့်တီးဝိုင်းစစ်စစ်နဲ့ ကိုယ်ဆိုတီးရမယ့်အရေးကို တွေးပြီး ရင်ခုန်နေတယ်။ ခေါင်းကြီးကတော့ ရဲဆေးဆိုပြီး ပုလင်းပြားလေး ခါးကြားထိုးယူလာတယ်။ ဟိုကျမှသောက်မယ်ပေါ့လေ။ စင်ကို သန်းထိုက်ကြည့်မိတော့ အားရလိုက်တာ။ သွေးဆိုးဆိုတဲ့ စာလုံးကြီးနဲ့ မီးတွေကလည်း ထိန်လို့ မီးစက်မောင်းပေးထားကြတာ။ စင်ရှေ့မှာလည်း ပွဲကြည့်ပရိသတ်တွေက အပြည့်။ အားလုံးရင်ခုန်နေကြတာ သေချာတယ်။ အားရပါးရ ပွဲဦးမှာ ဆိုလိုက်တီး လိုက်မယ်ဟဲ့ဆိုတဲ့ စိတ်ကအပြည့်။ ဒီလိုနဲ့ မိုးဦးရယ်၊ ဇော်ထက်ရယ်၊ ထွန်းထွန်းလင်း ရယ် ဂစ်တာကိုင်ပြီးပြီ။ ကီးဘုတ်သမားကလည်း အသံစမ်းနေပြီ။ သန်းထိုက်တို့ ဆိုမည့်သူတွေကလည်း အဆင်သင့်။ အဲဒီအချိန်မှာ မိုးသက်လေက တသုန်သုန် တိုက်လာတယ်။ သွေးဆိုး ဆိုတဲ့ လိုက်ကာကြီးက တလွင့်လွင့်၊ ဓာတ်ကြိုးတွေက လည်း လှုပ်ခါလို့။ ဝိုင်းခေါင်းဆောင် မိုးဦးက တိုးတိုးလေး 'ခဏစောင့်ကြရအောင် ကွာ' လို့ ပြောတုန်းရှိသေး၊ လေပြင်းတစ်ချက်က ဝုန်းခနဲ ဝှေ့လိုက်တာ မတ်တတ်ရပ် ဆောင်းဘောက်ကြီးပေါ်မှာ တင်ထားတဲ့ ကန်တော့ပွဲကြီးက ဝုန်းဆို ပြုတ်ကျသွား တယ်။ ငှက်ပျောသီးတွေကလည်း ကျိုးကြေလို့။ အုန်းသီးကြီးကလည်း အညှာကျွတ် တယ်။ သန်းထိုက်တို့ ကြောင်ကြည့်နေကြတုန်း လေပြင်းက ဆင့်ဆင့်တိုက်လိုက်တာ လိုက်ကာကြိုးတွေပြတ်ပြီး သွေးဆိုးဆိုတဲ့ စာလုံးကြီးလည်း ဘယ်ရောက်သွားမှန်း မသိဘူး။ တီးဝိုင်းပစ္စည်းတွေ ဘယ်သူတွေက သိမ်းလို့ ဘယ်သူတွေ အုပ်ဆိုင်းကြ တယ် မသိဘူး။ လေပြင်းနောက်က ဆင့်ပါလာတဲ့ မိုးသီးမိုးပေါက်တွေအောက်မှာ အံမယ်လေး ကြောက်ပါပြီဗျလို့ အော်တဲ့လူက အသံပြဲကြီးနဲ့ အော်လို့၊ တည်းတဲ့အိမ် ဘက်ကို သန်းထိုက်တို့ အလဲအကွဲပြေးကြတော့တာပဲ။ ည ဆယ်နာရီ၊ ဆယ့်တစ်နာရီ လောက်ထိ မတိတ်ဘဲ တအုန်းအုန်းရွာနေတဲ့ မိုးသံကို နားထောင်ရင်း အကုန် အတုံးအရုံးအိပ်ပျော်ကုန်ကြတယ်။

နောက်တစ်နေ့ သင်္ကြန်အကျနေ့လေ။ ဒီနေ့မနက်ကျတော့ နေက ကျဲကျဲ ကြီးကိုပူလို့။ ရွာလယ်လမ်းမပေါ်မှာ ကလေးတချို့ ရေကစားနေတာကလွဲလို့ ရေပက် တဲ့လူလည်း မရှိဘူး။

'ပျင်းလိုက်တာကွာ၊ ခြောက်ကပ်နေတာပဲ။ ဟော့ကောင်တွေ ဒီအချိန်ဆို ငွေစိုးတို့ ကောင်းကောင်းကဲနေရောပေါ့' လို့ မိုးဦးက ပြောတာနဲ့ သန်းထိုက် ညီကို

mgyoe.com

mgyoe.com SAMPLE BOOK


သတိရလိုက်သေးတယ်။ ဒါပေမဲ့ ခဏပါပဲ။ မနေ့ညက ပွဲဦးကျိုးခဲ့ပေမဲ့ ဒီနေ့မနက် ပွဲက ရှိသေးတယ်လေ။ မနက် ဆယ်နာရီလောက်မှာ ဆိုကြတီးကြမယ်လို့ လူစုကြပြန် ပြီ။ သန်းထိုက်က တထိတ်ထိတ်နဲ့ မိုးများရွာဦးမလားလို့ ပူနေတာ။ ဒါပေမဲ့ နေကျဲကျဲပူတာက ပျောက်မသွားဘူး။ တီးဝိုင်းက အင်ထရိလည်းဝင်ပြီးပြီ၊ မိတ်လည်း ဆက်ပြီးပြီ၊ အစီအစဉ်လည်း ကြေညာပြီးပြီ။ ရဲဆေးတင်ပြီးတဲ့ ခေါင်းကြီးကလည်း မိုက်ကရိုဖုန်းကို အိုက်တင်နဲ့ ကိုင်ပြီး ဇော်ဝင်းထွဋ်ရဲ့ *ဖြူနီပြာဝါ* သီချင်းကို စ,ဆိုမယ်လို့ *'အဖြူကတစ်မျိုး... အနီကတစ်မျိုး...'* နှစ်ခွန်းပဲ ဆိုရသေးတယ်။ 'အံမယ်လေး သားလေးရဲ့၊ အမေ့ကို ပစ်သွားပြီပေါ့' လို့ ဟစ်ငိုလိုက်တဲ့အသံကြီးက တီးဝိုင်းထဲကို တိုးဝင်လာတယ်။ အကုန်လုံးခေါင်းနားပန်းကြီးသွားကြတယ်။ ခေါင်း ကြီးခမျာလည်း မျက်နှာငယ်လေးနဲ့ရပ်လို့၊ တီးဝိုင်းကလည်း လန့်ပြီး ရပ်သွားတယ်။ ကြည့်လိုက်တော့ ရွာလယ်လမ်းမှာ အသုဘချလာတာ အသုဘရှင်ကလည်း အားရပါးရ ဟစ်ဟစ်ပြီးငိုလိုက်တာ။ တီးဝိုင်းရှေ့က လူတစ်ဝက်လောက် အသုဘနောက်ပါသွား တယ်။ ကလေးတွေနဲ့ မသိတတ်တဲ့လူတွေလောက်ပဲ ကျန်ခဲ့တာ။ စင်ရှေ့မှာ လူက ချက်ချင်းကျဲသွားတော့ သန်းထိုက်တို့တစ်တွေ မျက်နှာငယ်လေးတွေနဲ့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိကြတယ်။ သန်းထိုက်ကတော့ မနေ့က လေထဲလွင့်ပါ သွားတာကို ရွာထဲကကောက်ပြီး ဖွတ်လျှော်ပေးထားလို့ သစ်လွင်နေတဲ့ သွေးဆိုးကြီးကို မျက်စောင်းထိုးကြည့်မိတယ်။ ဒီနာမည်ကြီးကြောင့်များ ဒီလိုဖြစ်နေတာလားပေါ့။ ဒါပေမဲ့ လူငယ်ပဲ ကိုယ်ကြိုက်လို့ ရွေးတာပဲ။ ဘယ်အလျှော့ပေးပါ့မလဲ။ အသုဘ တော်တော်လွန်သွားတော့မှပဲ ခေါင်းကြီးလည်း အဖြူအနီ ဆက်ဆိုရတော့တယ်။ သီချင်းဆိုရတော့လည်း တီးဝိုင်းထဲမှာ ဈာန်ဝင်သွားပြီး အကုန်လုံးမေ့သွားတော့တယ်။ အဲဒီနေ့က နေ့လယ်နှစ်နာရီလောက်ကျမှ တီးဝိုင်းသိမ်းကြတယ်။ ပျော်လိုက်ကြတာ အလွန်ပဲပေါ့။ သွေးဆိုးက လမိုင်းကပ်သွားပြီလေ။

အကျနေ့ညက တစ်ပွဲဆိုပြီး တီးဝိုင်းသိမ်းတော့ ဆယ့်တစ်နာရီလောက် ရှိနေပြီ။ ဘာမှ အနှောင့်အယှက်မဖြစ်ဘူး။ ပျော်လိုက်ကြတာ။ ရွာက ဆိုတတ် တီးတတ်တဲ့ ကာလသားတွေကလည်း ဆိုချင်တယ်လာပြောတာနဲ့ တီးဝိုင်းအဖွဲ့သား တွေနဲ့ တစ်လှည့်စီ ဆိုကြတယ်။ တင်စိုး၊ သန်းဇော်၊ ဝင်းအောင် ဆိုတဲ့ ရွာသားတွေက လည်း အဆိုကောင်းပဲ။ ရွာသူကောင်မလေးတွေကလည်း က,လို့ရတဲ့ သီချင်းကျရင် ဝင်က,ကြတယ်။ တစ်ရွာလုံးနဲ့ သန်းထိုက်တို့ တစ်ပြေးညီ စီးမျောသွားပြီလို့ ပြောလို့ရ တယ်။ ပွဲသိမ်းလာတော့ ညလည်းနက်၊ ပင်လည်းပင်ပန်းနေတာနဲ့မို့ ကုလားသေ

mgyoe.com

mgyoe.com
SAMPLE BOOK


ကုလားမော အိပ်ပျော်သွားလိုက်ကြတာ 'ဖွမ်း… ဖွမ်း' ဆိုတဲ့ အသံတွေကြားတော့ သန်းထိုက် မှေးမှေးမှေးမှေးနဲ့ ဘာဖြစ်တာပါလိမ့်၊ ဘာသံတွေပါလိမ့်လို့ စဉ်းစားနေတုန်း နောက်ထပ် 'ဖွမ်း' ဆိုတဲ့ အသံကြီးနဲ့ ရေလုံးကြီးပါ ကိုယ်ပေါ်ကို ဝုန်းခနဲ ကျလာလို့ အံမယ်လေးဗျလို့ လန့်အော်ပြီး အိပ်ရာက အလန့်တကြား ထ,လိုက်တယ်။ ဘာဖြစ်တာပါလိမ့်လို့ ကြည့်လိုက်တော့ ယောဇ်ဗျာ ကိုယ့်ကောင်တွေအားလုံး ငုတ်တုတ်လေးတွေထိုင်လို့၊ ကြွက်စုပ်ရေမွှန်းထားတဲ့ မျက်နှာလေးတွေနဲ့။ အိပ်ရာတွေလည်း ရွှဲရွှဲစိုလို့။ အံမယ်လေး ရေပုံးကိုင်ထားကြတဲ့ အပျိုလေးတွေ၊ အပျိုကြီးတွေ မိန်းမတွေချည်းပဲ။ တဟေးဟေး တဟားဟား ပျော်လို့။ သန်းထိုက်တို့ကို အိပ်နေတဲ့အချိန်မှ ပြတင်းပေါက်က လှေကားထောင်တက်ပြီး ရေလာလောင်းကြတာ။ အဲဒါ သူတို့ရွာရဲ့ ဓလေ့တဲ့။ စိုရွှဲကုန်တဲ့ အိပ်ရာတွေနဲ့ လူတွေ သန်းထိုက်တို့လည်း ဘယ်လိုအိပ်ရမှန်း မသိဘူး။ ဘယ်သူကမှလည်း စိတ်ဆိုးတဲ့ ထုံးစံမရှိဘူးဆိုလို့ သန်းထိုက်တို့လည်း စိတ်မဆိုးရဲကြဘူး။ အဝတ်အစားတွေလဲပြီး ထိန်သာနေတဲ့ လမင်းကြီးအလင်းရောင်နဲ့ ရွာထဲကို စပ်စုကြည့်လိုက်တော့ ဟိုအိမ် ဒီအိမ်တွေမှာ လှေကားတွေထောင်လို့ ရေပုံးသယ်တဲ့သူနဲ့၊ အိမ်ပေါ်တက်ပြီး ရေလောင်းတဲ့သူနဲ့ အိုကေနေလိုက်ကြတာ။ ဒါကြောင့်မို့ နေ့လယ်မှာ ရေလောင်းတဲ့သူ မတွေ့တာကိုး။ သူတို့ဓလေ့က ညကျမှ လောင်းကြတာ။ တစ်ရွာလုံးကို အုန်းအုန်းထ ဆူညံနေတာပဲ။ ဟိုအိမ်မှာ ဖွမ်းခနဲ၊ ဒီအိမ်မှာ ဖွမ်းခနဲ။ သန်းထိုက်တို့လည်း ပျော်လာပြီး သူတို့နဲ့ အတူလိုက်ပြီး ရေလောင်းကြတာ။ အတွေ့အကြုံသစ်မို့ အကုန်လုံး တစ်ညလုံး မအိပ်ရလည်း ပင်ပန်းတယ်မထင်ကြဘူး။ မနက်ပိုင်း သီချင်းဆိုပြီးမှ နေ့လယ်ခင်းကို အိပ်ကြမယ်လို့ တိုင်ပင်ထားရင်း အကြတ်နေ့ကို ကူးခဲ့တယ်။ အကြတ်နေ့ မနက်ပိုင်း သီချင်းဆိုပြီးတော့ ရွာလယ်က အိမ်တစ်အိမ်က ထမင်းစားလာခေါ်တယ်။ ခင်လည်းခင်၊ ပျော်လည်းပျော်နေကြလို့ တအုန်းအုန်းလိုက်သွားကြရင်း ငယ်နိုက ပါးစပ်ဆော့ပြီး ဘာဟင်းတုံးဗျို့လို့ မေးလိုက်တယ်။ ထမင်းစားလာခေါ်တဲ့ ကောင်မလေးက တောင်ကိုင်းသားတဲ့။ သန်းထိုက်တို့လည်း ဘာပါလိမ့်ပေါ့။ အသားဟင်းကလည်း မစားရတာကြာနေတော့ တောင်ကိုင်းသားဆို ဘာဖြစ်ဖြစ်စားမဟဲ့။ ဖွတ်ဖြစ်ဖြစ်၊ ပဒတ်ဖြစ်ဖြစ်ဆိုပြီး မောင်းတင်ပြီးသွားကြတာ ဟိုကျတော့ ထမင်းဝိုင်းကိုကြည့်ပြီး မျက်နှာလေးတွေ ငယ်သွားကြတယ်။ မန်ကျည်းရွက်စပ်ချဉ်ချက်ဟင်းပန်းကန်က သန်းထိုက်တို့ကို ပြောင်စပ်စပ် မျက်နှာပေးနဲ့ ကြည့်နေတယ်။ ထမင်းစားလာခေါ်တဲ့ ကောင်မလေးက တဟီးဟီးနဲ့ရယ်ရင်း အိမ်ရှေ့က လူကြီးတစ်ဖက်စာလောက် မန်ကျည်းပင်ကြီးကို လက်ညှိုးထိုးပြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'အဲဒီအပင်ကြီးရဲ့ တောင်ဘက်ကိုင်းက ခူးထားတာ၊ မြောက်ဘက်ကိုင်းကခူးရင် မြောက်ကိုင်းသားဗျ' လို့ ရှင်းပြတယ်။ အဲဒီတော့ သန်းထိုက်တို့လည်း တောင်ကိုင်းသားဟင်းနဲ့ အဝတွယ်လိုက်ကြတော့တာပေါ့။

ထမင်းစားပြီးလို့ ရေနွေးကြမ်းသောက်ပြီး ထ,လာတဲ့ သန်းထိုက်တို့အုပ်စုနားကို ထောင်ထောင်မောင်းမောင်း သန်သန်မာမာ မိန်းမတွေချည်းပဲ လက်ကလေးတွေ နောက်ပစ်လို့ ကပ်လာကြတယ်။ ညကြီးမင်းကြီး ရေလာပက်ကတည်းက သန်းထိုက်တို့က လန့်နေပြီးသား။ နောက်ပစ်ထားတဲ့လက်ကလေးတွေ ရှေ့ထုတ်လိုက်တဲ့အခါ လားလား အိုးမဲသုတ်ကြမှာ။ ခြေထောက်ကိုစက်တပ်ပြီး သန်းထိုက်တို့အုပ်စု ခြေဦးတည့်ရာပြေးကြရတာပေါ့။ ဒါပေမဲ့ သူတို့ရွာမဟုတ်လား။ အိမ်ကြားထဲက ထွက်လိုက်၊ ခွေးတိုးပေါက်ကတိုးလိုက်၊ လိုက်ဟ ဖမ်းဟ ဆိုတဲ့ အသံတွေနဲ့ ဆူညံနေတာပဲ။ သန်းထိုက်က မီရာ မန်ကျည်းပင်ပေါ်တက်ပြေးတယ်။ တော်တော်မြင့်မြင့်ထိ ရောက်ပြီဆိုပြီး ငုံ့ကြည့်လိုက်တော့ အောက်က မိန်းမကြီးတွေက ထဘီခါးတောင်းကြိုက်ပြီး လိုက်တက်လာကြတယ်။ ဟဲ့ကောင်လေး ဆင်းခဲ့၊ မဆင်းရင် ညနေထိ စောင့်နေမှာလို့လည်း အော်ကြသေးတယ်။ အပင်အောက်က ဝိုင်းအုံပြီး မဆင်းမချင်း စောင့်နေမှာဆိုတော့ လက်နက်ချပြီး ဆင်းရတာပေါ့။ သုတ်ပြီးတော့လည်း ကျေနပ်သွားကြတာပါပဲ။ သန်းထိုက်တို့အုပ်စုထဲက သိုက်ဖိုးကတော့ ရွာမြောက်ပေါက်က ထွက်ပြေးပြီး ရန်ကုန်၊ မန္တလေးကားလမ်းဘေးက ကုက္ကိုပင် တက်ပြေးလို့ လွတ်သွားတယ်။ မဆင်းရဲလို့ မိုးစုပ်စုပ်ချုပ်မှ ပြန်ရောက်လာတယ်။ သန်းထိုက်တို့ တစ်ဖွဲ့လုံး မျက်နှာ ထပ်တလဲလဲ သစ်ရလို့ ဆပ်ပြာတော်တော် ကုန်သွားကြတယ်။

ဒီလိုနဲ့ အတက်နေ့ည နှုတ်ဆက်ပွဲရောက်လာကြတယ်။ သန်းထိုက်တို့ ရွာကိုလာကတည်းက အရက်ပုလင်းတွေ ကိုယ်စီပါလာခဲ့ကြပြီးသား။ ဒါပေမဲ့ ရွာထဲမှာ ဆိုလိုက်တီးလိုက် ရေပက်လိုက်နဲ့ အချိန်ကုန်သွားတာ ပွဲဦးနေ့က ခေါင်းကြီးရဲ့ဆေးတင်တာလောက်သာ ကုန်သေးတာ။ အရက်တွေက ဒီအတိုင်း။ နောက်ပြီး သင်္ကြန်အတက်နေ့သာ ရောက်လာတယ်၊ ရွာထဲမှာ မူးတဲ့ရူးတဲ့သူဆိုလို့ လုံးဝမတွေ့ရသလောက်ပဲမို့ သန်းထိုက်တို့လည်း ကိုယ့်ဟာကို မေ့နေကြတယ်။ ဒီနေ့တော့ နောက်ဆုံးနေ့မို့ဆိုပြီး ဇော်ထိုက်က သတိပေးတာနဲ့ အကုန်လုံး နည်းနည်းပါးပါး သောက်ကြတာပေါ့။ ဒါလည်း လစ်မစ်အများကြီး လျှော့ထားတာ။ ဆိုလို့ တီးလို့ကောင်းရုံပဲ။ ရွာထဲက ကောင်မလေးတွေကလည်း သန်းထိုက်တို့ သင်္ကြန်သီချင်းဆိုပြီ ဆိုရင် ဝင်က,ကြတယ်။ အတက်နေ့ညမို့ အရှိန်ရပြီး တပျော်တပါး ဖြစ်နေတဲ့အချိန်

mgyoe.com

mgyoe.com
SAMPLE BOOK


ရွာထဲက တချို့ ကာလသားတွေကလည်း ဝင်ဆိုကြတယ်။ အဲဒီအချိန်မှာ ပုဂ္ဂိုလ်တစ်ယောက် တက်လာတယ်။ သူ့ကိုကြည့်လိုက်ကတည်းက ကိုယ့်လူ တော်တော်မူးနေပြီဆိုတာ သိသာတယ်။ သူက သီချင်းဆိုချင်တယ်ဆိုတာနဲ့ ဝိုင်းခေါင်းဆောင်နဲ့ ညှိပေးလိုက်တယ်။ သူ ဆိုမှာကလည်း *သကြြန်မိုး* တဲ့။ တီးလုံးလည်း စ,ဝင်ရော ဝိုင်းဘေးမှာ ထိုင်နေတဲ့ကောင်မလေးတွေကို ဝင်က,ကြလို့ ခေါ်တယ်။ ကောင်မလေးတွေက လက်ခါပြတယ်။ အဲဒါနဲ့ အဲဒီလူက သီချင်းတန်းလန်းကြီးနဲ့ ရပ်ပစ်လိုက်တယ်။ အောက်ကပရိသတ်တွေ ဆူဆူညံညံဖြစ်သွားတယ်။ သူက ဝိုင်းခေါင်းဆောင်နား တိုးသွားပြီး *နှစ်သစ်ချစ်ဦး* ဆိုမယ်ဗျာလို့ ပြောပြန်တယ်။ သန်းထိုက် သိတယ်။ မိုးဦး တော်တော် စိတ်ဆိုးနေပြီ။ မျက်နှာကို နီရဲနေတာပဲ။ ဒါပေမဲ့ *နှစ်သစ်ချစ်ဦး* အတောကလေးဝင်ပေးတယ်။ ဟိုပုဂ္ဂိုလ်က ကောင်မလေးတွေ က,ကြလို့ လှည့်ပြောပြန်ရော။ ကောင်မလေးတွေက မက,ဘူး၊ မက,ဘူးလို့ ဝိုင်းအော်ကြတယ်။ အဲဒီလူက သီချင်းကို ရပ်ပစ်လိုက်ပြန်ရော။ ပရိသတ်တွေလည်း ဆူဆူညံညံ ပိုဖြစ်လာတယ်။ မိုးဦးက အစ်ကိုကြီး မူးနေရင်လည်း မဆိုပါနဲ့တော့ဗျာလို့ စိတ်မရှည်တဲ့လေသံနဲ့ အပြော၊ ဟိုလူက ငါ့ကိုမူးတယ်လို့ ပြောတာလားကွ ဆိုပြီး မိုးဦးကို ထိုးပါလေရော။ ဒါပေမဲ့ သူက မူးနေတဲ့လူ မဟုတ်လား။ မိုးဦးကို မထိုးမိဘူး။ သန်းထိုက်တို့ သူငယ်ချင်းအားလုံးကလည်း နဂိုကတည်းကမှ သွေးက ခပ်ဆိုးဆိုးဥစ္စာ။ ဝုန်းခနဲ ဟိုလူကို ဝိုင်းထိုးကြတော့မလို့။ သူများရွာဆိုတာလည်း မေ့သွားတယ်။ ဒါပေမဲ့ သန်းထိုက်တို့ မထိုးဖြစ်လိုက်ဘူး။ ကောင်မလေးတွေက ဝိုင်းဆွဲထားကြတယ်။

'အရီးရေ… အရီးသားကို လုပ်ဦး'

'ဒေါ်ကြီးရေ… ဒေါ်ကြီးတူက ဆိုးချက်တော်'

အော်သံတွေလည်း ဆူညံသွားတာပဲ။ မိန်းမကြီး လေး၊ ငါးယောက် စင်ပေါ်တက်လာပြီး ဟိုလူကို ဝိုင်းဆွဲချသွားကြတယ်။ ပွဲခင်းလည်း ရုတ်ရုတ်သဲသဲ ဆူဆူညံညံဖြစ်၊ ပြေးတဲ့လူကပြေး၊ အော်တဲ့လူကအော်။ က,တဲ့ကောင်မလေးတွေကလည်း ပြန်,ဆိုတော့ သန်းထိုက်တို့လည်း ပွဲသိမ်းလိုက်ကြတော့တယ်။ မကျေမနပ် ဆူဆူညံညံနဲ့ ပြန်လာတဲ့ သန်းထိုက်တို့ဆီက အကျိုးအကြောင်းလည်း သိရော အိမ်ရှင် ဘကြီးဖြိုးက ဒေါသူပုန်ထ,တော့တာပဲ။

'အံမာ မိသိန်းသားက ညွှဲသည်တွေကို ရိုင်းလို့၊ ငါ့အကြောင်း သိရမယ်ကွ' နံရံမှာ ချိတ်ထားတဲ့ ငက်ကြီးတောင်ဓားကို ဖြုတ်ပြီး အိမ်ပေါ်က လွှားခနဲ ဆင်းသွားတာနဲ့ သန်းထိုက်တို့အုပ်စုလည်း နောက်က ကောက်ကောက်ပါအောင်

mgyoe.com

mgyoe.com
SAMPLE BOOK


လိုက်သွားကြတော့တာပေါ့။ ရွာအနောက်ပိုင်းက အိမ်မည်းမည်းကြီးရှေ့မှာ ရပ်ပြီး ကြိမ်းလိုက် မောင်းလိုက်တာလေ။ လူတွေကလည်း အံ့ခဲလို့ ဝိုင်းကြည့်နေကြတာ။ အိမ်ကြီးကတော့ မှောင်မည်းလို့ တုတ်တုတ်မှမလှုပ်ကြဘူး။ ဘကြီးဖြိုးကတော့ အသံတောင် ပြာနေပြီ။

'ဟေ့ ရွာကိုလာတဲ့ ညည့်သည်ကို နှောင့်ယှက်တာ အိမ်ရှင် မဟုတ်ဘူးကွ။ ငါ ရှက်တယ်ဟေ့'

'ဟေ့ သင်္ကြန်ဆိုတာ မူးဖို့၊ ရူးဖို့၊ ရန်ဖြစ်ဖို့ အချိန်မဟုတ်ဘူးဟေ့'

ဒီစကားကြားတော့ သန်းထိုက်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်ကြတယ်။ ဘကြီးကတော့ အော်တုန်း။

'သင်္ကြန်ဆိုတာ ပျော်ဖို့ပါးဖို့ဆိုရင်လည်း သူများကို မထိခိုက်ရဘူးကွ၊ ရွာနာတယ်ဟေ့'

ဓားနှောင့်နဲ့ မြေကြီးကို ဆောင့်လိုက်ပြန်တယ်။

'သင်္ကြန်ဆိုတာ ကုသိုလ်ပြုရတဲ့ အချိန်ကွ။ ကုသိုလ်မလုပ်တဲ့နဲ့ အကုသိုလ်ပဲ စဉ်းစားပြီး လုပ်နေတဲ့အကောင်'

သန်းထိုက်တို့လည်း အော်ဟစ်နေတဲ့ ဘကြီးကို မနည်းတောင်းပန်ပြီး အိမ်ပြန်ခေါ်လာခဲ့ရတယ်။ ရွာသင်္ကြန်ကတော့ ဖရိုဖရဲနဲ့ တက်သွားခဲ့ပြီ။ အဲဒီနေ့ည အိပ်ရာဝင်ကြတော့ အကုန်လုံး မျက်နှာတွေက ရှုံ့မဲ့လို့ သန်းထိုက်နဲ့ သူတို့နဲ့ အတွေးတွေ အတူတူပါပဲ။ ဘကြီးဖြိုးစကားက သူတို့ကိုလည်း တည့်တည့်ထိတာပဲ။ သန်းထိုက် စဉ်းစားကြည့်မိတယ်။ လူပျိုပေါက်စ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက် ကတည်းက သင်္ကြန်လည်ပြီဆိုရင် ရေပက်ခံလို့ ချမ်းတာအကြောင်းပြပြီး အရက်သောက်ကြတာ ဖက်ရှင်တစ်ခုလိုဖြစ်နေပြီ။ သန်းထိုက်တို့ဆို ပုလင်းဆိုတာ ရိုးနေပြီ။ ကားပေါ်မှာ ငါးဂါလံဝင်ပုံးနဲ့ တည်ပြီးတော့ကို သောက်ခဲ့လည်ခဲ့ကြတာ။ ဒီတော့ မူးမူးရူးရူးနဲ့ အရိပ်ရန်သူထင်နေတာဆိုတော့ နည်းနည်းပါးပါး ထိမိငြိမိတာနဲ့တင် ရန်ဖြစ်လိုက်ကြတာဆိုတာ တခြိမ်းခြိမ်း။ အေးလေ သန်းထိုက်တို့ ရန်ဖြစ်တာကို ဘကြီးဖြိုးလို အုပ်ထိန်းမယ့်လူ တစ်ယောက်မှ မရှိတာဘဲ ဖြစ်ကောင်းဖြစ်မှာပေါ့။ အတွေးတွေ ပလုံစီနေတာနဲ့ မနက်ကားလာကြိုမှ သန်းထိုက်တို့ နိုးတော့တယ်။ ပစ္စည်းတွေတင်ပြီး အပြန်ခရီးစ,ခဲ့ကြတော့တယ်။ လာကြိုတဲ့ ဒိုင်နာကားပေါ်မှာလည်း ခွေခေါက်အိပ်ပြီး ပါလာလိုက်ကြတာ ကားရပ်သွားတော့မှ ဘာဖြစ်တာလဲဆိုပြီး မျက်လုံးဖွင့်ပြီး ကြည့်လိုက်ကြတယ်။ ဟံမြင့်မိုရ်ရွာနားကို ရောက်နေပြီ။ မိုးဦးနဲ့

mgyoe.com

mgyoe.com SAMPLE BOOK


ကားဆရာတို့ စကားပြောနေကြတယ်။

'ဒီနေ့ နှစ်ဆန်း တစ်ရက်နေ့မို့ ကားရှားလို့ပါတဲ့ ဆရာ၊ ဆရာတို့ ခွင့်ပြုရင် ခေါ်တင်ခဲ့ချင်လို့'

'ဟာ… တင်ပါ တင်ပါ၊ ဘာဖြစ်လဲ'

လမ်းဘေးက ဖက်စိမ်းအုပ်ထားတဲ့ ကွမ်းခြင်းအသေးလေးတွေနဲ့ ထည့်ထားတဲ့ ဖွန်ပန်းခြင်းကလေးတွေ ကားပေါ်ရောက်လာတယ်။ သန်းထိုက်တို့ ခရီးဆောင်အိတ်တွေ ရွှေ့ပေးရတယ်။ ပန်းသည်ဦးလေးကြီးက သန်းထိုက်နားမှာ အိခနဲ ထိုင်ချရင်း ကွမ်းဝါးထားတဲ့ ပါးစပ်ကြီးနဲ့ ရယ်ပြနေတာနဲ့ သန်းထိုက် ပြန်ပြုံးပြလိုက်ရတယ်။ ကျောက်ဆည်မှာ တစ်ခါ ကားရပ်သွားပြန်ရော။ ဒရိုင်ဘာက စပ်ဖြဲဖြဲနဲ့ ပြုံးနေပြန်ပြီ။ သူ ဘေးပေါက်ရှာတာကလည်း လွန်လွန်းတယ်။ ဒီတစ်ခါတော့ ခရီးသည်တွေက အုပ်စုလိုက်ကြီး။ တချို့က ဦးထုပ်ဆောင်းထားကြတယ်။ တချို့က ဦးထုပ်မဆောင်းကြဘူး။ သူတို့မှာ တူညီတဲ့အချက်ကတော့ ကတုံးအသစ်ချပ်ချွတ်ကလေးတွေကိုယ်စီနဲ့။ သန်းထိုက်တို့အရွယ် လူငယ်ကလေးတွေချည်း။ ဒုလ္လဘရဟန်းခံတစ်ခုခုက ထွက်လာတဲ့ ရဟန်းလူထွက်လေးတွေဆိုတာ သိသာတယ်။ ကြည့်ရတာ မန္တလေးကလာပြီး ကျောက်ဆည်က ဝေဘူချောင်မှာ ရဟန်းလာဝတ်ကြပုံ ရတယ်။ ကားဆရာနဲ့ ဈေးတည့်ပြီး အုပ်စုလိုက်ကြီး ကားခေါင်မိုးပေါ် တက်သွားကြတယ်။ ကားလည်း ပြန်ထွက်ရော သန်းထိုက်ဘေးက ပန်းသည်ကြီးက 'အင်း' လို့ သက်ပြင်းရှည်ကြီးတစ်ချက် ဆွဲချလိုက်လို့ သန်းထိုက် အလန့်တကြား လှည့်ကြည့်လိုက်မိတယ်။ သူကလည်း သန်းထိုက်ကို ကြည့်နေတယ်။ ကွမ်းတံတွေးတစ်ချက် ပစ်ခနဲထွေးလိုက်ပြီး–

'သင်္ကြန်တွင်းမှာ ကိုယ့်ကိုယ်ကိုယ် အသက်ရှည်ရာရှည်ကြောင်း ရှာကြံမွေးတဲ့ ကလေးတွေပေါ့ကွာ'

သူ ဘာပြောသလဲ သန်းထိုက် ဘာမှနားမလည်ဘူး။ ဒါကြောင့်မို့ ပန်းသည်ကြီးမျက်နှာပဲ ပြန်ကြည့်နေမိတယ်။ ပန်းသည်ကြီးက အဆက်အစပ်မရှိ 'မင်းတို့ ဘယ်ကပြန်လာကြတာလဲ၊ တီးဝိုင်းပစ္စည်းတွေနဲ့' လို့ မေးတယ်။ သန်းထိုက် မဖြေခင် မိုးဦးက ဝင်ပြီး 'ကျွန်တော်တို့ တောမှာ သင်္ကြန်သွားကျကြတာ' လို့ ဖြေတယ်။ ပန်းသည်ကြီးက–

'ကြည့်စမ်းပါဦးကွာ၊ လူငယ်တွေပါပဲ။ သင်္ကြန်တွင်းမှာ ကုသိုလ်ယူတတ်တဲ့သူကတော့ ကုသိုလ်တွေရ၊ အခု ကြည့်ပါဦး ဒုလ္လဘစခန်းကထွက်ပြီး အိမ်ပြန်လို့

mgyoe.com

mgyoe.com SAMPLE BOOK


ဘယ်လောက် မင်္ဂလာရှိလဲ။ အဖေတွေ၊ အမေတွေကလည်း ဘယ်လောက် စိတ်ချမ်းသာလိုက်မလဲ'

ပန်းသည်ကြီးက ကွမ်းသွေးတစ်ချက် ပစ်ခနဲ ထွေးလိုက်ပြန်တယ်။

'ဦးလေးက နေ့တိုင်း မန္တလေးကို ပန်းပို့သွားရတာကွ။ သင်္ကြန်တွင်းကြီးမှာကို မြို့အနှံ့လှည့်ပို့ရတာ' ပန်းသည်ကြီးက စကားဖြတ်ပြီး သန်းထိုက်တို့အားလုံးကို ဝေ့ကြည့်တယ်။ သူ့စကားကို သန်းထိုက်တို့အားလုံးက နားစိုက်ထောင်နေကြတယ်။

'မန္တလေးသင်္ကြန်မှာ စည်သလား ဦးလေး' သန်းထိုက်ကမေးတော့ အဘိုးကြီးက 'စည်ပါ့ဗျာ၊ စည်ကလည်းစည်၊ လူတွေကလည်း ရှုပ်၊ ကလေးတွေလေ ပျော်လိုက်ကြ၊ ပါးလိုက်ကြတာ။ ပျော်ကြပါးကြတာက အရေးမကြီးပါဘူး။ အခုတော့ အပျော်လွန်တဲ့လူတွေ၊ မူးကြရူးကြတဲ့လူတွေ၊ သင်္ကြန်မှာသောင်းကျန်းလိုက်မဟဲ့လို့ မောင်းတင်ထားတဲ့လူတွေ အန္တရာယ်များကြတာပေါ့'

ခါတိုင်း ကိုယ်လည်း ဒီလိုပဲမို့ သန်းထိုက်တို့ ကုပ်နေကြတယ်။ အဘိုးကြီးကတော့ အရှိန်ရနေပြီ။

'ကားချင်းငြိကြ၊ ရန်ဖြစ်ကြတာတော့ ရိုးနေပါပြီကွာ။ ဒါပေမဲ့ ဘုရားကြီးကျောက်ဆစ်ကွေ့မှာ ဖြစ်သွားတဲ့ ဆိုင်ကယ်တိုက်မှုကတော့ ဆိုးဆိုးရွားရွားပဲ'

'ဘုရားကြီး ကျောက်ဆစ်ကွေ့ ဟုတ်လား ဦးလေး'

သန်းထိုက် မျက်လုံးကျယ်သွားတယ်။ ကိုယ့်အိမ်နဲ့ နီးနီးလေးကိုး။

'အေးကွ၊ ကောင်လေးသုံးယောက်က တစ်ယောက်မှလည်း ဦးထုပ်မပါကြဘူး။ ဆိုင်ကယ်ကို အိတ်ဇောဖွင့်ပြီး အရမ်းစီးလာကြတာ။ အရက်ကလည်း မူးနေတယ် ထင်ပါရဲ့။ ပက်ထားတဲ့ရေတွေနဲ့ ချော်ပြီး ကျောက်ဆစ်ကွေ့ကိုအတက် မြောက်ဘက်က တိုက်နံရံကို ဝင်တိုက်မိတာ'

'ဟာ... သုံးယောက်လုံး အတုံးအရုံးပဲလား'

'တစ်ယောက်မှ အသက်ရှင်မယ့်ပုံမပေါ်ပါဘူးကွာ။ ဦးလေးလည်း မနေသာတာနဲ့ ကားပေါ်ပွေ့တင်လိုက်ရသေးတာပေါ့။ ဦးနှောက်တွေထွက်နေတဲ့ကောင်လေးဆို လက်ဖျံမှာ အမာရွတ်ကြီးနဲ့။ အဲဒီလက်ဖျံကလည်း ကျိုးသွားသေးတာ'

'ဗျာ...'

သန်းထိုက် လန့်ပြီး အော်လိုက်မိတယ်။ စိတ်ထဲမှာ ငွေစိုး၊ ငွေစိုးလို့ တအားပူပင်သွားတယ်။ ငွေစိုးကိုသိနေကြတဲ့ အဖွဲ့သားတွေကလည်း တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြတယ်။ ဒါပေမဲ့ အဘိုးကြီးက ဘယ်အတိအကျ သိမှာလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

လက်ဖျံက အမာရွတ်ကြီးနဲ့ဆိုတော့ ငွေစိုးပဲလား၊ ဒါမှမဟုတ် အမာရွတ်ရှိတဲ့နောက် တစ်ယောက်ပဲလား သန်းထိုက် မခွဲခြားနိုင်ဘူး။ သန်းထိုက် စိတ်ပူလာပြီ။ ဖြစ်နိုင်လျှင် တစ်နာရီ မိုင် ခြောက်ဆယ်နှုန်းလောက် မောင်းနေတဲ့ကားရှေ့က ပျံသန်းပြီး အိမ်ကို အမြန်ဆုံးရောက်ချင်လာပြီ။

■

ယဉ်ယဉ်နု၊မန္တလေး၊
အမှတ် ၁၅၁၊ ဇွန်လ၊ ၂၀၀၂ ခုနှစ်
ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK

# ပန်းစားစုန်း

**ဒေါ်ခင်နေမင်း**

ချစ်စရာမျက်နှာလေးနှင့် မျက်လုံးလေးများ ထောင့်ကပ်ကာ

သူ ကြိုက်တတ်သော ကြာဖဲကြော်အား

ကလေးတစ်ဦးလို ခွံ့ကျွေးတတ်သော ညီမြီကျော်

ခန္ဓာကိုယ်လေး သိမ့်သိမ့်ခါအောင်

ရယ်မောပျော်ရွှင်တတ်သော ညီမြီကျော်

ကြုံခဲ့သမျှ မိန်းမများထဲမှ အသက်အငယ်ဆုံးနှင့်

စိတ်ချမ်းမြွေ့ခဲ့ရသော မိန်းကလေး

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းစားစုန်း

**ဒေါင်းနေမင်း**

တကယ်တော့ သူသည် အစာမကြေ၍ ပြန်အန်ထုတ်ပစ်သည့် ကိုယ်ကျင့်သိက္ခာ အကျိုးအပဲ့များအား ရွံ့ရှာစက်ဆုပ်နေခြင်းသာ ဖြစ်ပါသည်။

❑

'ဟော့လူ သတိထားဦးနော်၊ ထောင်ထဲကို ဆရာဝန်ရောက်နေပြီ။ ခဏနေဆေးရုံပေါ် တက်လာတော့မှာ'

သူ တော်တော် စိတ်ကုန်နေပေပြီ။ သူ့ကိုယ်ပေါ် ပိုးစိုးပက်စက် ပိနေသည့် ဝေဒနာများက နည်းနည်းနောနော မဟုတ်။ အသက်ရှုလမ်းကြောင်းတစ်လျှောက် အောက်လက်ယ်သားအပုံအပင်နှင့် အောင်စည်အောင်သံများ ရင့်ကျူးလျက် ချီတက်လာသော နတ်ဆိုးတို့၏ ကြွေးဝါးသံမှာ ပွက်လောရိုက်နေ၏။ ရှူးနိမ့်ဖို့အရေး သံလွင်တစ်ခက်၊ ချိုးတစ်ကောင် လက်ဆောင်ပေးတာတောင် ရှင်သေမင်းက မကျေမချမ်းခေါင်းတယမ်းယမ်းနှင့်။

သူသည် သေခြင်းတရားကို အံတုနေသူတစ်ယောက်တော့ မဟုတ်။ လည်စင်းခံနေခြင်းသာ ဖြစ်သည်။ သို့သော် သေမင်းသည် အသိဉာဏ် တစ်ပုံတစ်ခေါင်းကြီးနှင့် သူ့ကို ပြက်လုံးထုတ်နေဆဲ။ တစိမ့်စိမ့်အရသာခံကာ သေအံမူးမူးကာလကို အမြည်းလုပ်ပစ်နေဆဲ။ ဣန္ဒြေတစ်ချက်မပျက်အောင် တင်းခံလိုက်မည့် သူ၏ ကြံရွယ်ချက်များ သေမင်းလုပ်ရပ်ကြောင့် သွေးပျက်ချင်လာသည်။

တစ်ခါတစ်ရံ သူသည် သူ့ကိုယ်တိုင် မေးရိုးဖြစ်လိုက်၊ အံသွားများဖြစ်လိုက်၊ ကျည်းမြောင်းသည့် လေပြွန်များဖြစ်လိုက်၊ မောကြီးပန်းကြီးနိုင်လှသည့် သွေးပြန်ကြော

mgyoe.com

mgyoe.com
SAMPLE BOOK


များဖြစ်လိုက်၊ ဦးနှောက်မှ ဆုံးရှုံးသွားသည့် နျူရွန်(Nieuron)သေများကို ကြေဖျက်သည့် ဂလီယယ်ကလပ်စည်း(Glial cells)များဖြစ်လိုက်၊ တစ်ခါတစ်ခါ သူသည် သူဖြစ်လိုက်၊ သူသည် အခြားသူဖြစ်လိုက်၊ အမုန်းတွေက သူ့ကို မုန်းလိုက်၊ သူက အမုန်းတွေကို မုန်းလိုက်နှင့် အတော့်ကို မချိမဆံ့နိုင်လွန်းလှ၏။

'ဘာအမှုလဲ'

တစ်စုံတစ်ယောက်၏ တီးတိုးညင်သာသောအသံ။

'လူသတ်မှု'

'အလကားလူပါဗျာ၊ သူများမိန်းမလည်း ပြစ်မှားသေးတယ်၊ ယောကျ်ားကိုလည်း သတ်ခဲ့တဲ့လူ'

'အပြင်မှာ ရှုပ်ခဲ့တဲ့ဒဏ်တွေ ခု ခံနေရတာသာကြည့်၊ ကျုပ်ဖြင့် ဒီရောဂါမျိုး ခုမှ မြင်ဖူးတော့တယ်'

ကြည့်စမ်း…

ပြောနေတဲ့ အချက်အလက်တွေအားလုံးဟာ သူ့ကို ရည်ရွယ်နေတာပါပဲလား။ ဘာဖြစ်လို့များ စိတ်ပျက်စရာကောင်းတဲ့ လူတစ်ယောက်ရဲ့ ဘဝတွေကို သိချင်ကြားချင်ရတာပါလိမ့်။ ဆရာဝန်လာတော့မှာတဲ့လား။ ဟင့်အင်း နေစမ်းပါစေ။ သူ့အတွက် မလိုအပ်တော့ပါဘူး။

ကယ်တင်မှုတိုင်းကို သူ့ဘာသာသူ ပယ်ချနေမိသည်။ သူ့အတွက် သက်ဆိုးရှည်ခြင်းသည် ကောင်းသောရလဒ် မဟုတ်။ နဂိုကတည်းက သူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေ အမြန်ဆုံး ပဲ့ကြွေမသွားနိုင်၍ ဒေါသဖြစ်နေရသည်က အကြိမ်ကြိမ်။ တစ်နာရီထပ်တိုးနေရလျှင် တစ်နာရီ ဝဋ်ပိုခံရရုံသာ ရှိမည်။ ထို့အပြင် သွေးပျက်ဖို့ကောင်းသော မသတီစရာအနံ့အသက်များက သူ့ကို ခြောက်လှန့်အနိုင်ယူနေဦးမည်။ သူ အနံ့အသက်များ အော့နှလုံးနာနေပြီ။ အပေါစားရေမွှေးနှင့် ပူးတွဲကပ်ပါလာသည့် ဏ္ဍတ္ထိယတို့၏ ပြင်းရှရှ မွှန်အီအီအနံ့က သူ့နှလုံးသားကို ညစ်ခြေအောက်သက်စေရ၏။

အနံ့ဆိုသည်မှာ ခန္ဓာကိုယ်တွင်းမှ သွေးဥအချင်းချင်း သို့မဟုတ် အရိုးကြွက်သားနှင့် အရေပြားအချင်းချင်း ဝရန်းသုန်းကား ပွတ်တိုက်ပြီး သွေးရေကြည်ထဲတွင် အနံ့စု၊ အရေပြားချွေးအိတ်မှနေ အနံ့တွေပြန်ကန်ထွက်။ သည်လိုမျိုးလား။ ထိုသို့ဆိုလျှင် သူ့ကိုယ်တွင်းမှ အနံ့များသည်လည်း အလိုမပြည့်မှုများ၊ တပ်မက်မှုများအချင်းချင်း ပွတ်တိုက်ကာ ထွက်လာသော အနံ့များပင် ဖြစ်ရမည်။ အရမ်းကို သိသာလွန်းသည်။ နောက်ပိုင်း သွေးညှီနံ့များ၊ အသေကောင်၏ ပုပ်အက်အက်အနံ့များ၊ သူ့အရေပြား

mgyoe.com

mgyoe.com SAMPLE BOOK


ပေါ်မှရောဂါကြောင့် ပေါ်ထွန်းလာသော အနာတို့၏ အနံ့များ၊ သောကအနံ့များ၊ မောဟအနံ့များ၊ ဒေါသအနံ့များ၊ ထို့နောက် မစ္ဆရိယအနံ့များ၊ ထို့နောက်၊ ထို့နောက် သူ သတိလစ် မေ့မြောသွားရပြန်ပါသည်။

☐

ဇူလိုင် ၂၂
အင်္ဂါနေ့
မနက် ၁၀ နာရီ ၁၅

အချုပ်ကားအပြာကြီး တရားရုံး ပရဝုဏ်အတွင်းဝင်လိုက်သည်နှင့် သူ့ရင်ထဲ လှိုက်တက်သွားရ၏။ သွေးကြောများ ပိုမိုကျဉ်းမြောင်းသွားသလို ထင်ရပြီး အလိုလို နေရင်း မောဟိုက်မွန်းကျပ်လာ၏။

'ဒီကနေ့ ငါ့ကို အမိန့်ချမယ့်နေ့ပါပဲလား'

တစ်စုံတစ်ရာ ပြစ်မှုအတွက် တစ်စုံတစ်ရာ ပြစ်ဒဏ်အား ဖလှယ်ရမည်မှန်း ကြိုသိထားသော်လည်း ပုထုဇဉ်ပီပီ တုန်လှုပ်မှုကိုဖြင့် ထိန်းကွပ်၍မရ။ ထိုစဉ်က မကြာခဏ နေမကောင်း ထိုင်မသာရှိခဲ့တတ်သော်လည်း သွားလာလှုပ်ရှားနိုင်သေးသည်။ သက်သာသလို ရှိလိုက် ပြန်ဖြစ်လိုက်ရှိနေဆဲကာလ။ အတိမ်းအစောင်းမခံသည့်အချိန်။ မဆိုစလောက် အအေးမိလျှင်ပင် အပူရှိန်ထိုးတက်လာတတ်ပြီး တစ်ခါတစ်ရံ သွေး ပေါင်များ အလွန်အမင်း ကျဆင်းသွားတတ်သည့် အနေအထားလောက်သာဖြစ်နေဆဲ။ အစားအသောက်ပျက်ကာ ကိုယ်အလေးချိန် လျော့ကျသွားပြီး အနည်းငယ်ပိန်သွား သည်မို့ ကိုယ့်ကိုယ်ကိုယ် သက်ာမကင်းဖြစ်နေရုံ။

တရားရင်ဆိုင်နေစဉ်ကာလတစ်လျှောက် တရားရုံးသို့ အကြိမ်ကြိမ် ရောက် နေကျဖြစ်သော်လည်း သည်တစ်ကြိမ်လောက် စိတ်ထဲတွင် လှုပ်လှုပ်ခတ်ခတ် ဖြစ်ခဲ့ရ သည်ဟု သူ မထင်။ စနစ်မကျသော နှလုံးခုန်သံတို့အား သူကိုယ်တိုင် ပြန်ကြားနေရ သည်ဟု ထင်မိ၏။

'လူသတ်မှု'ဟူသော စကားလုံးက သူ့အပေါ် အတော့်ကို ဖိစီးလွန်းလှ သည်။ ကြီးလေးသောပြစ်မှုမျိုးမို့ ပေါ့ပေါ့တန်တန် တွေး၍မရ။ သူ့အမှုအား တရားရုံး လုပ်ထုံးလုပ်နည်းများအရ သက်ဆိုင်ရာကိစ္စအဝဝကို လုပ်ဆောင်ခဲ့ပြီးပြီ။ သက်သေများ စွာကို စစ်ဆေးခဲ့ပြီးပြီ။ နှစ်ဖက် ရှေ့နေတို့၏ အပြန်အလှန်လျှောက်လဲချက်များကိုလည်း နာကြားခဲ့ပြီးပြီ။ အားလုံး ပြီးစီးခဲ့ပြီ။ အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီးဖြစ်၏။ အပြစ်ဒဏ်ကို အသာတကြည်လက်ခံယူရန်ပင် ရှိတော့မှန်း သူ သိနေပါ၏။ သို့တိုင် သေစေလိုရင်း

mgyoe.com

mgyoe.com
SAMPLE BOOK


ရည်ရွယ်ချက် မရှိခဲ့ပါဟူသော အကြောင်းပြချက်တစ်ခုတည်းအတွက် သက်ညှာမှုကို မျှော်လင့်ခဲ့မိသည်မှာ အမှန်။

တစ်မနက်လုံး မိုးစွေခဲ့သလောက် ယခုတော့ဖြင့် တိတိပပ ရပ်နားသွားခဲ့လေပြီ။ သို့သော် ပတ်ဝန်းကျင်တစ်ခုလုံး အုံ့ပျပျစိုစွတ်လျက်ရှိနေဆဲ။ နေခြည်အလင်းတန်းကို ကောင်းစွာ မမြင်နိုင်သေး။ လေပြင်းအငွေ့တွင် သစ်ရွက်တို့မှ ခါထွက်လွင့်စင်လာသော မိုးစက်မိုးပေါက်တို့မှာ မြေပြင်ပေါ် မွမွကြဲကြဲ လွင့်ကျနေ၏။

အချုပ်ကား စက်သတ်သွားချိန်၌ ထိပ်ပိုင်းရှိ သံဇကာပေါက်မှ မျက်လုံးဝေ့ဝိုက်ကာ သူ သမီးကြီးကို ရှာမိသေးသည်။ မတွေ့။ လာရသည့်ခရီးက အနည်းငယ်လှမ်း၍ နောက်ကျနေတာပဲ ဖြစ်မည်။ အမိန့်ချမည့်နေ့မှန်း သိနေ၍ မည်သည့်နည်းနှင့်မဆို သမီး လာလိမ့်မည်ဟု သူ ကျိန်းသေတွက်ထားသည်။ တရားခံတချို့၏ ဧည့်သည်တွေများကို ဟိုနေရာတချို့၊ သည်နေရာတချို့တွင် တွေ့နေရ၏။

နှစ်ယောက်တွဲ လက်ထိပ်ခတ်လျက် တရားရုံး အချုပ်ခန်းဆီ ဆင်းလျှောက်လာရသည့်တစ်ခဏ သူ့တစ်ကိုယ်လုံး တုန်ယင်နေတာ သတိထားမိသည်။ သူ့အပေါ် စူးစိုက်ကြည့်နေမည့် မျက်လုံးများကို သိနေသည်။ တုံ့ပြန်ရင်ဆိုင်ဖို့ သူ့တွင် သတ္တိမရှိပါ။ သူ့အမှုအကြောင်းကို သိနေသည့် လူတချို့၏ စိတ်ထဲတွင် ဘာတွေ တွေးနေကြမည်လဲ။ သူ မသိချင်။ ကိုယ်ကျင့်အသိမဲ့ခဲ့သူ တစ်ဦး၏ လိပ်ပြာမှာ သိမ်ငယ်မှုရေအိုင်ထဲ ပြုတ်ကျသွားပြီး အားကုန်အားပြတ် တောင်ပံတစ်စုံကို တဖျတ်ဖျတ် ရိုက်ခတ်နေသည်နှင့် တူသေးတော့၏။

အချုပ်ခန်းအတွင်းသို့အရောက် ထောင့်တစ်နေရာသို့သွားကာ နံရံကို မှီရင်းထိုင်ချလိုက်သည်။ ခန္ဓာကိုယ်အတွင်း အင်အားစုအားလုံး ဆွဲနုတ်ခံထားရသူပမာ။ ခေါင်းထဲတွင် နောက်ကျိနေ၏။

'အဖေ ဘာမှ အားမငယ်နဲ့။ အထဲမှာ ကျန်းမာရေးကိုသာ ဂရုစိုက်။ သမီး တတ်နိုင်သလောက် အဖေ့ကို အမြဲလာတွေ့နေမှာပါ။ ထောင်ကျသွားလည်း နောက်ပိုင်းကို စိတ်မပူနေပါနဲ့။ သမီးတို့ဘဝ သမီးတို့ ထိန်းကျောင်းနိုင်ပါတယ်'

အဖေ စိတ်ကောင်းစေရန် အားပေးနှစ်သိမ့်လာသော သမီးကြီး၏ ပုံရိပ်က သူ့မျက်လုံးတွင် ပြက်ပြက်ထင်ထင် ဝင်လာ၏။ လေဖြတ်နေသော ဇနီးသည်က အသက်ထွက်သွားသည့်တိုင် သူ့အပေါ် တစ်စက်လေးမှ ခွင့်မလွှတ်နိုင်ခဲ့သော်လည်း သမီးကြီးက တစ်စုံတစ်ရာ အပြစ်မဆိုရှာခဲ့ပါ။ မသိလိုက်ဘာသာနေ၏။ ဖြစ်သမျှအကြောင်းကို မေ့ချန်လိုက်၏။ လောကကို သတ္တိရှိရှိ ရင်ဆိုင်ပြလိုက်၏။ ဖခင်အမှု

mgyoe.com

mgyoe.com SAMPLE BOOK


အတွက် အရွယ်နှင့်မမျှ သူ စွမ်းသလောက် လုပ်ကိုင်ဆောင်ရွက်ပေးသည်။ တတ်နိုင်သလောက် ထောင်သို့ အစားအသောက်ပို့ရ၏။ တစ်ဖက်၌လည်း အထက်တန်းနှင့် အလယ်တန်း မောင်နှမနှစ်ယောက်၏ အရေးကို တာဝန်ယူနေရသေး၏။ ယခုအချိန်တွင် သမီးကြီးကလွဲလျှင် မည်သူ့ကိုမှ အားကိုး၍ မရတော့မှန်း သူ သိနေသည်။ အငယ်နှစ်ယောက်က အဖေကို စိတ်နာလွန်းသဖြင့် တွေ့ရန်ပင် ရောက်မလာ။ သူ့မိုက်ပြစ်နှင့်သူမို့ အပြစ်မဆိုရက်ပါ။

'ရက်ဖို့ကောင်းလိုက်တာ ဘသော်ရာ။ မင်းလုပ်ပုံ ငါ့မျက်နှာကို လှီးထုတ်ပစ်ချင်တယ် သိလား။ ငယ်တဲ့အရွယ်မို့ မသိလို့ မိုက်တယ်ဆို ထားတော့။ မင်းအသက် ငါးဆယ်နားကပ်နေပြီ။ သေဖို့ပဲ ရှိတော့တယ်။ ဒါတောင် ဆင်ခြင်တုံတရားကင်းမဲ့ခဲ့တဲ့ကောင်။ အရှက်မရှိတဲ့ကောင်။ ခု မင်းအဖြစ်တွေ လူကြားလို့ ကောင်းသေးရဲ့လား။ ကိုယ့်မိန်းမကိုယ်တောင် မထောက်မညှာ။ ဘာမဟုတ်တဲ့ အပျော်မိန်းမကြောင့် လူသတ်မှုဖြစ်ရတယ်လို့ကွာ။ အရွယ်ရောက်နေတဲ့သားသမီးတွေကိုလည်း အားနာစမ်းပါဦး။ ငါပြောရင်… ပြောရင်း ဒေါသထွက်တယ်ကွာ။ တောက်…'

တစ်ခါက မကောင်းတတ်၍ လာတွေ့သော အစ်ကိုက သူ့ကို ပက်ပက်စက်စက် ပြောသွားခဲ့ဖူးသည်။ သူပြောသည်က မလွန်လောက်။ သိလျက်နှင့် မိုက်မဲဖို့လွယ်ကူသော လူတစ်ဦးအဖို့ ရွေးချယ်စရာလမ်းက အတော့်ကိုရှားပါးလွန်းနေ၏။ အထူးသဖြင့် ကာမရမ္မက်နှင့် ပတ်သက်လာလျှင် မထိန်းသိမ်းနိုင်သော၊ မရှောင်နိုင်သော သူ၏ စိတ်ထက်သန်မှုများက နောက်ဆုံးတွင် သူ့ဘဝကို မလှမပ အဆုံးသတ်ရန်သာ ရှိတော့သည်။

'ရဲဝင်း… အဘာ ဦးလူကလေး'

'ရှိ…'

'ညီ့တွေ့လာတယ်'

နောက်ပိုင်းမှ လိုက်လာသူများနှင့် အလှည့်ကျ တွေ့ခွင့်ပေးနေသည်မို့ သံတိုင်အတွင်းနှင့်အပြင် ပြောကြ၊ ဆိုကြ၊ ပေးကြကမ်းကြ၊ မှာကြ ပြုကြနှင့်။

'တောက်… အသုံးမကျတဲ့ မိန်းမ။ ရုံးထုတ် နှစ်ပတ်ရှိပြီ၊ လာမတွေ့ဘူး။ လင်ငယ်နောက်လိုက်သွားပြီထင်တယ်'

အပေါ်ပိုင်းဗလာ ခန္ဓာကိုယ် တစ်ခုလုံး ဆေးမင်ကြောင်ဗရပွနှင့် ကောင်က ပုဆိုးစကို မ,ကာ အပြင်သို့ တမျှော်မျှော်လုပ်ရင်း ဆို၏။

'ဟော့ကောင် သံကုန်ဟစ်မနေနဲ့ မင်း ရှာထားဖွေထားတာ ဘယ်လောက်

mgyoe.com

mgyoe.com SAMPLE BOOK

ကျန်ခဲ့လို့လဲ။ အရေးမပါတာ'

အမှုတွဲဖြစ်ဟန်တူသူက ခပ်ထေ့ထေ့ ဝင်ပြော၏။

'ဒီကောင်မအကြောင်း မသိဘဲ ဝင်မပြောနဲ့။ ရတုန်းက အသားကုန်မျိုဆို့ အဆွဲလည်းခံရရော လှည့်ကို မကြည့်တော့တာ။ လုပ်ထားဦးပေါ့ကွာ။ ဒင်း... အပြင်ရောက်မှ သိမယ်'

တုံ့ပြန်လိုက်ပုံက ခပ်ရိုင်းရိုင်းပင်။

သူ အဆက်မပြတ် ချောင်းဆိုးနေသောကြောင့် အနားတွင် ထမင်းထုပ်များ ဖြေလျက် အားပါးတရ စားသောက်နေသော သုံးယောက်အဖွဲ့မှ လူငယ်တစ်ဦးက သူ့ကိုကြည့်လျက်။

'ဟော့လူကြီး ကြည့်လုပ်ဦးဗျ။ ဒီမှာ ထမင်းစားနေတာ။ ဘာလဲ လုပ်တုန်းက တော့ လုပ်ခဲ့ပြီး အမိန့်ချမယ်ဆိုတော့မှ ကြောက်ချေးပါနေတာလား။ စိတ်ချ ခင်ဗျား ထောင်ထဲမှာပဲ သေမယ့်လူ'

သူ့စိတ်ထဲ တင်းခနဲ ဖြစ်မိသည်။ အသက်အရွယ်ချင်း မမျှသူတစ်ဦး၏ အပြောက နာခံခက်စရာ။ ကားပွဲစားလောကတွင် တပည့်တပန်းများစွာနှင့် နေခဲ့သူမို့ တစ်ခါတစ်ရံ မာနက ကိုယ်တွင်းတစ်နေရာ၌ ကျန်နေချင်သေးသည်။ သို့သော် သူတို့အကြောင်းသိနေ၍ ပြဿနာမဖြစ်ချင်သဖြင့် အသာငြိမ်နေလိုက်ရ၏။ အသိတရား နည်းပါးလွန်းပြီး အပြောအဆို ရုန့်ရင်းကြမ်းတမ်းလွန်းသဖြင့် အစကတည်းက ခပ်ရှောင်ရှောင်နေခဲ့သူတွေ။ သူ သည်လိုစရိုက်တွေကြားမှာ အတူတူ နေသင့်လေပြီ တကား။

သူ့မျက်လုံးအစုံက တစ်နေရာသို့ ရောက်သွားပြန်သည်။ မူးယစ်ရမ်းကားမှု ဖြင့် ဝင်လာသော လူရွယ်တစ်ဦးဆီသို့၊ စောစောပိုင်းက အမေ ပို့သွားသော ကြာဇံကြော် ထုပ်ကို ကော်ဇွန်းလေးဖြင့် ပလုပ်ပလောင်းစားနေသူ။ ခပ်ခြောက်ခြောက် ကြာဇံဖတ်များ ကို သူ စူးစူးရဲရဲကြည့်ရင်း အသိစိတ်က မဆီမဆိုင် ညိုမိကျော်ဆိုသည့် မိန်းကလေးကို အမှတ်ရလိုက်မိ၏။

ဟုတ်သည်။ ချစ်စရာမျက်နှာပေးနှင့် မျက်လုံးလေးများ ထောင့်ကပ်ကာ သူ ကြိုက်တတ်သော ကြာဇံကြော်အား ကလေးတစ်ဦးလို ခွံ့ကျွေးတတ်သော ညိုမိကျော်။ ခန္ဓာကိုယ်လေး သိမ့်သိမ့်ခါအောင် ရယ်မောပျော်ရွှင်တတ်သော ညိုမိကျော်။ ကြုံခဲ့သမျှ မိန်းမများထဲမှ အသက်အငယ်ဆုံးနှင့် စိတ်ချမ်းမြေ့ခဲ့ရသော မိန်းကလေး။

'အဆောင်က ကျွေးတဲ့ ထမင်းနဲ့ဟင်းကို အစ်ကိုကြီးမြင်ရင် သေချင်သွား

mgyoe.com

mgyoe.com SAMPLE BOOK


မယ် သိလား။ ဆီမပါ၊ ပျားမပါ၊ အသားမပါ။ မစားနိုင်ရင် ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်စားဆိုတဲ့သဘော။ ပေးတဲ့လစာက မဖြစ်စလောက်။ မရှိတော့ လုပ်ရတာပဲလေ။ ညီမတို့မှာ အစ်ကိုကြီးတို့လို စေတနာရှင်မျိုးနဲ့တွေ့မှ မြိုးမြိုးမြက်မြက်လေး စားရ သောက်ရတာ'

မြို့လယ် တစ်နေရာရှိ ကာရာအိုကေဆိုင်တွင် အလုပ်လုပ်သော ကောင်မလေး။ နယ်မြို့လေးမှ ရောက်လာပြီး ဆိုင်ရှင်ပေးသော အဆောင်တွင်နေကာ ဘဝဝမ်းရေး ကျားကွက်ထဲ ဆုတ်တကက်လှုပ်ရှား ကစားနေရသူ။ ဧည့်သည်ရောက်လာလျှင် တမင်လုပ်ထားသော ဖော်ရွေပျူငှာဟန် အပြုံများနှင့် သီဆိုလိုရာ တေးသီချင်းအား ကတ်တလောက်ပြ၍ စက်ဖွင့်ပေးရသူ။ ထိုဆိုင်တွင် သူတို့လိုကောင်မလေးများ အယောက်နှစ်ဆယ်ထက်မနည်း။ တချို့ ရုပ်ရှည်အသင့်အတင့်ရှိသူ၊ တချို့ ရုပ်မလှသော်လည်း အပြင်အဆင်ကောင်းကောင်း၊ ခန္ဓာကိုယ် အချိုးအဆစ်ကျကျနှင့် ပုရိသတို့အား ဖမ်းစားနိုင်သူ။ တချို့က အချွဲကောင်း၊ အနွဲ့ကောင်း၊ အပြောကောင်း။ အမျိုးအစားစုံလင်လှသည်။

ယမကာ အရှိန်ကြောင့် နည်းနည်းလေး သွေးကြွလာလျှင် ကာရာအိုကေဆိုင်များသို့ သူ တပ်မက်လာစမြဲ။ ကားအရောင်းအဝယ် အဆင်ပြေလျှင်ပြေသလို တစ်ခါတစ်ခါ အဖော်ကောင်းအပေါင်းနှင့်၊ တစ်ခါတစ်ခါ သူတစ်ယောက်တည်း။ ဘယ်လိုမှ နားဝင်မချိုနိုင်သော သူ့အသံ ဩကျစ်ကျစ်ကြီးဖြင့် သီချင်းဟစ်ကြွေးရန်တော့ မရည်ရွယ်ပါ။ သူ့အတွက် ဧည့်ဝတ်ကျေပွန်မှုများနှင့် သူ့ကိုယ်စား သီဆိုပြတတ်သော မိန်းကလေးတို့၏ ပျော်ပြေမှုများထဲတွင် တစ်ခဏတာ အလိုက်သင့် သူ့ကိုယ်သူ နှစ်မြှုပ်ပျော်ပိုက်လိုက်ခြင်းသာ ဖြစ်ပါ၏။ ကာရာအိုကေခန်းများသည် သူ့အတွက် ရင်ကိုနွေးထွေး လှိုက်မောစေခဲ့သော၊ လတ်တလော စိတ်ညစ်စရာပဟူသမျှ မေ့ဖျောက်စွမ်းနိုင်သော နေရာတစ်နေရာ။

ထိုဆိုင်များသို့ တစ်ခေါက်တကျင်း လာရသည့် စရိတ်က မသေး။ အနည်းဆုံး တစ်နာရီ(One Section)စာအတွက် တစ်ထောင်ခန့်ကို ယူရမည်။ ကောင်မလေးတွေရှေ့ ကြေးရတတ်တစ်ဦးအဖြစ် ဟိတ်ဟန်ထုတ်ပြနိုင်ရန် အကောင်းစားဘီယာသို့မဟုတ် နိုင်ငံခြားအရက်နှင့် အမြည်းမှာရမည်။ သူတို့စားချင်ရာ ကျွေးခိုင်း၍ သိက္ခာမကျချင်လျှင် ကျွေးနိုင်ရမည်။ ပြန်ခါနီး ပုပ္ပားမှ မျောက်ကလေးများလို တောင်းတတ်သည်။ အဆိုခန်းကျ ကောင်မလေးများကို မုန့်ဖိုးပေးနိုင်ဖို့ ပါရမည်။ ယမကာတန်ခိုးကြောင့် တစ်နာရီဆိုသည့်အချိန်က ထိုနေရာမျိုးတွင် အကုန်မြန်တတ်

mgyoe.com

mgyoe.com

SAMPLE BOOK


သည်မို့ အနည်းဆုံး နှစ်နာရီ၊ သုံးနာရီလောက် ကြာသွားတတ်သည်။ သာမန်လက်လုပ် လက်စားတစ်ဦးအဖို့ သိပ်မလွယ်ကူနိုင်။

ကောင်မလေး တချို့က ဦးဘသော်ကို ကိုယ်ပိုင်ကားအမျိုးမျိုး စီးနိုင်သူ၊ ဥပမိရုပ်ခံ့ခံ့နှင့် သူဌေးရုပ်ပေါက်သူ၊ စီးပွားရေးပညာရှင်တစ်ယောက်ဖြစ်သူ၊ ငွေကိုသုံးနိုင်သူအဖြစ် ထင်တတ်ကြသည်။ ထိုသို့ ထင်အောင်လည်း သူက တမင်တကာနေပြတတ်သည်။ ကားပွဲစား ဟူသောစကား ဘယ်တော့မှ မသုံး။ ပညာတတ်ပုဂ္ဂိုလ်ကြီးဆန်ဆန် အဆင့်မြင့်မြင့် ဝေါဟာရများနှင့် ပညာနုံ့နဲခြင်းကြောင့် အသိမကြွယ်သေးသော ကောင်မလေးများအပေါ် ထောင်ချောက်ကောင်းကောင်း ဆင်နိုင်ခဲ့သူ။ ကယ်တင်ရှင်ကြီးပမာ လှလှပပ ပြုစားတတ်သူ။ တစ်ခါတစ်ရံ စည်းရုံးသိမ်းသွင်းသည့်အနေဖြင့် တစ်နေရာသို့ခေါ်ကာ မနက်စာလိုက်ကျွေးရန် အပန်းမကြီးသူ။ အဝတ်အစား၊ အသုံးအဆောင်များ ဝယ်ပေးရန် မနှမြောသူ၊ အဆောင်တွင် မနေချင်ဟုဆိုသောကြောင့် အခန်းငှားပေးရန် ဝန်မလေးသူ။ အကယ်၍သာနောက်ကွယ်မှ ထူထူပိန်းပိန်း အကြွေးများအကြောင်းသိလျှင် သူတို့ ဘယ်လောက်များဟားတိုက်ရယ်မောကြလေမည် မသိ။

'ဘသော် မင်း… အရမ်းတာဝန်မဲ့နေပြီ။ နားထင်က ဆံပင်ဖြူတွေ ပြန်ကြည့်ဦး။ မင်းဟာ လူလွတ်တစ်ယောက် မဟုတ်ဘူး။ အိမ်ထောင်နဲ့၊ သားသမီးနဲ့။ ငါ ရှာကျွေးရတာပဲ။ အိမ်ကိုပေးနိုင်ပြီးရောဆိုတိုင်း မင်းမှာ ဝတ္တရားကျေပြီလို့ သတ်မှတ်သလား။ မင်းရဲ့ အရိပ်ဟာ သားသမီးတွေအပေါ် အဓိကကျတယ်နော်။ အိမ်ထောင်ရေးဖောက်ပြန်မှုဟာ တစ်နေ့ မင်းကို ဆိုးကျိုးပေးမှာ။ မင်းကိုယ်မင်း အများအမြင်မှာ လုံခြုံလှပြီ ထင်မနေနဲ့၊ အပျော်အပါးလည်း လျှော့ဦးမှပေါ့။ ကြီးတောင့်ကြီးမားနဲ့ ပြောရခက်လိုက်တာကွာ'

တစ်ခါက အရက်ဝိုင်းတွင် လုပ်ဖော်ကိုင်ဖက်တစ်ဦးက ပြောင်ဝေဖန်သဖြင့် သူနှင့် အကြီးအကျယ် စကားများခဲ့ရဖူးသည်။ ဦးဘသော် အိမ်ထောင်သက်အတွင်း သားသမီးသုံးယောက် ထွန်းကားခဲ့သော်လည်း တူ့တူတန်တန် မိသားစုဘဝကို မတည်ဆောက်နိုင်ခဲ့သည်မှာ ကြာပေပြီ။ သူ၏ ခြေစလက်စကို တဖြည်းဖြည်းသိလာခဲ့သော ဇနီးသည်မှာ ကွာရှင်းရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း ပတ်ဝန်းကျင်အပေါ် ရှက်သည့်အရှက်၊ သားသမီးများ၏ နောင်ရေး၊ သူမ၏ လေဖြတ်ဝေဒနာဖိစီးစွဲကပ်လာမှု၊ အားကိုးအားထား ဆွေမျိုးသားချင်းကင်းမဲ့မှုတို့ကြောင့် မာနနှင့် သိက္ခာကိုစတေးကာ သည်းခံကြိတ်မှိတ်နေခဲ့ရသည်အဖြစ်။

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်အိမ်တည်း အတူနေသော်လည်း တစ်ကမ္ဘာစီခြားနေသလို ဦးဘသော် ဘာလုပ်လုပ် မျက်ကွယ်ပြုနေလိုက်သည်။ မျက်နှာချင်းမဆိုင်ဖြစ်သည့် နေ့များစွာ။ သူမ အိပ်ရာထဲ ဘုံးဘုံးလဲသွားသော အချိန်ကာလမှစ၍ နှစ်ဦးစလုံး၏ ဆက်ဆံရေးမှာ ပိုမိုဆိုးရွားလာခဲ့သည်။ မိသားစုစားဝတ်နေရေး၊ ဆေးကုစရိတ်ပေးနိုင်လျှင် သူ့အတွက် တာဝန်ကျေပြီဟု တွက်ထားပုံရ၏။ တစ်ခုကံကောင်းသည်ဟု ဆိုရမည်။ သူနှင့် မကင်းသော မိန်းမများကို အိမ်ပေါ်ခေါ်တင်မလာခြင်းပင် ကျေးဇူးတင်စရာ။

အတတ်ပညာပေါင်းများစွာ၊ လှည့်စားမှုပေါင်းများစွာဖြင့် ဣတ္ထိယတို့အပေါ် ကျွမ်းကျင်ခဲ့သော ဦးသသော်တစ်ယောက် ခင်သိန်းဆင့် ဆိုသည့် အမျိုးသမီးနှင့် တွေ့မှ ဒုက္ခရောက်ရတော့သည်။ သူမက-လှသည်၊ လွယ်သည်၊ လည်သည်။ ခရီးသွားဟန်လွဲ တွေ့ခဲ့ကြခြင်း ဖြစ်သည်။ အရောင်းအဝယ်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူပါဟု ဆို၏။ ဦးဘသော် အလွတ်မပေး။ စီးမျောပစ်လိုက်သည်။ သိပ်မကြာ ထိုမိန်းမ၏ ယောက်ျားဆိုသူ ပေါ်လာပြီး သူ့အား ခြိမ်းခြောက်မှုများ၊ အကျပ်ကိုင်မှုများ၊ အပေးအယူလုပ်စေမှုများဖြင့် ရှုပ်ထွေးလာခဲ့သည်။ အထိနာချက်က ပြောမကုန်။ မြွေပွေး ပိုးကိုက်ခံရခြင်းပင်။ အကြိမ်ကြိမ် အတောမသတ်နိုင်သော ဒေးဒေးပြလုပ်ရပ်များကြောင့် သည်းမခံနိုင်သည့်အဆုံး ရန်ပွဲ စတင်ခဲ့ရသည်။ ထိုစဉ်က နှစ်ယောက်စလုံး ထွေနေကြသည့်အချိန်။ လူရှင်းသော ဘီယာစတေရှင်တစ်ခုတွင်။ ခင်သိန်းဆင့် မရှိ။ တစ်ဖက်လူက ပိုမူးနေသည်။ အော်ကြီးဟစ်ကျယ်စကားများရာမှ လုံးထွေးသတ်ပုတ်ကုန်သည်အထိ။ သန်မာသော တစ်ဖက်လူကို သူ မနိုင်။ အလူးလူး အလိမ့်လိမ့် ခံနေရ၏။ အမှတ်မထင် တွေ့လိုက်ရသော အသားလှီးဓားတစ်ချောင်းကြောင့် သူ အသက်ဘေးမှ လွတ်ခဲ့ရသည်။ သွေးရူးသွေးတန်း ခုခံကာကွယ်ရင်း ခင်သိန်းဆင့်ယောက်ျား သွေးအိုင်ထဲ ငြိမ်သက်သွားရလေသည်။

ထိုအဖြစ်အပျက်သည် တကယ်တော့ စက္ကန့်ပိုင်းမျှသာ။ သူကိုယ်၌ပင် ဘာမှန်းမသိလိုက်။ ပြန်စဉ်းစားတိုင်း အိပ်မက်တစ်ခုလို ဇဝေဇဝါ။ သို့သော် တစ်သက်တာဆိုးကျိုးကို ရလိုက်ပြီဟု ချက်ချင်း နားလည်သဘောပေါက်လိုက်၏။ အချုပ်ထဲရောက်ပြီး သိပ်မကြာ စွယ်စုံရောဂါဖြင့် သူ့ဇနီးသည် ဆုံးသည်။ ပိုင်ဆိုင်ပစ္စည်းတော်တော်များများ ရောင်းလိုက်ရ၏။ အိမ်နှင့်ခြံကို ရောင်းရန်ဖြစ်လာသောအခါ မကြည့်ရက်နိုင်တော့သောအစ်ကိုက သူ့ကလေးများကို အိမ်ခေါ် ကျွေးမွေးထားသည်။ အစ်ကို သူ့ကို နာနာကြည်းကြည်း စကားတစ်ခွန်း ဆိုသည်။

'သားသမီးတွေ လိမ္မာရေးခြားရှိလာလောက် အသုံးမကျတဲ့ မင်းလို အဖေမျိုး

mgyoe.com

mgyoe.com
SAMPLE BOOK


ငါ တစ်ခါမှ မတွေ့ဖူးဘူး။ တော်တော်တစ်ကိုယ်ကောင်းဆန်တဲ့ကောင်။ နောက်ပိုင်းမှာ အားလုံး ဘဝပျက်ကုန်ပြီ။ ကောင်းပါတယ်။ မင်းဟာ အပြင်မှာရှိနေလည်း လူ့လောက ကြီးနဲ့ ဘယ်လိုမှ အံဝင်ခွင်ကျ ဖြစ်မယ့်ကောင် မဟုတ်ဘူး။ ဒီနေရာဟာ မင်းနဲ့ အထိုက်တန်ဆုံးပဲ'

သူ ထိထိခိုက်ခိုက် ကြေကြေကွဲကွဲ ခံစားလိုက်ရသည်က အမှန်ပင်။

❑

စုလိုင် ၂၂

အင်္ဂါနေ့

မွန်းလွဲ ၁ နာရီ ၁၅

'ဘသော်…အဘာ ဦးထွန်းသိန်း'

'ရှိ'

'ဧည့်တွေ့'

သူ အတွေးလွန်နေရာမှ နာမည်ခေါ်သံကြောင့် ကမန်းကတမ်း မတ်တတ် ရပ်လိုက်စဉ် ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားရ၏။ ကိုယ်ကို မနည်းထိန်းမတ်ပြီး အပြင်ကို လှမ်းကြည့်တော့ သူ မျှော်လင့်နေသော သမီးကြီးမဟုတ်။ သူ့ အစ်ကို။

'သမီးရော…'

'သမီးကို ခဏထားလိုက်ဦး။ မင်း ဆာနေပြီမဟုတ်လား၊ စားလိုက်ဦး'

ပါလာသော စားစရာများကို အထဲသို့ လှမ်းပေးရင်း ဆို၏။

'ဘာမှ စားချင်စိတ်မရှိပါဘူးကွာ'

အလာအပြုနည်းသော အစ်ကိုကြောင့် အံ့သြရပြီး အစ်ကိုမျက်နှာ တင်းမာ နေ၍ သူ ဘာစကားဆက်ဆိုရမှန်းမသိ။ အတန်ငယ် တိတ်ဆိတ်နေပြီးနောက်-

'ငါက သမီးလာမယ်ထင်နေတာ'

'ပထမတော့ မင်းသမီးလာမလို့ပဲ။ မနက်ကမှ ကောက်ကာငင်ကာ နေမကောင်းဖြစ်ပြီး ဆေးခန်းသွားရလို့ မလာနိုင်တာ။ ဒီနေ့ အမိန့်ချမယ်ဆိုတာ သိတယ်'

သမီးနေမကောင်းဟုဆို၍ အတော်လေး ပူပန်သွားမိ၏။

'အတော်လေး ဆိုးသလားကွာ၊ ဘာဖြစ်တာလဲ'

'မင်းတောင် သားသမီးကို စိုးရိမ်ပူပန်တတ်လာပြီပဲ။ ငါ တစ်ခါမှ မမြင်ဖူး ဘူး'

mgyoe.com

mgyoe.com SAMPLE BOOK


အစ်ကိုက သူ့ကို ခနဲ့တဲ့တဲ့စကားဆိုကာ ဘာမျှ ဆက်မပြောဘဲ အပြင်သို့ ငေးစိုက်ကြည့်နေ၏။

'ဘယ်မိဘမဆို သားသမီးကို ချစ်ကြတာပါပဲကွာ။ မင်း နားလည်မှုလွဲနေလို့ပါ'

အစ်ကိုက သူ့ကို မျက်ထောက်နီကြီးနှင့် တစ်ချက်ကြည့်ပြီး–

'တော်တော့ကွာ ဆက်မပြောနဲ့။ ဘာချစ်တာလဲ။ ဘာနားလည်ရမှာလဲ။ အချိန်မရဘူး။ မင်းသိချင်ရင် တိုတိုရှင်းရှင်းပဲ ပြောတော့မယ်။ မင်းသမီးဟာ အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက်။ သူ့မှာ ချစ်သူရှိတယ်။ ဒါကို ငါတို့လင်မယား နှစ်ယောက်ကို ဖွင့်ပြောတယ်။ ကောင်လေးက လူကောင်းလေးပါ။ ငွေကြေးလည်း ပြည့်စုံတယ်။ ငါတို့ ဘာမှအပြစ်ပြောစရာ မရှိဘူး။ သူ့ဘဝ သူရွေးတာ။ သူ့အားကိုး သူ့ရှာတာ။ အချိန်တန် လင်ကောင်းသားကောင်းရဖို့ အဓိကပဲ။ မင်းသမီးက နေတတ်ထိုင်တတ် မွန်မွန်ရည်ရည်ဆိုတော့ ပထမ ဟိုဘက်ကအသိုင်းအဝိုင်းက သိပေမဲ့ ဘာမှမပြောဘူး။ နောက်ပိုင်း ဖြစ်လာတာက မင်းအကြောင်းကို ကောင်လေးမိဘတွေက သိသွားပြီး ဘယ်လိုမှ မပေးစားနိုင်ဘူးလို့ လုပ်လာတာ။ နဂိုက ငါ့အိမ်မှာနေတော့ ငါ့သမီး ထင်နေတာ။ အဲဒါ မင်းကြောင့်။ ကောင်လေးကိုလည်း မင်းသမီးယူရင် အမွေပြတ်လို့ အပြတ်ပြောလိုက်ပြီ'

သူ ငိုင်ကျသွားရ၏။ အသားတွေ တဆတ်ဆတ်တုန်လာသည်။

'အဲဒါထက်ဆိုးတာက ဒီမနက် မင်းသမီးမူးလဲလို့ ဆေးခန်းခေါ်ပြတော့ ဆရာဝန်က သူ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့'

'ဘာ...'

'ဟုတ်တယ်၊ ချော့မေးကြည့်တော့ ကောင်လေးနဲ့ပဲ။ ခက်တာက ကောင်လေးကို စုံစမ်းတော့ သူ့မိဘတွေက တစ်နေရာရာကို ပို့ထားသလိုလို။ ပျောက်နေတယ်။ ဘယ်ရှာရမှန်း မသိဘူး'

သူ မောဟိုက်သွားရသည်။ တောင်စဉ်ခုနစ်ထပ်ကို မရပ်မနားပတ်ပြေးလိုက်ရသည့်ပမာ အသက် ဘယ်က ထွက်ရမှန်းမသိ။

'နောက်ပိုင်းမှာ အဲဒီကိစ္စတွေ ရှိနေသေးတယ်။ မင်း အမိန့်ချမယ့်အချိန်ကို စောင့်မနေနိုင်ဘူး။ ငါသွားမယ်။ ငါလာတာ မင်းကိုတွေ့ချင်လို့တော့ မထင်နဲ့။ မင်းသမီး ငါ့ကို ငိုယိုပြီး တောင်းပန်လို့လာတာ။ ဒါ ငါပြောစရာ စကားအကုန်ပဲ'

သူ့အစ်ကိုက ထ,ပြန်သွားသည်။ သူ့နဖူးပြင်၌ စို့တက်လာသော ချွေးသီး

mgyoe.com

mgyoe.com SAMPLE BOOK

ချွေးပေါက်တို့မှာ ပါးပြင်ပေါ် လိမ့်ဆင်းကျနေဆဲ။ ထိုစဉ်ခဏ တာဝန်ကျရဲက ရုံးထုတ်ရန် သူ့လက်နှစ်ဖက်ကို လက်ထိပ်ခတ်လိုက်သည်။

❑

သူ သတိလစ်သွားရာမှ အသိစိတ် ပြန်ဝင်လာပြန်သည်။ နားထဲတွင် အသံဗလံတွေ ဗလုံးဗထွေးကြားနေရ၏။ ကွဲကွဲပြားပြားတော့ မဟုတ်။ ဝေးသွားလိုက်၊ နီးလာလိုက်။ သူ မျက်လုံးကိုဖွင့်ဖို့ ကြိုးစားကြည့်သည်၊ မရ။ ယခုလို နောက်ဆုံး အချိန်မျိုးတွင် သူ သမီးကို သိပ်တွေ့ချင်နေမိသည်။ ပြောချင်သော၊ တောင်းပန်ချင်သော စကားတွေက ရင်နှင့်မဆန့်။ သို့သော် ထိုကတည်းက သမီး သူ့ကို လာမတွေ့တော့။ မတွေ့ချင်၍တော့ မဖြစ်နိုင်။ မတွေ့ဝံ့တော့တာဘဲ ဖြစ်ရမည်။ သို့မဟုတ် သမီး တစ်စုံတစ်ရာများ ဖြစ်ခဲ့ပြီလား။ ဘုရား… ဘုရား… သမီး ဘာမှမဖြစ်ပါစေနဲ့။ သူ တိုးတိုးဖွဖွ ဆုတောင်းရင်း မျက်ရည်တို့ ပိုးပိုးပေါက်ပေါက်ကျလာသည်။

'လူဆိုတာ ဝတ္တရားကိုယ်စီ ရှိကြတယ်။ ရှိလည်း ရှိရမယ်၊ မိမိကိုယ်တိုင် အပေါ်၊ မိမိမိသားစုအပေါ်၊ မိမိအသိုင်းအဝိုင်းအပေါ်၊ မိမိပတ်ဝန်းကျင်အပေါ် စသဖြင့် တာဝန်ရှိတာ။ ဒါကိုမှ ဥပေက္ခာပြုထားမယ်ဆိုရင်တော့ လူတစ်ယောက်ဖြစ်ပေမဲ့ ဘာအဓိပ္ပာယ်မှ ရှိမှာ မဟုတ်'

ဘွဲ့အမည် မမှတ်မိတော့သော ဆရာတော်တစ်ဦး၏ ဆိုမိန့်သံက သူ့အရိုက်ကို နာနာကျင်ကျင်ဖြစ်စေသည်။ သူ့ကိုယ်သူ မုန်းတီးလိုက်ရသည်မှာလည်း ပြောဖွယ် မရှိတော့။

သူ တော်တော် စိတ်ကုန်နေပါပြီ။ သူ့ကိုယ်ပေါ် ပိုးစိုးပက်စက်ပိနေသည့် ဝေဒနာများက နည်းနည်းနောနောမဟုတ်။ နောက်ပြီး သူ သေခြင်းတရားကို အံတုနေ သူတစ်ယောက်တော့ မဟုတ်ပြန်ပါ။ လည်စင်းခံနေခြင်းသာ ဖြစ်သည်။ သို့သော်…။

တကယ်တော့ သူသည် အစာမကြေ၍ ပြန်အန်ထုတ်ပစ်သည့် ကိုယ်ကျင့် သိက္ခာ အကျိုးအပဲ့များအား ရွံရှာစက်ဆုပ်နေခြင်းသာ ဖြစ်ပါသည်။

■

**ဒေါင်းနေမင်း**

**အမှတ် ၁၅၂၊ ဇူလိုင်လ၊ ၂၀၀၂ ခုနှစ်**

**ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။**

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မော်ရုံခွင် သမင်မျက်လုံး

**ဆူးငှက်**

လှုပ်ရှားယိမ်းထိုးကခုန်နေသော အရောင်များ၊ ဖွဲ့စည်းမှုများ
စုတ်ချက်များတွင် တီးလုံးသံက 'နတ်ဒိုး'များသာ ဖြစ်သင့်သော်လည်း
မိတ်ဆွေသည် ရှားရှားပါးပါး ရရှိထားသော
ရှေးဟောင်းတိပ်ခွေလေးတစ်ခွေမှ မြန်မာ့ဆိုင်းဝိုင်းတစ်ဝိုင်း၏
သမားစဉ်တီးလုံးလေးကို ဖွင့်ထားခြင်း ဖြစ်သည်
တာပင်တိုင်နှင့် ငါးကြီးဆီ ရနံ့ပင် မပြယ်သေးသော
အသစ်စက်စက် ဆီဆေးပန်းချီကားကို
အားပါးတရ ကြည့်ပြီးနောက် ရှေးဟောင်းလက်ရာ
ရွှေချည်ထိုးကားချပ်ကြီးများ၊ ပန်းပုရုပ်လုံးများ ဓာတ်ပုံများကို
တစ်ကားချင်း၊ တစ်ခုချင်း၊ တစ်ပုံချင်း ကြည့်ရှုနေမိ၏

mgyoe.com

mgyoe.com SAMPLE BOOK

# မှော်ရုံခွင် သမင်မျက်လုံး

## ဆူးငှက်

'ချော့မြှူစားလို့ သွေးသူဝေးဆောင် တောင်မြိုင်ချောင် မြအရောင်ဖြာ မြေတလက်တော်ကမ်း…'

သမင်လိုက် 'ချွတ်သံ'ကို စခွန့်ဒိုးဆစ် အဆို့အပိတ်များနှင့် သပ်ရပ်ပိရိစွာ တီးမှုတ်နေသည့် ဆိုင်းသံက လေအေးစက်ရှိန်းမြမြ အတွေ့အထိနှင့် လွင့်မျောလာသည်။ မိတ်ဆွေသည် သကြန်ကာလ အားလပ်ရက်အတွင်း သူ ရေးဆွဲပြီးစီးခဲ့သော '၃၇ မင်းနတ်' ခံစားမှုပန်းချီကားကြီးများကို မန္တလေး ၆၂ လမ်းပေါ်က သူ့နေအိမ်မှ ရှေးဟောင်းပစ္စည်း ပန်းချီပန်းပု၊ ရွှေချည်ထိုးကားချပ်များ ချိတ်ဆွဲထားသော မှန်လုံအိမ် အအေးခန်းအတွင်း ဖိတ်ခေါ်ကာ ပြသနေ၏။ လှုပ်ရှားယိမ်းထိုးကခုန်နေသော အရောင်များ၊ ဖွဲ့စည်းမှုများ၊ စုတ်ချက်များတွင် တီးလုံးသံက 'နတ်ဒိုး'များသာ ဖြစ်သင့်သော်လည်း မိတ်ဆွေသည် ရှားရှားပါးပါး ရရှိထားသော ရှေးဟောင်းတိပ်ခွေ လေးတစ်ခွေမှ မြန်မာ့ဆိုင်းဝိုင်းတစ်ဝိုင်း၏ သမားစဉ်တီးလုံးလေးကို ဖွင့်ထားခြင်း ဖြစ်သည်။

တာပင်တိုင်နှင့် ငါးကြီးဆီ ရနံ့ပင် မပြယ်သေးသော အသစ်စက်စက် ဆီဆေးပန်းချီကားကို အားပါးတရ ကြည့်ပြီးနောက် ရှေးဟောင်းလက်ရာ ရွှေချည်ထိုး ကားချပ်ကြီးများ၊ ပန်းပုရုပ်လုံးများ၊ ဓာတ်ပုံများကို တစ်ကားချင်း၊ တစ်ခုချင်း၊ တစ်ပုံချင်း ကြည့်ရှုနေမိ၏။

တိပ်ခွေမှ ထွက်ပေါ်လာသော ဆိုင်းသံသည် ချွတ်သံတီးလုံးက လင်းကွင်း လတ်လေး ဗိအုပ်တီးသော စည်းချက်သံလေးဖြင့် ခပ်ညက်ညက်လေး ထွက်ပေါ်လာ

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။

*အိုး… ပန်းစေဖို့ဖွယ်ပင်*
*ဆန်းရွှေသမင်ငယ်လေး*
*ရုပ်သွင်ရွှေသား*
*ထင်မှားအောင်ကြံ*
*လေးသွဲ့ငယ်ရိုက်ဟန်*
*ညှိုးမာန်ထပ်ဆင့်ပြန်။*

ခပ်မှိန်မှိန် ထွန်းညှိထားသော မတ်တတ်မီးလုံး၏ အုပ်ဆောင်းမှ ဝေးရာ ခပ်လှမ်းလှမ်းနံရံသည် အလင်းရောင်လဲ့လဲ့နှင့် လက်ကမ်းမမီသဖြင့် အမှောင်ကန့်လန့် ကာပါးပါး ကာဆီးထား၏။ ရှေးဟောင်းဓာတ်ပုံများကို တစ်ပုံပြီးတစ်ပုံ စိတ်ဝင်တစား ကြည့်ရင်း အမှောင်ကန့်လန့်ကာနံရံဆီအရောက် မျက်စိတူရူရှေ့မှောက်မှ ရှေးဟောင်း ပန်းချီကားကြီးတစ်ချပ်ကို မန္တလေးပန်းချီကျော် ဦးဘအေး၏ လက်မှတ်နှင့်အတူ ဖျက်ပြယ်လု မှိန်ဖျော့စွာ ရုတ်ခြည်း မြင်လိုက်ရ၍ အံ့အားတသင့် မော့အကြည့်လိုက်-

ပြည့်တင့်ပြန့်ပြူးသော မဟာနဖူး၊ သွယ်လျညီညာသော မျက်နှာကျ၊ ရှည်လျားနက်မှောင်သော ဆံပင်၊ ကြော့ရှင်းသော ကိုယ်ဟန်နေထား။

ထို့နောက်… ထို့နောက်….

'အဲဒါ မယင်းတော်ပုံလေဗျာ'

မိတ်ဆွေ၏အသံက နှလုံးသားဆီ ဖြတ်ရိုက်စီးသွား၏။

'ဗျာ မယင်းတော်'

ကျွန်တော် အံ့အားတသင့် ဖြစ်သွားသည်။ အအေးခန်းထဲမှာပေမင့် ရုတ်ခြည်း စိမ့်ထွက်လာသော ချွေးစေးများဖြင့် ကျွန်တော့်လက်ချောင်းလေးတွေ တုန်ယင်လာသည်။ မယင်းတော်ဟူသောအသံနှင့်အတူ တုန်ယင်သောလက်များဖြင့် ပန်းချီကားကို ပွတ်သပ်ကြည့်ဖို့ အားယူလိုက်၏။

မိတ်ဆွေက အနားရောက်လာသည်။ ပီသသောအသံဖြင့်-

'မကွမ်းငုံတို့၊ ဆင်ခိုးမလေးတို့နဲ့ ခေတ်ပြိုင် ယင်းတော်မလေးပေါ့ဗျာ. မယင်းတော်လို့ ခေါ်ခဲ့ကြတာ'

လူတစ်ရပ်နီးပါးခန့်မြင့်သော ပန်းချီကားကြီးက နံရံထက်မှနေ၍ စီးမိုး ကြည့်နေသည်။ ခပ်လျားလျားမျက်ဝန်းများက ခပ်စင်းစင်းစိုက်ကြည့်နေ၏။

တုန်ယင်သောလက်များက ပန်းချီကားမှ မယင်းတော်၏ ရှည်လျားသော

mgyoe.com

mgyoe.com SAMPLE BOOK


ဆံပင်များကို ထိတွေ့ကြည့်ရန် ကြိုးစားရင်း ကျွန်တော့်နှုတ်ဖျားမှ စကားလုံးတချို့ ရုန်းထွက်သွားပြန်သည်။

'မယင်းတော်ကို ကျွန်တော် သိတယ်။ တွေ့လည်း တွေ့ဖူးတယ်။ ပြီးတော့… ပြီးတော့…'

စကားလုံးတချို့က ကျွန်တော့်နှုတ်ဖျားမှ ဆက်ထွက်ဖို့ အင်အားမရှိတော့။ ဆက်ထွက်ရန်အတွက် မဝံ့မရဲဖြစ်ရသည်ဆိုတာက သေချာသည်။ သို့သော်-

'……….'

ရတနာပုံခေတ်က ထင်ရှားကျော်ကြားခဲ့သော အငြိမ့်မင်းသမီးတစ်လက်ကို သူ့ထက်အသက်များစွာငယ်သော ကျွန်တော်က 'သိတယ်' ဟူသည်သာမက 'တွေ့ဖူးတယ်' ဟူသော အလေးအနက်စကားအပေါ် မိတ်ဆွေသည် အံ့အားသင့်သော အမူအရာဖြင့်ကြည့်ကာ အသံမထွက်သော ရေရွတ်ခြင်းမျိုးဖြင့် ရေရွတ်ကာ စိတ်လှုပ်ရှားသွားပုံရ၏။ ခေါင်းတယမ်းယမ်း။

ကျွန်တော်ကတော့ ဒါတွေ သတိမထားမိ။ ရှေ့တူရူရှိ ပန်းချီကားကြီးကိုသာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိသည်။ ကြည့်ရင်းကြည့်ရင်း ခပ်ပျပျအလင်းရောင်အောက်မှ မြေဝါ၊ မီးခိုးကဲသော အသွေးများမှ မျက်ဝန်းအစုံသည် ဖျတ်ခနဲ လင်းလက်စေတော့သည်။

❑

မျက်ဝန်းအစုံက ဖျတ်ခနဲ။

ရင့်အိုနေသော ကျနေမှာပင် နုသစ်သော မျက်ဝန်းအရောင် လက်သွားတာ သတိထားမိသည်။ သည့်အရင် သတိထားမိတာတွေက ပေါင်းကူးထားသော ဖွန်ပန်းရုံအပေါက်ဆီမှတစ်ဆင့် ကာဖိရင့်ရောင် အော်စတင်ကားလေးတစ်စီး ကွေ့ဝင်လာကာ ဘုန်းကြီးကျောင်းရှေ့သို့ ထိုးဆိုက်လာခြင်း ဖြစ်၏။ ထို့နောက် သတိထားမိတာက အော်စတင်ကားကလေး၏ နောက်ခန်းတံခါးပွင့်လာကာ ခြေထောက်လေးတစ်ဖက်က ကျောင်းတလင်းပြန့်ပြန့်လေးပေါ် ခြေဖျားလေးဖြင့် ညင်ညင်သာသာ ချနင်းလာရင်း ဖွင့်လက်စ တံခါးမှ ဝရန်တာရှိကျောင်းဆိုင်းဘုတ်ကို မော့ကြည့်လိုက်သော မျက်နှာလေးအား မြင်လိုက်ရခြင်း ဖြစ်၏။ ရုတ်ခြည်း တစ်ပြိုင်နက်မှာပင် 'ရွှေနန်းမြိုင်' ဟူသော ကျောင်းဆိုင်းဘုတ်ကို အမြင်လိုက် သေချာပြီဟူသော အသိကဖွင့်လှစ်လိုက်သော 'မျက်ဝန်း' အလက်လေးကို အမိအရ မြင်လိုက်ရခြင်းပင် ဖြစ်သည်။ တံခါးအဖွင့်၊ ခြေဖျားကလေးအကျ၊ မျက်ဝန်းအလက် တစ်ဆက်စပ်တည်း၊ တစ်ချိန်တည်း။

mgyoe.com

ထို သတိထားမိခြင်းများ ဆက်တိုက်ဖြစ်ပေါ်နေချိန်၌ ကျောင်းအတွင်းရှိ စာတိုက်ဘီရိုကြီးအနားတွင် နေရာယူထားသော ကျွန်တော်တို့ တီးဝိုင်းလေးက 'စေဇယန္တာ'ကို တီးခတ်နေချိန် ဖြစ်ပါသည်။ ကျွန်တော်က သံပတ္တလားကို လက်ခတ်ဖြင့် တို့ထိရင်း သတိထားမိသော မြင်ကွင်းများပင် ဖြစ်သည်။

ထိုနေ့က ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ဖြစ်၏။ မန္တလေးရှိ ဘုန်းကြီးကျောင်းတိုက်ကြီးအသီးသီးတွင် ဝါဆိုပန်းကပ်ပွဲများ ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲနေကြသော အခါသမယဖြစ်သည်။ ဝါဆိုလပြည့်သည်နှင့် မန္တလေးဈေးအသီးသီးသို့ ပြင်ဦးလွင်မှ M.M.T.Aဂျစ်ကားများဖြင့်အပြည့် ဝါဆိုပန်းတွေ တင်းကြမ်းဆင်းလာသည်။ ကား တစ်စီးပြီး တစ်စီး။

ဝါတွင်း ဥပုသ်သီတင်းသီလ၏ ပထမဆုံးဝါဝင်ဥပုသ်ဖြစ်သော ဝါဆိုလပြည့်နေ့တွင် ကျောင်းကန်ဘုရားနှင့် ဓမ္မာရုံအသီးသီးတွင် ဥပုသ်ယူ သီတင်းသီလဆောက်တည်ကြသည်။ ထို့နောက် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ရောက်သောအခါ မန္တလေး၏ကျောင်းတိုက်ကြီးအသီးသီး၌ သီတင်းသုံးတော်မူကြသော သံဃာတော်မြတ်များသည် ဝါဆိုကြကုန်၏။ မန္တလေးမြို့ပေါ်ရှိ ဒကာ၊ ဒကာမ အသီးသီးတို့က ထို ကျောင်းတိုက်ကြီးများတွင် ဝါဆိုပန်းများ ကပ်လှူပူဇော်ကြသည်။ ဝါဆိုပန်းကပ် လာရောက်ကြကုန်သော ဒကာ၊ ဒကာမ အသီးသီးကိုလည်း သက်ဆိုင်ရာ ဘုန်းကြီးကျောင်းများက အကျွေးအမွေးများဖြင့် ဧည့်ခံကြသည်။ ထို့ကြောင့် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ရောက်လျှင် မန္တလေးကျောင်းတိုက်ကြီးများ၌ ဝါဆိုပန်းကပ်ပွဲများဖြင့် စည်ကားလှသည်။

မန္တလေးမြို့ အနောက်ပြင် မေဃဝတီတောင်သမန်တိုက်အတွင်းရှိ 'ရွှေနန်းမြိုင်'ကျောင်းသည် ကျွန်တော်တို့ မိဘဘိုးဘွားများ အစဉ်အဆက် ကိုးကွယ်ခဲ့ကြရာ ဘုန်းကြီးကျောင်းဖြစ်သည်။ ကျွန်တော်ကိုယ်၌ကလည်း ရှစ်တန်းအောင်ပြီးကတည်းက အရပ်ထဲရှိ မိဘအိမ်မှာမနေဘဲ ဘကြီးဘုန်းကြီးကပဲ ကျောင်းသို့ ကျောင်းအိပ်ကျောင်းစား ခေါ်ထားခြင်းခံရသူ ဖြစ်၏။ 'ရွှေနန်းမြိုင်'ကျောင်း ဝါဆိုပန်းကပ်ပွဲက ထူးခြားသည်။ အခြားကျောင်းများကဲ့သို့ ထိုနေ့ရောက်လျှင် 'ညချင်းသုပ်'ကို ပင်တိုင်ထားကာ ရှာလပတ်ရည်၊ ဘိလပ်ရည်၊ လိုင်းမကြူး၊ ဘီစကစ်နှင့် နာနတ်ယို၊ ကြာခံဟင်း စသည်များ တိုက်ကျွေးသည်သာမက ကျွန်တော်တို့ ရပ်ကွက်တီးဝိုင်းလေးကလည်း နှစ်စဉ်ဝတ္တရားမပျက် တီးမှုတ်ဧည့်ခံပါ၏။

ယခုနှစ်လည်း ညချင်းသုပ်နှင့် တောင်ပံကား ဘိလပ်ရည်ကို ဧည့်ခံပါသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


တီးဝိုင်းလေးက တီးခတ်ပြီး အရပ်ခံ၊ အိမ်ခံ အမျိုးသမီးလေးများက ကပြကြသလို ဝါဆိုပန်းကပ်လာ အမျိုးသမီးများပါ ဝင်ရောက်က,ခုန်ကြဖြင့် 'ရွှေနန်းမြိုင်' ဝါဆိုပန်းကပ်ဆိုလျှင် တကူးတကန့် လာကြည့်သူများနှင့်ပင် စည်ကားနေပါ၏။ ထို့ကြောင့် ရွှေနန်းမြိုင်ကျောင်း ဝါဆိုပန်းကပ်ပွဲသည် နှစ်စဉ်လာရောက်ကြသော ဧည့်သည်များက မပျက်မကွက် အားခဲကြသောကြောင့် အိမ်ရှင်ဧည့်သည် မခွဲခြားနိုင်ဘဲ အားလုံး ရင်းနှီးကျွမ်းဝင်မှတ်မိနေကြပါပြီ။

ဓာတ်နန်းရပ်က မာမီမတင်အောင်က ဓာတ်နန်းရပ်သူလေးတွေနှင့် နှစ်စဉ် မပျက်မကွက် လာရောက်သည်။ မတင်အောင်ကလည်း အကကောင်း၊ ဓာတ်နန်းရပ် သူလေးတွေကလည်း အချောအလှ အဖူးအညွန့် အကကောင်း။ ထို့ကြောင့် မတင် အောင်နှင့် ဓာတ်နန်းသူလေးတွေ ရောက်လာလျှင် ပွဲမှာ အစည်ကားဆုံး အထွတ် အထိပ်ပင်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့တီးဝိုင်းအဖွဲ့က ကရောင်းရိုက်ကတည်းက လာမည့်ဧည့်သည်တွေ မျှော်ကြ၏။ လာနေကျဖောက်သည်တွေ မျှော်ကြ၏။ ဒေါင်းရိုး က လက်ဖက်ကုန်သည် မချစ်စုသမီးတွေ ရောက်လာကြပြီလား။ ဥယျာဉ်တန်းက ကြည်ကြည်၊ ရီရီ ညီအစ်မရော။ ဝါးတန်း ဦးကာကမြေးတွေလည်း နှစ်တိုင်းလာနေ ကျပဲ။ မင်္ဂလာဈေး မမြရင်အဖွဲ့က ကြိုရောက်နှင့်ပြီ။ ဓာတ်နန်းမတင်အောင်အဖွဲ့မှာ မနှစ်ကလူ အစုံအလင် ပါပါ့မလား... စသည်ဖြင့်။

ဤသို့ အချင်းချင်း လက်တို့မေးငေါ့ရင်း ဧည့်သည်မျှော်ကြရာမှ(ဃ- ၅၁၀၄) ဟူသော ကော်ဖီရင့်ရောင် အော်စတင်ကားလေး ချိုးဝင်လာသောအခါ လာနေကျကား မဟုတ်သဖြင့် သတိထားမိသည်။ ကားတံခါးလေးဖွင့်ကာ ဆင်းလာ သူကလည်း မြင်နေကျ မဟုတ်သဖြင့် စိတ်ဝင်စားမိ၏။ ခါးအောက်ဆီအထိ ဝဲကျနေ သည့်ဆံပင်ကို နဖူးဆီမှသိမ်းကာ ကုပ်ထိပ်မှ ဖဲပြားဝါလေးနှင့် စုသိမ်းစည်းပြီး ရှေ့သို့ချထား၏။ ရှေးက ဤဆံပင်မျိုးကို 'ပူပုံထုံး' ဟု ခေါ်ခဲ့ကြသည်။ ဤဆံပင်ပုံ ကြောင့် မမောက်လွန်း၊ မပြန့်လွန်း အနေတော် နဖူးအလှက ထင်းခနဲ ပေါ်သည်။ လျားသောမျက်ဝန်းမှာ မျက်တောင်ကော့ကာ ရှည်လျားသည်။ ထူးခြားသည်က မျက်ခုံးမွေး ဖြစ်၏။ ထူထဲသော်လည်း လခြမ်းကွဲသို့ ကွေးညွတ်သည်။ နှာတံက စင်းစင်းပေါ်၏။ နှုတ်ခမ်းက ဖူးဖူးငုံ။ စကားဝါရောင် ရေခဲရှုန့်သားကို လက်ပြတ် ကော်လံထောင်ပုံစံ အင်္ကျီကိုဝတ်ထားသည်က လှထိပ်တင်ခါးရှည်ဘော်လီလေးနှင့် မယဉ်မရိုင်း တင်းတင်းရင်းရင်းလှသည်။ ကြော့ရှုံ့သွယ်သော ကိုယ်လုံးလေးမှာက ရှန့်ပဲညွှန့်လုံချည်လေး ဝတ်ထားသည်။ ပိုးသားကဲသော လုံချည်မို့ ကိုယ်လုံးအလှလေး

mgyoe.com

mgyoe.com SAMPLE BOOK


က မသိမသာ ပေါ်၏။ လက်ထဲမှာက အဝါရောင် သစ္စာပန်းစည်းလေး ကိုင်ထားသည်။ သူ့နောက်မှာက အသက် ၅၀ ကျော်အရွယ် ခပ်ဖိုင့်ဖိုင့် အဘွားကြီးတစ်ဦးက ပိုင်သားရင်ဖုံး လည်ဂျာပေါက်စင်းအင်္ကျီ၊ စူရတီလုံချည်နှင့် ပဝါစုံချထားသည်။ ရှိုက္ကမဲ့စုဆံပင်ကို ဆီရွှဲရွှဲလူးကာ ထိပ်တည့်တည့်မှာ စုထုံးပြီး ရွှေဘီးကုပ်လေး စိုက်ထားသည်။

တီးဝိုင်းအဖွဲ့သားများသာမက ကျောင်းထဲသို့ ဝါဆိုပန်းကပ် ရောက်နှင့်နေသူတွေကပါ အော်စတင်ကားလေးက ဆင်းသက်လာသူတွေကို သတိထားစောင်းငဲ့ကြည့်ကြသည်။ ထို့နောက် ကျောင်းထဲသို့ ဝင်လာကာ ဆရာတော်ရှိရာ ဘုရားခန်းသို့ မေးမြန်းဝင်သွားကြပြီး ဆရာတော်နှင့် တစ်စုံတစ်ရာ မေးမြန်းလျှောက်ထားပြီး ဝါဆိုပန်းကပ်လှူနေသည်ကို တစေ့တစောင်း လှမ်းမြင်လိုက်ရပါသည်။ ထို့နောက် ဧည့်ခံကြသူများက ဘီလပ်ရည်ပုလင်းများ အသီးသီးယူပြီး ဆရာတော် သီတင်းသုံးရာ ဘုရားခန်းတွင်းသို့ ဝင်သွားကြသည်ကို မြင်လိုက်ရ၏။ .

ဪ ... ဆရာတော့်ဧည့်သည်နေမှာပေါ့။

ကျွန်တော်ကတော့ သူမကို အော်စတင်မမဟု ရုတ်ခြည်း မှတ်သားမိချေပြီ။ ထို့နောက် ကျွန်တော်လည်း သံပတ္တလားဆန်များပေါ် အာရုံပြန်ရောက်ပြီး တီးလက်စ တီးလုံးကိုပဲ စိတ်ပါလက်ပါ တီးခတ်နေမိတော့သည်။

*'မျှော်ရာတိုင်း ... ရှစ်ခွင်*
*မင်းလွင်တိမ်စဉ်တောင်စွယ်ကာ*
*မိလ္လာထိန်ဖြာ လွမ်းဖွယ်သာ*
*ညင်းညင်းပြာ'*

❑

ခတ်နန်းရပ်မှ မာမီအောင် ဦးစီး၍ မမြမှူတို့အဖွဲ့ ရောက်လာသောအခါ *ထပ်တစ်ရာလမ်း၊ နှစ်ယောက်တည်းနေချင်တယ်* စသော သီချင်းများဖြင့် တီးမှုတ်က,ခုန်နေစဉ်မှာပင် ဆရာတော်က အခေါ်ခိုင်းလို့ဟူ၍ ကိုရင်လေးတစ်ပါး လာပြောသောကြောင့် ပတ္တလားလက်ခတ်ကို အနားရှိ ကိုမွတ်စ်အား ထိုးပေးခဲ့ပြီး ဆရာတော်ရှိရာ ဘုရားခန်းသို့ ဝင်ရသည်။ ဆရာတော်က ကြေးကွမ်းညှပ်ကြီးဖြင့် ကွမ်းသီးများ တထောက်ထောက်ညှပ်ရင်း ရှေ့တွင်ရှိသော အော်စတင်မမအား မေးငေါ့ပြရင်း-

'အဟမ်း... မောင်ဆန်း လာကွ။ ဒီဒကာမလေးက တို့ဆွမ်းစားကျောင်း ဒကာကြီးရဲ့ တူမလေး။ ဆွမ်းစားကျောင်းဒကာရယ်၊ ဒကာမလေးအမေရယ်၊ အခုပါ

mgyoe.com

mgyoe.com SAMPLE BOOK


လာတဲ့ ဒကာမကြီးရယ်က မောင်နှမအရင်းတွေတဲ့။ မြစ်ဝကျွန်းပေါ် ဝါးခယ်မမှာ နေကြတာ။ ကိုင်း... ဒကာမလေး မောင်ဆန်းက ဒီကျောင်းမှာပဲ နေတယ်။ သီချင်းလေး ဘာလေးက သူမှ တီးမိခေါက်မိတာ။ သီချင်တာ သူ့သာမေး။ ကျုပ်တို့က ဝါဆိုကိစ္စ ရှိသေးတယ်။ နေရစ်ခဲ့ကြဦး။ ဟဲ့... မောင်ဆန်း ဂရုစိုက်ပြီး ဆောင်ရွက်ပေးလိုက်၊ ကြားလား'ဟု မိန့်ကြားသည်။

'တင်ပါ့ဘုရား'ဟုသာ လျှောက်ထားလိုက်ရ၏။ ဘာမှ ဇာတ်ရည်မလည်သေး။ ဆရာတော်က အခန်းထဲဝင်သွားသည်။ ထို့နောက် သင်္ကန်းကြီးအား ပခုံးပေါ်တင်ပြီး တိုက်အုပ်ဆရာတော်ကျောင်းဆီ ကြွသွားသည်။ ဧည့်သည်အဘွားကြီးက ပြင်ထိုင်လိုက်ပြီး တူမဖြစ်သူကို လှမ်း၍-

'ကဲ... ကဲ မေးစရာရှိတာ မေးလေကွယ်'ဟု ပြောလိုက်မှ-

'သြော်... ဒီလိုပါရှင့်... ကျွန်မက ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာ မဟာဝိဇ္ဇာ တက်နေတာပါ။ ကျွန်မ အဘေး၊ အဘွားများက နန်းတွင်းသဘင်ပညာရှင်ကြီးတွေပါ။ ပါတော်မူပြီး အတည်တကျမရှိတော့ဘဲ ဟိုမြို့၊ သည်မြို့ ပြောင်းရွှေ့ကြရင်း နောက်ဆုံး အောက်ပြည်အောက်ရွာမှာပဲ အခြေချခဲ့ကြတာပါ။ ကျွန်မက မျိုးရိုးအစဉ်အဆက် သုခုမပညာကို စိတ်ဝင်စားတာနဲ့ 'မြန်မာ့ရှေးရိုး တစ်ပင်တိုင်အက' ဆိုတဲ့ စာတမ်းတစ်စောင် ပြုစုနေပါတယ်။ ဒီပညာရပ်တွေနဲ့ မေးဖို့မြန်းဖို့ဆိုတာက မန္တလေးမှာပဲရှိတာ မဟုတ်လား။ မန္တလေးမှာကလည်း အဆက်အသွယ်က ဈေးချိုထဲက ငါးခြောက်ကုန်သည် ဒေါ်ဒေါ်မိတို့ပဲရှိတော့ ဆက်စပ်မှုက နည်းနည်းဝေးနေတာပေါ့။ ဘဘကြီးတို့ကလည်း မန္တလေးရောက်ရင် တို့ဘုန်းကြီးကျောင်းရောက်အောင် သွားကန်တော့ဆိုတာနဲ့ ဒေါ်ဒေါ်မိတို့ကားလေးနဲ့ လာကြတာ။ ဒီရောက်မှ ဆရာတော်နဲ့ စကားစပ်မိလို့ပါ'

အော်စတင်မမလေးက အလွတ်ကျက်ထားသော စကားလုံးများကို လက်ပိုက်၊ ခေါင်းလေးမော့ပြီး တတွတ်တွတ်ရွတ်ပြသည့် ကလေးတစ်ယောက်လို ဆက်တိုက်ပြောသွား၏။ ကျွန်တော်က သူ့စကားမဆုံးမီမှာပင် အတော်များများ ခေါင်းထဲမှာ စီစဉ်ပြီးသွားပါပြီ။ ထို့ကြောင့် ပိုင်နိုင်သော အမူအရာဖြင့်-

'ဒါဆိုရင် လူထုဒေါ်အမာနဲ့ တွေ့ရမယ်။ သုတေသနအရာရှိ ဦးစိန်မောင်ဦးနဲ့ တွေ့ရမယ်။ မြန်မာစာဌာန ဆရာ ဦးချမ်းမြ၊ ဆရာ ဦးမောင်မောင်တင်တို့နဲ့ တွေ့ရမယ်။ ပြီးတော့ အမိန့်တော်ရမင်း ဦးခင်မောင်ဒွေး...'

အသက်ရှူရန်အတွက် ခဏနားလိုက်ပြီး ဆက်ပြောရန် ဟန်ပြင်စဉ်မှာပင်

mgyoe.com

mgyoe.com

SAMPLE BOOK



သူမက–

'ဟုတ်ကဲ့ ကျွန်မ အားလုံးတွေ့ပြီးပါပြီ။ ပိုက်ကျိုးက အောင်ချမ်းသာ ဦးအေးမောင်နဲ့တွေ့ဖို့လည်း သူ့သား ဦးတင်မောင်ကွန့်နဲ့ ပြောထားပြီးပါပြီ။ ပန်တျာကျောင်းက ဆရာထူးနဲ့လည်း ချိန်းထားပြီးပါပြီ။ အခု ကျွန်မ တွေ့ချင်တာက ပေါက်ပေါက်တန်း ဦးထွန်းရ…'

'ဗျာ…'

'ပေါက်ပေါက်တန်း ဦးထွန်းရအိမ်က ဟိုခေတ်က ပန်တျာကျောင်းပဲ မဟုတ်လား။ မနေ့ညနေက ဒေါ်ဩဘာသောင်းတိုက်လည်း ရောက်သေးတယ်။ အမေသောင်းက ရန်ကုန်ယဉ်ကျေးမှုရိပ်မြုံရောက်နေတာတဲ့။ သူ့သား ဦးလစ်ပတန်က ပေါက်ပေါက်တန်းရပ်ကွက်နေရာ ညွှန်လိုက်တော့ ဒီကျောင်းတိုက်နားတစ်ပိုက်မှာမို့ မေးကြည့်တာပါ'

ကျွန်တော် ရုတ်ခြည်းပင် သူမကို အထင်ကြီးသွားသည်။ အတော် သိထားပုံရ၏။ ပါလာသည့် အဒေါ်ဆိုသူ အဘွားကြီးက–

'ငါ့တူရယ် ပေါက်ပေါက်တန်း ဦးထွန်းရကတော့ ဘယ်ရှိနိုင်ပါတော့မလဲ။ သူ့အဆက်အသွယ်တွေ ရှိလို့ရှိငြားပေါ့။ ပြီးတော့ အဒေါ်ကလည်း ရောက်တုန်း စကုတိုက်က ရွှေမန်းကျောင်း ဦးကုသလဆီမှာ ဝင်ကန်တော့သွားဦးလို့ ပြောထားရတာ'ဟု ဝင်ပြောသည်။

သူမက ခါးလေးဆန့်ပြီး အင်္ကျီအောက်နားစွန်းအား ဆွဲချရင်း–

'သွားမှာပါ ကြီးကြီးရဲ့။ ဩော် နေဦး၊ နေဦး၊ သတိရတုန်း'ဟု ဆိုကာ ပါလာသည့် လက်ဆွဲဘယားအိတ်ဇစ်အား ဆွဲဖွင့်ပြီး မှတ်စုစာအုပ်လေးတစ်အုပ် ဖွင့်သည်။ တစ်နေရာရှိ စာရွက်လေးမှ ရေးမှတ်ထားသည့်နေရာရောက်တော့–

'သိမလားတော့ မသိဘူး။ သီချင်းလေးတစ်ပုဒ်… အဆုံးထိမရလို့၊ ရများ ရလားမလို့'ဟု အပြော ကျွန်တော်က လည်ဆန့်ပြီး သူ့စာအုပ်လေးဆီ လှမ်းကြည့်သည်။ သူမက–

'ဒီသီချင်းလေးက *မသွေမရှောင်××× တဖေတအောင်၊ ရနှောင်လေ××× တယ်လို့ဆို၊ ဆင်ခိုးလေး ကျွန်မ၊ မရမက သူ့ကခိုး×××* ဆိုတဲ့ သီချင်းလေ။ အဲဒါ အစအဆုံးများ ရမလားလို့'ဟု မေးသည်။

'ဟာ… အဲဒါ ဆင်ခိုးမလေးလို့ နောက်ပိုင်း အမည်တွင်တဲ့ မကြေးမှုံရဲ့ သီချင်းဗျ။ နေဦး၊ နေဦး ဟုတ်ပြီ၊ တစ်ခါက နတ်ကန္နားပွဲတစ်ပွဲမှာ အဲဒီသီချင်းနဲ့

mgyoe.com

mgyoe.com SAMPLE BOOK


နတ်ချော့တာ ကျွန်တော် ကောင်းကောင်းမှတ်မိတယ်။ အဲဒီတုန်းက ရွာစား ဆိုင်း စိန်ဘကျွဲဆိုင်းထဲက ဆိုင်းနောက်ထကြီးကိုယ်တိုင် ဆိုတာဗျ။ စိန်ဘကျွဲက ဒီရေနှား ဒေါင်းရိုးရပ်ထဲတင်'ဟု အားရဝမ်းသာဖြေလိုက်သည်။ သူမက စာအုပ်လေးထဲတွင် မှတ်လက်စ သီချင်းလေးဘေး၌ စိန်ဘကျွဲဟု ရေးမှတ်လိုက်ပြီး-

'ဟုတ်ပြီ၊ အဲဒါ ရှင့်တာဝန်။ အို... ကန်တော့၊ ကန်တော့ အဲဒီ သီချင်းစာသားလေးရအောင် ကျွန်မကို ကူညီပါနော်'ဟု ကိုယ်လုံးလေး လှုပ်ရယ်ရင်း အားနာစကားဆို၏။ စလွယ်ပေါ်တောင်ကြီး တဖျတ်ဖျတ်ခတ်နေသော အဘွားကြီးက-

'အင်း... တို့တူမကတော့ယော သူ့ကိစ္စချည်းပဲကြည့်တာကိုး။ သူငယ်လေး အားမှန်းမသိ၊ မအားမှန်းမသိ။ ဘယ်နှယ့်တော် ကျုပ်တို့အမျိုးထဲ ဟိုးရှေး အဘေး အဘွားမျိုးဆက်ဝါသနာက သူ့ကျမှ စုပြုံပြီး ပါလာရတယ်လို့'ဟု အားနာစကား ဆိုသည်။

'အို... ကြီးကြီးကလည်း ဆရာတော်က လိုအပ်တာမှန်သမျှ အကူအညီ တောင်းလို့ ပြောထားမင့်ဟာပဲ။ ဆရာတော်ပြန်လာရင် ပေါက်ပေါက်တန်းလည်း လိုက်ပို့ရမယ်။ စကုတ်ိုက်လည်း လိုက်ပို့ရမယ်နော်'ဟု မျက်ခုံးလေးချီရင်း ပြောသည်။

'ကိုင်း... အဲဒါသာကြည့်တော့ ငါ့တူရေ။ အဒေါ်တို့ အစ်ကိုကြီးက ပြောပါပြီကော။ တို့များအဘွား မင်းသမီးကြီးနဲ့ ဟောဒီတူမက ချွတ်စွပ်တူတာတဲ့။ တူမ က,တာများ ကြည့်နေရင်လေ အစ်ကိုကြီးက မေမေတို့၊ ဖေဖေတို့ပြောဖူးတဲ့ အဘွားအကြောင်း သတိရလိုက်တာတဲ့လေ။ အင်း... ချောင်းရိုး မြောင်းရိုးသာ ကောမယ်။ လူမျိုးရိုးမတိမ်ကောဘူးဆိုတာ တကယ် မှန်သကိုးကွယ့်' အဘွားမျိုးစေ့ က တရင်းတနှီးပြောသောကြောင့် ကျွန်တော်က-

'ဟာ...ဒါဆိုရင် ဒီက က,တတ်တယ်ပေါ့။ အတော်ပဲ၊ အတော်ပဲ။ အခု ကျွန်တော်တို့ တီးဝိုင်းလေးနဲ့ တစ်ပုဒ်လောက် ဆင်နွှဲလိုက်ရအောင်လေ'ဟု တိုက်တွန်းမိသည်။

သူမသည် ကိုယ်လုံးလေးလှုပ်မျှ သည်းသည်းရယ်ပြီး-

'ကျွန်မက တော်ရုံတန်ရုံ သီချင်းနဲ့ မက,ချင်ဘူးနော်။ အနည်းဆုံး *သောင်းလယ်ရွှေ* သီချင်းလောက်နဲ့မှ က,ချင်တာ'ဟု ဆိုသည်။

*သောင်းလယ်ရွှေ* တော့ မရဘူးဗျာ။ ဝေဇယန္တာလောက်တော့ ရပါတယ်'ဟု ပြန်ပြော လိုက်ရသည်။

'သြော်... ကျွန်မက မြန်မာ့ရှေးရိုးတစ်ပင်တိုင်အက အကူးအပြောင်းမှာ

mgyoe.com

mgyoe.com SAMPLE BOOK

*သောင်းလယ်ရွှေ* ကို အထူးပြု လေ့လာပြီး နမူနာထုတ်ပြရလို့ပါ'ဟု ပြောရင်း သူမက ကျွန်တော်၏ စိတ်ဝင်စားမှုအတိုင်းအတာကို စေ့ငုသည့်အနေဖြင့် လှမ်းကြည့်သည်။ ကျွန်တော့်အမူအရာက စိတ်ဝင်စားမှုအပြည့်ဆိုတာ အထူးပြောစရာ မလို။

ထို့ကြောင့်–

'ဒီလိုရှင့် တေးသွားတွေက ဇာတ်အိမ်ဇာတ်ကွက်တွေမှာ တီးမှုတ်ကြတာဆိုတော့ ဒီသီချင်းတွေနဲ့ က,ပြတဲ့ အကတွေက သရုပ်ဖော်အကတွေရှင့်။ *သောင်းရွှေလယ်* မှာ *'သောင်းရွှေလယ်၊ ပိုင်စိုး၊ မိုးမည်မယ်'* ဆိုရင် တစ်သောင်းသော စကြေအဝှန်းကို လက်ညှိုးညွှန်ပြီး ကောင်းကင်ကို လက်ညှိုးညွှန်။ လက်သုံးတော် ပသန္တာက လက်ယှက်ပြီး နတ်ကောင်းနတ်မြတ်များမစ,ရန် အသင့်ရှိကြောင်း တင်ရတယ်။ 'ရွှေသည်းကျူမ်းမျှ လွမ်းရတယ်'ဆိုရင် ကိုယ့်ရင်ကို လက်ညှိုးညွှန်ပြီး နွမ်းလျှမရှင်တဲ့ မျက်နှာတဲ့။ မျက်ရည်သုတ်တာ ပခုံးနှစ်ဖက်ပင့်ပြီး ရှိုက်ဟန်ပြတာ… အဲလို သရုပ်ဖော် က,ရတာရှင့်'ဟု သူမက အားတက်သရောပြောသည်။ အဒေါ်ဖြစ်သူက တူမကို ကျေနပ်ပီတိပြုံးဖြင့် ကြည့်ရင်း–

'ကိုင်း… ကိုင်း… တူမကြီးရယ် ထ။ ကပြဖို့ပဲ ကျန်တော့တယ်။ နေစောင်းနေပြီကွယ့်။ ဆရာတော်က ဝါဆိုဦးမှာဆိုတော့ ကြာဦးမှာ။ ဒီက တူတော်မောင်လည်း အားနာစရာ။ စကုတိုက် အရင်သွားကြရအောင်လား။ အပြန်မှ ပေါက်ပေါက်တန်း ဝင်ကြတာပေါ့'ဟု ဆိုသည်။

ကျွန်တော်က ကျောင်းတိုက်မှ တိုင်ကပ်နာရီကြီးကို မော့ကြည့်ပြီး–

'ဟုတ်တယ်၊ ဆရာတော်က ကြာဦးမှာ။ စကုတိုက်က မြောက်တက်တင်။ ကားကို ဒီမှာပဲ ထားခဲ့တော့။ အတော်ပဲ ရွှေမန်းကျောင်းမှာ ဝါဆိုပန်းကပ်ပွဲ သိပ်စည်တာ။ ဒီနေ့ဆိုရင် ရွှေမန်းသဘင်တစ်ဖွဲ့လုံး အဲဒီကျောင်းရှေ့မှာ စင်ထိုးပြီး တီးမှုတ်က,ခုန်ကြတာ'ဟု ပြောလိုက်သည်။ သူမက လက်ဆွဲတယားအိတ်လေးကောက်ကိုင်ပြီး–

'ဒါဆိုရင် ပွဲမသိမ်းခင် အမြန်သွားမှ ဖြစ်မယ်'ဟု ဆိုကာ ခပ်သွက်သွက် ထ,၏။ အဒေါ်က တူမကို 'ပွဲဆိုရင် ကဲရန်ကော'ဟူသော အကြည့်ဖြင့် ကြည့်ကာ ခပ်ဖြည်းဖြည်း ထ,သည်။

❑

*'မာယာသူဖန်၊ ဘုန်းငွဲထံ၊*
*လက်လှမ်းသူသာ နီးမခံ*

mgyoe.com

mgyoe.com
SAMPLE BOOK


*ပန်းမာန်ကြူကြူ ကြိုင်လှိုင်ငှမွှေး*

*ဝေးအဝေးရာ*

*သွေးဆောင်ကာ'*

မလွန်ရပ်ရှိ သာသနာ့ဗိမာန်ကြီးမှ အလျှုက အလျှုဝင်ညမှာ ရွှေဒေါင်းမြိုင် ဆိုင်းအဖွဲ့ ဧည့်ခံဆိုင်းတီးသည်။ မန္တလေးမြို့ရှိ သူမ သွားချင်သော၊ သွားသင့်သော နေရာများဆီ သုံးရက်နီးပါး လိုက်ပို့ပေးပြီးနောက် မန္တလေးဆိုင်းအဖွဲ့မှ ကရောင်းရိုက် တာ နားထောင်ချင်သည်ဆိုသောကြောင့် ယခုည ရွှေဒေါင်းမြိုင်ဆိုင်းအဖွဲ့ရှိရာ ခေါ်လာရ ခြင်း ဖြစ်၏။ အဒေါ်ဖြစ်သူက တစ်နေကုန်နီးပါး ရပ်ကွက်ပေါင်းစုံ လှည့်ပတ်လိုက်နေ ရသဖြင့် ယခုည မလိုက်နိုင်တော့ပြီ။ ထို့ကြောင့် တည်းခိုသည့် ဒေါ်ဒေါ်မိတို့တိုက်မှ အော်စတင်ကားလေးနှင့် ဒရိုင်ဘာ ထည့်ပေးလိုက်သည်။ ထို့ပြင် ယနေ့ည ၉ နာရီ ရထားနှင့် ရန်ကုန်ပြန်မှာမို့ အထုပ်အပိုးပြင်ဆင်ဖို့ အဒေါ်က မလိုက်နိုင်တာလည်း ဖြစ်၏။ ထို့ကြောင့် 'ရှစ်နာရီမထိုးမီ မြန်မြန်ပြန်ခဲ့ကြနော်'ဟု ဒေါ်ဒေါ်မိတို့တိုက်မှ ကားကလေးထွက်ကတည်းက တဖွဖွ မှာလိုက်သည်။

မီးရောင်စုံထွန်းညှိထားသော သုံးထပ် သာသနာ့ဗိမာန် အဆောက်အဦကြီးနှင့် ဆင်ဝင်ရှေ့မှ ကွက်လပ်တွင် ထိုးထားသော မဏ္ဍပ်ကြီးကို သူမက တအံ့တသြကြည့် နေသည်။ မဏ္ဍပ်ရှေ့မှာ မှန်စီရွှေချဆိုင်းဝိုင်းကြီးက လာသမျှ ပရိသတ်ကို ဧည့်ခံနေ၏။ ပရိသတ်က ကွင်းလုံးပြည့်။ သူမက ဆိုင်းဝိုင်းနောက်ပိုင်း မလှမ်းမကမ်း၌ ရပ်ထားသော ကားကလေးပေါ်မှ ဆင်းကာ ရှေ့တိုးပြီး နားစိုက်ထောင်သည်။ ကျွန်တော်က ကားကလေးကိုမှီရင်း သူမကို ငေးကြည့်နေမိသည်။ သုံးရက်လုံးလုံး ဝါသနာတူ စိတ်တူဖြင့် တပူးတွဲတွဲ သွားလာခဲ့ကြရမှုက အိပ်မက်ပမာ။ အခုတော့ ထိုအိပ်မက်က လန့်နိုးလာပါပကော။ မကြာမီ သူမ ပြန်တော့မည်။ ပတ္တလားလေး မတောက်တခေါက် တီးတတ်ကာ ဆိုင်းမြင်လျှင် အငမ်းမရဖြစ်ခဲ့သော ကျွန်တော့်မှာ အခုတော့ မျက်စိရှေ့မှောက်တွင် မန္တလေး၏ နာမည်ကျော် ရွှေဒေါင်းမြိုင်ဆိုင်းအဖွဲ့ကြီး တီးမှုတ်နေသော်လည်း ဆိုင်းဝိုင်းကိုပင် မမြင်တော့။ သုံးရက်လုံးလုံး မြင်တွေ့ခဲ့ရသော သူမ လှုပ်ရှားဟန်တွေသာ တဖျတ်ဖျတ် မြင်နေရ၏။ ဆိုင်းဝိုင်းမှ တီးမှုတ်သံတွေ မကြားတော့။ သူမ၏စကားသံ၊ ရယ်သံမောသံလေးတွေသာ ကြားယောင်နေမိသည်။

ကျွန်တော်က အတွေးတွေ ယောက်ယက်ခတ်ရင်း ရှည်လျားသောဆံပင်ကို ညာဘက်ပခုံးမှ ရှေ့ချကာ လက်ကလေးပိုက်ထွေးပွေ့၊ ခြေလေးတစ်ဖက်ကို ကတ္တီပါ ဖိနပ်လေးမှ ဖနောင့်လေးကို ကြွကြွလေးမ,ရင်း ဒူးကို သာသာလေးညွတ်ကာ

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ်ကလေးယို့၊ ခေါင်းလေးမော့၍ ရပ်နေသော သူမကို ငေးကြည့်နေမိ၏။

'တူမောင်… တူမောင်… ရှစ်နာရီမတ်တင်း ရှိနေပြီကွယ့်' ဟု ကားဒရိုင်ဘာဦးလေးကြီးသတိပေးမှ အတွေးစတွေ ပြတ်သွားသည်။ ထိုအခါမှ သူမကို သွား၍ သတိပေးရ၏။ ဆိုင်းအား စိတ်ဝင်စားနေရာမှ နာရီလေးကို လက်မ,ကာကြည့်ရင်း–

'သြော်… ဟုတ်ပေသားပဲ။ ကိုင်း သွားကြရအောင်။ ကားပေါ်တက်ကြစို့' ဟု ဆိုလေမှ ကျွန်တော့်နှုတ်ဖျားက စကားသံထွက်သွားတော့၏။

'ကျွန်တော် မလိုက်တော့ဘူးလေ။ ဒီကနေပဲ ကျောင်းကို ပြန်လိုက်တော့မယ်။ ကျွန်တော် နှုတ်ဆက်လိုက်ပါတယ်။ လိုတာရှိရင် ကျောင်းကို စာရေးပြီး ခိုင်းပါ'

ကျွန်တော့်စကားသံကြောင့် ကားဆီလှမ်းနေသော သူမခြေလှမ်းတွေ ရပ်တန့်သွားကာ–

'စောစောက ကြီးကြီးကို ပြောခဲ့တော့ ဘူတာအထိ လိုက်ပို့ဦးမှာဆို' ဟု တအံ့တသြ မေး၏။ ကျွန်တော် ခေါင်းဖော်ကာ သူမမျက်နှာကို မကြည့်ဝံ့ပါ။

'ဟို… ဟို ဆရာတော်က ဝတ်တက်အမီ စောစောပြန်ခဲ့ဖို့ မှာလိုက်လို့ပါ။ အဲဒါ… အဲဒါ…'

ကျေနပ်ဖွယ်အဖြေတော့ မဟုတ်ပါ။ သို့သော် မတတ်နိုင်တော့။ သူမထံက သက်ပြင်းမှုမှုချသံ ကြားရ၏။

'သြော်…' ဟူသော ရေရွတ်သံလည်း တိုးညှင်းစွာ ရေရွတ်သည်။

'သွားတော့မယ်'

ကျွန်တော်က တုံးတိတိ နှုတ်ဆက်ရင်း ကားကလေးဆီမှ ပြန်လှည့်ထွက်မည်အပြု–

'သြော်…'

သည်တစ်ခါ သူမအသံက သတိတရ အာမေဋိတ်သံ ဖြစ်၏။ တစ်ဆက်တည်း–

'ခဏလေး၊ ခဏလေး' ဟူသော အသံနှင့်အတူ ကားလေးဆီ သွက်သွက်လှမ်းသည်။ ကားတံခါးကို ခပ်မြန်မြန်ဖွင့်သည်။ နောက်ခုံကျောမှီပေါ်မှ တစ်စုံတစ်ခု လှမ်းယူသည်။ ပြီးတော့ ကျွန်တော့်ဆီ ခပ်သွက်သွက်လှမ်းရင်း လက်ထဲက ပစ္စည်းကို ကမ်း၏။

mgyoe.com

mgyoe.com


'အရင်နေ့ကတည်းက လက်ဆောင်ပေးမယ် ပေးမယ်နဲ့ အဲဒါလေးယူပါနော်' တဲ့။

ကျွန်တော် မငြင်းပါ။

ကျေကျေနပ်နပ်ပဲ ယူလိုက်ပါသည်။

အလျှမြက္ကာပ်နှင့် ဆိုင်းဝိုင်းမှန်ပခုံးတောင်းများမှ မီးရောင်က ကျွန်တော်တို့နေရာရောက်တော့ ပျပျသာလင်းတော့၏။ ထိုအလင်းမှိန်အောက်မှာပင် မော့ကြည့်လိုက်သော သူမ၏ မျက်ဝန်းလျှားလျှားဆီမှ ဖျတ်ခနဲ အလင်းရောင်က တစ်ကိုယ်လုံးကြက်သီးမွေးညင်းထ,သွားသည်။ အညှို့ခံလိုက်ရသူပမာ အားလုံးကို မေ့လျော့သွားဆဲ။ သူမသည် ကားလေးပေါ်တက်ကာ တံခါးကို ညင်ညင်သာသာ ဆွဲပိတ်လိုက်တော့ ကားကလေးက သာသနာ့ဗိမာန်ဝင်းကြီးထဲမှ ခပ်ဖြည်းဖြည်း ထွက်ခွာသွားပါပကော။

ကားနောက်မီးနီနီလေးကို ဟိုအဝေးဆီအထိ တမေ့တမော ငေးကြည့်ရင်း မီးနီနီလေးပျောက်သွားပါမှ လက်ထဲက ပစ္စည်းလေးကို သတိရကာ ဖြန့်ကြည့်မိ၏။

စကားရောင်မှာ ရွှက်စိမ်းရင့်ကန့်လန့်ပြေးသည့် လွယ်အိတ်လှလှကလေးရယ်လေ။

လွယ်အိတ်သစ်ကလေး ရင်မှာပိုက်ကာ ကျွန်တော်လည်း သာသနာ့ဗိမာန်ဝင်းအတွင်းမှ ခြေလှမ်းတစ်လှမ်းချင်းလှမ်းကာ ကျောင်းဆီပြန်တော့ ဆိုင်းသံကနောက်မှာ ဖြည်းဖြည်းဝေးကာဝေးကာ ဖြည်းဖြည်းချင်း... ဖြည်းဖြည်းချင်း...။

❑

တိတ်ခွေမှ ထွက်ပေါ်လာသော ဆိုင်းသံတွင် 'ချွတ်သံ' ကို လင်းကွင်းလတ်အား ဖိအုပ်တီးသော စည်းချက်သံလေးဖြင့် ခပ်ညက်ညက်လေး ထွက်ပေါ်လာသည်။

*အို... ယန်းစေဖို့ဖွယ်ပင်၊*

*ဆန်းရွှေသမင်ငယ်လေး*

*ရုပ်သွင်ရွှေသား*

*ထင်မှားအောင်ကြံ*

*လေးသွဲ့ငယ်ရိုက်ဟန်*

*ညှိုးမာန်ထပ်ဆင့်ပြန်။*

ခပ်မှိန်မှိန် ထွန်းညှိထားသော မတ်တတ်မီးလုံး၏ အုပ်ဆောင်းမှဝေးရာ ခပ်လှမ်းလှမ်းနံရံသည် အလင်းရောင်လဲ့လဲ့နှင့် လက်လှမ်းမမီသဖြင့် အမှောင်ကန့်လန့်ကာပါးပါး ကာဆီးထား၏။ ထိုအမှောင်ကန့်လန့်ကာအောက်မှာ ဦးဘအေးရဲ့ ရှေး

mgyoe.com

mgyoe.com SAMPLE BOOK


ပောင်းပန်းချီကားချပ်ကြီးက လွန်ခဲ့သောနှစ်ရှည်ကာလများဆီသို့ ကျွန်တော့်ကို ရုတ်ခြည်း ဆွဲခေါ်ယူသွားတော့၏။ အံ့အားသင့်စရာကောင်းလိုက်ပါဘိ။

ပြည့်တင်းပြန့်ပြူးသော မဟာနဖူး
သွယ်လျှညီညာသော မျက်နှာကျ
ရှည်လျားနက်မှောင်သော ဆံပင်
ကြော့ရှင်းသော ကိုယ်ဟန်နေထား
ထို့နောက်… ထို့နောက်…
ယဉ်ကျေးသော အနေအထိုင်
ထူးခြားလှပသော မျက်ခုံး

(တစ်ချိန်က စာရေးသည့်အခါ အသတ်ကို ကွေးကွေးဝိုင်းဝိုင်းလေးသတ်သည့် လွတ်တော်အသတ်နှင့် တူသည့် မျက်ခုံး)

လူတစ်ရပ်နီးပါးခန့် မြင့်သော ပန်းချီကားကြီးက နံရံထက်မှနေ၍ စီးမိုးကြည့်နေသည်။ ခပ်လျားလျား နက်မှောင်သော မျက်ဝန်းများက ငုပ်လျှိုးနေသည့် ရင်ထဲကဝေဒနာကို ဆွဲထုတ်ယူလိုက်သည်။

'အဲဒါ မယင်းတော်ပုံလေဗျာ။ မကွမ်းငုံတို့၊ ဆင်ခိုးမလေးတို့နဲ့ ခေတ်ပြိုင် ယင်းတော်မလေးပေါ့ဗျာ'

မိတ်ဆွေ၏ အသံက နားထဲမှာသာမက နှလုံးသားဆီအထိ ဖြတ်ရိုက်စီးသွား၏။ အတိတ်က အသံအချို့ကလည်း ရှင်သန်ပဲ့တင်ထပ်လာပြန်သည်။

'တို့များအသွား မင်းသမီးကြီးနဲ့ ပောဒီတူမက ချွတ်စွပ်တူတာတဲ့'

'… ချောင်းရိုးမြောင်းရိုးသာ ကောမယ်။ လူမျိုးရိုး မတိမ်ကောဘူးဆိုတာ တယ်မှန်သကိုးကွယ့်'

'တို့များအသွား မင်းသမီးကြီးနဲ့ ပောဒီတူမက ချွတ်စွပ်တူတာတဲ့'

'… ချောင်းရိုးမြောင်းရိုးသာ ကောမယ်။ လူမျိုးရိုး မတိမ်ကောဘူးဆိုတာ တယ်မှန်သကိုးကွယ့်'

'…………'

'…………'

အအေးခန်းထဲမှာပေမင့် ပန်းချီကားကြီးဆီမှ မျက်ဝန်းအောက်မှာ ကျွန်တော့် လက်ဖျားတွေ ချွေးစေးပြန် တုန်ယင်လာသည်။ တုန်ယင်သော လက်များဖြင့်ပင် ပန်းချီကားမှ မယင်းတော်၏ ရှည်လျားသော ဆံပင်များအား ထိတွေ့ပွတ်သပ်ကြည့်ဖို့

mgyoe.com

mgyoe.com
SAMPLE BOOK


ကြိုးစားကြည့်မိ၏။

တစ်ပြိုင်နက်တည်းမှာပင် မိတ်ဆွေသည် ကျွန်တော့်အား ခေါင်းတယမ်းယမ်း ဖြစ်ကာ အံ့သြစုတ်သပ်သည်အထိ နားမလည်စွာ ကြည့်ရှုခြင်းခံရသော စကားလုံး တချို့လည်း ကျွန်တော့်နှုတ်ဖျားမှ ရုန်းကန်ထွက်သွားပါတော့သည်။ ဘာတဲ့။

'မယင်းတော်ကို ကျွန်တော် သိတယ်။ တွေ့လည်း တွေ့ဖူးတယ်။ ပြီးတော့ ချစ်လည်း ချစ်ခဲ့ဖူးတယ်' တဲ့လေ။

❑

မကြာမီ…

'သွားလေရာ လွယ်အိတ်ဖြူကြီး တလွယ်လွယ်နဲ့ကွာ' ဟု မြည်တွန် တောက်တီးလေ့ရှိသော မိတ်ဆွေများအားလုံး ကျွန်တော့်ကို နားလည်နိုင်ကြမည် ထင်ပါသည်။

အခုတော့လည်း စကားဝါရောင် လွယ်အိတ်ကလေးက လျှော်ဖွပ်ရလွန်းလို့ ဖြူဖတ်ဖြူရော် ဖြစ်နေပါပြီ။

■

ဆူးငှက်

အမှတ် ၁၅၃၊ ဩဂုတ်လ၊ ၂၀၀၂ ခုနှစ်

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK

# လွမ်းတယ်

**ဝင်းဝင်းမြင့်၊ နန်းတော်ရှေ့၊**

ငယ်ငယ်တုန်းက မိုးယိုသော အိမ်ကလေးထဲမှာ
ဝါး ပက်လက် ကုလားထိုင်ပေါ်မှာ ထိုင်လို့
မီးမီးကို ဖေဖေ့ရင်ခွင်ထဲမှာ ထားပြီး
မီးမီးနားမလည်သော အကြောင်းအရာတွေ
စိတ်ရှည်လက်ရှည် ရှင်းပြခဲ့တာ
မေမေကလည်း ထမင်းချက်ရင်း
မီးမီးကို သိသင့်ရာရာတွေ ပြောပြခဲ့တာ
မိသားစုကလေး လေးယောက် ပျော်ပျော်ပါးပါး
လျှောက်လည်ခဲ့ကြ၊ စားခဲ့၊ သောက်ခဲ့ကြတာ

mgyoe.com

mgyoe.com SAMPLE BOOK

## လွမ်းတယ်

**ဝင်းဝင်းမြင့်၊ နန်းတော်ရှေ့၊**

ဆွေနိုင်လွန်းသော မိုးကို လက်ညှိုးငေါက်ငေါက်ထိုး၍ ရန်ထောင်မိတာကိုပင် ဖေဖေနှင့်မေမေက သဘောကျစွာ ရယ်မောခဲ့ဖူးပါသည်။ ဒါဟာ ရယ်စရာ မဟုတ်ပါ။ မီးမီးစိတ်ထဲမှာ အားလုံး သေသေချာချာ စဉ်းစားပြီးမှ တကယ် အပြစ်တင်ရမည့်သူကို ရှာဖွေခဲ့ခြင်းဖြစ်ကြောင်း ဘယ်လို ပြန်ရှင်းပြရမလဲ။

ပထမဦးစွာ မီးမီးက အရုပ်ကလေးများနှင့် ပျော်ပျော်ရွှင်ရွှင် ကစားနေခြင်းသာ ဖြစ်သည်။ မိုးတွေတက်လာတော့ မေမေက ထမင်းချက်ရင်း ကိုကို့ကို လှမ်းခေါ်ကာ အဝတ်တွေ ရုပ်ခိုင်းသည်။ ပြီးတော့ ဖေဖေ့ ဆေးခန်းလေးထဲမှ ဆေးပုလင်းများ ပေါ်သို့ ပလတ်စတစ်စဖြင့် ဖုံးအုပ်ခိုင်းသေးသည်။ မေမေ စီးနေကျ စက်ဘီးလေးကို ညှော်ခန်းထဲက ထိုင်ခုံတွေကို ကပ်ကပ်လေးရွှေ့၍ ဖေဖေ့ စက်ဘီးကလေး တစ်နေရာစာ ဝင်နိုင်အောင် ချိန်ထားပြီး ညှော်ခန်းထဲက ပြတင်းပေါက်သေးသေးလေးကို ပိတ်သည်။ မီးဖိုခန်းနှင့် အိမ်က တခြားစီ ဆောက်ထားသောကြောင့် ချက်ပြီးသား ထမင်းအိုး၊ ဟင်းအိုးတွေ အိမ်ထဲသို့ ရွှေ့ရသည်။ မေမေနှင့် ကိုကိုသည် မီးမီးကစားနေသော နေရာကလေး၏ ဘေးမှာ ခေါက်တုံ့ခေါက်ပြန်ဖြင့် ထမင်းအိုးတွေ၊ ဟင်းအိုးတွေ ရွှေ့နေသောအခါ ဟင်းနံ့တွေက မွှေးကြိုင်နေသည်။ မီးမီးဗိုက်ထဲမှာ ကျလို့ကျလို့နှင့် ဆာလောင်သော်လည်း ဖေဖေ ပြန်မှသာ မိသားစု စုံစုံညီညီ ဝိုင်း၍ စားလေ့ရှိသောကြောင့် ဖေဖေ အပြန်ကိုသာ မျှော်နေရသည်။

မေမေက မိုးတွေတက်လာလိုက် ဖေဖေ့ကို မျှော်လိုက်နှင့်။ ဒါပေမဲ့ မိုးတွေသာ မှောင်မှောင်မည်းလာမည် ဖေဖေကတော့ ပြန်လာနိုင်လိမ့်မည် မဟုတ်သေးပါ။

mgyoe.com

mgyoe.com
SAMPLE BOOK


ညရှစ်နာရီထိုးမှသာလျှင် ဖေဖေ၏ ဆေးခန်းကလေးကို သိမ်း၍ ပြန်လာမှာ ဖြစ်သည်။ ဖေဖေနှင့် မေမေက ဆရာဝန် ပေါက်စနကလေးများ ဖြစ်သည်။ အိမ်မှာ ဆေးခန်းငယ်လေး ဖွင့်ထားသော်လည်း ဖျားတာ၊ နာတာ၊ ခလုတ်တိုက်တာလောက်သာ လာ၍ ကုကြသောကြောင့် နံနက်ခင်းကလေးသာ ဆေးခန်းဖွင့်သည်။ ညနေမှာတော့ ဖေဖေက အလွန်ဝေးသော မြို့စွန်တစ်နေရာသို့ ဆေးခန်း သွားဖွင့်ရသည်။ မေမေ့မှာတော့ ဆေးရုံတွင်သာ ဆေးကုနိုင်သည်။ အိမ်မှုကိစ္စ လုပ်ငန်းများကြောင့် ဆေးခန်းထိုင်ရန် အချိန် မရှိလှပါ။ ဖေဖေကတော့ ဆေးခန်းရော၊ ဆေးရုံရော နှစ်မျိုးစလုံးမှာ အလုပ်လုပ်သည်။ အတန်းထဲက ဆရာဝန်ကြီးတစ်ယောက်၏ သမီးသည် မီးမီးတို့လိုမဟုတ်။ ကားအကောင်းစားကြီးနှင့် ကျောင်းလာနိုင်ပြီး သူတို့က တိုက်ကြီးကြီးနှင့် နေသည်။

'ကိုကိုရေ… မီးမီးတို့ အတန်းထဲက အေးဆုမြတ်တို့အိမ် သိလား'

'သိတယ်လေ… ဘာဖြစ်လို့လဲ'

'တိုက်ကြီး အကြီးကြီးပဲ၊ ကျောင်းကိုလာတော့လည်း ကားနဲ့ လာတာ'

'အဲဒါ ဘာဖြစ်လဲ'

'ဖေဖေလည်း ဆရာဝန်ပဲ။ မီးတို့ကျတော့ စက်ဘီးနဲ့ သွားရတယ်'

'ဩော်… နင်ကလည်း ဖေဖေက ခုမှ ဆရာဝန်ဖြစ်တာ။ သူတို့က ကြာလှပြီ။ ပြီးတော့ သမားတော်ကြီး ဖြစ်ပြီဆိုတော့ ပိုက်ဆံတွေ အများကြီး ရတာပေါ့'ဟု ရှင်းပြလို့မှ မဆုံးနိုင်သေး။

မိုးက ဝုန်းဝုန်းဒိုင်းဒိုင်း ရွာချလာသည်။ တစ်အိမ်လုံး အုပ်ဆိုင်းထားသည့် ကြားကပင် မီးမီးကစားနေသော နေရာလေးကိုမှ ကွက်၍ မိုးက ယိုပြန်သည်။ အရုပ်လေးတွေ ရွှဲရွှဲစိုသွား၏။ မီးမီးက အရုပ်ကလေးတွေကို သနားပြီး အင်္ကျီချွတ်၍ လဲပေးရင်း စဉ်းစား၏။ အိမ်မှာ မိုးမလုံတာ မကောင်းပါ။ ဖေဖေက ဘာဖြစ်လို့ တိုက်ကြီးကြီး မဆောက်တာလဲ။ ပိုက်ဆံရှိမှသာလျှင် တိုက်ကြီးကြီး ဆောက်နိုင်မှာ ဖြစ်သည်။ ဖေဖေက ဘာကြောင့် ပိုက်ဆံ မရှိတာလဲ။ အရက်သောက်၍လား၊ ဖဲရိုက်သောကြောင့်လား။ ရှုပ်ရှုပ်ပွေပွေ နေသောကြောင့်လား ဆိုတော့လည်း ဘာကြောင့်မှ မဟုတ်။ ဖေဖေသည် ထိုကဲ့သို့ ဆန်းဆန်းပြားပြား ပြုလုပ်ရန် မဆိုထားနှင့် ဆေးလိပ်သောက်တာ၊ ကွမ်းစားတာပင် မရှိသူဖြစ်သည်။ ဆေးကုလည်း ကောင်းသည်။ ဒါပေမဲ့ ဆေးဖိုးကို နည်းနည်းလေး ယူသည်။

'ဖေဖေကလည်း မီးတို့ တိုက်ကြီးကြီးနဲ့ နေရအောင်… ဆေးဖိုးတွေ အများကြီး ယူပါလား'ဟု အကြံပေးတော့ ဖေဖေက ရယ်ပြီး…

mgyoe.com

mgyoe.com SAMPLE BOOK


'ဖေဖေ့ လူနာတွေက အလုပ်သမားတွေ သမီးရဲ့။ ပိုက်ဆံနည်းနည်းလေးပဲ ရတာ။ ဖေဖေ့ကို ပိုက်ဆံတွေ အများကြီး ပေးလိုက်ရင် သူတို့ ဘယ်လို ထမင်းစားမလဲ။ မီးမီး မသနားဘူးလား။ ဖေဖေက သူတို့ကို ဆေးကောင်းကောင်းကုပေး၊ ပိုက်ဆံ နည်းနည်းလေးယူပြီး သူတို့ မြန်မြန်နေကောင်းသွားရင် ထမင်းတွေ အများကြီးစားရရင် သူတို့ ပျော်ကြတယ်။ သမီးရော မပျော်ဘူးလား'

ဖေဖေက ထိုကဲ့သို့ ရှင်းပြထားဖူးသောကြောင့် ဖေဖေသည် မီးမီးကို တိုက်ဆောက်မပေးနိုင်သည့်အတွက် စိတ်ထဲမှာ မည်သို့မျှပင် မခံစားရတော့ပါ။ မိုးရွာသော အခါမှာတော့ မီးမီး စိတ်ညစ်လေသည်။ .

မိုးသည် ဘာမပြော ညာမပြောနှင့် မစဲနိုင်အောင်ပင် ရွာနေလိုက်သေးသည်။ ဖေဖေက မိုးစိုစိုရွဲရွဲနှင့် ပြန်လာတော့ မေမေနှင့် ကိုကိုက ဖေဖေ့ပစ္စည်းတွေ ဝိုင်းကြိုယူပြီး ရေတွေ သုတ်ပေးကြ၏။ မီးမီးက ဖေဖေ့အတွက် ရေနွေးပူပူလေး မှုတ်ပေးရ၏။ ပြီးတော့ ဖေဖေက မြန်မြန်ရေချိုး၊ မေမေက ထမင်းပွဲပြင်။ မိုးအေးအေးနှင့် ထမင်းပူပူ၊ ဟင်းပူပူကို ဆာဆာလောင်လောင်ကြီးမို့ အားပါးတရ စားကြသည်။ ထမင်းစားပြီးတော့ ဖေဖေက ထုံးစံအတိုင်း လက်ဖက်တစ်ပွဲ၊ ရေနွေးကြမ်းတစ်အိုးနှင့် ကိုကို စာပြန်တာကို နားထောင်ပေးသည်။ ကိုကို စာနားမလည်တာတွေကို ရှင်းပြသည်။

ထိုအချိန်မှာ မေမေက အိပ်ရာခင်းတော့ မီးမီးက မေမေ့နားမှာ ခေါင်းအုံးကလေးယူပေး၊ ဖက်လုံးကလေးယူပေး၊ စောင်ကလေး ခေါက်ပေးနှင့် အလုပ်များချင်ယောင် ဆောင်ရသည်။ ဒါမှ အိပ်ရာခင်းပြီးသည်နှင့် မေမေက မီးမီးကို သီချင်းကလေး ဆို၍ ပေါင်ကလေးကိုပုတ်ပြီး ချော့သိပ်မှာ။ မေမေ့မှာ အချိန်အများကြီးရလျှင် မီးမီး၏ ဆံပင်လေးကို သပ်ပြီး မီးမီးသိပ်ကြိုက်သော စနိုးဝှိုက်နှင့် လူပုလေးခုနစ်ယောက် ပုံပြင်ကို ပြောပြသည်။ မေမေ၏ ပုံပြင်ဆုံးခါနီးလျှင် မီးမီးမှာ မနက်စာစားမည့် အစာအကြောင်းကို ပြောရန် အပြေးအလွှား စဉ်းစားရသည်။ ဖေဖေ့ ဆေးခန်းကလေးသည် နံနက်ခင်းမှာ လူမရှိသလောက်ပင်။ ထို့ကြောင့် ဖေဖေနှင့်မေမေ ညတာဝန်မကျသော အခုလိုနေ့မျိုးမှာ နောက်တစ်နေ့မနက် ဘယ်သွားပြီး ဘာစားကြမလဲဆိုတာ အစည်းအဝေး တစ်ခုလိုပင် ညှိနှိုင်းစရာ ဖြစ်ခဲ့သည်။ နောက်ဆုံးတော့ အားလုံး၏ အကြိုက်ကို ညှိပြီး တစ်နေရာရာကို စက်ဘီးနှစ်စီးနှင့် သွားကြ၊ စားကြရတာ ပျော်စရာ ကောင်းလှသည်။ အဲဒါလည်း မိုးမရွာမှသာ…။ ထို့ကြောင့် မီးမီးသည် ပျော်ရွှင်စရာများ မပျော်ရလျှင် မိုးကိုသာ ရန်လုပ်ခဲ့ရသည်။

တဖြည်းဖြည်းနှင့် နားလည်စ ပြုလာသောအခါ မီးမီးသည် မိုးကို အပြစ်

mgyoe.com

mgyoe.com SAMPLE BOOK


မတင်မိတော့ပေ။ အပြစ်တင်ရန်လည်း အချိန်မရသလို ဖြစ်လာသည်။ ဖေဖေသည် မေမေနှင့် မီးမီးတို့ မောင်နှမကို ခဏထားပြီး ရန်ကုန်ကိုသွားကာ ဘွဲ့လွန်အတွက် ကျောင်းသွားတက်ရသည်။ မေမေကလည်း ဆေးရုံကြီးမှာ လက်ထောက်ဆရာဝန်တစ်ယောက် ဖြစ်သွားပြီ။ ကိုကိုက ရှစ်တန်းကျောင်းသားဖြစ်ပြီး မီးမီးက ငါးတန်းကျောင်းသူ ဖြစ်နေပြီ။ မီးမီးတို့၏ မိုးယိုသော မြေစိုက်အိမ်ကလေးသည်ပင် တစ်ထပ်တိုက်ကလေး ဖြစ်နေလေပြီ။ ဖေဖေနှင့် မေမေ၏ စက်ဘီးနှစ်စီးသည် ဆိုင်ကယ်တစ်စင်း ဖြစ်သွားသည်။ မေမေကတော့ ဆေးရုံပြေးလိုက်၊ ဈေးသွားဝယ်ခြမ်း ချက်ပြုတ်လိုက်၊ မီးမီးနှင့် ကိုကို့ကို ကျောင်းသို့လိုက်ပို့၊ နောက်ပြီး အိမ်က ဆေးခန်းကို ထိုင်လိုက် တော်တော်လေး အလုပ်ရှုပ်လာသည်။ ဖေဖေက တစ်လတစ်ခါလောက် အိမ်ကို ပြန်လာသည်။ မိသားစု ထမင်းဝိုင်းလေး ဖြစ်အောင်ပင် မနည်း စီစဉ်ရသည်။ မေမေ ညတာဝန်ကျသော ရက်များဆိုလျှင်တော့ ဖေဖေနှင့် မေမေက တွေ့ရုံကလေးသာ တွေ့လိုက်ကြရရှာသည်။ ဖေဖေက ရန်ကုန်မှာ စာကျက်ရတဲ့အကြောင်း၊ မေမေ့လက်ရာ ထမင်းကို လွမ်းသည့်အကြောင်း၊ မီးမီးနှင့် ကိုကို့ကိုလည်း စာကြိုးစားရန် အကြောင်းတွေသာ မှာထားခဲ့ရသည်။ မီးမီးနှင့်ကိုကိုက မေမေပြန်လာသောအခါ ဖေဖေမှာကြားခဲ့သော အကြောင်းများကို ပြန်ပြောပြရသည်။ မေမေက ဖေဖေ 'ဝ,လာလား၊ ပိန်သွားလား' ဟု မေးသေးသည်။ ကိုကိုက မေမေ့ကို 'မေကြီးက လွမ်းနေတယ်' ဟု စ,နေသည်။

'အင်း…ဆက်ပြီး လွမ်းရဦးမှာ၊ ဖေကြီးက သိပ်ပြီး စာတော်တော့ ပါရဂူကြီးဖြစ်ဖို့ နိုင်ငံခြားကိုလည်း သွားရဦးမယ်။ အဲဒါကို မသွားခင် ဆေးရုံအုပ်ကြီး အဖြစ်နဲ့ နယ်ပြောင်းရင်လည်း မေကြီးတို့ သားအမိသုံးယောက် ဒီလိုပဲ နေကြရဦးမှာ' ဟု ပြောသည်။ မီးမီးသည် ဘာမှ နားမလည်လှသော်လည်း မိုးကို ရန်လုပ်ခဲ့ရတုန်းကလို တော့ မပျော်နိုင်တော့ပေ။ ကိုကိုကတော့ ပျော်နေသေးသည် ထင်ပါရဲ့။

'ဟန်ကျတာပဲ မေမေ သားတို့ နယ်တွေ လျှောက်ပြောင်းရရင် ပျော်စရာကောင်းမယ်' ဟု စိတ်ကူးယဉ်နေသေးသည်။

'ဘယ်လိုလုပ်ပြီး လိုက်ပြောင်းမလဲသားရယ်။ ဒီအိမ်ကြီးကို ပစ်ထားခဲ့လို့ ဘယ်ရမလဲ။ မေမေက… ဆေးတက္ကသိုလ် ဆရာမလုပ်ရမယ်။ ဒါမှ ဒီမှာ အမြဲနေလို့ရမယ်'

မေမေပြောတာတော့ မှန်လှပေသည်။ ဒီအိမ်ကို ဒီအတိုင်း ထားပစ်ခဲ့လို့မှ မဖြစ်နိုင်တော့တာ။ မီးမီးတို့ ငယ်ငယ်တုန်းက မိုးယိုသော အိမ်ကလေးသည် လုံခြုံမှု

mgyoe.com

mgyoe.com


မရှိလှပေမဲ့ အိမ်ထဲမှာ ကက်ဆက်သေးသေးလေးကလွဲပြီး ဘာမှ မရှိသောကြောင့် မီးမီးတို့ ဘယ်သွားသွား အိမ်ကို တံခါးပိတ်သည် ဆိုရုံမျှ ပိတ်ထားခဲ့နိုင်လေသည်။ အဲဒီအချိန်က ဖေဖေရော မေမေပါ ခဏခဏ အားလပ်နေသောကြောင့် ခဏခဏလည်း အပြင်ထွက်၍ လည်ကြ၊ စားကြသည်။ ခုတော့ ဒီလို မဟုတ်နိုင်တော့။ အိမ်က မိုးမယိုနိုင်တော့သော တိုက်ဖြစ်သွားပြီ။ တိုက်ထဲမှာလည်း ကက်ဆက်သာမက တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် စသည်ဖြင့် စက်တွေ တော်တော်များများ ရှိနေလေပြီ။ မေမေတို့မှာ တခြားသော အဖိုးတန်ပစ္စည်းများလည်း ရှိနေလိမ့်ဦးမည်။ ထို့ကြောင့် အိမ်ကို ဒီအတိုင်း ပစ်ထားခဲ့လို့ မရနိုင်မှာ သေချာသည်။

မီးမီးတို့ မောင်နှမသည် မေမေ့ကို သနားလာသည်။ မေမေက တဖြည်းဖြည်းနှင့် ပိန်လာသည်။ ချက်ပြုတ်၊ လျှော်ဖွပ်၊ ဆေးရုံသွား၊ ဆေးခန်းထိုင်၊ မီးမီးတို့ကို ကျောင်းပို့၊ ဈေးဝယ်၊ နောက်ပြီး လူမှုရေးကိစ္စတွေကိုလည်း မေမေသာလျှင် လုပ်ရသည်။ ဒီလိုနှင့် ကြာလာတော့ မှတ်မှတ်ရရ ဆောင်းတွင်းကြီးတစ်ခုခုမှာ မေမေ တစ်ယောက် အအေးမိ၍ ဖျားတော့သည်။ အစတုန်းက ဆရာဝန်ဆိုတာ နေမကောင်း မဖြစ်ဘူးလို့ ထင်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဖေဖေနှင့် မေမေသည် မီးမီးတို့ရှေ့မှာ ဘယ်သောအခါမှ နေမကောင်း မဖြစ်ဖူးသောကြောင့်ပင်။

မေမေ စ၍ ဖျားသောနေ့က မီးမီးနှင့် ကိုကိုသည် ငိုချင်လောက်အောင်ပင် စိတ်ညစ်ခဲ့ကြရသည်။ မေမေ့ သူငယ်ချင်း အန်တီမြမြသွေးကို ဖုန်းဆက်၍ လှမ်းခေါ် လိုက်တော့မှ အနည်းငယ် အဆင်ပြေသွားသည်။ အန်တီမြမြသွေးက မေမေ့နားမှာ တစ်ချိန်လုံး ပြုစုနေတော့ မီးဖိုချောင်ဘက်မှာ မီးခိုးတိတ်နေသည်။ ဗိုက်ကလည်း တကျိုကျိုနှင့်ဆာ။ ကိုကိုက ရှိသောမုန့်များ အကုန်ထုတ်ကျွေးသည်။ ပြီးတော့ ကော်ဖီဖျော်တိုက်သည်။ ကိုကို့ ကော်ဖီက တူးခါးနေသည်။ ဖေဖေသာရှိလျှင် ဒီလိုမျိုး စိတ်ညစ်စရာတွေနှင့် ကြုံရမည်မဟုတ်ပေ။ မေမေက နေမကောင်းတာကို ဖေဖေ့ထံသို့ ဖုန်းဆက်ချင်သော်လည်း ဖေဖေက စာမေးပွဲ ဖြေနေသတဲ့။ စာမေးပွဲကို ဖြောင့်ဖြောင့်တန်းတန်း မဖြေနိုင်မည်စိုးသောကြောင့် ဖေဖေ့ကို အကြောင်းမကြားတော့ဘဲ မေမေက သူ့အစ်မ အပျိုကြီး ဆရာမကို လှမ်း၍ ခေါ်လေသည်။ အန်တီကြီးက ခွင့်ယူ၍ လိုက်လာသည်။ ဒီလိုဆိုတော့လည်း ပျော်စရာ ကောင်းသွားပြန်သည်။ အန်တီကြီးက အပျိုကြီးဆရာမ ပီသစွာ သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ်၊ ဟင်းချက်ကလည်းကောင်း၊ ညကျတော့ မီးမီးတို့ကို စာသင်ပေးသေးသည်။ မေမေ နေမကောင်း၍ အန်တီကြီး ပြန်သွားသောအခါ မီးမီးမှာ လွမ်း၍ ကျန်ခဲ့သည်။ အန်တီကြီးက

mgyoe.com

mgyoe.com SAMPLE BOOK

လည်း မီးမီးတို့နှင့် အတူနေရတာတွေကို ခဏခဏ လွမ်းတယ်ဟု စာပြန်ရေးသည်။ ဖေဖေ စာမေးပွဲပြီး၍ ပြန်လာသော ဒီဇင်ဘာ ကျောင်းပိတ်ရက်မှာတော့ မီးမီးတို့ မိသားစု အန်တီကြီးရှိသော မုံရွာကို လိုက်သွားကြသည်။ အလွမ်းပြေပေါ့။

နောက်တော့ ဖေဖေက အထူးကု ဆရာဝန်ကြီး ဖြစ်သွားပြီး မကွေးကို ပြောင်းသွားရသည်။ မေမေကလည်း မန္တလေး ဆေးတက္ကသိုလ်မှာ ဆရာမကြီး ဖြစ်သွားသည်။ မိသားစု အတူတူ မနေရ၍ လွမ်းစရာ ကောင်းသော်လည်း မုံရွာက အန်တီကြီးက ပင်စင်ယူ၍ မီးမီးတို့နှင့် အတူလာနေပေးသောကြောင့် ပျော်ရသေးသည်။ အန်တီကြီး၏ မွေးစားသမီး မမရွှေထူး ပါလာသောကြောင့်လည်း မေမေ့မှာ သက်သာသွား၏။ မမရွှေထူးကလည်း သဘောကောင်းလှသည်။ အိမ်အလုပ်များလည်း အလွန်လုပ်သည်။ အန်တီကြီးက ဟင်းကောင်းကောင်းတွေ ချက်ကျွေးသည်။ ကိုကို အစားပုတ်ကြီးက ထမင်းတွေ အများကြီး စားသောကြောင့် အရင်ထက် နှစ်ဆခန့်ပင် ဝ,လာသည်။ မေမေကလည်း မီးမီးတို့လိုပင် ပျော်နေသည်။ ဖေဖေ့နောက်သို့ တစ်လ တစ်ခါလောက် ရွှတ်ခနဲ၊ ရွှတ်ခနဲ လိုက်သွားခွင့် ရသောကြောင့် ဖြစ်လေသည်။ အန်တီကြီးနှင့် မမရွှေထူးတို့ကြောင့် မေမေက အိမ်ကို စိတ်ချခဲ့ပြီး မီးမီးနှင့် ကိုကို့ကို တော့ တစ်လှည့်စီ ခေါ်သွားလေသည်။ ကျောင်းပိတ်ရက်ရှည်တွေ ရသောအခါမှာတော့ မီးမီးရော၊ ကိုကိုရော၊ မေမေရောပါ ပျော်ကြသည်။ ဖေဖေ့နောက်ကို လိုက်သွားကြပြီး ငယ်ငယ်တုန်းကလို ချက်ပြုတ်စားကြ၊ လျှောက်လည်ကြ၊ လျှောက်လည်ကြဆိုသော်လည်း ငယ်ငယ်တုန်းကလို စိတ်ရှိသလောက် လည်ရတာမျိုးတော့ မဟုတ်ပေ။ ဟိုဟိုဒီဒီ သွားရန် စီစဉ်ထားသော်လည်း ဖေဖေ၏ အရေးကြီးသော လူနာများ ရောက်လာလျှင် ခရီးက အလိုလို ပျက်သွားတတ်သည်။ ထိုကြောင့်ပင် ကိုကိုက လူတတ်ကြီးလုပ်၍ မီးမီးကို 'ဟဲ့…မီးမီးလေး၊ မနက်မိုးလင်းတာနဲ့ ခုနစ်ရက် သားသမီးတွေ ကျန်းမာပါစေလို့ မေတ္တာပို့'ဟု ဆရာလုပ်သည်။ မီးမီးကလည်း အားကျမခံ…

'အို… ကိုကိုကလည်း လူတွေ ကျန်းမာကုန်ပြီး ဖေဖေ ဆေးမကုရတော့ ရင် မီးတို့ ကိုယ်ပိုင်ကား ဘယ်စီးရမှာလဲ'ဟု ပြန်ပြောသည်။

ထိုအချိန်က မန္တလေးမှ မကွေးကို သွားသော အဝေးပြေး ကားကြီးတွေကို မီးမီး အလွန် ကြောက်ခဲ့၏။ ကားနံ့ရသည်နှင့် ခေါင်းတွေ မူးဝေပြီး အန်ရတော့၏။ ကားသေးသေးလေးသာ စီးရလျှင် အန်လည်း မအန်၊ ခေါင်းလည်း မမူး။ တိုက်တွေ၊ ဆိုင်ကယ်တွေ ရပြီဆိုတော့ ကားစီးရန် ဆန္ဒ ပြင်းပြခဲ့သည်။ ကားမစီးရခြင်းအတွက်

mgyoe.com

mgyoe.com
SAMPLE BOOK


မည်သူ့ကိုမှ စိတ်မဆိုး၊ အပြစ်မတင်တော့တဲ့ လူတွေ နေမကောင်းများများ ဖြစ်ပါစေလို့ လည်း အားနာနာနှင့် ဆုမတောင်းဘဲ မေမေ့ကို နိုင်ငံခြားသွားရပါစေဟုသာ ဆုတောင်း တော့သည်။ မီးမီး သူငယ်ချင်း၏ အမေက နိုင်ငံခြားက ပြန်လာပြီး ကားလှလှလေး ကို ကိုယ်တိုင်မောင်း၍ ကျောင်းသို့ လိုက်ပို့တာ မြင်ရကတည်းက ကားလှလှကလေး အိပ်မက်သည် မီးမီး၏ စိတ်အာရုံမှာ ရစ်ဝဲနေတော့သည်။

❑

အရာအားလုံးသည် မီးမီးတို့ တိုက်ကြီးရဲ့ အောက်မှာ ရှိနေသလိုပင်။ လေးထပ်တိုက်ကြီး၏ အပေါ်ဆုံးလွှာ ငါးထပ်နေရာမှ ကြည့်မည်ဆိုလျှင် အိမ်အားလုံး ၏ ခေါင်မိုးတွေကိုသာ အပေါ်စီးမှ မြင်နေရတတ်သည်။ အမိုးတစ်ဝက် မိုးထားပြီး 'မိုးကောင်းကင်ဥယျာဉ်' ဟု ကိုကို နာမည်ပေးထားသော ဝရန်တာ ပန်းခြံသည် မီးမီး၏ မွေ့ပျော်ရာ နေရာတစ်ခု ဖြစ်သည်။ ခုချိန်မှာ ဒီနေရာကလွဲ၍ မီးမီးနေရန် ပျော်စရာ နေရာမရှိတော့ပေ။ မီးမီးသည် ဖြည်းဖြည်းချင်း လမ်းလျှောက်ပြီး တစ်ခါ က နေခဲ့ဖူးသည့် မိုးယိုနေသော အိမ်ကလေးနေရာကို လှမ်းတစ္စာ မှန်း၍ လှမ်းကြည့် နေမိသည်။ တကယ်တော့ မီးရောင်စုံတွေကြားမှာ ထိုအိမ်ကလေးကို ရောင်းပစ်ခဲ့ပြီး ဒီအိမ်ကြီးကြီးထံသို့ ပြောင်းလာခဲ့ရတုန်းကများ ဘယ်လို ကြေကွဲဝမ်းနည်းမှန်း မသိ။ ဇာတိပျောက်ပြီး နေရာစိမ်းကြီးကို ရောက်နေရသလို ခံစား ဝမ်းနည်းနေမိတာ အကြာကြီး။

ဖေဖေ အထူးကု ဆရာဝန်ကြီး ဖြစ်ပြီးနောက် မေမေကလည်း နိုင်ငံခြားမှာ ဘွဲ့တစ်ခု သွားယူ။ မေမေလည်း အထူးကု ဆရာဝန်ကြီးဖြစ်။ ကိုယ်ပိုင် ဆေးခန်း တစ်ခုကို ထူထောင်ရင်း ခုတော့ လူနာအများဆုံး၏ အားကိုးအားထားပြုမှုကို ခံယူနေရသော ခုတင်တစ်ရာဆံ့ ဆေးရုံကို ထူထောင်နိုင်သည့် သမားတော်ကြီးများ ဖြစ်နေလေပြီ။ ဖေဖေနှင့် မေမေသည် လူ့ဘဝကို ဆရာဝန်အလုပ်လုပ်ရန် တစ်ခုတည်း အတွက် မွေးဖွားလာသော လူသားများ ဖြစ်နေရှာသလား မသိ။ လူနာတွေ…လူ နာတွေ… လူနာတွေ…ဒီလိုရင်ခုန်သံများနှင့်သာ အသက်ရှူနေကြသည်ဟု ထင်မိ သည်။

အိမ်အသစ်ဆောက်ရန် အဓိကမှာ လူနာခန်းများ၊ စမ်းသပ်ခန်း၊ ဓာတ်ခွဲ ခန်း၊ ဓာတ်ပေါင်းခန်းတွေအတွက် စဉ်းစားခဲ့ကြလေသည်။ မီးမီး မျှော်လင့်ခဲ့သော ကားလှလှလေးအတွက်တော့ ဖေဖေရော မေမေပါ သတိတောင် ရမည်မဟုတ်ပါ။ ဖေဖေက နိုင်ငံခြားမှာ ငါးနှစ်ခန့် အလုပ်သွားလုပ်ပြီး ပိုက်ဆံစု၍ ပြန်လာသောအခါ

mgyoe.com

m gyoe . c o m SAMPLE BOOK

အိမ်အတွက် ဘာမှမပါဘဲ ဖေဖေ့ ဆေးရုံအတွက်သာ စက်ကိရိယာ အကောင်းစား တွေ ဝယ်လာခဲ့သည်။ မေမေက ဖေဖေ ညွှန်ကြားသည့်အတိုင်း ဆေးရုံကို ဆောက်နှင့် သည်။ ကိုကိုက ဖေဖေကဲ့သို့ပင် အလွန်တော်သော ဆေးကျောင်းသားတစ်ယောက် ဖြစ်နေသောကြောင့် မေမေသည် ကိုကိုနှင့် ကိုကို့သူငယ်ချင်းများကို အားကိုးပြီး အလုပ်တွေ အများကြီး တွင်နေသည်။

အောက်ဆုံးထပ်မှာ ပြင်ပလူနာဌာန၊ လူနာများ၏ မိသားစုတွေ နားနေရန် အမျိုးသားခန်း၊ အမျိုးသမီးခန်းများ၊ ဓာတ်မှန်စက်များနှင့်အတူ အထွေထွေ ရောဂါ စစ်ဆေးခန်းတို့လည်း ပါရှိသည်။ နောက်တစ်ထပ်က အမျိုးသား လူနာထပ်။ နောက်တစ်ထပ်က အမျိုးသမီး လူနာထပ်။ နောက် မီးမီးတို့ မိသားစု တစ်ခြမ်း၊ ခွဲစိတ်ခန်းနှင့် အရေးကြီး လူနာနှစ်ခန်း၊ အစည်းအဝေးခန်းက တစ်ထပ်။ အပေါ်ဆုံး ထပ်ကတော့ မိုးကောင်းကင် ဥယျာဉ်ပေါ့။ ပေနှစ်ရာဝန်းကျင်ခန့် ကျယ်ဝန်းသော ခြံကျယ်ကျယ်ကြီးထဲမှာ တိုးချဲ့၍ မဆုံးနိုင်သော ဖေဖေ့ ဆေးရုံ၏ အနေအထားများ ကို ကြည့်ပြီး မီးမီး စိတ်ညစ်လာသည်။ မီးမီးသည် ဖေဖေနှင့် မေမေ့ကို တစ်အိမ် တည်းနေပြီး ဝေးနေရသည်။

မီးမီးက မနက်စောစော ထပြီး မမရွှေထူးနှင့် မနက်အစောစာကို စီစဉ်ရ သည်။ အန်တီကြီး၏ ကျေးဇူးကြောင့်ပင် မီးမီးက ဟင်းချက်ကောင်းသူ ဖြစ်နေသည်။ မီးမီး ဖြစ်ချင်တာက တစ်နေကုန် မတွေ့ရလျှင် နေပါစေ၊ မနက်စောစော ကျက် သရေရှိလှသော အချိန်ကလေးမှာ မိသားစု ကော်ဖီဝိုင်းကလေးတွင် ပြောစရာ စကား တွေပြော၊ ညီနှိုင်းတိုင်ပင် ဒီလိုမျိုး ဖြစ်ချင်သည်။ မီးမီးမှာ ဖေဖေနှင့် မေမေကို ပြောစရာ စကားတွေ အများကြီး ရှိနေသည်။ မီးမီးက အောင်စာရင်း ထွက်ပြီးသည့် နောက် ဖေဖေနှင့် မေမေအတွက် ဂုဏ်ယူစရာ သမီးဖြစ်အောင် ဘာသာစုံ ဂုဏ်ထူး ရပြီး မြန်မာတစ်နိုင်ငံလုံးမှာလည်း သိပ္ပံတွဲ ထူးချွန် ဒုတိယဆုကိုပါ ရ,ထားလိုက် သေးသည်။ အဲဒီနေ့ တစ်နေ့ပဲ ဖေဖေနှင့် မေမေသည် မီးမီးအတွက် စိတ်လှုပ်ရှားဖော် ရခဲ့သည် ထင်ပါရဲ့။ ညပိုင်းကလေးမှာ ဖေဖေ့ဆေးရုံက ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများနှင့်အတူ မီးမီး၏ သူငယ်ချင်းများကို ဖိတ်ပြီး မိုးကောင်းကင် ပန်းဥယျာဉ် ပေါ်မှာ ညစာ ကျွေးခဲ့သည်။ သင်ပေးသည့် ဆရာ၊ ဆရာမများကိုပါ ကန်တော့ပွဲ လုပ်ပေးခဲ့သည်။ နောက်နေ့များမှာတော့ ပုံမှန်အတိုင်းပင်...။

ကိုကိုနှင့် မီးမီးသည် ဖေဖေနှင့် မေမေ၏ သားလိမ္မာ၊ သမီးလိမ္မာများသာ ဖြစ်ချင်ကြသည်။ တခြား သူငယ်ချင်းတွေလို အဖေနှင့် အမေက ပြန်မကြည့်နိုင်၍

m g y o e . c o m

mgyoe.com SAMPLE BOOK


လုပ်ချင်တာတွေ လျှောက်လုပ်သော ခပ်ဆိုးဆိုး လူငယ်တွေလိုမျိုး မဟုတ်ပါ။ သို့သော် တစ်ခါတစ်ခါမှာတော့ ရင်ထဲမှာ ဟာပြီး အလိုမပြည့်သည့် ခံစားမှုတွေကို ခဏခဏ ခံစားရသည်။ တစ်အိမ်တည်းနေတော့ အဖေနှင့်အမေကို အလွမ်းပြေကြည့်ချင်လို့ဆိုပြီး အိပ်နေသော အချိန်မှာ အခန်းတံခါးလေးကို အသံမကြားအောင် ဖွင့်၍ ခြေဖျားလေး ထောက်ဝင်ပြီး မေမေ့ကို နမ်းချင်လျက်နှင့် နိုးသွားမည်စိုး၍ မနမ်းဘဲ မျက်ရည်တွေလည်ကာ ပြန်ထွက်လာခဲ့ရဖူးကြောင်း မီးမီးသည် မည်သူ့ကိုမျှ ပြန်မပြောပြဖြစ်ပါ။ မနက်စောစော မီးမီး ပြင်ဆင်ထားသော ကော်ဖီပိုင်းကို မမရွှေထူးက အုပ်ဆောင်းဖြင့် အုပ်၍ မိုက်ခရိုဝေ့(ဗ်) မီးဖိုဖြင့် ပြန်နွှေးပေးရန် အမြဲ စောင့်နေခဲ့ရသည်။ မီးမီးက မနက် ခုနစ်နာရီဆိုလျှင် ဆယ်တန်းအောင်ပြီး တက်ရမြဲဖြစ်သော သင်တန်းမျိုးစုံကို တက်ရန် အိမ်က ထွက်ရ၏။ ထိုအချိန်မှာ ဖေဖေနှင့် မေမေက ခွဲခန်းကိုယ်စီ ဝင်နေကြလေသည်။ ခွဲခန်းထဲက ထွက်လာတော့လည်း လူနာဆောင်တွေ လျှောက်ကြည့်။ နောက် ပြင်ပလူနာကြည့်။ ထမင်းကို မြန်မြန်စားကြပြီး ဇွတ်အတင်း လာခေါ်၍ လုပ်နေကြရသော တခြား ဆေးခန်း၏ အထူးကုခန်းများကို သွား။ ဒီလိုနှင့် ညတစ်ညသို့ ရောက်ရသည်။ ညကျတော့ ခွဲခန်း ပြန်ဝင်ကြပြန်ရော။

မီးမီးကတော့ ဖေဖေ၊ မေမေတို့၊ ကိုကိုတို့နှင့်စာလျှင် အချိန်အား အနည်းငယ် ပိုရှိသူဖြစ်သည်။ ကိုကိုမှာလည်း နောက်ဆုံးနှစ် အပိုင်း(က)သို့ မရောက်မီပင် ဖေဖေ့ဆေးရုံမှာ အတော်လေး အားကိုးနေရသူ ဖြစ်နေသဖြင့် သူ့ကိုကြည့်လျှင် စာအုပ်တစ်အုပ်နှင့် မျက်နှာခွာသည်ကို မတွေ့ရ။ အထူးသဖြင့် ရောဂါတွေကို ကွန်ပျူတာမှာ ဘယ်လို လေ့လာတာဆိုလား မီးမီးစိတ်ရှုပ်လှသည်။ ကိုကိုနှင့် မီးမီး စကားတွေ မပြောရတာလည်း အတော့်ကို ကြာနေပြီ။ မီးမီးမှာတော့ ပြောစရာတွေက ရှိပါသည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာတင်ခါနီးလေ ပြောစရာတွေက များလာလေပင်။ ဖေဖေတို့က မီးမီးကို စဉ်းစားရန်မလိုဘဲ ပုံမှန်အတိုင်းပဲ ဆေးတက္ကသိုလ်သို့ ဝင်ခွင့်တင်လိုက်လိမ့်မည်ဟု ယူဆထားကြပေလိမ့်မည်။ မီးမီး စိတ်ထဲက ထိုသို့မဟုတ်။ ဆေးကုတာ ဝါသနာမပါပါ။ ဝါသနာ မပါရုံမျှမက ဆေးနံ့တွေ၊ အရက်ပျံနံ့တွေကိုလည်း မရှုရှိုက်ချင်။ လူနာတွေကိုလည်း သနားပြီး ကြည့်ကို မကြည့်ချင်။ သွေးတွေကိုလည်း ကြောက်၏။ ရွံတာတော့ သိပ်မရွံပါ။ စိတ်ညစ်နေတာကတော့ တစ်သက်လုံး လူနာတွေနှင့် နေ့ညမပြတ် နေသွားရမှာကိုပဲ ဖြစ်သည်။ ဆရာဝန် မိသားစု၏ သမီးငယ်အဖြစ် တစ်သက်လုံး နေထိုင်ကြီးပြင်း

mgyoe.com

mgyoe.com SAMPLE BOOK


လာခဲ့ရပေမဲ့ ထိုအရာများ အားလုံးနှင့် လိုက်လျောညီထွေ ဖြစ်မနေတာကိုတော့ ဘာမှ မတတ်နိုင်ပါ။

ဒါပေမဲ့ ဆယ်တန်းသို့ ရောက်သောအခါ အစွမ်းကုန်တော့ ကြိုးစားခဲ့ရသည်။ ကြိုးစားခြင်းဆိုတာ လူတစ်ယောက် အမြဲလုပ်နေရမည့် ကိစ္စပဲ။ ထို့ပြင် တကယ် ဝါသနာပါပြီး တကယ် လုပ်ချင်သော အလုပ်ကို လုပ်နိုင်အောင်လည်း ဖန်တီးနေရဦးမည်ဟု ယုံကြည်သည်။ ဖေဖေနှင့် မေမေ၏ ဆန္ဒကတော့ သားနှင့် သမီးကို ပညာအမွေ၊ ဥစ္စာအမွေ၊ လုပ်ငန်းအမွေ၊ ကုသိုလ်အမွေတဲ့…။ သားစဉ်မြေးဆက် ဆရာဝန်မိသားစုကြီးအတွက် ဆေးရုံတစ်ခုကို ကြိုးစားပြီး ထူထောင်နိုင်ခဲ့ပြီဟု အစဉ်အမြဲ ဂုဏ်ယူနေတတ်သော သမားတော်အဖေနှင့် အမေကတော့ မီးမီးကို ဆရာဝန်ပဲ ဖြစ်စေချင်မှာ မလွဲ။ မီးမီးကလည်း သားစဉ်မြေးဆက် ဂုဏ်တစ်ခုကို ထိန်းထားပေးချင်တာကလွဲလို့ လူမမာများကို မကြည့်ချင်၊ မမြင်ရက်၊ မကြည့်ရဲ။ သနားလည်း သနား၊ ကြောက်လည်း ကြောက်၊ စိတ်လည်းညစ်။ ဒီလူတွေနှင့် တစ်ရက်လည်းမဟုတ်၊ တစ်လလည်းမဟုတ်၊ တစ်နှစ်လည်းမဟုတ်၊ တစ်သက်လုံး အလုပ်လုပ်ရမည့်အကြောင်း တွေးမိတိုင်း စိတ်ရှုပ်၏။

ထိုအကြောင်းများကို ကိုကို့အား ပြောပြမိသည်။ ကိုကိုက မျက်မှန်ထူကြီးထဲမှ မျက်လုံးကို ပြူးကြည့်ပြီး 'နင်ကလည်း ရူးကြောင်ကြောင်နဲ့၊ ဘာစာတွေ လျှောက်ဖတ်ပြီး ဒါတွေ လာပြောနေရတာလဲ'ဟု မေးသည်။ သူတို့နှင့် အတွေးအခေါ် မတူတာနှင့်ဘဲ ရူးကြောင်ကြောင် ဖြစ်ရရောလား။ ထို့ကြောင့် မေမေ အားမည့်အချိန်ကို စောင့်ရသည်။ မီးမီး ငယ်ငယ်တုန်းကတော့ မီးမီးထမင်းစားတာ၊ မီးမီး အီးအီးပါတာတွေကအစ၊ မီးမီး အိပ်ချင်အောင် စောင့်နေခဲ့ရသည်။ မီးမီးအိပ်ရာနိုးအောင်လည်း မေမေကပင် စောင့်ခဲ့ရဖူးသည်။ အခုတော့ မေမေနှင့် စကားလေး တစ်ခွန်း ပြောရန်ပင် မီမီးမှာ အကြာကြီး စောင့်နေရသည်။ ဖေဖေ့ကိုလည်း မီးမီး စောင့်နေရတာ တစ်ပတ်ခန့် ကြာနေပြီ။ ဟိုအစည်းအဝေး၊ ဟိုပွဲ၊ ဒီဆေးခန်း အို…စုံနေတာပဲ။ ခဏလေး တွေ့ရသော အချိန်မှာ 'ဖေကြီး…ဖေကြီး…ဖေကြီးကို မီး ပြောစရာရှိလို့'ဟု စကား စ,ခါရှိသေး…။ 'အေး…အေး…ညကျတော့ နားထောင်မယ်'ဟု ဖေဖေက ချက်ချင်း ပြန်ပြောသည်။ ဒါပေမဲ့ ညတိုင်း ဖေဖေက လူနာတွေနှင့် အလုပ်ရှုပ်၊ ဧည့်သည်တွေနှင့် အလုပ်ရှုပ်။ ဖေဖေ့ကို ဦးတည်ပြီး စောင့်ရပြန်သည်။

ဒီတစ်ခါ မီးမီးပြောလိုသော စကားသည် ခါတိုင်း ဟိုဟာဝယ်ပေးပါ၊

mgyoe.com

mgyoe.com SAMPLE BOOK


ဒီဟာဝယ်ပေးပါ ပူဆာတာမျိုးနှင့် မတူ။ မီးမီး၏ ဘဝအတွက် တကယ်ကို ဖြစ်ချင်နေသော အလုပ်တစ်ခုကို လုပ်ရန်အတွက် အကျိုးအကြောင်း ရှင်းပြရမှာ။ ဆွေးနွေးရမှာ။ နောက်ဆုံးတော့ ငြင်းခုံရတာမျိုးပင် ပါနိုင်သေးသည်။ ဒီတော့ ထမင်းစားရင်း၊ ကော်ဖီသောက်ရင်းပင် ပြော၍ မဖြစ်သော စကားများပင်။ အေးအေး ဆေးဆေး နားထောင်ပေးရန် အချိန်မရလျှင် မီးမီး၏ ခံစားချက်နှင့် ရည်ရွယ်ချက်များ ကို ဘယ်လိုမှ နားလည်ပေးနိုင်လိမ့်မည်လည်း မဟုတ်။ စာနာပေးနိုင်လိမ့်မည်လည်း မဟုတ်။ မိဘမေတ္တာ၊ စေတနာအတိုင်း အမှတ်အများဆုံးအတွက် အကောင်းဆုံး လိုင်းဟု သတ်မှတ်ပြီး အမွန်မြတ်ဆုံးအလုပ်ဟု နားလည်ထားသော ဆေးတက္ကသိုလ် ကိုသာ လျှောက်ရမည်ဟု ဖွတ်ပင် ပြောမှာပဲ။ မီးမီး၏ ဆန္ဒကိုလည်း မစွန့်လွှတ် နိုင်ဆိုလျှင် နားလည်မှုရအောင် အချိန်တော်တော်ယူ၍ ဆွေးနွေးရမှာ ဖြစ်သည်။

မီးမီး လွမ်းနေ၏။ ငယ်ငယ်တုန်းက မိုးယိုသော အိမ်ကလေးထဲမှာ ဝါး ပက်လက် ကုလားထိုင်ပေါ်မှာ ထိုင်လို့။ မီးမီးကို ဖေဖေ့ရင်ခွင်ထဲမှာ ထားပြီး မီးမီးနားမလည်သော အကြောင်းအရာတွေ စိတ်ရှည်လက်ရှည် ရှင်းပြခဲ့တာ။ မေမေ ကလည်း ထမင်းချက်ရင်း မီးမီးကို သိသင့်ရာရာတွေ ပြောပြခဲ့တာ။ မိသားစုကလေး လေးယောက် ပျော်ပျော်ပါးပါး လျှောက်လည်ခဲ့ကြ၊ စားခဲ့၊ သောက်ခဲ့ကြတာ။ နောက်ဆုံးမှာတော့ မိုးယိုတဲ့အတွက် ပစ္စည်းတွေ ဟိုရွှေ့၊ ဒီရွှေ့ ရွှေ့ရတာ။ အိမ်ထဲ မှာ ရေတွေဝင်ပြီး မြွေတွေတွေ့တော့ ဖေဖေကလည်း မသတ်ရဲ၊ မေမေကလည်း မသတ်ရဲ တစ်အိမ်သားလုံး ကြောက်ခဲ့ရတာ။ အဲဒါတွေ အားလုံးကို လွမ်းနေသည်။

မီးမီးကလည်း ပြန်ငယ်လို့မရ။ ဖေဖေနှင့် မေမေကလည်း ပါရဂူကြီး ဘဝကနေပြီး ရိုးရိုးဆရာဝန် ပြန်ဖြစ်ချင်မှာမဟုတ်။ မိုးယိုသော အိမ်ငယ်လေးထဲမှာ မိသားစုအားလုံး ပြောင်းရွှေ့နေရန် မဆိုထားနှင့် မီးမီးရောက်နေသော ပန်းဥယျာဉ် သည်ပင် မြေပြင်ပေါ်မှာမဟုတ်။

လွမ်းတော့ လွမ်းခဲ့ဖူးပါသည်။ မေမေ နေမကောင်းတုန်းက အန်တီကြီး က မီးမီးတို့နှင့် တစ်လလောက် အတူလာနေပေးပြီး ပြန်သွားတော့ မီးမီးရော ကိုကိုပါ လွမ်း၍ ကျန်ခဲ့သည်။ ဖေကြီး သိသွားသောအခါ ကျောင်းပိတ်ရက်မှာ အန်တီကြီးဆီကို လိုက်ပို့ပေးတော့ အလွမ်းပြေသွားခဲ့ဖူးသည်။

အခုချိန်မှာ မီးမီးလွမ်းနေသော အလွမ်းကိုတော့ ဘယ်သူကမှ ကယ်တင် ဖြေရှင်းပေးနိုင်လိမ့်မည် မဟုတ်။ ဖေဖေနှင့် မေမေသည် မီးမီးလို လွမ်းတတ်ပါ့မလား မသိ။ ကိုကိုလည်း မီးမီးလို လွမ်းတတ်ပါ့မလား မသိ။

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်အောက်ထပ်မှာ မနေလို၍ မိုးကောင်းကင် ပန်းဥယျာဉ်ဆီသို့ တက်လာခဲ့ပြီး ဖေဖေ့ကား အလျင်ဝင်လာမလား သတိထား၍ စောင့်စားနေရသည်။ ဒီနေ့မှ အချိန်တွေကလည်း ကုန်နိုင်ခဲလေလား မသိ။ ညဦးနက်ပြီး မိုးချုပ်ချုပ်မှ ပြန်လာလျှင် 'ဒီနေ့ ပင်ပန်းလိုက်တာ'ဆိုပြီး ထမင်းပင် မစားတော့ဘဲ အိပ်ခန်းကို တန်းဝင်သွားမှာလည်း စိုးရိမ်ရသေးသည်။ စိတ်နွမ်းနေသူသည် အရေးကြီးသော ခံစားချက်ကို စာနာပေးနိုင်လိမ့်မည် မဟုတ်။ မီးမီးသည် အရာအားလုံးကို တမ်းတမ်းတတ လွမ်းနေပါသည်။ မီးမီး တကယ်ကို လွမ်းနေတာ ဖေဖေနှင့်မေမေ သိအောင် ဆက်သွယ်ရန် လမ်းစတစ်ခုသည် ဟိုအောက်ဆုံးက လမ်းမပေါ်မှာ ပြေးလွှားနေသော အင်းဆက်ငယ်ကလေးကို မမြင်နိုင်သလိုပင်။ လွမ်းပြီးရင်း လွမ်းရရင်းပါပဲလေ...။

■

ဝင်းဝင်းမြင့်မှန်းတော်ရှေ့၊
အမှတ် ၁၅၉၊ ဖေဖော်ဝါရီလ၊ ၂၀၀၃ ခုနှစ်
ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ရို့စား

နုနုရည်၊ အင်းဝ၊

တကာယ်ဆို နွေဦးပေါက် ညနေခင်းဟာ
အင်မတန် ကြည်နူးသာယာဖို့ ကောင်းတာ
ဒီလိုအချိန်ရောက်တာနဲ့ ဆယ်တန်းကလေးတွေရော
ဆရာ ဆရာမတွေ ရော အခန်းတစ်ခန်းထဲ စုပြီး
ရှင်အုန်းညို့ရဲ့ ဂါထာခြောက်ဆယ်ပျို့ထဲက
ဆောင်းကူးနွေစ တပေါင်းလ သာယာပုံ
လျှောက်တင်ခန်းကို ဖတ်ပြ၊ ရှင်းပြ၊ သင်ပြရတာဟာ
တယ် အရသာရှိတာကိုး...

mgyoe.com

mgyoe.com SAMPLE BOOK

နို့စား

## နုနုရည်၊အင်းဝ၊

၁၉၇၀ ပြည့်နှစ်ထုတ် မိုးပြာရောင် ဖောက်စ်ဝက်ဂွန် လိပ်ခုံးကားလေး တစ်စီးကို အင်းစိန်လမ်းမကြီးပေါ်မှာ သုံးရက်တစ်ကြိမ် ညနေ လေးနာရီဆို အမြဲတမ်း မြင်တွေ့နိုင်ပါတယ်။

❑

ညနေလေးနာရီဟာ အင်းစိန်လမ်းမကြီးရဲ့ ကားအရှုပ်ဆုံး အချိန်ပေပဲလား။ အဘိုးကြီးရေ သတိ၊ သတိ၊ သတိလေးကပ်မောင်းနော်၊ အရာရာ တရားသဘောလေးနဲ့ ဆင်ခြင်စမ်းပါ။ ကားမောင်းနေတုန်း ဆေးက ဘာမှ ဆရာမလုပ်ပါနဲ့ဗျာလို့ အကြိမ်ကြိမ် တောင်းပန်ထားမှုကြောင့်သာ စိတ်ထဲကတော့ ပြောနေမိတာပဲ။ ဆရာလုပ်ချင်တာက တော့လည်း ကျောင်းအုပ်ဆရာမကြီးဟောင်းဆိုတော့… လူကနေပေမဲ့ ပညာက မနေဘူး။ အဘွားကြီးကလည်း အဘွားကြီးဆိုတော့ စကားလေးကလည်း များချင်သပေါ့။ ကိုယ်ကိုလည်းသိသား၊ ဒါပေမဲ့ ဟော- ဟော- ရမ်းလိုက်တဲ့ကား၊ ၅ခ ဆိုတော့ ဇက်ွနံပါတ် အဘိုးကြီး၊ အဘွားကြီး ကားကို စိတ်မရှည်ဘူးနဲ့တူရဲ့။ အတင်း ကျော်တက်တော့တာပဲ။

'အင်း… စည်းကမ်း၊ စည်းကမ်း၊ တယ်ခက်တဲ့ ကလေးတွေပဲ။ ဘာတွေများ ဒီလောက် အရေးကြီးနေကြတာလဲ။ ဒယ်ဒီရေ Be Careful'

ဒေါ်သမျက်လုံးနဲ့ ပြူးမကြည့်ပါနဲ့ အဘိုးကြီးရယ် စိုးရိမ်လို့ပါတော်။ ကျုပ်တို့ အဘိုးကြီး၊ အဘွားကြီး သုံးရက်တစ်ခါမှာရတဲ့ သာယာလှပတဲ့ ညနေခင်း အရသာလေး ပျက်စီးသွားမှာ၊ ပြီးတော့ ကျုပ်တို့ ချွေးနဲ့မွေးခဲ့ရတဲ့ သမီးလေး

mgyoe.com

mgyoe.com SAMPLE BOOK


မိုးပြာ၊ မိဘကို လုပ်ကျွေးနေတဲ့ လိပ်ခုံးမလေး မိုးပြာ တစ်ခုခု ထိခိုက်မိမှာကို ကြောက်လို့ပါ။

တကယ်ဆို နွေဦးပေါက် ညနေခင်းဟာ အင်မတန် ကြည်နူးသာယာဖို့ ကောင်းတာ။ ဒီလိုအချိန်ရောက်တာနဲ့ ဆယ်တန်းကလေးတွေရော၊ ဆရာ ဆရာမတွေရော အခန်းတစ်ခန်းထဲ စုပြီး ရှင်အုန်းညို့ရဲ့ ဂါထာခြောက်ဆယ်ပျို့ထဲက ဆောင်းကူးနွေစ တပေါင်းလ သာယာပုံ လျှောက်တင်ခန်းကို ဖတ်ပြ၊ ရှင်းပြ၊ သင်ပြရတာဟာ တယ် အရသာရှိတာကိုး…။ လွမ်းပါဘိတော့ 'တန်ခူးအပြောင်း၊ တပေါင်းမကုန်၊ ပူပုဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသားတွေ' တို့၊ 'ရော်နု၊ ရော်နု၊ ရွက်သစ်ပြုလျက်၊ ရတုအလိုက်၊ ခက်ချင်းဆိုက်၍' တို့၊ 'ချစ်မူဘော်နှော၊ ရဂုံတောဝယ်၊ ဥဩကျေးငှက်၊ ယှဉ်ဘက်မကွာ' တို့ အင်မတန် ကောင်းတဲ့ အဖွဲ့အနွဲ့တွေ။ မြန်မာစာ အဆီအနှစ်တွေ။ အဆီအနှစ်တွေ ယူသူကော ရှိသေးရဲ့လား၊ ပေးသူကော ရှိသေးရဲ့လား ဆိုနိုင်တော့ပါဘူး'

ရာသီလေးက သာယာတော့ စိတ်ကလေးက ကြည်တယ်။ စိတ်ကလေးက ကြည်ကြည်နဲ့ စကားလေးတပြောပြော၊ ကားလေး ငြိမ့်ငြိမ့်မောင်းနေရတာ ဘယ်လောက်ကောင်းလဲ။ ဖွ၊မပြောကောင်း၊ မဆိုကောင်း အက်ဆီးဒင့်ဆိုတာကြီးများတွေးမိရင် ကြည်နေတဲ့စိတ်ကလေးကို နောက် နောက်သွားတော့တာ။ နောက်ဆက်တွဲတွေ… နောက်ဆက်တွဲတွေ၊ သူ့ကားထိလည်း မကောင်း၊ ကိုယ့်ကားထိလည်း မကောင်း၊ ကိုယ်မှားလို့ သူ့ကားထိပြန်တော့ လျော်ရမယ်၊ ဘယ်မှာလဲ ကိုယ့်မှာ လုံးခနဲ၊ ခဲခနဲ လျော်စရာ။ ပင်စင်စား အဘိုးကြီး၊ အဘွားကြီးမှာ ဘယ်မှာလဲ လျော်စရာ။ သူမှားလို့ ကိုယ့်ထိပြန်တော့လည်း ရတဲ့လျော်ကြေးလေးနဲ့ ကားပြင်ရမယ့် ဒုက္ခ၊ လျော်ကြေးလည်း မလိုချင်ပေါင်။ သမီးလေး မိုးပြာကိုလည်း နည်းနည်းလေးမှ အထိခိုက် မခံနိုင်ပါဘူး။ နှစ်ပေါင်း သုံးဆယ်ကျော်ခဲ့ပြီ၊ ဒီနေ့အထိ အထိအခိုက် မရှိအောင် နေခဲ့ရတာ။ ဘယ်တော့မှ ဒုက္ခမပေးခဲ့ရှာဘူး။ ကောင်းလိုက်တဲ့ ညဉ့်ကလေးဆိုတာ။ ဘီးပေါက်ရင်တောင်မှ အိမ်ရှေ့ရောက်မှ ပေါက်တဲ့ သမီးကလေးကို ကားဈေးတွေ သိပ်ကောင်းလာတော့ သားတွေ၊ သမီးတွေကရော၊ မိတ်ဆွေကရော ရောင်းလိုက်၊ ရောင်းလိုက်နဲ့။ ဘာလို့ ရောင်းရမှာလဲကွယ်။ နေ့တိုင်း ရွှေဥတစ်ဥ ဥပေးနေရှာတဲ့ ငန်းကလေးကို တစ်မနက်တည်းနဲ့ ရိုက်သတ်ပစ်ရတော့မှာလား။ ဘယ်လိုမှ မရောင်းရက်နိုင်ပါဘူး။

'မာမိရေ…၊ ရာသီက နည်းနည်းပူလာပြီ။ ဒီနေ့တော့ ဖာလူဒါဆိုင်

mgyoe.com

mgyoe.com

SAMPLE BOOK


ထိုင်ကြစို့လား'

ဟော…လုပ်လာပြီ၊ လုပ်လာပြီ။ အချိုကြိုက်ကြီးက လုပ်လာပြီ။ ဓာတ်ဆီဆိုင်နားကလည်း နီးလာပြီ။ မီးပွိုင့်တွေ၊ အကွေ့တွေကလည်း မရှိတော့ဘူးဆိုတော့ စိတ်လက် ပေါ့ပါးပြီး အသံကလည်း ထွက်လာပြီ။ သုံးရက်တစ်ခါ ရွေးချယ်နေကျ အစားအသောက်ကိုလည်း(ဆီထုတ်ပြီးတာနဲ့ တန်းမောင်းဖို့အတွက်)ကားပေါ်မှာ ကတည်းက ရွေးချယ်ဖို့ ပြင်ပြီ။

'ဖာလူဒါက ချိုလွန်းတယ် ဒယ်ဒီရဲ့။ တခြား ဂျုစ်တစ်ခုခုပဲ သောက်ပါလား၊ သဘော်သီးတို့…'

'အို…နိုး၊ နိုး ကျုပ်က တောသား၊ အညာသားဗျ၊ ဖာလူဒါပဲ ကြိုက်တယ်'

'ဩော်-ဟုတ်တယ်၊ သွေးတိုး၊ ဆီးချိုလေးက မရှိဘူးဆိုတော့…'

'တစ်ခါတလေပါကွာ၊ ဘာမှ မဖြစ်ပါဘူး'

'ဘယ့်နှယ်မဖြစ်ရမှာလဲ… ဟိုတစ်ခါက…'

ထုံးစံအတိုင်း စကားစစ်ထိုးဖို့ ပြင်ကာရှိသေး ဆီဆိုင်ရှေ့က မြင်ကွင်းကြောင့် ကိုယ့်ဘာသာ အလိုလို ပါးစပ်က ပိတ်သွားတော့တယ်။ ဆီဆိုင်ရှေ့က ကားတန်းရှည်ကြီးကြောင့်ပေါ့။ ဘာဖြစ်တာပါလိမ့်။ ဒီလိုအချိန်ဟာ ကိုယ့်ရှေ့မှာ အမြဲတမ်း အလွန်ဆုံးရှိလှ ငါးစင်း ခြောက်စင်းပဲ။ ဆီဖောက်ဆာများ မလာလို့လား။ ဟိုတစ်ခါ ဆီပန့်ပျက်တုန်းက တော်တော်ကြာကြာလေး တန်းစီလိုက်ရတယ်။

'ဟာ…ကားတန်းက တော်တော် ရှည်တယ်ဟော့၊ ဘယ်လိုဖြစ်တာလဲ'

'မသိဘူးလေ၊ ဒီလိုပဲ စီရမှာပေါ့ ဒယ်ဒီရယ်၊ ကားရပ်ပြီးတော့မှ မေးတာပေါ့၊ ဘာဖြစ်သလဲဆိုတာ…'

အလိုလေး…ဟုတ်ပါရဲ့၊ ကားတန်းက အင်းစိန်လမ်းမကနေ ဗဟိုလမ်းထိတောင် ပေါက်မတတ်ပါပဲလား။ အဘိုးကြီး ကားရပ်တာတောင် မစောင့်နိုင်ဘဲ ခေါင်းထုတ် စပ်စုတော့တယ်။

'သားတို့ရေ…၊ ဘာဖြစ်ပြန်ပြီလဲကွဲ့'

'ဆီပန့်အသစ် တပ်နေလို့တဲ့ ခင်ဗျ'

'ဩော်… အသစ်တပ်တာ၊ ပျက်တာ မဟုတ်ဘူး'

'ဆီပန့်အသစ်ကြီးတွေ နှစ်လုံးတောင် တပ်နေတာ ကြီးကြီးရေ၊ နောက်ဆို မပူရတော့ဘူး၊ အကြာကြီး မစီရတော့ဘူး'

mgyoe.com

mgyoe.com  SAMPLE BOOK 

'ကောင်းပါလေ့ ကွယ်'

'ကဲ…အဘိုးကြီးရေ ကြားတဲ့အတိုင်းပဲ စီကြတာပေါ့။ ကျုပ်တို့မှာ ဘာအလုပ် ရှိတာမှတ်လို့။ ဒီအလုပ်တစ်ခုရှိတာ မဟုတ်ဘူးလား'

'ဖာလူဒါ သောက်ချင်စိတ်လေးတောင် ပျောက်သွားပါပြီဗျာ'

'ဘာဖြစ်လို့လဲ၊ ဒီကပြီးတာနဲ့ သွားမှာပဲဟာ၊ ဖာလူဒါဆိုင်က ဘယ်မှ ထွက်မပြေးပါဘူး'

'သိတာပေါ့ဗျာ၊ ဒီကပြီးတဲ့အချိန်ကျ ထမင်းချိန်နဲ့ ကပ်သွားပြီလေဗျာ၊ ဘာလို့ သောက်တော့မလဲ'

'ဩော်…ပါဆယ် ဝယ်ခဲ့ပေါ့တော်၊ ထမင်းစားပြီးတော့ အချိုတည်းပေါ့'

'ဖာလူဒါက ဆိုင်မှာသောက်မှ ကောင်းတာဗျ'

'အလိုတော် ဘာပြုလို့'

အခြေအတင် စကားရည်လုပ္ပဲဟာ စ,မလို့ရှိသေး ကားတွေဝေါခနဲ စက်နှိုးသံတွေ ဆူညံလာပြီး 'ပြီးသွားပြီ၊ ပြီးသွားပြီ၊ ပန့်တပ်ပြီးသွားပြီ' ဆိုတဲ့ အသံတွေနဲ့အတူ ကားတွေစပြီး ရွေ့ကုန်ကြတော့ နှစ်ယောက်လုံး ပါးစပ်ပိတ်ပြီး ကိုယ့်ကားရွှေ့ဖို့ အာရုံစိုက်ရတော့တာပေါ့။

'ဒါဆို မြန်မှာပါ၊ ပန့်နှစ်လုံးဆို နှစ်စီး၊ နှစ်စီး ခဏနေမှာ'

ရှေ့ကားတစ်ရွှေ့ ကိုယ့်ကားတစ်ရွှေ့နဲ့ လေး,ငါးဆယ်လောက် ရွှေ့ပြီးတဲ့အချိန်မှာ အားတက်သရောနဲ့ ပြောတာကို အဘိုးကြီးလေ ကြည့်ဦး ပြန်ပြောဖော်မရဘူး။ ရှေ့ကို စူးစူးကြည့်ပြီး ဘာဖြစ်ရပြန်တာလဲ မသိဘူး။

'အင်း… ပြဿနာကတော့ ရှိနိုင်တယ်'

'ဘာရယ်၊ ဘာပြဿနာလဲ၊ ရှင့်ဥစ္စာက မထိတ်သာ မလန့်သာ'

'ဘာပြဿနာရမလဲ၊ ဓာတ်ဆီနည်းတဲ့ ပြဿနာပေါ့။ ဒီမှာလေ…ဓာတ်ဆီမှတ် ဝါထိန်နေတာ မတွေ့ဘူးလား'

'အမယ်လေးတော်… ဒါများ ဘာများပါလိမ့်လို့၊ ဓာတ်ဆီမှတ် ဝါနေတာများ ရှင်အမြဲတမ်း ဒီလိုပဲ ဝါအောင် ထုတ်နေကျ မဟုတ်ဘူးလား။ ဆိုင်ကျဆီဖြည့်လိုက်တော့ ရှင့်မီးဝါ ပျောက်ကရောပေါ့'

'မင်းဟာလေ ကျောင်းအုပ်ဆရာမကြီးဆိုတဲ့ ဘဝကို ဘယ်လိုများရောက်ခဲ့ပါလိမ့်၊ အဲဒါတော့ မင်းပြောမှလား၊ အရင်အခါတွေက ကိုယ့်ရှေ့မှာ ကားသုံး,

mgyoe.com

mgyoe.com SAMPLE BOOK


လေးစီးကွ၊ အခုဟာက အများကြီး။ ရွှေရွှေ…ရွှေရွှေမောင်းရင်း ဆိုင်မရောက်ခင်၊ ပန့်ရှေ့မရောက်ခင်၊ ဓာတ်ဆီကုန်သွားနိုင်လို့ဟော့ သိပြီလား၊ နားလည်ပြီလား'

'ဟင် ကုန်သွားရင် ဘာဖြစ်မလဲ'

ဘာဖြစ်ရမလဲဗျာ၊ ကားဆက်မောင်းလို့ မရတော့ဘူးပေါ့ဗျာ'

'ဒီတော့…'

'ဒီတော့ ကားထဲကို ဆီထည့်ရမှာပေါ့ဗျာ၊ ထည့်စရာ ဆီမရှိဘူးဆိုရင်တော့ ခင်ဗျားနဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ ဆီပန့်ရှေ့အရောက် ကားကို တွန်းသွားကြရမှာပေါ့ဗျာ၊ ရှင်းပါတယ်နော်'

'ယောတော့…'

'မယောတော့နဲ့ဗျို့၊ ကဲ…ကဲ ပြောရင်းဆိုရင်း သွားပြီနဲ့တူတယ်'

'ဟင်… ဒုက္ခပဲ'

တကယ့်ကို ကားက ဖွက်ချက် ဖွက်ချက် အသံလေး မြည်ရင်း ရပ်သွားခဲ့ပြီ။ သမီးလေး မိုးပြာဟာ အားအင်ကုန်ခန်း ပျော့ခွေသွားသလို မတုန်မလှုပ် ငြိမ်သက်လို့။

'ကဲ… ဆရာမကြီးရေဆင်း…ဆင်း၊ နောက်ကကားတွေ ဟွန်းတီးကုန်ပြီ။ တွန်းကြရအောင်'

ဆင်း… ဆင်းဆိုလို့ ဆင်းလိုက်တုန်းကတော့ ပျာယီးပျာယာပါပဲ။ တွန်းပြီဆိုတော့မှ အလွန်တရာ နေးကွေးသွားတော့တာ။ ပေါင်တစ်ရာ့ငါးဆယ် ခန္ဓာကိုယ်ကြီးထဲမှာ အဆီတွေပဲ ရှိနေသလား၊ ခွန်အားတွေ ဘယ်ရောက်သွားပါလိမ့်။

'တွန်းထား မာမီရေ…တစ်ရွှေ့စာတည်းပါကွ…၊ အင်း'

သူများကိုပြောပြီး သူကျတော့ တအင်းအင်း ဖြစ်နေတဲ့ အဘိုးကြီး၊ ဘာတစ်ရွှေ့စာတည်းလဲ။ ဒီတစ်ရွှေ့စာပြီးလို့ ရှေ့ကားတစ်ရွှေ့စာ ရွှေ့သွားရင် နောက်တစ်ရွှေ့စာ တွန်းရဦးမှာလေ၊ ပြီးရင် နောက်တစ်ရွှေ့စာ။

'ဒီနားမှာက ဆီဝယ်ထည့်ဖို့လည်း မလွယ်ဘူးကွ'

ယောကြည့် အားက လျှော့ချင်ပြီ မဟုတ်လား၊ မထည့်ပါဘူး၊ ဆီကတော့ ဝယ်ပြီးတော့ လွယ်လည်း မထည့်၊ မလွယ်လည်းမထည့်ဘူး။ ငွေ ထောင်ဂဏန်းထုတ်နိုင်ပါဘူး၊ ရာဂဏန်းဝင်ဖို့ မလွယ်တဲ့ ပင်စင်စားဘဝမှာ ထောင်ဂဏန်း ထုတ်နိုင်ပါဘူးတော်။

'တောက်… ငါ့စံချိန်နဲ့ငါ အကိုက်ကွာ။ အိမ်ကထွက်၊ ဆီပန့်ရှေ့အရောက်၊

mgyoe.com

mgyoe.com SAMPLE BOOK



ဆီကအကုန်၊ အမြဲတမ်းအကိုက်၊ အံကျချည်းပဲ၊ ဒီနေ့မှကွာ'

'အဲဒါပြောတာပေါ့၊ အရာရာကို ပုံသေကားကျ တွက်လို့ မရဘူးရှင့်။ လေ့နံ့ဓားထစ် မှတ်ထားလို့ မရဘူး'

'အရေးထဲမှ စာသင်နေပြန်ပါပြီဗျာ၊ တကတဲမှပဲ'

'အံမယ် စာသင်တာ မဟုတ်ဘူးရှင့်၊ ကျုပ်က…'

'အဲ… အဲ ကျုပ်ကမနေနဲ့ ရှေ့ကားရွှေ့ပြီ၊ တွန်း…တွန်း'

ရန်ဖြစ်ချိန်လေးတောင်မှ မရပါလား။ ရန်သတ္တုရပြဖို့ အားယူမလို့ရှိသေး တွန်းရပြန်ပြီ။ ကားတစ်စီးရဲ့ အလေးချိန်ဟာ ဘယ်လောက်များ ရှိပါလိမ့်နော်။ မသက်သာလှပါလား။ ဒီမှာ ကြည့်စမ်းပါဦး အတိုးကြီးရဲ့ တစ်သက်လုံး ကလောင်ကိုင် လာခဲ့တဲ့ ကျောင်းဆရာမလက်၊ တွတ်တွတ်ရဲလို့တော်၊ ကားတွန်းရတာ။ ဟင်း…မော တော့ စိတ်တို၊ စိတ်တိုတော့ ရန်ကဖြစ်ချင်တယ်။

'ဘာ ငါ့စံချိန်နဲ့ငါ အကိုက်လဲ၊ အလကား ဒီလာခါနီး ဓာတ်ဆီထုတ်ရင်း ပေါက်ကရေတွေ လျှောက်ပြောနေတာကိုး။ ဆီက အထုတ်လွန်သွားတာနေမှာ။ ဒါကြောင့် မြန်မြန်ကုန်တာပေါ့'

'ကျုပ် ဘာပြောလို့လဲ၊ အဲ အဲ ချွေးသုတ်ပဝါလေး လှမ်းစမ်းပါဦး'

ကြည့်ဦး၊ ချွေးသီး ချွေးပေါက်တွေနဲ့ ယောဟဲလိုက်နေလိုက်တာ။ ဗိုက်ကြီး ကလည်း ပိန်လိုက် ဖောင်းလိုက်နဲ့ ဖားဖိုကြီးကျလို့၊ ဘာပြောရမှာလဲ ဖားဖိုရဲ့။ ဓာတ်ဆီစုပ်တဲ့ ဟာလေးကို ပြွတ်ကယ်၊ ပြွတ်ကယ်လုပ်ရင်းကလေ 'ငယ်ငယ်တုန်းက ငါတို့နခြ(နွားခြံ)ကို နို့ညှစ်တဲ့ လူတွေလာရင် လိုက်လိုက်ညှစ်ရတာ ပျော်စရာ အလွန်ကောင်းတယ်၊ အဖေက လုံးဝမကြိုက်ဘူး။ သြော် အဖေကတော့ သားလေးကို နို့ဘိန်းသမား ဖြစ်မှာစိုးလို့ အရာရှိကြီးဖြစ်အောင် ပညာတွေ သင်ပေးလို့၊ ယောယော… ယောယော'နဲ့လေ၊ ပေါက်ကရတွေ အော်နေတာလေ။ 'အဲဒီတော့ ရှင် အရာရှိဖြစ်တယ် မဟုတ်ဘူးလား၊ ပါးစပ်ပိတ်'လို့ ကျုပ် ဟန့်လိုက်တော့မှ ရှင် ငြိမ်သွားတာလေ။ အဲဒီမှာ လက်လွန်သွားတာပဲ နေမှာပေါ့ ကိုစံချိန်ကိုက်ကြီးရဲ့'

'ဟူး…ခုခေတ်လူငယ်တွေ တော်တော် လူမှုရေးခေါင်းပါးတယ်ကွာ။ နေနိုင်လိုက်ကြတာ။ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက် ကားတွန်းနေရတာကို သူတို့မို့လို့ ကြည့်နေနိုင်တယ်။ ငါတို့ ငယ်ငယ်ကနဲ့များ ကွာပါ့'

'ရှေးခေတ်ယောင်း အောက်မေ့ဖွယ်တွေ လာလုပ်မနေနဲ့ တော်ရေ့၊ သူများ တွေလည်း ကိုယ့်အလုပ်နဲ့ကိုယ် ပြေးလွှားနေရတာ။ အဘိုးကြီး၊ အဘွားကြီးကားတွန်း

mgyoe.com

mgyoe.com
SAMPLE BOOK


နေတာလည်း ကိုယ့်လောဘနဲ့ကိုယ်လေ။ စက်ပျက်လို့ ဒုက္ခရောက်နေတာမှ မဟုတ်တာ။ မညည်းနဲ့ တွန်း'

'ဟော ပြောရင်းဆိုရင်း နောက်တစ်ရွှေ့စာဟော့၊ ကြိတ်လိုက်ဟ…'

အဘိုးကြီးအသံက နည်းနည်းတောင် တုန်ချင်နေသလိုပဲ။ မငယ်တော့ဘူးလေ။ ခုနစ်ဆယ်တွင်းတွေကိုး။ အားခွန်ဗလတွေဟာ ဘယ်ဆီကို ရောက်ကုန်ကြပါလိမ့်နော်။ ဒီတစ်ကွေ့လေးပါပဲ။ ဒီတစ်ကွေ့လေး ကျော်ရင်တော့ ရောက်တော့မှာပါလေ။

'ဒီတစ်ကွေ့လေး အားစိုက်ထား အဘရေ'

အားတွေကုန်ပြီး ဘယ်လိုတွန်းတွန်း မရွှေ့နိုင် ဖြစ်နေတဲ့ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်ဆီကို ဆိုက်ကားဂိတ်က ဆိုက်ကားသမားလေး နှစ်ယောက်က ပြေးလာကူတွန်းရှာပါတယ်။ ခုချိန်များ အဖေအမေနှစ်ယောက်ကို သားတို့၊ သမီးတို့ မြင်ရင် ဘာပြောမည်လဲ။

'ကဲ နောက်ငါးရွှေ့ပဲဟော့၊ ငါးရွှေ့ပဲ'

သုံးရက်တစ်ခါ အမြဲမြင်နေကျ မတတ်ဆီဆိုင်ဟာ ဘယ်တုန်းကမှ ဒီလောက် ကြည့်မကောင်းခဲ့ပါဘူး။ တကယ်တော့ ပန်းရှေ့တည့်တည့်ရောက်ဖို့ ကားတစ်ရွှေ့စာကို အဘိုးကြီး၊ အဘွားကြီး ဘယ်လိုမှ မတတ်နိုင်အောင် အားကုန်နေခဲ့ပြီ။

'အဘတို့ကို ဝိုင်းကြပါဦး ဟေ့'ဆိုပြီး ဆီဆိုင်ဝန်ထမ်းလေးတွေက ဝိုင်းလိုက်ကြလို့သာ။

'ဟူး…အသက်မွေး ကြမ်းပါ့ကွာ'

ပန်းရှေ့ ကားလေးရောက်တာနဲ့ အဘိုးကြီးက မောသံကြီးနဲ့ ဗလုံးဗထွေး စကားပြောနိုင်သေးတယ်။ ဖျစ်တောက် ဖျစ်တောက်လုပ်နေကျ ဆရာမကြီးမှာ စကားတောင် မပြောနိုင်ရှာပါဘူး။ မောတာလေ၊ မောတာ။ မောတဲ့ကြားက ဆီစာအုပ်လေးနဲ့ ပိုက်ဆံလေးနဲ့ ဘောက်ချာဖြတ်ဖို့၊ ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ သွားမလို့ ဟန်ပြင်ကာရှိသေး ဖားဖိုကြီးရယ်လေ…ဟော ဟဲ ဟောဟဲ ကြားထဲက ဘယ်လောက်များ စကားများ တယ်မှတ်လဲ။

'မာမီရေ… ဘက်မှန်ထဲမှာ ကျုပ်မျက်နှာကို ကြည့်စမ်း။ ကျုပ်တို့ နဖြူထဲ နို့လာညှစ်တဲ့ နို့ဘိန်းသမား ကိုစိန်ပေါ် မျက်နှာနဲ့ တစ်ထေရာတည်းပဲ'တဲ့။ ပေါက်ကရတွေ တကယ်ပဲ။

❑

mgyoe.com

mgyoe.com SAMPLE BOOK


၁၉၇၀ ပြည့်နှစ်ထုတ် မိုးပြာရောင် ဖောက်စ်ဝက်ဂွန် လိပ်ခုံးကားလေး တစ်စီးကို အင်းစိန်လမ်းမကြီးပေါ်မှာ သုံးရက်တစ်ကြိမ် ညနေလေးနာရီဆို အမြဲတမ်း မြင်တွေ့နိုင်ပါတယ်။

■

နုနုရည်၊အင်းဝ၊
အမှတ် ၁၆၃၊ ဇွန်လ၊ ၂၀၀၃ ခုနှစ်
ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စမ်းချောင်းကလေးမှာ ထားရစ်ခဲ့ပေါ့

## သန်းထွန်းဇော်

ဘုရားလက်ထက်တုန်းကလည်း
အကုသိုလ်လုပ်ခဲ့တဲ့သူတွေ ဘုရားရဲ့တရားကို
နာကြားရပြီး ဆင်ခြင်နိုင်လို့
သောတာပန် ဖြစ်သွားတာတွေ
ရှိတယ်လို့ ကြားဖူးတယ်

mgyoe.com

mgyoe.com SAMPLE BOOK

# စမ်းချောင်းကလေးမှာ ထားရစ်ခဲ့ပေါ့

## သန်းထွန်းဇေယျာ

သူတို့တွေရဲ့ လက်ဖက်ရည်ဝိုင်းမှာ တရားပွဲကို သွားဖို့ ပထမဆုံး အဆိုပြုသူကတော့ ကိုငြိမ်းဟန်။ ကိုငြိမ်းဟန်ရဲ့ အဆိုကို ထောက်ခံသူကတော့ ကိုလှိုင်ဦး။ နောက်ထပ် ထောက်ခံသူတစ်ယောက်ကတော့ ကိုမိုးလွင်၊ ခုချိန်ထိ အင်းမလုပ်၊ အဲမလုပ် ခပ်ထွေထွေ ဖြစ်နေသူကတော့ ကိုတိုက်အောင်။

တရားပွဲက သူတို့နေတဲ့ သိပ်ဇရပ်ရဲ့ ခြောက်မိုင်ကျော်လောက်ဝေးတဲ့ မုပ္ပလင်ဆိုတဲ့ ရွာကလေးမှာ။ ဟောမယ့် ဆရာတော်က နိုင်ငံကျော် ဓမ္မကထိက ဆရာတော်။ ဒီဆရာတော်ကို ပင့်ဖိတ်ဖို့ဆိုတာက အတော့်ကို မလွယ်တဲ့ကိစ္စ။ ဆရာတော်ရဲ့ တရားတွေကို တိပ်ခွေနဲ့ နာဖူးပေမဲ့ ခုလို ကိုယ်တိုင် မြင်တွေ့ဖူးမြော်ရပြီး တရားနာကြားရဖို့ဆိုတဲ့ အခွင့်အရေးက ရခဲပါဘိခြင်း။

ဒီလို ကြုံတောင့်ကြုံခဲ အခွင့်အရေးမို့လည်း ကိုငြိမ်းဟန်၊ ကိုလှိုင်ဦး၊ ကိုမိုးလွင်တို့က အလွတ်မခံနိုင်ဘူး။ ကားကြုံရရင်ရ မရရင်လည်း စက်ဘီးနဲ့ သွားကြဖို့ စဉ်းစားကြတယ်။ စက်ဘီးနဲ့ဆို ကားလမ်းအတိုင်း နင်းရမှာမို့ အလွန်ဆုံးနင်းရမှ ၄၅ မိနစ်ပဲ။ တရားပွဲက ည ၁၁ နာရီမှာ ပြီးတယ်ပဲထား၊ အိမ်ကိုတော့ ၁၂ နာရီ မထိုးခင် ပြန်ရောက်မယ်။ ဒီတော့ အဆင်မပြေစရာ ဘာရှိလဲ။ ကိုတိုက်အောင်ကို ကြည့်ပြီး အားမလို အားမရ ဖြစ်နေသူက ကိုငြိမ်းဟန်။

'ဘယ်လိုလဲ တိုက်အောင်၊ မင်း မလိုက်ဘူးလား'

'လိုက်လည်း လိုက်ချင်တယ်၊ လိုက်ရင်လည်း အဆင်မပြေစရာ အကြောင်းလေးတွေ ရှိလို့ စဉ်းစားနေတာပါ။ တရားပွဲက ပြန်ရင် အိမ်ကို ၁၂ နာရီ၊ တစ်ချက်

mgyoe.com

mgyoe.com  SAMPLE BOOK 

လောက်မှ ပြန်ရောက်မှာဆိုတော့ နောက်နေ့ ရုံးရောက်ရင် အိပ်ရေးပျက်နေမှာ စိုးလို့ပါ'

ကိုတိုက်အောင်က တွေးတွေးဆဆ ပြောတယ်။

'သြော်… ရုံးတက်ရမှာက မင်းတစ်ယောက်တည်း။ တို့တော့ မပါဘူးပေါ့၊ ဟုတ်လား'

ကိုမိုးလွင်က ဝင်ပြီး ရိသဲ့သဲ့ မေးတယ်။

'ခင်ဗျားတို့ ရုံးမတက်ရဘူးပြောတာ မဟုတ်ပါဘူးဗျာ။ ဒီရက်ထဲမှာ ကျွန်တော် ညတိုင်းလိုလို အိပ်ရေးပျက်နေလို့ပါ။ နောက်ပြီး ရုံးမှာက နှစ်ချုပ်တွေ လုပ်နေရတော့ အိပ်ပျက်ရင် အလုပ်ထိခိုက်မှာ စိုးလို့ပါ။ ကြံတောင့်ကြံခဲ အခွင့်အရေး ကို ကျွန်တော်လည်း ဘယ် လက်လွှတ်ခံချင်ပါ့မလဲ'

ဒီလို ပြောနေကြတုန်းမှာပဲ သူတို့စားပွဲကို ဦးတင်အောင် ရောက်လာတယ်။

'ဆရာတို့ ဘာတွေ တိုင်ပင်နေကြတာလဲ'

ဦးတင်အောင်က ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ရင်း မေးတယ်။

'ဦးတင်အောင် လက်ဖက်ရည်သောက်ဗျာ။ တခြားတော့ မဟုတ်ပါဘူး။ မနက်ဖြန်ည မုပ္ပလင်တရားပွဲ သွားဖို့ တိုင်ပင်နေကြတာပါ'

ကိုလှိုင်ဦးက ဦးတင်အောင်ကို လက်ဖက်ရည်သောက်ခေါ်ရင်း ရှင်းပြတယ်။

'ကျွန်တော် မေတ္တာအေး ကဖီးက သောက်ပြီးခဲ့ပါပြီ။ ကောင်းတယ်ဗျ၊ တရားပွဲကို မောင်ရင်တို့လို လူငယ်တွေကအစ စိတ်ဝင်စားကြတာ။ ဒါဟာ အနာဂတ်မှာ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားမယ့် လက္ခဏာကောင်း တစ်ရပ်ပဲ။ သာဓုဗျာ၊ သာဓု၊ သာဓု။ တရားပွဲ သွားမယ့်သူတွေအတွက် ဒီကကား အကြိုအပို့ ရှိတယ်ဗျ။ တခြား လိုက်ချင်တဲ့သူတွေကိုလည်း နှိုးဆော် အသိပေးလိုက်ပါ။ ညနေ ၆ နာရီလောက် ရွှေခေါင်းပြောင် ကွမ်းယာဆိုင်ရှေ့ အရောက် လာခဲ့ကြပါလို့'

ဦးတင်အောင် စကားကြောင့် သူတို့တွေရဲ့ မျက်လုံးတွေ ရွှန်းလက်သွားကြတယ်။

'ကားအကြိုအပို့ ရှိတယ်ဆိုတော့ ဟန်ကျတာပေါ့ဗျာ။ ကျွန်တော်တို့က စက်ဘီးနဲ့ သွားကြမလို့ စဉ်းစားနေတာ။ ဘယ်သူ့ကားလဲဗျ'

ကိုငြိမ်းဟန် ဝမ်းသာအားရ မေးတယ်။

'ကျွန်တော် ဓမ္မဒါနလုပ်တာလေ။ ကိုကျော်မြင့်ကားကို အသွားအပြန်

mgyoe.com

mgyoe.com
SAMPLE BOOK


ငှားထားတယ်။ တခြားကားတွေလည်း ရှိပါတယ်။ ဘယ်သူလိုက်လိုက် လိုက်လို့ရပါတယ်။ ကားအားလုံး စုရပ်ကတော့ ရွှေခေါင်းပြောင်ဆိုင်ရှေ့မှာပဲ'

ကားအစီအစဉ် သေချာသွားတာမို့ သူတို့ သွားရေးလာရေးကိစ္စ စိတ်အေးသွားရတယ်။ ဒီတော့ လူစုမခွဲမီ မနက်ဖြန်ညနေ ၅ နာရီတိတိ ရွှေခေါင်းပြောင် ကွမ်းယာဆိုင်ရှေ့မှာ ဆုံကြဖို့ ချိန်းဆိုလိုက်ကြတယ်။

နောက်တစ်နေ့ ညနေ ၅ နာရီတိတိမှာ ရွှေခေါင်းပြောင် ကွမ်းယာဆိုင်ကို အရင်ဆုံး ရောက်နေသူကတော့ ကိုတိုက်အောင်။

အချိန်စောသေးတာနဲ့ ကိုလှတင် ယာပေးတဲ့ ကွမ်းယာကို ဝါးပြီး ထန်းဖတ်ပက်လက် ကုလားထိုင်မှာ ထိုင်နေလိုက်တယ်။

သူထိုင်လို့ ကွမ်းယာ အညက်လောက်မှာ ကားလမ်းအတိုင်း လျှောက်လာသူက ကိုလှိုင်ဦး။ ကိုလှိုင်ဦးက တစ်ယောက်တည်း မဟုတ်ဘူး။ သူ့ဓမ္မမိတ်ဆွေဖြစ်ဟန်ရှိတဲ့ လူတစ်ယောက်လည်း ပါလာတယ်။

ရွှေခေါင်းပြောင်ဆိုင်ရှေ့ ရောက်တော့ ဘေးက လူကို လမ်းမှာ ထားခဲ့ပြီး သူတစ်ယောက်တည်း ဆိုင်ထဲ ဝင်လာတယ်။ သူ့ဘေးရောက်တော့ ပက်လက်ကုလားထိုင် လက်တင်ပေါ် လက်ထောက်ပြီး သူ့ကို ခပ်တိုးတိုး ပြောတယ်။

'အရေးထဲမှ ညည့်သည်နဲ့ တိုးနေတယ်ကွာ၊ ငါ့ ဆောင်ရွက်ထားတဲ့ သူ့ကိစ္စတစ်ခု အောင်မြင်သွားတာ ပြုစုချင်လို့တဲ့။ ငါကလည်း တရားပွဲရှိလို့ နောက်နေ့မှ လုပ်ဖို့ချိန်းတော့ သူ မနက်ဖြန် ခရီးထွက်ရင် ရက်ကြာမှာမို့ ဒီနေ့ပဲ လုပ်ချင်တယ် ပြောတယ်။ မင်းလည်း လိုက်ချင်လိုက်ခဲ့လေ။ ဘာမှ အားနာစရာ မလိုဘူး။ ဒီက စားသောက်ပြီးမှ မီရာကားနဲ့ သွားကြတာပေါ့'

ကိုလှိုင်ဦး စကားကြောင့် ကိုတိုက်အောင် စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားတယ်။ ဒါပေမဲ့ ချက်ချင်းပဲ စိတ်ကို ဖြေလျှော့လိုက်တယ်။

'ကျွန်တော် မလိုက်ချင်ပါဘူးဗျာ။ ခင်ဗျားဘာသာ သွားနှင့်ပါ။ သောက်ပြီး စားပြီးမှ တရားပွဲ သွားရမယ့် အလုပ်မျိုးတော့ မလုပ်ချင်ပါဘူး'

'အေးလေ...ပြီးရော။ ကိုယ်တော့ ဒီကပြီးတာနဲ့ ချက်ချင်း လိုက်ခဲ့မယ်။ ကိုမိုးလွင်တို့ကိုလည်း ပြောပြလိုက်နော်'

ကိုလှိုင်ဦး သူ့နားက ထွက်သွားတယ်။ ကိုတိုက်အောင်ကတော့ ဆက်ထိုင်ပြီး တခြားသူတွေကို စောင့်ပေါ့။

ကိုလှိုင်ဦး ထွက်သွားလို့ မကြာခင်မှာဘဲ ရောက်လာသူ တစ်ယောက်က

mgyoe.com

mgyoe.com SAMPLE BOOK


တော့ ကိုမိုးလွင်။

'ဘယ်သူမှ မရောက်ကြသေးဘူးလား။ တယ်ဝီရိယ နည်းကြတာကိုး'

ကိုမိုးလွင် အပြစ်တင်သလို ပြောရင်း ကိုတိုက်အောင်ဘေးက ခွေးခြေ တစ်လုံးမှာ ထိုင်တယ်။ ကိုတိုက်အောင်က ကိုလှိုင်ဦးအကြောင်းကို ပြောပြလိုက်တယ်။

'တရားပွဲက ရနာရီလောက် စ,မှာဆိုတော့ မီချင် မီမှာပါ။ တစ်ယောက် တလေကတော့ ဘယ်ကားနဲ့လိုက်လိုက် ရပါတယ်'

ကိုမိုးလွင်က သိပ်အလေးအနက် မထားသလို ပြောတယ်။ နောက်မှ…

'ခေါင်းဆောင်ကြီး ကိုငြိမ်းဟန်ကတော့ အစောဆုံး ရောက်သင့်တယ်။ ခုချိန်ထိ မရောက်ပုံထောက်တော့ သူ့အမျိုးသမီး ဈေးသိမ်းနောက်ကျတယ် ထင်တယ်'

ထင်မြင်ချက်ကို တစ်ယောက်တည်း ပြောတယ်။ ကိုတိုက်အောင်ကတော့ သူ့အတွေးနဲ့သူမို့ ခပ်မဆိတ်ဘဲ နေလိုက်တယ်။

'ဟာ…ကိုမိုးလွင်၊ ရှာလိုက်ရတာဗျာ။ ကျွန်တော် အိမ်ရောက်ခဲ့သေးတယ်။ ခင်ဗျားအမျိုးသမီးက တရားပွဲသွားဖို့ ထွက်သွားတယ်ပြောတယ်။ အသိတစ်ယောက်နဲ့ တွေ့တော့ ခင်ဗျား ဒီဆိုင်ထဲ ဝင်သွားတယ်ဆိုလို့ လိုက်ခဲ့တာ'

လူတစ်ယောက် ဆိုင်ထဲဝင်လာပြီး အမောတကော ပြောတယ်။

'ဟုတ်လား၊ ဘာကိစ္စ'

ကိုမိုးလွင်က မေးလိုက်တယ် ဆိုရင်ပဲ အဲဒီလူက ကိုမိုးလွင်လက်ကို အသာဆွဲပြီး ဆိုင်အပြင်ကို ခေါ်သွားတယ်။

နှစ်ယောက်သား ဆိုင်ရှေ့မှာ အတော်ကြာအောင် တီးတိုးပြောပြီးမှ ကိုမိုးလွင် ဆိုင်ထဲ ပြန်ဝင်လာတယ်။ ဟိုလူကတော့ ဆိုင်ရှေ့မှာ မတ်တတ်။

'အရေးထဲ အရှုပ်ပေါ်နေပြီကွာ။ ကိုယ့်အပေါင်းအသင်း နေ့လယ်က ပိုင်းမှာ အတော်ကွဲသွားတယ်။ ဒါကြောင့် နှစ်ဆက်ရှင် သုံးဆက်ရှင်လောက် ကစားပေးဖို့ အကူအညီတောင်းနေတယ်။ သူ့ကျေးဇူးကလည်း ကိုယ့်အပေါ် အတော်ရှိခဲ့တော့ သူ့အခက်အခဲ ကြုံနေတဲ့အချိန်မှာ မကူညီလို့ မသင့်ဘူး ဖြစ်နေတယ်။ အဲဒါ…'

ကိုမိုးလွင်က အားနာသလို လေသံနဲ့ ပြောတယ်။

'ဘာကစားတာလဲ၊ ဖဲလား'

'ဟုတ်တယ်၊ ရှိုးကစားတာ'

ကိုမိုးလွင်က ရှိုးခေါ်တဲ့ တစ်ချက်မှောက်ဖဲ ကစားတဲ့ နေရာမှာတော့ ဖျံတကာ့ဘုရင်။

mgyoe.com

mgyoe.com  SAMPLE BOOK 

'ဒီတော့ ခင်ဗျား မလိုက်ဖြစ်ဘူးပေါ့'

'မလိုက်ဖြစ်ဘူးဆိုတာက ဟိုကွာ… အတူမလိုက်ဖြစ်တာပါ။ ဒီက ကိစ္စဝိစ္စပြီးရင်တော့ မီရာကားနဲ့ လိုက်ခဲ့မယ်။ ကိုယ်လည်း တရားပွဲကို ဘယ်လက်လွှတ်ခံချင်ပါ့မလဲ။ တောက်…ဒီနေ့မှ ဖြစ်ရတယ်လို့'

'ရပါတယ်ဗျာ။ သွားပါ။ မီတော့လည်း လိုက်ခဲ့ချင် လိုက်ခဲ့ပေါ့။ ကျွန်တော်ကတော့ ကတိအတိုင်း ကိုငြိမ်းဟန်ကို စောင့်လိုက်ဦးမယ်။ ကားတွေ ထွက်တဲ့အထိ ရောက်မလာရင်တော့ ထားခဲ့ရမှာပဲ။ တရားဆိုတာ ကိုယ့်ဘာသာကိုယ် ရှာရတဲ့ အလုပ်ပဲ'

ကိုမိုးလွင် သူ့ကို နှုတ်ဆက်ပြီး ထွက်သွားတယ်။

မကြာခင်မှာတဲ ဆိုင်ရှေ့ကို တရားပွဲသွားမယ့် ကားတွေ တစ်စီးပြီးတစ်စီး ရောက်လာတယ်။ ကားတွေ ရောက်လာတာနဲ့ လိုက်မယ့်သူတွေလည်း အလုအယက် တက်လိုက်ကြတာ ချက်ချင်း လူပြည့်သွားတယ်။ အဲဒီအချိန်မှာပဲ တိုယိုတာပစ်ကပ် အဖြူလေးနဲ့ ဦးတင်အောင် ရောက်လာတယ်။

'ကိုတိုက်အောင် တက်လေဗျာ။ တစ်ယောက်တည်းလား။ လူပြည့်ရင် စောစောထွက်မယ်။ ဒါမှ ဟိုမှာ နေရာရမယ်'

ဦးတင်အောင်က ကားပေါ်က ဆင်းလာပြီး ပြောတယ်။

'ရတယ် ဦးလေး။ ကျွန်တော် နောက်က မတ်တတ်ရပ်လိုက်မယ်။ ကိုငြိမ်းဟန် မရောက်သေးလို့ စောင့်နေတာ'

'စောင့်မနေနဲ့တော့ ကိုတိုက်အောင်။ နောက်ကားနဲ့ လိုက်လာမှာပေါ့။ ဟိုရောက်ရင် အားလုံး ဆုံကြမှာပဲ။ လာတက်တက်၊ ကားထွက်မယ်'

ဒီတော့ ကိုတိုက်အောင်လည်း မနေသာတော့ဘူး။

အချိန်ကလည်း ၆ နာရီ ထိုးလုနေပြီ။ ကိုငြိမ်းဟန် သေချာပေါက် ရောက်လာရင် အကြောင်းမဟုတ်ပေမဲ့ မရောက်လာရင် ကားအခက်အခဲ ဖြစ်မယ်။ ဦးတင်အောင် ပြောသလို ဟိုရောက်ရင် ဆုံကြမှာဆိုတော့ ကားပေါ်တက်ဖို့ ပြင်လိုက်တယ်။ တရားနာသွားမယ့် သူတွေမှာ အမျိုးသမီးက အများစုဆိုတော့ Lady First အနေနဲ့ အမျိုးသမီးတွေကို ကားထဲက ခုံတန်းမှာ နေရာပေးပြီး အမျိုးသားတွေကတော့ ကားခေါင်မိုးပေါ် တချို့တက်၊ ခြေနင်းခုံမှာ တချို့ရပ်ပေါ့။

ကိုတိုက်အောင် ကားခေါင်မိုးပေါ် ရောက်ပေမဲ့ မကုန်သေးတဲ့ သံယောဇဉ် အမျှင်အတန်းလေးနဲ့ ကိုငြိမ်းဟန် လာမယ့်လမ်းကို လည်ဆန့် မျှော်ကြည့်လိုက်

mgyoe.com

mgyoe.com  SAMPLE BOOK 

သေးတယ်။ ဒါပေမဲ့ ကိုငြိမ်းဟန်ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရဘူး။ ဒီလူ ပြောတုန်းက ပြောပြီး ဘယ်ခရီးလွန်နေပါလိမ့်လို့ တွေးရင်း ကားစက်နိုး၊ ဘီးလိမ့် တော့မှ စိတ်ကို တုံးတုံးချလိုက်တော့တယ်။

ကားခေါင်မိုးပေါ်မှာတော့ သူနဲ့ ခင်မင်သိကျွမ်းသူတွေနဲ့ ဆုံလို့ ကြောင်တက်တက် ဖြစ်မနေဘူး။ ကောင်းမှုကုသိုလ် အလုပ်လုပ်တဲ့ နေရာမှာ ဟိုလူနဲ့မှ ဒီလူနဲ့မှဆိုတဲ့ ပုဂ္ဂိုလ်စွဲလည်း မထားတာ ကောင်းတယ်လို့ စဉ်းစားမိတယ်။

ကြည့်လေ။

သွားဖို့ စီစဉ်တုန်းက လူလေးယောက်။ တကယ်တမ်း သွားကြမယ်ဆို တော့ တစ်ယောက်က အရက်ဆိုင် ပါသွားတယ်။ နောက်တစ်ယောက်ဆို လူမလာ အကြောင်းမကြား။ ဘာမှန်းကို မသိ။ ဒီတရားပွဲကို သွားမယ် စီစဉ်တုန်းက တက်ကြွမှု အနည်းဆုံးက သူ။ တကယ် သွားဖြစ်တာကျတော့လည်း သူပဲ ဖြစ်နေ ပြန်တယ်။

စဉ်းစားရင်း ကျန်တဲ့ သုံးယောက်ကို စိတ်ထဲက ပျစ်ပျစ်နှစ်နှစ် ရှုတ်ချပြီး ဒေါသထွက်မိတယ်။ ပြောကြတုန်းကတော့ ဘုရားအလုပ်၊ တရားအလုပ်၊ တကယ့် ပျော်မွေ့ကျင်လည်ချင်တာကျတော့ အရက်ဝိုင်း၊ ဖဲဝိုင်း။ ရေတ်သီးထဲကပိုး ရေတ်သီး ထဲမှာပဲ ပျော်တယ်ဆိုတာ ဒါမျိုးပေါ့လို့ တွေးမိပြန်တယ်။

မုပ္ပလင်ကို ရောက်တော့ တရားပွဲ စ,ဖို့ အချိန်စောသေးတယ် ဆိုပေမဲ့ မဏ္ဍပ်ထဲမှာရော အပြင်မှာပါ တရားနာ ပရိသတ်တွေ ပြည့်ကျပ်နေတယ်။ ဒီလိုနေရာ မျိုးမှာ ဒီလို နိုင်ငံကျော် တရားဟော ဓမ္မကထိကရဲ့ တရားကို ဖူးတွေ့နာကြားရခဲ့တယ် မဟုတ်လား။

ကိုတိုက်အောင် အလှူခံမဏ္ဍပ်ကို သွားပြီး ၅၀၀ တန် တစ်ရွက်ကို လှူလိုက်တယ်။ လှူပြီးလို့ လှည့်အထွက်မှာ သူ့ပခုံးကို တစ်စုံတစ်ယောက်က ပုတ်လိုက်တာကြောင့် လှည့်ကြည့်လိုက်တော့ ကိုလှိုင်ဦး ဖြစ်နေတယ်။

'ကိုယ်တရားပွဲ မမီမှာစိုးတာနဲ့ ပွဲစဉ်ကို မြန်မြန်ပြီးအောင် ဖြတ်ပြီး ကြုံရာ ကားနဲ့ လိုက်ခဲ့တယ်။ တော်သေးတာပေါ့၊ တရားပွဲ မစ,သေးလို့'

အဆိုပြန်နေသော မျက်နှာနဲ့ ကိုလှိုင်ဦးဆီက ဘီယာနံ့စူးစူးဟာ ထောင်းခနဲ သူ့နှာခေါင်းကို ပြေးဆောင့်လိုက်တယ်။ ကိုလှိုင်ဦး မျက်နှာကို မြင်မြင်ချင်း ဝမ်းသာ မယ် ဖြစ်သွားတဲ့ သူ့စိတ်ဟာ ဘီယာနံ့ရဲ့ ချိုးနှိမ်ခြင်းကို ခံလိုက်ရတယ်။ တကယ်ဆို ဒီအချိန်မှာ ကိုလှိုင်ဦးအတွက် အကောင်းဆုံး နေရာဟာ အိပ်ရာပဲ ဖြစ်သင့်တယ်လို့

mgyoe.com

mgyoe.com SAMPLE BOOK


သူ ယူဆလိုက်တယ်။

'ကိုငြိမ်းဟန်နဲ့ ကိုမိုးလွင်ကော ပါမလာဘူးလား'

'ကောင်းမှုကုသိုလ်ဆိုတာ လူတိုင်းပြုရတာမှ မဟုတ်ဘဲဗျာ။ လူဟာ ကျင်လည်ရာမှာ ပျော်မွေ့တတ်ကြတာပဲ။ သူတို့ဟာသူတို့ ရှိနှင့်ပစေပေါ့။ ကုသိုလ်ဆိုတာ မယူတတ်ရင် အပါယ်ရောက်တတ်တယ်ဗျ'

ရင်ထဲက ဒေါသအခဲလေးနဲ့မို့ အမေးတခြား အဖြေတခြား။

'ဒါတော့ ဒါပေါ့ကွာ။ ကိုယ်က ကိုယ့်အပေါင်းအသင်းတွေ တစ်စုတစ်ဝေးတည်း သွားအတူ၊ လာအတူ ဖြစ်စေချင်လို့ပါ။ နောက်ပြီး အကုသိုလ်လုပ်ခဲ့တာက တစ်ပိုင်း၊ ကုသိုလ်လုပ်ရမှာက တစ်ပိုင်းလေ။ အကုသိုလ်လုပ်ရတယ် ဆိုတာကလည်း လုပ်ချင်တဲ့ ဆန္ဒရှိလို့ လုပ်တာရယ်၊ မလွှဲမရှောင်သာ လုပ်ရင်းကိုင်ရင်း အကုသိုလ်ဖြစ်သွားရတာရယ် ရှိတယ် မဟုတ်လား'

'ဒါဆို ခင်ဗျားက အရက်ကို အကြိုက်သောက်ပြီးမှ နိဗ္ဗာန်ရောက်ချင်သေးတယ်ပေါ့။ ဟုတ်လား'

စိတ်ချဉ်ပေါက်ပေါက်နဲ့ ပြောလိုက်တယ်။

'ဟ ဒါက ခုန ကိုယ်ပြောသလိုပဲလေ။ အကုသိုလ်နဲ့ ကုသိုလ်က တစ်ပိုင်းစီပဲ။ အရက်သောက်ပြီးရင် တရား မနာရဘူးဆိုတာ မရှိပါဘူး။ ကိုယ်လည်း ဘာသာရေး စာပေ သိပ်မဖတ်၊ သိပ်မလေ့လာလို့ အသေးစိတ်တော့ မသိဘူး။ ဘုရားလက်ထက်တုန်းကလည်း အကုသိုလ်လုပ်ခဲ့တဲ့သူတွေ ဘုရားရဲ့ တရားကို နာကြားရပြီး ဆင်ခြင်နိုင်လို့ သောတာပန် ဖြစ်သွားတာတွေ ရှိတယ်လို့ ကြားဖူးတယ်။ အဲဒီတုန်းက ကိုယ့်လိုပဲ အရက်သောက်ပြီး တရားနာရာက သောတာပန် ဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိချင်ရှိမှာပေါ့။ မဟုတ်ဘူးလား။ ဟဲ…ဟဲ ဟဲ'

ကိုလှိုင်ဦးက ရယ်ကျဲကျဲ ပြောတယ်။ တုံ့ပြန်ပြောနေရင် အငြင်းအခုံဖြစ်မှာစိုးတာနဲ့ သူ ဘာမှ ပြန်မပြောတော့ဘူး။ ဒါပေမဲ့ စိတ်ထဲမှာတော့ အရက်သောက်ပြီးမှ တရားလာနာတာဟာ ကိုယ့်ဘာသာကို ကိုယ်စော်ကားတယ်လို့ပဲ နားလည်ထားတယ်။

တရားပွဲက ည ၈ နာရီတိတိမှာ စ,တယ်။

ဒီအချိန်ထိ ကိုငြိမ်းဟန်နဲ့ ကိုမိုးလွင်တို့ ပေါ်မလာဘူး။ လူချင်းလွဲပြီး တစ်နေရာရာ ရောက်နေသလားတော့ ကိုတိုက်အောင်လည်း မပြောနိုင်ဘူး။

ဆရာတော်က အပွမာဒသုတ္တန်ကို ဟောကြားတယ်။ ကံသုံးပါးကို

mgyoe.com

mgyoe.com SAMPLE BOOK


သတိနဲ့ မမေ့မလျော့ စောင့်ထိန်းဆင်ခြင်ဖို့ ညွှန်ပြ ဆုံးမတဲ့တရား။ ဒါပေမဲ့ ကိုတိုက်အောင်ကတော့ ဆရာတော့် တရားဆီ စိတ်က ရောက်တစ်ချက် မရောက်တစ်ချက်ဖြစ်ပြီး ကတိပျက်တဲ့ ကိုငြိမ်းဟန်၊ ကစားဝိုင်း ရောက်သွားတဲ့ ကိုမိုးလွင်နဲ့ အရက်မူးပြီး သူ့အနားမှာ တရားလာနာတဲ့ ကိုလှိုင်ဦးတို့ဆီကိုပဲ ရောက်ရောက်သွားတယ်။ နောက်တစ်နေ့ လက်ဖက်ရည်ဆိုင်မှာ ဆုံလို့ကတော့ သူနိုင်ကွက်ပဲလို့ အပိုင် တွက်ထားလိုက်တယ်။

တရားပွဲကအပြန် သူနဲ့ ကိုလှိုင်ဦး ကားခေါင်မိုးပေါ်မှာ အတူ ထိုင်လိုက်ကြပေမဲ့ ကိုယ့်စိတ်ကူးနဲ့ကိုယ်မို့ စကား အထွေအထူး မပြောဖြစ်ကြဘူး။ ကိုလှိုင်ဦးကတော့ ဘီယာအရှိန် လက်ကျန်လေးနဲ့ မှိန်းပြီး လိုက်ပါလာတယ်။

နောက်တစ်နေ့ မနက်မှာတော့ ထုံးစံအတိုင်း အောင်ရတနာ လက်ဖက်ရည်ဆိုင်မှာ သူတို့တစ်တွေ ဆုံကြတယ်။ ကိုငြိမ်းဟန်က မနေ့က သူ့အရေးပေါ် ကိစ္စနဲ့ ပဲခူးသွားတာ ည ၁၂ နာရီလောက်မှ ပြန်ရောက်တဲ့အကြောင်း ပြောပြီး အားလုံးကို တောင်းပန်တယ်။

ဒါပေမဲ့ ဒီပွဲဟာ သူ့ပွဲဖြစ်ပြီဆိုတာ ကိုတိုက်အောင် သိတဲ့အတိုင်း ကိုငြိမ်းဟန်တို့ သုံးယောက်ရဲ့ ချို့ယွင်းချက်တွေကို တစ်ခုချင်း တစ်ချက်ချင်း ထောက်ပြပြီး ရှုတ်ချအပြစ်တင်တော့တယ်။ ကျန်တဲ့ လူသုံးယောက်ကတော့ ကိုတိုက်အောင်အကြောင်း ကောင်းကောင်းသိပြီးသားမို့ အေးအေးဆေးဆေးပါပဲ။ ဒီလိုပါပဲ။ ကိုတိုက်အောင်က သူတို့ထဲမှာ အသက်သာ ငယ်ပေမဲ့ ပညာကျတော့ အတတ်ဆုံးမို့ ပိုင်ကွက်ဝင်ရင် ဘယ်သူ့မှ မညှာတဲ့ အပြတ်အသတ် ချေမှုန်းတတ်တဲ့ ဉာဉ်လေးတော့ ရှိတယ်။ ဒါကိုလည်း အားလုံးက ခွင့်လွှတ်နေကျ။

ကိုတိုက်အောင် စကားကို အားပါးတရ ပြောဆိုပြီးတော့မှ အေးစက်နေပြီဖြစ်တဲ့ ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်တယ်။

'မောင်ရင် ကိုယ်တို့တွေအပေါ် မကျေမနပ် ဖြစ်နေတာ ခုလို မျက်နှာမြင်မှလား၊ ညကတည်းကလား'

ကိုငြိမ်းဟန်က ဘာမှမဖြစ်သလို လေသံအေးအေးနဲ့ မေးတယ်။

'ခုမှ မဟုတ်ဘူး ဆရာ၊ မနေ့ညနေ ကားစ,ထွက်ကတည်းကဗျ၊ သိလား'

ကိုတိုက်အောင်က အဖြစ်မှန်အတိုင်း ခပ်ငေါ့ငေါ့ ဖြေတယ်။

ကိုငြိမ်းဟန်ကတော့ 'ဩော်… ဩော်'လို့ ခပ်တိုးတိုး ရေရွတ်ပြီး ခေါင်းတဆတ်ဆတ် ညိတ်တယ်။ နောက်မှ…

mgyoe.com

mgyoe.com

SAMPLE BOOK


'မောင်ရင် မိန်းကလေးကို ဘာဖြစ်လို့ စမ်းချောင်းလေးမှာ မထားရစ်ခဲ့တာလဲ'

ကိုငြိမ်းဟန်ရဲ့ စကားကြောင့် ကိုတိုက်အောင် နဝေတိမ်တောင် ဖြစ်သွားတယ်။ ဒါကြောင့်လည်း ကိုငြိမ်းဟန်ကို နားမလည်သလို မျက်မှောင်ကြုတ်ပြီး ပြန်ကြည့်တယ်။

'မဆီမဆိုင် ဒီကိစ္စမှာ ဘယ်မိန်းကလေးက ပါလာရတာလဲဗျ'

ခပ်ဆတ်ဆတ် ပြန်မေးတယ်။

'ဒီလိုပါ၊ မောင်ရင် ကြားဖူးမလားတော့ မသိဘူး။ ဇင်ဘုန်းကြီးနှစ်ပါး အကြောင်း ဂျပန်ပုံပြင်လေးလေ။ ဘုန်းကြီးနှစ်ပါး လမ်းလျှောက်လာရင်း စမ်းချောင်းကလေးနား ရောက်တော့ စမ်းချောင်းကို မဖြတ်ကူးရဲတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့တယ်။ ဒီတော့ တစ်ပါးက မိန်းကလေးကို ပွေ့ချီပြီး စမ်းချောင်းရဲ့ တစ်ဖက်ကမ်းကို ပို့ပေးတယ်။ ဒါကိုမြင်တော့ ကျန်တစ်ပါးက ဒီဘုန်းကြီးတော့ မိန်းကလေးကို ပွေ့ချီတာ အပြစ်ဖြစ်ပြီ၊ အာပတ်သင့်ပြီလို့ ယူဆတယ်။ တစ်လမ်းလုံး စိတ်ထဲမှာ တနုံ့နုံ့ ဖြစ်နေတယ်။ ကျောင်းပြန်ရောက်တော့ ဒီကိစ္စကို အစဖော်ပြီး အပြစ်တင်စကားဆိုတယ်။ ဒီတော့ မိန်းကလေးကို ပွေ့ချီပြီး စမ်းချောင်းလေးကို ကူးပေးတဲ့ ဘုန်းကြီးက ဘာပြန်ပြောသလဲဆိုတော့ တပည့်တော် အဲဒီမိန်းကလေးကို စမ်းချောင်းဘေးမှာပဲ ထားရစ်ခဲ့တာပါ ဘုရားတဲ့။ အဲဒီ ပုံပြင်လေးကို အမှတ်ရသွားလို့ပါ'

ကိုငြိမ်းဟန်ရဲ့ စကားကို ကြားတယ်ဆိုရင်ပဲ ကိုမိုးလွင်နဲ့ ကိုလှိုင်ဦးတို့က သဘောပေါက်ပြီး ပြုံးတေ့တေ့ ဖြစ်သွားကြတယ်။ ကိုတိုက်အောင်ကတော့ မျက်နှာကြီး ချက်ချင်း ရဲရဲနီသွားတယ်။ ဘာပြန်ပြောရမှန်း မသိအောင်လည်း ဖြစ်သွားပုံရတယ်။

ကိုငြိမ်းဟန်ကတော့ ဒီကိစ္စ စကားမဆက်တော့တဲ့ တခြား အကြောင်းအရာတစ်ခုကို ခေါင်းစဉ်ပြောင်းလိုက်တယ်။

ဒီမနက် အောင်ရတာမှာ လက်ဖက်ရည်ဆိုင်ရဲ့ သူတို့တစ်တွေ စကားဝိုင်းမှာ စကားအနည်းဆုံးက ကိုတိုက်အောင် ဖြစ်နေတယ်။

■

သန်းထွန်းဇော်

အမှတ် ၁၆၄၊ ဇူလိုင်လ၊ ၂၀၀၃ ခုနှစ်

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK

# တယောလေး

**ဦးချော၊ ဒဿနိက၊**

နံရံပေါ်မှာ ချိတ်ထားတဲ့ တစ်စုံတစ်ခုကြောင့်
စိုးမောင် ခြေလှမ်းတွေ တုံ့သွားတယ်
တယောလေး၊ တယောပြားလေး အဖေ ရှိစဉ်တုန်းက
ညညဆို စိုးမောင်တို့အိမ်မှာ တယောသံက
ပြတ်တယ်ကို မရှိဘူး

mgyoe.com